www.burmeseclassic.com

# စကားလေးတစ်ခွန်းကြောင့်

BURMESE CLASSIC .com

သာမဏေကျော်

www.burmeseclassic.com

www.burmeseclassic.com

# စကားလေးတစ်ခွန်းကြောင့်

သာမဏေကျော်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| တမူခွင့်ပြုချက် | ● | ၆၀၀၇၆၇၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | ● | ၆၀၀၇၇၂၁၀၁၁ |
| အကြိမ် / အုပ်ရေ | ● | ပထမအကြိမ် (၁၀၀၀ အုပ်) |
| တန်ဖိုး | ● | ၁၂၀၀ ကျပ် |
| ထုတ်ဝေသူ | ● | ဦးလှဝင်း (၁၃၈၂)<br>သာမဏေကျော်စာပေ |
| မျက်နှာဖုံး နှင့်<br>အတွင်းပုံနှိပ် | ● | ဦးကျော်ညွန့် (၈၆၃၄)<br>လမင်း ပုံနှိပ်တိုက်၊<br>အမှတ် - ၂၈၇၊လမ်း ၄၀၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | ● | ကိုဦး နှင့် ညီများ<br>(၀၉-၅၀၇၀၆၆၃) |
| စာအုပ်ချုပ် | ● | ကိုရဲထွန်း |

ဖြန့်ချိရေး
သာမဏေကျော် စာပေ
သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
( လော်ကားညယျာဉ်အနီး )
မော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း - ၇၀၉၆၈၀

သာမဏေကျော်  ၂၉၄-၃
စကားလေးတစ်ခွန်းကြောင့် / သာမဏေကျော်၊ ရန်ကုန်၊
သာမဏေကျော်စာပေ၊ ၂၀၁၁၊
၂၀၆ - စာ၊ ၉ X ၁၃ စင်တီ၊
(၁)စကားလေးတစ်ခွန်းကြောင့်


## မာတိကာ


| | | |
|---|---|---|
| ၁။ | အစေခံဘဝ ရောက်ရသူ | ၁ |
| ၂။ | ကိုယ့်ဝစီကံ ကိုယ့်ထံ ပြန် | ၃ |
| ၃။ | နူနာသည် | ၆ |
| ၄။ | နွားချေးပိုးမရဲ့ စကားလေး | ၉ |
| ၅။ | အဲဒီ စကားလေးကိုပဲ | ၁၄ |
| ၆။ | ပရိယာယ် စကားလေးတစ်ခွန်း | ၁၈ |
| ၇။ | ဘယ်သူ့ရဲ့ တမန်လဲ | ၂၅ |
| ၈။ | အဟောင်း စား | ၂၈ |
| ၉။ | ပေးပါ | ၃၂ |
| ၁၀။ | မြွတ်နိုးဖွယ် | ၃၆ |
| ၁၁။ | နှိုင်းနှိုင်းချိန်ချိန် | ၄၁ |
| ၁၂။ | သူဌေးသား (၄) ယောက် | ၄၄ |
| ၁၃။ | လျှို့ဝှက်စကား | ၄၉ |
| ၁၄။ | အစားကြီးလွန်းတဲ့ ကောသလမင်း | ၆၁ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၅။ | ကြိုးဖြတ်စကားလေး | ၆၄ |
| ၁၆။ | သူဌေးရဲ့ စကားလေးတစ်ခွန်း | ၇၀ |
| ၁၇။ | သိတော့လည်း လွယ်သွားတယ် | ၇၅ |
| ၁၈။ | နိဗ္ဗာန်ဆော် | ၈၁ |
| ၁၉။ | ဘုရားရဲ့ စကားတစ်ခွန်းကြောင့်သာ | ၈၇ |
| ၂၀။ | လျှာလို အပူမလောင်ပါစေနဲ့ | ၉၁ |
| ၂၁။ | သူ့စကားကြောင့် သေရတယ် | ၉၃ |
| ၂၂။ | ချောက်နဲ့ ကျောက် | ၉၇ |
| ၂၃။ | အရှင်အဿဇိရဲ့ စကားလေးတစ်ခွန်း | ၁၀၃ |
| ၂၄။ | မောင်လေး | ၁၁၁ |
| ၂၅။ | ဥဂ္ဂသေနသူဌေးသား | ၁၁၇ |
| ၂၆။ | လင် မုဆိုး၊ မယား သောတာပန် | ၁၂၄ |
| ၂၇။ | ဗောဓိမင်းသား | ၁၃၀ |
| ၂၈။ | ထင်းခွေသမားရဲ့ သားလေး | ၁၃၇ |
| ၂၉။ | အနာထပိဏ်ရဲ့သား ကာလ | ၁၄၂ |
| ၃၀။ | နတ်သားနဲ့ ပြိတ္တာမ | ၁၄၇ |
| ၃၁။ | ကျိန်စာသင့်သူ | ၁၅၄ |
| ၃၂။ | ရေမှ သွေးသို့ | ၁၆၀ |
| ၃၃။ | ရှင်နိဂြောဓနဲ့ အသောကဘုရင် | ၁၆၆ |
| ၃၄။ | ရှင်နိဂြောဓရဲ့ ဈေးကံ | ၁၇၄ |
| ၃၅။ | အရှင်ပေါဋ္ဌိလရဲ့ ကမ္မဋ္ဌာန်းဆရာ ကိုရင်လေး | ၁၈၀ |
| ၃၆။ | ဝါသနာ | ၁၈၅ |
| ၃၇။ | ဒုက္ကရစရိယာ | ၁၈၉ |
| ၃၈။ | သုရဘိနဲ့ မုနာဥ္ဇ | ၁၉၁ |
| ၃၉။ | စိဉ္စမာဏဝိကာရဲ့ စွပ်စွဲမှု | ၁၉၃ |
| ၄၀။ | ဘိမနဲ့ ဘုရားလောင်း | ၁၉၇ |
| ၄၁။ | မုယောဆွမ်းကို စားကြလော | ၂၀၀ |
| ၄၂။ | ဇဋိလသူဌေးရဲ့ ရွှေအကုသိုလ်ကံ | ၂၀၂ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အစေခံဘဝ ရောက်ရသူ

*“အရှင်မ၊ တပည့်တော် ရှိခိုးပါတယ်။ တပည့်တော်အား အဲဒီ အဆင်တန်ဆာထည့်တဲ့ သေတ္တာကို ယူပြီး ပေးစမ်းပါ။”*

အဲဒီစကားလေးတစ်ခွန်းကို ပြောလိုက်တဲ့ သူကတော့ ဗာရာဏသီမြို့ သူဌေးရဲ့သမီး ဖြစ်ပါတယ်။ ကဿပဘုရားရှင် လက်ထက်ကပါ။ သူဌေးသမီးက မှန်ကို ယူပြီး သူမကိုယ်ကို အဆင်တန်ဆာ ဆင်လျက် ထိုင်နေပါတယ်။ အဲဒီအခါမှာ အဲဒီသူဌေးသမီးနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ ရဟန္တာ ဘိက္ခုနီမတစ်ပါးက အဲဒီသူဌေးသမီးကို တွေ့ဖို့ရာ သွားပါတယ်။ မှန်ပါတယ်။ ညနေချမ်းအခါမှာ ရဟန္တာဘိက္ခုနီမတွေလည်း ကိုယ့်ဒကာ, ဒကာမတွေအိမ်(အလုပ်အကျွေးပြုတဲ့အိမ်)တွေကို တွေ့မြင်လိုကြပါတယ်။အဲဒီခဏမှာ သူဌေးသမီးအထံ ခိုင်းတာကို လုပ်ပေးတဲ့အစေခံ (ကျွန်မ)မရှိပါ။ အဲဒီသူဌေးသမီးက အဲဒီရဟန္တာဘိက္ခုနီမကို အထက်ပါ စကားလေးတစ်ခွန်း ပြောလိုက်ပါတယ်။

ရဟန္တာဘိက္ခုနီမက ဒီလို တွေးပါတယ်။

“ငါဟာ ဒီသူဌေးသမီးအား ဒီပစ္စည်းကို ယူပြီး မပေးရင် သူမဟာ ငါ့အပေါ် ရန်ငြိုးဖွဲ့ပြီး ငရဲမှာ ဖြစ်လိမ့်မယ်။ ငါက ပေးခဲ့ရင် သူမဟာ သူတစ်ပါး ခိုင်းစေတာကို လုပ်ပေးရတဲ့ ကျွန်မ ဖြစ်လိမ့်မယ်။ ငရဲမီးအပူထက် သူတစ်ပါးရဲ့ အစေခံအဖြစ်ကမှ တော်ပါသေးတယ်။”

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ရဟန္တာထေရီမဟာ သနားပြီး အဲဒီပစ္စည်းကို ယူကာ အဲဒီ သူဌေးသမီးအား ပေးလိုက်ပါတယ်။ အဲဒီကံရဲ့ အကျိုးပေးအရ အဲဒီ သူဌေးသမီးဟာ ဂေါတမဘုရားလက်ထက်မှာ သူတစ်ပါးတွေ စေခိုင်းတာကို လုပ်ပေးရတဲ့ ကျွန်မ ဖြစ်ရပါတယ်။ သူမကတော့ ခုဇ္ဇုတ္တရာ (ခါးကုန်းနေတဲ့ ဥတ္တရာ) ဖြစ်ပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၄၇)

အင်္ဂုတ္တရ အဋ္ဌကထာ ပဌမအုပ်မှာတော့ ဒီလို ဆိုထားပါတယ်။

သူမဟာ ကဿပဘုရားရှင် လက်ထက်မှာ သာမဏေမတစ်ပါးကို မိမိရဲ့ ဝေယျာဝစ္စကို အလုပ်ခိုင်းခဲ့ပါတယ်၊ အဲဒီကံကြောင့် ဘဝငါးရာတို့ ပတ်လုံး သူတစ်ပါးတွေရဲ့ ကျွန်မသာ ဖြစ်ခဲ့ရပါတယ်။

(အံ၊ ဋ္ဌ၊ ၁၊ ၃၃၈)

ခုဇ္ဇုတ္တရာလောင်းလျာဟာ သူတစ်ပါးကို ခိုင်းတဲ့ စကားလေး တစ်ခွန်း ပြောမိလို့ သူတစ်ပါးတွေရဲ့ အခိုင်းခံဘဝတွေကို ငါးရာတောင် ရောက်ခဲ့ရပါတယ်။ မိမိ ခိုင်းမိတဲ့ ပုဂ္ဂိုလ်က မိမိထက် အသက်အရွယ် ကြီးခဲ့ရင် သို့မဟုတ် အကျင့်သိက္ခာ သာလွန်ခဲ့ရင် မိမိမှာ မကောင်းကျိုး တွေကို ရရှိစေပါတယ်။ ဒါကြောင့် မိမိထက် အသက်ကြီးသူ၊ အကျင့် သိက္ခာ သာလွန်သူတွေကို မခိုင်းစေမိရအောင်၊ မရိုမသေ မပြုလုပ်မိ၊ မဆက်ဆံမိအောင် သတိထားဖို့ လိုအပ်လှပါတယ်။ မိမိပါးစပ်မှာ သူ တစ်ပါးကို ဒုက္ခရောက်စေပြီး ကိုယ့်ကိုလည်း ဒုက္ခပြန်ရောက်စေမယ့် စကားမျိုးကို တစ်ခွန်းလေးပင်ဖြစ်စေ မထွက်မိအောင် အထူးပဲ သတိ ထားဖို့ လိုအပ်ပါတယ်။ ကိုယ့်နှုတ်ကြောင့် ကိုယ့်ကို ဒုက္ခမရောက်စေ သင့်ပါ။

## ကိုယ့်ဝစီကံ ကိုယ့်ထံ ပြန်

"ဒီနေရာမှာ တံတွေးစုကို ထွေးသွားတာ ဘယ်ပြည့်တန်ဆာမလဲ"

အဲဒီစကားလေးနဲ့ ဆဲရေးလိုက်သူကတော့ ဘိက္ခုနီ (ရဟန်းမ) တစ်ဦး ဖြစ်ပါတယ်။ သူမဟာ သိခီဘုရားရှင့်ရဲ့ သာသနာမှာ ရှင်မ, ရဟန်းမ ဝတ်ခဲ့ပါတယ်။ ဘိက္ခုနီသီလသိက္ခာပုဒ်ကို ဆောက်တည်ပြီး နေပါတယ်။ တစ်နေ့မှာ ဘိက္ခုနီများစွာနဲ့အတူ စေတီကို ရှိခိုးကာ လက် ယာရစ် လှည့်လည်ပါတယ်။ သူမရဲ့ အရင်ရှေ့က သွားနှင့်တဲ့ ရဟန္တာ ထေရီမဟာ ချေလိုက်ပါတယ်။ ချေလိုက်တဲ့အခါ အဆောတလျင် တံတွေး တစ်စုက စေတီရင်ပြင်ပေါ် ကျသွားပါတယ်။ အဲဒီကျသွားတဲ့ တံတွေး အစုကို ရဟန္တာထေရီမက မမြင်လိုက်ဘဲ သွားပါတယ်။ ဒီဆဲရေးတဲ့ ဘိက္ခုနီမက အဲဒီရဟန္တာထေရီမရဲ့ နောက်က လိုက်သွားလို့ အဲဒီတံတွေး အစုကို မြင်သွားပါတယ်။ ဒါကြောင့် အဲဒီဘိက္ခုနီမက အထက်ပါအတိုင်း ဆဲရေးလိုက်ပါတယ်။

အဲဒီဆဲရေးလိုက်တဲ့ ဘိက္ခုနီမဟာ ဘိက္ခုနီ ဝတ်နေရာအခါမှာ သီလကို စောင့်ရှောက်ပါတယ်။ အမိရဲ့ဝမ်းဗိုက်ထဲမှာ ပဋိသန္ဓေနေရ

www.burmeseclassic.com

www.burmeseclassic.com



တာကို စက်ဆုပ်ပါတယ်။ ဘွားခနဲ ခန္ဓာကိုယ်အင်္ဂါ ကြီးငယ် ပြည့်စုံရတဲ့ ဘဝမှာ စိတ်ညွတ်ထားပါတယ်။ ဒါကြောင့် သူမဟာ နောက်ဆုံးဘဝမှာ ဓဝသာလီပြည်က မင်းရဲ့ဥယျာဉ်ထဲ သရက်ပင်အောက်မှာ ဘွားခနဲ ခန္ဓာကိုယ် ကြီးငယ် ပြည့်စုံရတဲ့သူမ ဖြစ်ရပါတယ်။ အဲဒီသူမကို မြင်ရပြီး ဥယျာဉ်စောင့်က မြို့ကို သယ်ဆောင်သွားပါတယ်။ သရက်ပင်အောက်မှာ ဖြစ်လို့ သူမကို အမ္ဗပါလီလို့ပဲ ခေါ်ဝေါ်ကြပါတယ်။ အမ္ဗပါလီဟာ အလွန်ရုပ်လှတယ်။ ကြည်ညိုဖွယ် ဖြစ်တယ်။ စိတ်ကို ကြည်လင်စေပါတယ်။ တင့်တယ်မှု၊ မြတ်နိုးနှစ်သက်ဖွယ်ကောင်းမှု စတဲ့ ဂုဏ်ထူးတွေနဲ့ ပြည့်စုံပါတယ်။ အမ္ဗပါလီကို မြင်ပြီး များစွာသော မင်းသားတွေဟာ မိမိ ပိုင်အဖြစ် သိမ်းပိုက်မှု ပြုလိုကြလို့ အချင်းချင်း ခိုက်ရန် ပြုလုပ်ကြပါတယ်။ အဲဒီမင်းသားတွေရဲ့ ခိုက်ရန်ငြိမ်းအေးသွားစေဖို့ရာ သူမရဲ့ ရှေးကံက တိုက်တွန်းနှိုးဆော်ရတဲ့ တရားသူကြီးတွေဟာ "အားလုံးအတွက် ဖြစ်စေ" လို့ ဆုံးဖြတ်ကာ အမ္ဗပါလီကို ပြည့်တန်ဆာမအရာမှာ ထားကြပါတယ်။

သူမဟာ ဘုရားရှင်အပေါ် ကြည်ညိုပြီး မိမိရဲ့ဥယျာဉ်မှာ ကျောင်းဆောက်လုပ်ကာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အပ်နှင်းလိုက်ပါတယ်။ နောင်အခါမှာ မိမိရဲ့သားဖြစ်တဲ့ ဝိမလကောဏ္ဍညမထေရ်ထံ တရားနာကာ ဘိက္ခုနီ ဝတ်ပါတယ်။ ဝိပဿနာ အားထုတ်လိုက်ရာ ရဟန္တာမကြီး ဖြစ်သွားပါတယ်။ (ထေရီဂါထာ၊ ၅၊ ၂၁၄)

"ဘယ်ပြည့်တန်ဆာမလဲ" လို့ ဆဲရေးပြောဆိုမိလို့ ပြည့်တန်ဆာမဘဝ ရောက်ရပါတယ်။ ဆဲရေး ပြောဆိုခံရတဲ့ ပုဂ္ဂိုလ်က တကယ့် ထူးမြတ်တဲ့ ဂုဏ်နဲ့ ပြည့်စုံတဲ့ ရဟန္တာမဘိက္ခုနီ ဖြစ်နေလေတော့ အဲဒီ စကားလေးတစ်ခွန်းက သူ့စကားအတိုင်း ဖြစ်ရတဲ့ ဘဝသို့ ရောက်သွားစေပါ



တယ်။ ကိုယ့်ဝစီကံ ကိုယ့်ထံ ပြန် အမှန်ကြောက်စရာ ဖြစ်နေပါတယ်။ ရှိသေလေးမြတ်ရမယ့် ပုဂ္ဂိုလ်တွေကို စကားပြောတဲ့အခါ မရှိမသေ စကား မပြောမိအောင် အထူးပဲ သတိပြုရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# နူနာသည်

"နူနာသည်တွေရဲ့ အဝတ်နဲ့ လှည့်လည်နေတဲ့ ဒီနူနာသည်က ဘယ်သူလဲ။"

အဲဒီစကားလေးတစ်ခွန်းကို ပြောလိုက်သူက ရာဇဂြိုဟ်မြို့က သူဌေးသားတစ်ယောက် ဖြစ်ပါတယ်။ သူက အခြံအရံများစွာနဲ့ ဥယျာဉ်မှာ ပျော်ပါးရွှင်မြူးဖို့ ရာဇဂြိုဟ်မြို့မှ ထွက်သွားပါတယ်။ တဂရသိခီ အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါက ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်လာပါတယ်။ အဲဒီ သူဌေးသားက အဲဒီပစ္စေကဗုဒ္ဓါကို မြင်သွားပါတယ်။ မြင်သွားပြီး အထက်ပါ စကားလေးတစ်ခွန်းကို ပြောလိုက်ပါတယ်။ တံတွေးကို ထွေးကာ မရိုမသေပြုပြီး ဖဲသွားပါတယ်။ အဲဒီအကုသိုလ်ကံကြောင့် အဲဒီ သူဌေးသားဟာ ငရဲမှာ နှစ် ရာပေါင်း၊ ထောင်ပေါင်း၊ သိန်းပေါင်းများစွာ ကျက်ရပါတယ်။ အဲဒီအကုသိုလ်ကံရဲ့ပဲ အကျိုးအကြွင်းအရ ဒီရာဇဂြိုဟ်မှာပဲ နူနာသည် ဖြစ်ရပါတယ်။ နူနာရောဂါရဲ့ ပြင်းထန်စွာ နှိပ်စက်ဖျက်ဆီးမှုကို ခံစားနေရပါတယ်။ အမှိုက်ပုံ၊ ခြစည်းရိုးစသည်တွေမှာ လူတွေ



စွန့်ပစ်ထားတဲ့ အဝတ်နွမ်းအပိုင်းအစတွေကို ချုပ်စပ်ပြီး ဝတ်ရပါတယ်။ ခွက်ကို ယူကာ တစ်အိမ်မှ တစ်အိမ်သို့ သွားကာ ထမင်းချိုး၊ ထမင်းကျန်တွေကို အမှီပြုပြီး အသက်မွေးရပါတယ်။ အဲဒီအစားအစာကိုလည်း ရှေးက ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံ အကြောင်းကြောင့် အလိုရှိတိုင်း မရပါ။

အဲဒီနူနာသည်ရဲ့နာမည်က သုပ္ပဗုဒ္ဓ ဖြစ်ပါတယ်။ သူဟာ နူနာရောဂါ နှိပ်စက်ခံရလို့ လက်၊ ခြေ၊ လက်ချောင်းတွေ ပြတ်နေပါတယ်။ မစင် လူးပေတဲ့ ခန္ဓာကိုယ် ရှိပါတယ်။ အရည်တွေ ယိုစီးထွက်နေပါတယ်။ ယားနာတွေရဲ့ အလွန်အကဲ နှိပ်စက်မှုကို ခံနေရပါတယ်။ မစင်ကြယ်ပါ။ အနံ့ဆိုးပါတယ်။ အလွန်အကဲ စက်ဆုပ်စရာ ဖြစ်ပါတယ်။ အလွန်အကဲ သနားစရာ အခြေအနေကို ဆိုက်ရောက်နေပါတယ်။

(ဥဒါန၊ ပါဠိ၊ ၁၃၆၊ ဌ၊ ၂၅၃၊ ၂၆၂)

သုပ္ပဗုဒ္ဓလောင်းလျာ သူဌေးသားဟာ တဂရသိခီပစ္စေကဗုဒ္ဓါအား မရိုမသေ ပြောဆိုမိတဲ့ စကားလေးတစ်ခွန်းကြောင့် ငရဲမှာ ဒုက္ခများစွာကို နှစ် ရာ၊ ထောင်၊ သိန်းပေါင်းများစွာ ခံစားရပါတယ်။ မရိုမသေ ပြောဆိုပြုမူမိတဲ့ စေတနာက စကားလေးနဲ့ တူညီတဲ့ ဆိုးကျိုးကို ပေးလာပြန်ပါသေးတယ်။ စကားလေးတစ်ခွန်းရဲ့ ဆိုးကျိုးက များပြားလှပါတယ်။ ပြင်းထန်လှပါတယ်။ ကြောက်ဖွယ် ကောင်းလှပါတယ်။ စေတနာက ယုတ်ညံ့တဲ့အတွက် အကျိုးကလည်း ယုတ်ညံ့လှပါတယ်။ သူဌေးသား ဆဲရေးလိုက်တဲ့ ပုဂ္ဂိုလ်ကလည်း အလွန့်အလွန် မြင့်မြတ်လှတဲ့ သူတော်စင်ကြီး ဖြစ်နေပါတယ်။ ပစ္စေကဗုဒ္ဓါဖြစ်တဲ့ အဲဒီသူတော်စင်ကြီးအပေါ် သူဌေးသားက သွားဆဲနေမိပါတယ်။ သူတော်ကောင်းစိတ်ဓာတ်ပိုမို ကိန်းဝပ်လေ အဲဒီလိုပုဂ္ဂိုလ်ကို ကိုယ်က ပိုမိုအလေးပြုရလေပါပဲ။ လူ

www.burmeseclassic.com

www.burmeseclassic.com



သာမန်အပေါ် မရှိမသေ ပြောဆို၊ ပြုမူမိတာထက် သူတော်စင်ကြီးတွေအပေါ် မရှိမသေ ပြောဆို၊ ပြုမူမိတာက ဆိုးကျိုးကို ပိုမိုပေးပါတယ်။ ဒါကြောင့် ကိုယ့်အတွက် ဆိုးကျိုးပေးနိုင်မယ့် အပြု၊ အပြော၊ အတွေးတွေကို ဝေးဝေးကပင် ရှောင်ရှားသင့်လှပါတယ်။

## နွားချေးပိုးမရဲ့ စကားလေး

*"အခုအခါ ကျွန်မဟာ အဿကရှင်ဘုရင်ကို သတ်ပြီး အဲဒီအဿကရှင်ဘုရင်ရဲ့ လည်ချောင်းသွေးနဲ့ ကျွန်မရဲ့ လင်ဖြစ်တဲ့ နွားချေးပိုးထီးရဲ့ ခြေတွေကို ဆေးကြောလိုပါတယ်။"*

အထက်ပါစကားလေးတစ်ခွန်းကို ပြောလိုက်တဲ့သူကတော့ ဥပရိဆိုတဲ့ မိဖုရားခေါင်ကြီးဘဝက ပြောင်းလာတဲ့ နွားချေးပိုးမပဲ ဖြစ်ပါတယ်။ ဥပရိဟာ အဿကဘုရင်ရဲ့ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ပါတယ်။ ဥပရိဟာ အဿကဘုရင်ရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံယူရပါတယ်။ အလွန်ရုပ်လှပါတယ်။ ကြည့်ရှုချင်ဖွယ် ဖြစ်ပါတယ်။ စိတ်ကို ကြည်လင်စေပါတယ်။ လူ့အလှကို ကျော်လွန်ပါတယ်။ နတ်အလှကိုတော့ မမီပါ။ ဥပရိဟာ သေသွားပါတယ်။ ကာသိတိုင်း၊ ပါဋလိမြို့မှာ ရှိတဲ့ အဿကဘုရင်ဟာ ဥပရိမိဖုရားခေါင်ကြီး သေသွားလို့ သောကရဲ့ အနှိပ်အစက်ကို ခံရကာ ကိုယ်စိတ်ဆင်းရဲ နေရှာပါတယ်။ အဿကဘုရင်က ဥပရိရဲ့ အလောင်းကို စကျင်းမှာ လဲလျောင်းစေကာ ဆီညွန့်ထဲ ထည့်စေပြီး ခုတင်အောက်မှာ ထားခိုင်းပါတယ်။ အစာမစားတော့ဘဲ ငိုကြွေးမြည်တမ်းတာ လဲလျောင်းနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေကရော၊ ကျန်ဆွေမျိုးတွေကရော၊ မိတ်ဆွေ၊ အပေါင်းအသင်း၊ ပုဏ္ဏား၊ သူကြွယ် စသူတွေကပါ "မင်းကြီး၊ ဝမ်းမနည်းပါနဲ့။ ရုပ်၊ နာမ်သင်္ခါရတွေဟာ မမြဲကြပါ" စတဲ့ စကားတွေကို ပြောလျက် နားလည်အောင် မလုပ်ပေးနိုင်ကြပါ။ အဲဒီအသကဘုရင် ယောင်ယမ်းပြောဆိုနေစဉ်မှာပဲ (၇) ရက် ကုန်လွန်သွားပါတယ်။ အဲဒီအခါမှာ ဘုရားလောင်းက အဘိညာဉ် (၅) ပါး၊ သမာပတ် (၈) ပါးတွေကို ရရှိတဲ့ ရသေ့ဖြစ်နေပါတယ်။ ဟိမဝန္တာအရပ်မှာ နေပါတယ်။ အရောင်အလင်းကို ပွားစေပြီး ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ဇမ္ဗူဒိပ်ကျွန်းကို ကြည့်နေပါတယ်။ အဲဒီအသကဘုရင် အဲဒီငိုကြွေးမြည်တမ်းနေတာကို မြင်တွေ့သွားပါတယ်။ "ငါဟာ အဲဒီအသကဘုရင်ရဲ့ ခိုကိုးရာ ဖြစ်သင့်တယ်"လို့ တွေးကာ တန်ခိုးအစွမ်းနဲ့ ကောင်းကင်ပေါ် ပျံတက်သွားပါတယ်။ အသကဘုရင်ရဲ့ဥယျာဉ်မှာ သက်ဆင်းကာ မင်္ဂလာကျောက်ဖျာပေါ် ရွှေရုပ်ပမာ ထိုင်လိုက်ပါတယ်။

အဲဒီအခါမှာ ပါဋလိမြို့နေ ပုဏ္ဏားလုလင်တစ်ဦးက ဥယျာဉ်သို့ သွားကာ ဘုရားလောင်းကို ရှိခိုးပြီး ထိုင်နေပါတယ်။ ဘုရားလောင်းက အဲဒီပုဏ္ဏားလုလင်နဲ့အတူ နှုတ်ဆက်စကားပြောပြီး ဒီလို မေးပါတယ်။

"လုလင်၊ ရှင်ဘုရင်က တရားရှိပါသလား။"

"မှန်ပါဘုရား။ တရားရှိပါတယ်။ ရှင်ဘုရင်ရဲ့ မိဖုရားကတော့ သေသွားပါတယ်။"

အသကဘုရင်က ဥပရိမိဖုရားရဲ့အလောင်းကို စကျင်းထဲ အထည့်ခိုင်းပြီး ယောင်ယမ်းပြောဆိုကာ လဲလျောင်းနေပါတယ်။ ဒီနေ့ဟာ (၇) ရက်မြောက်နေ့ ဖြစ်ပါတယ်။ အရှင်ဘုရားတို့က ဘာကြောင့် ရှင်ဘုရင်ကို ဒီလိုဆင်းရဲမှ လွတ်အောင် လုပ်မပေးကြပါသလဲ။ အရှင်ရသေ့တို့လို သီလရှိပုဂ္ဂိုလ်တွေ ရှိနေကြပါလျက် ရှင်ဘုရင်မှာ ဒီလိုဆင်းရဲကို ခံစားရဖို့ သင့်ပါသလား။"



"လုလင်၊ ငါက ရှင်ဘုရင်ကို မသိပါ။ အဲဒီအသကဘုရင်က လာပြီး ငါ့ကို မေးရင်တော့ ငါကပဲ အဲဒီအသကဘုရင်အား ဥပရိမိဖုရားရဲ့ ဖြစ်ရာအရပ်ကို ပြောကာ အသကဘုရင်ရဲ့အထံမှာပဲ ဥပရိကို စကားအပြောခိုင်းနိုင်ပါတယ်။"

"အရှင်ဘုရား၊ ဒီလိုဆိုရင် ရှင်ဘုရင်ကို တပည့်တော် ခေါ်ဆောင်လာသည်အထိ ဒီနေရာမှာပဲ ထိုင်တော်မူပါ။"

လုလင်က ဘုရားလောင်းရဲ့ ဝန်ခံချက်ကို ယူပြီး ရှင်ဘုရင်ထံသွားကာ အဲဒီအကြောင်းကို ပြောပြပါတယ်။ "အဲဒီ ဒိဗ္ဗစက္ခုအဘိညာဉ်ရ ရသေ့ထံ သွားဖို့ သင့်ပါတယ်" လို့ ပြောပါတယ်။ ရှင်ဘုရင်က "ဥပရိကို ငါဟာ တွေ့ခွင့် ရတော့မယ်တဲ့" လို့ တွေးကာ ဝမ်းမြောက်ရွှင်ပျနေပါတယ်။ ရထားပေါ် တက်ပြီး အဲဒီဥယျာဉ်ကို သွားကာ ဘုရားလောင်းကို ရှိခိုးပါတယ်။ သင့်တင့်ရာအရပ်မှာ ထိုင်ပြီး ဒီလို မေးလျှောက်ပါတယ်။

"အရှင်ဘုရားက ဥပရိမိဖုရားရဲ့ ဖြစ်ရာအရပ်ကို သိတယ်ဆိုတာ မှန်ပါသလား။"

"မင်းကြီး၊ ဟုတ်တယ်။"

"ဘယ်အရပ်မှာ ဖြစ်ပါသလဲ။"

"မင်းကြီး၊ အဲဒီဥပရိမိဖုရားဟာ ရုပ်မှာပဲ ယစ်မူးပြီး မေ့လျော့မှုကို အကြောင်းပြုကာ ကောင်းမှုကို မပြုလုပ်ဘဲ ဒီဥယျာဉ်ထဲမှာပဲ နွားချေးပိုးမ ဖြစ်နေပါတယ်။"

"တပည့်တော်ဟာ မယုံကြည်ပါ။"

"ဒီလိုဆိုရင် သင် မင်းကြီးအား ပြပြီး စကားပြောခိုင်းပါမယ်။"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ စကားပြောခိုင်းပါ။"

"ပိုးထီး ပိုးမနှစ်ကောင်လုံးပဲ နွားချေးခဲကို လှိမ့်လျက် မင်းရဲ့ရှေ့မှာ လာကြစေသတည်း" ဘုရားအလောင်းဟာ သူ့ရဲ့တန်ခိုးစွမ်းအားနဲ့ အဲ့ဒီ နွားချေးပိုးလင်မယား လာအောင် ပြုလုပ်ပါတယ်။ အဲ့ဒီနွားချေးပိုး လင်မယားဟာ အဲဒီအတိုင်းပဲ လာကြပါတယ်။ ဘုရားအလောင်းက အဲ့ဒီ အသကဘုရင်ကို ပြလိုလို့ ဒီလို ပြောပါတယ်။

"မင်းကြီး၊ ဒီနွားချေးပိုးမဟာ သင့်ရဲ့ ဥပရိမိဖုရားပါပဲ။ သင်မင်းကြီးကိုပယ်စွန့်ပြီး နွားချေးပိုးထီးရဲ့နောက်က လိုက်နေပါတယ်။ အဲ့ဒီနွားချေးပိုးမကို ကြည့်ပါ"

"အရှင်ဘုရား၊ ဥပရိမိဖုရားဟာ နွားချေးပိုးမဘဝမှာ ဖြစ်လိမ့်မယ်လို့ တပည့်တော်ဟာ မယုံကြည်ပါ။"

"မင်းကြီး၊ အဲဒီဥပရိမိဖုရားကို ငါဟာ စကားပြောခိုင်းမယ်။"

"အရှင်ဘုရား၊ စကားပြောခိုင်းပါ။"

ဘုရားလောင်းက သူ့ရဲ့တန်ခိုးနဲ့ အဲ့ဒီဥပရိဘဝက သွားတဲ့ နွားချေးပိုးမကို စကားပြောခိုင်းလိုလို့ 'ဥပရိ' လို့ ခေါ်လိုက်ပါတယ်။ အဲဒီ နွားချေးပိုးမက လူဘာသာစကားနဲ့ 'ဘာပါလဲဘုရား'လို့ ပြန်ပြောပါတယ်။ ဘုရားလောင်းနဲ့ ပိုးချေးမတို့ဟာ ဒီလို မေးဖြေကြပါတယ်။

"အရင်ဘဝက သင်ဟာ ဘယ်သူ ဖြစ်ခဲ့ပါသလဲ။"

"အရှင်ဘုရား၊ တပည့်တော်ဟာ အသကဘုရင်ရဲ့ မိဖုရားခေါင်ကြီး ဥပရိ ဖြစ်ခဲ့ပါတယ်။"

"အခု အသင်ဟာ အသကဘုရင်ကို ချစ်ပါသလား၊ ဒါမှမဟုတ် နွားချေးပိုးထီးကို ချစ်ပါသလား။"



"အရှင်ဘုရား၊ အဲဒီအသကဘုရင်ဟာ အရင်ဘဝကလင် ဖြစ်ပါတယ်။ အဲဒီအခါက တပည့်တော်ဟာ ဒီဉယျာဉ်မှာ အဲဒီအသကဘုရင်နဲ့အတူ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတွေကို ခံစားကာ လှည့်လည်ခဲ့ပါတယ်။ အခုအခါမှာတော့ တပည့်တော်မှာ ဘဝခြားကွယ်သွားချိန်မှစပြီး အဲဒီအသကဘုရင်ဟာ ဘာဟုတ်တော့မှာလဲ"

အဲဒီလို ပြောပြီး အစဆုံးမှာ ဖော်ပြခဲ့တဲ့ စကားလေးကို ပြောလိုက်ပါတယ်။ အဲဒီစကားကိုကြားရပြီး အသကဘုရင်ဟာ နှလုံးမသာမယာဖြစ်ကာ အဲဒီနေရာမှာ ရပ်တည်ရင်းပဲ အလောင်းကောင်ကို ထုတ်ဆောင်ခိုင်းကာ ဦးခေါင်းကို လျှော်ပါတယ်။ ဘုရားလောင်းကို ရှိခိုးပြီး မြို့ထဲ ဝင်သွားပါတယ်။ အခြားအမျိုးသမီးကို မိဖုရားမြှောက်ပြီး တရားသဖြင့် မင်းလုပ် အုပ်ချုပ်ပါတယ်။ ဘုရားအလောင်းကလည်း ရှင်ဘုရင်ကို ဆုံးမပြီး သောကကင်းအောင်လုပ်ကာ ဟိမဝန္တာကိုပဲ သွားပါတယ်။

(ဇာတ်၊ ၄၊ ၁၊ ၁၄၂)

ချမ်းသာအသစ်က ချမ်းသာအဟောင်းကို ဖုံးကွယ်တတ်ပါတယ်။ ဆင်းရဲအသစ်က ဆင်းရဲအဟောင်းကို ဖုံးကွယ်တတ်ပါတယ်။ အဲဒါဟာ လောကဓမ္မတာပါပဲ။ ဒါကြောင့် အသကဘုရင်ထက် ပိုးထီးကို အဆ ရာ၊ ထောင်မက ပိုချစ်ပါသတဲ့။ ဥပရိဘဝက ချစ်ခဲ့ပေမယ့် နွားချေးပိုးမဘဝ ရောက်သွားတဲ့အခါ မေ့သွားရုံမက မယုံကြည်နိုင်လောက်အောင် ရက်စက်နိုင်စိတ်၊ ရက်စက်လိုစိတ်ကို ဖော်ပြတဲ့ စကားလေးကို ကြားလိုက်ရတဲ့အခါ အသကရဲ့ အချစ်တွေဟာ လုံးဝ ကွယ်ပျောက်သွားပါတော့တယ်။ အချစ် ပျောက်တော့ သောကလည်း မရောက်တော့ပါ။ ဥပရိရဲ့ စကားလေးဟာ အသကအား ချမ်းသာမှုများစွာ ပေးလိုက်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အဲဒီ စကားလေးကိုပဲ

*“အရှင့်သား၊ မြန်မြန် ပြန်လာခဲ့ပါ။”*

အဲဒီစကားလေးကို ပြောလိုက်သူကတော့ ဇနပဒကလျာဏီပဲ ဖြစ်ပါတယ်။ အပြောခံရသူကတော့ ခင်ပွန်းလည်း ဟုတ်၊ အစ်ကိုအရင်းလည်း ဟုတ်တဲ့ နန္ဒမင်းသားပါပဲ။

ဘုရားရှင်ဟာ ဘုရားဖြစ်ပြီး ပထမဆုံးအကြိမ်အဖြစ် ကပိလဝတ္ထုမြို့ကို ကြွသွားတော်မူပါတယ်။ ကပိလဝတ္ထုမှာ တတိယနေ့ရောက်တော့ နန္ဒမင်းသားရဲ့ အဘိသိက်သွင်း မင်္ဂလာ၊ အိမ်သွင်းမင်္ဂလာ၊ လက်ထပ်မင်္ဂလာတွေ ဖြစ်ပေါ်ပါတယ်။ အဲဒီအခါ ဘုရားရှင်က ဆွမ်းခံဝင်ပြီး နန္ဒမင်းသားရဲ့လက်မှာ သပိတ်ကို ပေးလိုက်ပါတယ်။ မင်္ဂလာစကား ပြောကြားပြီး နေရာမှ ထကာ ဖဲသွားတော်မူပါတယ်။ နန္ဒမင်းသားရဲ့ လက်မှ သပိတ်ကို ယူတော်မမူပါ။ နန္ဒမင်းသားကလည်း နောင်တော်ဘုရားရှင်အပေါ် ရိုသေလို့ “အရှင်ဘုရား၊ အရှင်ဘုရားရဲ့ သပိတ်ကို ယူတော်မူပါ” လို့ ပြောဖို့ မစွမ်းနိုင်ပါ။ “စောင်းတန်းဦးမှာ ဘုရားရှင်ဟာ သပိတ်ကို ယူလိမ့်မယ်” လို့ နန္ဒမင်းသားက ကြံစည်နေပါတယ်။ ဘုရားရှင်က အဲဒီနေရာမှာလည်း ယူတော်မမူပါ။ “မင်းရင်ပြင်မှာ ဘုရားရှင်ဟာ ယူလိမ့်မယ်” လို့ နန္ဒမင်းသားက တွေးပြန်ပါတယ်။ ဘုရားရှင်က



အဲဒီနေရာမှာလည်း ယူတော်မမူပါ။ နန္ဒမင်းသားက ပြန်လှည့်သွားချင်ပေမယ့် အလိုမပါဘဲသာ လိုက်သွားနေရပါတယ်။ ဘုရားရှင်အပေါ် ရိုသေလို့ ‘သပိတ်ကို ယူတော်မူပါ’ လို့ ပြောဖို့ မစွမ်းနိုင်ပါ။ ‘ဒီနေရာမှာ ဘုရားရှင်ဟာ ယူလိမ့်မယ်။ ဟိုနေရာမှာ ယူလိမ့်မယ်’ လို့ တွေးကာ လိုက်သွားပါတယ်။

အဲဒီခဏမှာ အခြားမိန်းမတွေက အဲဒီနန္ဒမင်းသားကို မြင်ပြီး ဇနပဒ ကလျာဏီအား ဒီလို ပြောကြပါတယ်။

“အရှင်မ၊ ဘုရားရှင်က နန္ဒမင်းသားကို ခေါ်ယူကာ သွားပါပြီ။ နန္ဒမင်းသားကို အရှင်မနဲ့ တစ်ကွဲတစ်ပြားဖြစ်အောင် လုပ်ပါလိမ့်မယ်”

ဇနပဒကလျာဏီဟာ ယိုစီးကျလျက်သာရှိတဲ့ ရေပေါက်တွေနဲ့ ထက်ဝက်ခွဲထားတဲ့ ဆံပင်တွေနဲ့ လျင်မြန်စွာ သွားကာ အစဆုံးမှာ ဖော်ပြခဲ့တဲ့ စကားလေးကို ပြောလိုက်ပါတယ်။ ဇနပဒကလျာဏီရဲ့ အဲဒီ စကားလေးတစ်ခွန်းဟာ နန္ဒမင်းသားရဲ့ နှလုံးသားမှာ ကန့်လန့်ကျသလို တည်နေပါတယ်။ ဘုရားရှင်ကလည်း နန္ဒမင်းသားရဲ့လက်မှ သပိတ်ကို မယူဘဲသာ နန္ဒမင်းသားကို ကျောင်းသို့ ခေါ်ဆောင်သွားပါတယ်။ ဘုရားရှင်က “နန္ဒ၊ ရဟန်းဝတ်မလား” လို့ မေးပါတယ်။ နန္ဒမင်းသားက ဘုရားရှင်အပေါ် ရိုသေလို့ “ရဟန်း မဝတ်ပါ” လို့ မပြောဘဲ “မှန်ပါ။ ဝတ်ပါမယ်” လို့ ပြောလိုက်ပါတယ်။ ဘုရားရှင်က “ဒီလိုဆိုရင် နန္ဒကို ရဟန်းဝတ်ပေးလိုက်ကြပါ” လို့ မိန့်တော်မူပါတယ်။ ဘုရားရှင်ဟာ ကပိလမြို့သို့ သွားပြီး တတိယနေ့မှာ နန္ဒကို ရဟန်းဝတ်ပေးလိုက်ပါတယ်။

(မဓ္ဓဝဒ၊ ၄၊ ပ၊ ၇၄)

အရှင်နန္ဒဟာ ပျင်းရိငြီးငွေ့ပြီး ရဟန်းတွေအား အောက်ပါအကြောင်းအရာကို ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်တို့၊ တပည့်တော်ဟာ မပျော်မွေ့ဘဲ အကျင့်မြတ်ကို ကျင့်နေရပါတယ်။ တပည့်တော်ဟာ အကျင့်မြတ်ကို ကောင်းစွာ ဆောင်ထားခြင်းငှာ မစွမ်းနိုင်ပါ။ သိက္ခာချပြီး လူထွက်ပါတော့မယ်။"

ဘုရားရှင်က အဲဒီဖြစ်ပုံကို ကြားရပြီး အရှင်နန္ဒကို ခေါ်ခိုင်းကာ ဒီစကားကို ပြောပါတယ်။

"နန္ဒ၊ သင်ဟာ ရဟန်းများစွာအား ဒီလို ပြောတယ်ဆိုတာ မှန်သလား။"

"မှန်ပါတယ် ဘုရား။"

"နန္ဒ၊ သင်ဟာ ဘာကြောင့် မပျော်မွေ့ဘဲ အကျင့်မြတ်ကို ကျင့်နေရတာလဲ။ သင်ဟာ အကျင့်မြတ်ကို ကောင်းစွာ ဆောင်ထားခြင်းငှာ မစွမ်းနိုင်ဖူးလား။ သိက္ခာချပြီး လူထွက်တော့မှာလား။"

"မြတ်စွာဘုရား၊ ဇနပဒကလျာဏီ သာကီဝင်မက တပည့်တော် အိမ်မှ ထွက်တဲ့အခါ ထက်ဝက်ခွဲထားတဲ့ ဆံပင်တွေနဲ့ ကြည့်ကာ တပည့်တော်ကို 'အရှင့်သား၊ မြန်မြန် ပြန်လာပါ'လို့ ပြောလိုက်ပါတယ်။ တပည့်တော်ဟာ အဲဒီစကားလေးကို အထပ်ထပ် အမှတ်ရနေလို့ မပျော်မွေ့ဘဲ အကျင့်မြတ်ကို ကျင့်နေရပါတယ်။ အကျင့်မြတ်ကို ကောင်းစွာ ဆောင်ထားခြင်းငှာ မစွမ်းနိုင်ပါ။ သိက္ခာချပြီး လူထွက်ပါတော့မယ်။"

(ဓမ္မပဒ၊ ဌ၊ ပ၊ ၃၅)

ဇနပဒကလျာဏီရဲ့ ချစ်စဖွယ် သွင်ပြင်မူရာလေးက အရှင်နန္ဒရဲ့ စိတ်ကူးထဲမှာ တဝဲလည်လည် ဖြစ်နေပုံရပါတယ်။ "မြန်မြန် ပြန်လာခဲ့ပါနော်" လို့ ပြောလိုက်တဲ့ ဇနပဒကလျာဏီရဲ့ အသံလေးကို အရှင်နန္ဒရဲ့ နားထဲမှာ အမြဲကြားယောင်နေပုံ ရပါတယ်။ အရှင်နန္ဒရဲ့ စိတ်က အဲဒီ စကားလေးကို အမြဲပဲ သတိရနေပါတော့တယ်။ အဲဒီစကားလေးတစ်ခွန်း



က အရှင်နန္ဒကို သာသနာ့ဘောင်မှ လူ့ဘောင်သို့ ပြန်လာဖို့ အလွန် အကဲပဲ ဆွဲဆောင်နေပါတော့တယ်။ ဘုရားရှင်နဲ့ ဇနပဒကလျာဏီတို့ရဲ့ လွန်ဆွဲပွဲမှာ အရှင်နန္ဒဟာ ဇနပဒကလျာဏီဘက်ကို အပြည့်အဝ ပါနေပါတော့တယ်။ လုံးလုံးလျားလျား ရှုန်းကန်နေပါတော့တယ်။ ဘုရားရှင်ရဲ့ တရားစကားတွေက အရှင်နန္ဒနားထဲ မဝင်နိုင်တော့ဘဲ ဇနပဒကလျာဏီရဲ့ စကားလေးတစ်ခွန်းကသာ ရာနှုန်းပြည့် ဝင်နေပါတော့တယ်။ အရှင်နန္ဒရဲ့ နှလုံးသားထဲမှာ ဇနပဒကလျာဏီရဲ့ စကားလေးကသာ နေရာအပြည့် ယူထားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

## ပရိယာယ် စကားလေးတစ်ခွန်း

"သင်ဟာ မိမိရဲ့ အလိုအကြိုက်နဲ့ ပြုလုပ်လိုက်တာလား။ အခြားသူတွေက သင့်ကို ပြုလုပ်ခိုင်းတာလား။"

"မင်းက တပည့်တော်ကို ပြုလုပ်ခိုင်းတာပါ ဘုရား။"

*"ဥပါသကာ၊ ဒီလိုဆိုရင် သင့်မှာ အကုသိုလ် ဖြစ်ပါသလား။"*

မေးသူက အရှင်သာရိပုတ္တရာ ဖြစ်ပါတယ်။ ဖြေသူက တမ္ဗဒါဌိကစောရဃာတက (မုတ်ဆိတ်နီနေတဲ့ သူခိုးသတ်သမား) ပဲ ဖြစ်ပါတယ်။ သူခိုး (၄၉၉) ယောက်တို့ဟာ ရွာကို ဖျက်ဆီးခြင်းစတဲ့ အလုပ်တွေကို ပြုလုပ်ကာ အသက်မွေးမှု ပြုနေကြပါတယ်။ အဲဒီအခါ တစ်ခဲနက်ကြောင်တဲ့ မျက်စိရှိပြီး မုတ်ဆိတ်နီနေတဲ့ ယောကျ်ားတစ်ယောက်ဟာ အဲဒီသူခိုးတွေထံ သွားပြီး "ကျွန်ုပ်လည်း သင်တို့နဲ့အတူ အသက်မွေးပါမယ်"လို့ ပြောပါတယ်။ အဲဒီအခါ အဲဒီယောကျ်ားကို အကြီးအကဲသူခိုးအား ပြကာ "ဒီယောကျ်ားလည်း အကျွန်ုပ်တို့ရဲ့အထဲမှာ နေလိုပါတယ်" လို့ ပြောကြပါတယ်။ အဲဒီအခါ အကြီးအကဲသူခိုးက အဲဒီယောကျ်ားကို ကြည့်ပြီး "ဒီလူဟာ မိခင်ရဲ့နို့ကို ဖြတ်တောက်ပြီးဖြစ်စေ၊ ဖခင်ရဲ့လည်ချောင်းသွေးကို ထုတ်ဆောင်ပြီးဖြစ်စေ ခံစားနိုင်တဲ့ အလွန်အကဲ



ကြမ်းတမ်းသူပဲ" လို့ ကြံစည်ကာ "ငါတို့ရဲ့အထဲမှာ ဒီယောကျ်ားဟာ နေဖို့ ကိစ္စမရှိပါ" လို့ ပယ်မြစ်ပါတယ်။

အဲဒီလို ပယ်မြစ်ခံရပေမယ့်လည်း အဲဒီယောကျ်ားဟာ လာပြီး အဲဒီသူခိုးအကြီးအကဲရဲ့ပဲ အနီးနေ တပည့်တစ်ယောက်ကို ပြုစု လုပ်ကျွေးလျက် ကျေနပ်နှစ်သက်စေပါတယ်။ အဲဒီတပည့်က အဲဒီလူကို ခေါ်ယူပြီး သူခိုးအကြီးအကဲထံ ချဉ်းကပ်ကာ "အရှင်၊ ဒီလူဟာ လူကောင်းပါ။ အကျွန်ုပ်တို့အား ပြုစုလုပ်ကျွေးပါတယ်။ သူ့ကို ချီးမြှောက်ပါ" လို့ တောင်းဆိုပြီး သူခိုးအကြီးအကဲကို လက်ခံစေပါတယ်။ တစ်နေ့မှာ မြို့သူမြို့သားတွေက မင်းအခစားယောကျ်ားတွေနဲ့အတူ တစ်ပေါင်းတည်းဖြစ်ကာ အဲဒီသူခိုးတွေကို ခေါ်ယူပြီး တရားဆုံးဖြတ်တဲ့ အမတ်ကြီးတွေထံ ခေါ်ဆောင်သွားကြပါတယ်။ အမတ်တွေက အဲဒီသူခိုးတွေရဲ့ ဦးခေါင်းကို ဖြတ်ခိုင်းကြပါတယ်။ အဲဒီကနောက် "ဒီသူခိုးတွေကို ဘယ်သူက သတ်မှာလဲ" လို့ ရှာမှီးကြတဲ့အခါ အဲဒီသူခိုးတွေကို သတ်လိုတဲ့ လူတစ်ယောက်ကိုမှ မတွေ့ရပါ။ သူခိုးအကြီးအကဲကို ဒီလို မေးကြပါတယ်။

"သင်ဟာ ဒီသူခိုးတွေကို သတ်ပြီး အသက်လည်း ရှင်ရမယ်။ မြတ်နိုး ပူဇော်မှုကိုလည်း ရလိမ့်မယ်။ ဒီသူခိုးတွေကို သင်ဟာ သတ်ပါ"

အဲဒီသူခိုးအကြီးအကဲကလည်း မိမိကို မှီပြီး နေကြလို့ အဲဒီနောက်လိုက်သူခိုးတွေကို သတ်ဖို့ အလိုမရှိပါ။ အဲဒီနည်းနဲ့ (၄၉၉) ယောက်သော သူခိုးတွေကို မေးကြပါတယ်။ အားလုံးသော သူခိုးတွေကလည်း မသတ်လိုကြပါ။ အားလုံးရဲ့နောက်မှာ အဲဒီတစ်ခဲနက် မျက်လုံးကြောင်ပြီး မုတ်ဆိတ်နီနေတဲ့ယောကျ်ားကို မေးကြပါတယ်။ အဲဒီယောကျ်ားက ကောင်းပြီ လို့ လက်ခံပြီး အားလုံးလည်း ဖြစ်တဲ့ အဲဒီသူခိုးတွေကို

www.burmeseclassic.com

www.burmeseclassic.com



သတ်ကာ အသက်ကိုရော မြတ်နိုးပူဇော်မှုကိုပါ ရသွားပါတယ်။ အဲဒီနည်းနဲ့ မြို့ရဲ့ တောင်ဘက်မှလည်း သူခိုးငါးရာတို့ကို ခေါ်ဆောင်ကာ အမတ်တွေအား ပြကြပါတယ်။ အဲဒီအမတ်တွေကလည်း အဲဒီသူခိုးတွေရဲ့ ဦးခေါင်းကိုလည်း အဖြတ်ခိုင်းပါတယ်။ သူခိုးအကြီးအကဲကို အစပြုကာ မေးကြပါတယ်။ သတ်လိုသူ တစ်ယောက်ကိုမှ မတွေ့ကြရပါ။ "အရင်နေ့မှာ ယောက်ျားတစ်ယောက်က သူခိုးငါးရာတို့ကို သတ်ခဲ့တယ်။ အဲဒီ ယောက်ျားက ဘယ်မှာလဲ" လို့ မေးကြပါတယ်။

"ဤမည်သောနေရာမှာ ငါတို့ဟာ မြင်တွေ့ခဲ့ကြပါတယ်"လို့ ပြောတဲ့အခါ အဲဒီယောက်ျားကို အခေါ်ခိုင်းကြပါတယ်။ "ဒီသူခိုးတွေကို သင်ဟာ သတ်လော။ သင်ဟာ မြတ်နိုးပူဇော်မှုကို ရလိမ့်မယ်" လို့ ပြောကာ စေခိုင်းကြပါတယ်။ အဲဒီယောက်ျားက "ကောင်းပြီ" လို့ လက်ခံပါတယ်။ အဲဒီသူခိုးအားလုံးကိုလည်း သတ်ကာ မြတ်နိုးပူဇော်မှုကို ရပါတယ်။ အဲဒီအခါ အဲဒီယောက်ျားကို "ဒီယောက်ျားဟာ ကောင်းတယ်။ သူ့ကို အမြဲ သူခိုးသတ်သူအဖြစ်ပဲ ထားကြမယ်" လို့ တိုင်ပင်ကာ အဲဒီယောက်ျားအား အဲဒီသူခိုးသတ်ရာထူးကို ပေးပြီးသာ မြတ်နိုးပူဇော်မှုကို ပြုလုပ်ကြပါတယ်။ အဲဒီယောက်ျားက အနောက်အရပ်မှရော၊ မြောက်အရပ်မှပါ ခေါ်ဆောင်လာတဲ့ ငါးရာ ငါးရာသော သူခိုးတွေကို သတ်မြဲသတ်ပါတယ်။ အဲဒီလိုနည်းနဲ့ အရပ် (၄) မျက်နှာမှ ခေါ်ဆောင်လာတဲ့ သူခိုး (၂) ထောင်ကို သတ်ပါတယ်။ အဲဒီအချိန်ကစပြီး နေ့တိုင်း (၁) ယောက်၊ (၂) ယောက် စသည်ဖြင့် ခေါ်ဆောင်ခံရတဲ့ အဲဒီလူတွေကို သတ်ပါတယ်။ (၅၅) နှစ်ပတ်လုံး သူခိုးသတ်တဲ့အလုပ်ကို လုပ်ခဲ့ပါတယ်။

အဲဒီလူဟာ အသက်ကြီးလာတဲ့အခါမှာ တစ်ချက်တည်းနဲ့သာ ဦးခေါင်းကို ပြတ်အောင် မဖြတ်နိုင်တော့ပါ။ (၂) ချက်၊ (၃) ချက် ရိုက်



သတ်လျက် လူတွေကို ပင်ပန်းစေပါတယ်။ မြို့သူမြို့သားတွေက ဒီလို ကြံစည်ကြပါတယ်။

"အခြားသူဟာလည်း သူခိုးသတ်သူ ဖြစ်လိမ့်မယ်။ ဒီလူဟာ အလွန်အကဲ လူတွေကို ပင်ပန်းစေပါတယ်။ ဒီလူနဲ့ ဘာလုပ်တော့မှာလဲ။"

အဲဒီလို ကြံစည်ပြီး အဲဒီလူရဲ့ အဲဒီရာထူးကို ဖယ်ရှားလိုက်ကြပါတယ်။ အဲဒီလူဟာ အရင်က သူခိုးသတ်အလုပ်ကို လုပ်တဲ့အခါ အဝတ်သစ်တွေကို ဝတ်ခွင့်၊ ထောပတ်အသစ်နဲ့ စီရင်ထားတဲ့ နို့ယာဂုကို သောက်ခွင့်၊ မြတ်လေးပန်းတွေကို ပန်ဆင်ခွင့်၊ နံ့သာတွေကို လိမ်းကျံခွင့်ဆိုတဲ့ အခွင့် (၄) မျိုးကို မရခဲ့ပါ။ အဲဒီသူခိုးသတ်သမားဟာ ရာထူးဖြုတ်ခံရတဲ့နေ့မှာ "ငါ့အတွက် နို့ယာဂုကို ကျိုကြပါ" လို့ ပြောကာ အဝတ်အသစ်၊ မြတ်လေးပန်း၊ နံ့သာတွေကို ယူခိုင်းပါတယ်။ မြစ်ကို သွားပြီး ရေချိုးပါတယ်။ အဝတ်သစ်တွေကို ဝတ်ပါတယ်။ ပန်းတွေကို ပန်ဆင်ပါတယ်။ နံ့သာတွေနဲ့ ခန္ဓာကိုယ်ကို လိမ်းကျံပါတယ်။ အိမ်ကို သွားပြီး ထိုင်နေပါတယ်။ အဲဒီအခါ အဲဒီသူခိုးသတ်သမားရဲ့ ရှေ့မှာ ထောပတ်အသစ်နဲ့ ပြုလုပ်စီရင်ထားတဲ့ နို့ယာဂုကို ထားကာ လက်ဆေးရေကို ဆောင်ယူလာကြပါတယ်။

အဲဒီခဏမှာ အရှင်သာရိပုတ္တရာက သမာပတ်ဝင်စားရာမှ ထကာ "ဒီနေ့ ငါဟာ ဘယ်ကို သွားရမလဲ" လို့ မိမိရဲ့ ဆွမ်းခံရာ အရပ်ကို ကြည့်ပါတယ်။ အဲဒီလူရဲ့အိမ်မှာ နို့ယာဂုကို မြင်ပါတယ်။ "ဒီလူဟာ ငါ့အား ချီးမြှောက်မှု ပြုလေမလား" လို့ စူးစမ်းပါတယ်။ "ငါ့ကို မြင်ပြီး ငါ့အား ချီးမြှောက်မှု ပြုလိမ့်မယ်။ ဒီအမျိုးသားဟာ ပြုပြီး ကြီးကျယ်တဲ့ စည်းစိမ်တို့ ရလိမ့်မယ်" လို့ သိပါတယ်။ သင်္ကန်းရုံ၊ သပိတ်ယူကာ အဲဒီလူရဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးမှာ ရပ်ရင်းပဲ မိမိကိုယ်ကို ပြပါတယ်။ အဲဒီလူက အရှင်သာရိပုတ္တရာကို မြင်ကာ ဒီလို ကြံပါတယ်။

"ငါဟာ ကြာမြင့်စွာ သူခိုးသတ်တဲ့ အလုပ်ကို လုပ်ခဲ့တယ်။ များစွာသော လူတွေကို သတ်ပြီးပြီ။ အခုအခါ ငါ့ရဲ့အိမ်မှာ နို့ယာဂုကို စီမံထားတယ်။ အရှင်သာရိပုတ္တရာက ကြွလာပြီး ငါ့ရဲ့အိမ်တံခါးမှာ ရပ်နေတယ်။ အခုအခါ ငါဟာ အရှင်သာရိပုတ္တရာအား လှူဖွယ်ကို လှူဖို့ သင့်တယ်"

အဲဒီလို ကြံပြီး ရှေ့မှာ ချထားတဲ့ ယာဂုကို ဖယ်ရှားကာ မထေရ်ထံ ချဉ်းကပ်ပြီး ရှိခိုးပါတယ်။ အိမ်အတွင်းမှာ ထိုင်စေပါတယ်။ သပိတ်ထဲမှာ နို့ယာဂုကို လောင်းထည့်လိုက်ပါတယ်။ ထောပတ်အသစ်ကို သွန်လောင်းကာ မထေရ်ကို ယပ်ခတ်ပေးရင်း ရပ်တည်နေပါတယ်။

အဲဒီအခါ အဲဒီလူမှာလည်း အချိန်ကြာမြင့်စွာ အရင်က မရခဲ့ဖူးတာမို့ နို့ယာဂုကို သောက်လိုတဲ့ ဆန္ဒ ပြင်းထန်နေပါတယ်။ အရှင်သာရိပုတ္တရာက အဲဒီလူရဲ့ အလိုဆန္ဒကို သိပြီး "ဥပါသကာ၊ သင်ဟာ ယာဂုကို သောက်ပါ"လို့ ပြောပါတယ်။ အဲဒီလူက အခြားသူရဲ့လက်မှာ ယပ်တောင်ကို ပေးပြီး ယာဂုကို သောက်ပါတယ်။ မထေရ်က ယပ်ခတ်ပေးနေတဲ့ ယောကျ်ားကို "သင် သွားပါ၊ ဥပါသကာကိုပဲ ယပ်ခတ်ပေးပါ" လို့ မိန့်ပါတယ်။ အဲဒီလူက ယပ်ခတ်ခံရင်းပဲ ဝမ်းပြည့်အောင် ယာဂုကို သောက်ပါတယ်။ လာပြီး မထေရ်ကို ယပ်ခတ်ကာ ရပ်တည်နေပါတယ်။ ဆွမ်းအာဟာရကိစ္စ ပြီးစီးသွားတဲ့ မထေရ်ရဲ့သပိတ်ကို ယူပါတယ်။ မထေရ်က သူ့အား အနုမောဒနာ (ဝမ်းမြောက်ဖွယ်) စကား ပြောကြားဖို့ အားထုတ်ပါတယ်။ အဲဒီလူက မိမိရဲ့စိတ်ကို မထေရ်ရဲ့ တရားဒေသနာနောက် လိုက်အောင် မလုပ်နိုင်ပါ။ မထေရ်က သတိပြုပြီး မေးပါတယ်။



"ဥပါသကာ၊ ဘာကြောင့် စိတ်ကို ဒေသနာနောက် အစဉ်လိုက်အောင် လုပ်ဖို့ မစွမ်းနိုင်တာပါလဲ။"

"အရှင်ဘုရား၊ တပည့်တော်က အချိန်ကြာမြင့်စွာ ကြမ်းတမ်းတဲ့ အလုပ်ကို လုပ်ခဲ့ပါတယ်။ များစွာသော လူတွေကို သတ်ခဲ့ပါတယ်။ တပည့်တော်ဟာ တပည့်တော်ရဲ့ အဲဒီအလုပ်ကို အဖန်ဖန် သတိရနေလို့ စိတ်ကို ဒေသနာနောက် အစဉ်လိုက်အောင် လုပ်ဖို့ မစွမ်းနိုင်ပါ။"

မထေရ်က "သူ့ကို ငါလှည့်စား (ပရိယာယ်ဆင်) မယ်" လို့ ကြံကာ အစဆုံးမှာ ဖော်ပြခဲ့တဲ့ စကားလေးကို မေးပါတယ်။ မထေရ်က "ဥပါသကာ၊ ဒီလိုဆိုရင် သင့်မှာ အကုသိုလ်ဖြစ်ပါသလား" လို့ မေးလိုက်တဲ့အခါ ထုံထိုင်းတဲ့သဘောရှိတဲ့ ဥပါသကာဟာ "ငါ့မှာ အကုသိုလ် မရှိဘူး" လို့ ထင်မှတ်သွားပြီး "ဒီလိုဆိုရင် အရှင်ဘုရားဟာ တရားကို ဟောတော်မူပါ ဘုရား" လို့ လျှောက်ပါတယ်။ မထေရ်က အနုမောဒနာတရား ဟောတဲ့အခါ ဥပါသကာဟာ စိတ်တည်ငြိမ်ကာ တရားနာရင်း သောတာပတ္တိမဂ်ရဲ့ ရှေ့နားက သင်္ခါရုပေက္ခာဉာဏ်ကို ရသွားပါတယ်။ မထေရ်ကလည်း အနုမောဒနာ ပြုပြီး ဖဲသွားပါတယ်။ မထေရ်နောက်က လိုက်သွားပြီး ပြန်လာတဲ့ အဲဒီဥပါသကာကို ဘီလူးမတစ်ယောက်က နွားမအသွင်နဲ့ လာကာ ရင်မှာ ပုတ်ခတ်ကာ သတ်လိုက်ပါတယ်။ အဲဒီဥပါသကာဟာ သေပြီး တုသိတာနတ်ပြည်မှာ ရောက်သွားပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၀၅)

"ဒီလိုဆိုရင် သင့်မှာ အကုသိုလ်ဖြစ်ပါသလား" ဆိုတဲ့ စကားလေးတစ်ခွန်းက လူသတ်သမားရဲ့ ဘဝခရီးကို ပြောင်းလဲသွားစေပါတယ်။ အရှင်သာရိပုတ္တရာရဲ့ ပရိယာယ် စကားလေးတစ်ခွန်းက စွမ်းအားကြီးမားလှပါပေတယ်။ အရှင်သာရိပုတ္တရာ ဆိုတဲ့ မိတ်ဆွေကောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သာ မရခဲ့ရင် လူသတ်သမားရဲ့ ဘဝခရီးဟာ အမှောင်အတိပြီးပြီး ပူလောင်ကြမ်းတမ်းလှပေလိမ့်မယ်။ မထေရ်ရဲ့ စကားလေးက လူသတ်သမားရဲ့ ဒုက္ခတွေကို ဖယ်ရှားကာ သုခတွေကို ပေးသွားပါပေတယ်။ တန်ဖိုးဖြတ်လို့ မရနိုင်တဲ့ စကားလေးပါတကား။

## ဘယ်သူရဲ့တမန်လဲ

*"အမောင်တို့၊ အကျွန်ုပ်ဟာ တမန်ပါ၊ တမန်ပါ။"*

အဝတ်ကို တင်းကျပ်စွာ ဝတ်ပြီး လက်တွေကို မြှောက်ချီကာ အသံကျယ်ကျယ်နဲ့ အထက်ပါစကားလေးကို အော်ဟစ်လိုက်ပါတယ်။ အော်ဟစ်ရင်း ရှင်ဘုရင်ထံ ချဉ်းကပ်ပါတယ်။ သူက အစားအစာ လော်လီတဲ့ ယောက်ျားတစ်ယောက် ဖြစ်ပါတယ်။ ဗောဇနသုဒ္ဓိကဘုရင်ရဲ့ စားဖွယ် အစီအစဉ်ကို ကြည့်ပြီး အဲဒီယောက်ျားက အဲဒီစားဖွယ်ကို စားချင်နေပါတယ်။ ဆာလောင်မှုကို မအောင့်အည်းနိုင်တော့လို့ "နည်းလမ်းတစ်ခု ရှိတယ်" လို့ကြံစည်ကာ အထက်ပါအတိုင်း ပြုလုပ်ပြီး အော်ဟစ်လိုက်ပါတယ်။ ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက အဲဒီမင်းရဲ့သား ဖြစ်ခဲ့ပါတယ်။ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ပြည်မှာ အတတ်ပညာအားလုံးကို သင်ယူပါတယ်။ ဖခင်မင်း ကွယ်လွန်တဲ့အခါ မင်းအဖြစ်မှာ တည်ပြီး ဗောဇနသုဒ္ဓိက ဖြစ်လာပါတယ်။ ဗောဇနသုဒ္ဓိကဘုရင် လို့ပဲ နာမည်တွင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အဲဒီဘုရင်ရဲ့** ထမင်းတစ်ခွက်ဟာ တစ်သိန်း ကုန်ကျပါတယ်။ အဲဒီ **ဘုရင်**တာ အဲဒီလို အစီအရင်နဲ့ ထမင်းကို သုံးဆောင်ပါသတဲ့။ သုံး **ဆောင်**တဲ့အခါ နန်းတော်အဆောင်အတွင်းမှာ မသုံးဆောင်ပါ။ သူရဲ့ **စား**ဖွယ် အစီအရင်ကို ကြည့်ရှုတဲ့ လူအများကို ကောင်းမှု ပြုစေလိုပါ တယ်။ ဒါကြောင့် ဘုရင့်တံခါးနားမှာ ရတနာမဏ္ဍပ် ဆောက်လုပ်ခိုင်းပါ တယ်။ ထမင်းသုံးဆောင်ချိန်မှာ အဲဒီမဏ္ဍပ်ကို တန်ဆာဆင်ခိုင်းပါတယ်။ ရွှေနဲ့ ပြုလုပ်ထားတဲ့ ထီးဖြူစိုက်ရှင်ဘုရင့်ပလ္လင်ပေါ် ထိုင်ပါတယ်။ မင်းသမီးတွေ ခြံရံကာ တစ်သိန်းတန် ရွှေခွက်နဲ့ အရသာ အားလုံးပါတဲ့ စားဖွယ်ကို စားပါတယ်။

အဲဒီအချိန်အခါမှာလည်း အဲဒီဇနပုဒ်မှာ "ငါဟာ တမန်ပါ" လို့ ပြောလာသူကို မတားမြစ်ကြပါ။ ဒါကြောင့် လူအများဟာ နှစ်ပိုင်းခွဲပြီး လမ်းပေးလိုက်ကြပါတယ်။ အဲဒီယောက်ျားက အဟုန်နဲ့ သွားပြီး ရှင်ဘုရင်ရဲ့ စားခွက်ထဲက ထမင်းတစ်ခဲကို ယူပြီး ပါးစပ်ထဲ ထည့်လိုက်ပါတယ်။ အဲဒီအခါ သန်လျက်ကိုင်ထားသူက "ငါဟာ သူ့ရဲ့ ဦးခေါင်းကို ခုတ်ဖြတ်မယ်" လို့ ကြံကာ သန်လျက်ကို ဆွဲထုတ်လိုက်ပါတယ်။ ဘုရင်က "မပုတ်ခတ်ပါနဲ့" လို့ တားမြစ်ပါတယ်။ "သင်ဟာ မကြောက်ပါနဲ့၊ စားပါ" လို့ ပြောကာ လက်ကို ဆေးကြောပြီး ထိုင်နေပါတယ်။ အဲဒီ သူစားပြီးချိန်မှာ မိမိရဲ့ သောက်ရေကိုရော ကွမ်းကိုပါ ဘုရင်က ပေးခိုင်းပါတယ်။ ပြီးတော့ ဒီလို မေးပါတယ်။

"အိုယောက်ျား၊ သင်က ငါဟာ တမန်ပါလို့ ပြောတယ်။ သင်ဟာ ဘယ်သူ့ရဲ့ တမန်ပါလဲ။"

"မင်းကြီး၊ အကျွန်ုပ်ဟာ တဏှာရဲ့တမန်၊ ဝမ်းဗိုက်ရဲ့တမန် ဖြစ်ပါတယ်။ တဏှာက အကျွန်ုပ်ကို စေခိုင်းပြီး "သင် သွားပါ"လို့ တမန် ပြုလုပ်ကာ စေလွှတ်လိုက်ပါတယ်။"



အဲဒီစကားတွေကို ပြောပြီး ဂါထာ (၂) ပုဒ်နဲ့ အောက်ပါ စကား တွေကို ပြောပါသေးတယ်။

"ဒီဝမ်းအတွက် ဒီသတ္တဝါတွေဟာ တဏှာအလိုလိုက်ကာ မိတ်ဆွေ …တတ်သူကိုတောင် တောင်းဖို့ အဝေးအရပ်ကိုတောင် လာကြပါတယ်။ နေ့ရော ညပါ ဒီသတ္တဝါတွေဟာ တဏှာအလိုကို လိုက်နေကြပါတယ်။ အကျွန်ုပ်ဟာ ဒီဝမ်းရဲ့တမန်ပါ။ အရှင်မင်းကြီး၊ အကျွန်ုပ်ကို သင်ဟာ စိတ်မဆိုးပါနဲ့။ မင်းက အဲဒီလူရဲ့ စကားကို ကြားရပြီး "ဒီစကားဟာ မှန်တယ်။ ဒီသတ္တဝါတွေဟာ ဝမ်းတမန်ဖြစ်ပြီး တဏှာအလိုအရ လှည့် လည်နေကြတယ်။ တဏှာကသာ ဒီသတ္တဝါတွေကို စီမံနေတယ်။ အလွန်မြတ်နိုးဖွယ် စကားကို ဒီလူဟာ ပြောပြပါပေစွ" လို့ တွေးကာ အဲဒီလူကို နှစ်သက်သဘောကျသွားပါတယ်။ အဲဒီလူအား အခြံအရံ အကြီးအကျယ် ပေးပါတယ်။ (ဇာတ်၊ ၄၊ ဒုး ၂၈၈)

ဒီဇာတ်လမ်းအရ သတ္တဝါတွေဟာ ဝမ်းရဲ့တမန်တွေ ဖြစ်နေကြပါ လား။ သူဟာ သူ့စကားလေးတစ်ခွန်းကြောင့် ချမ်းသာသွားပါတယ်။ တော်ပါပေစွ။

www.burmeseclassic.com

www.burmeseclassic.com

## အဟောင်း စား

"တပည့်တော်ရဲ့ ယောက္ခမအထီးက အဟောင်းကို စားနေပါတယ်။"

မိဂါရသူဌေးဟာ သားဖြစ်သူ ပုဏ္ဏဝဍ္ဍနကို ဝိသာခါနဲ့ လက်ထပ်မင်္ဂလာ ပြုလုပ်ပေးပါတယ်။ ဝိသာခါက အထက်ပါစကားလေးတစ်ခွန်းကို ပြောလိုက်ပါတယ်။ မိဂါရသူဌေးဟာ မြို့ဦးကျောင်းမှာ ဘုရားရှင် သီတင်းသုံးနေပေမယ့် ဘုရားရှင်ကို နှလုံးမသွင်းပါ။ ကာလကြာရှည်စွာ အဝတ်မဝတ်တဲ့ ရဟန်း (တိတ္ထိ) တွေမှာ တည်ရှိတဲ့ ကြည်ညိုမှုက တိုက်တွန်းခံရလို့ "ငါဟာ ငါရဲ့ အရှင်မြတ်တွေအားလည်း ပူဇော်မှုကို ပြုမယ်"လို့ ကြံစည်ပါတယ်။ တစ်နေ့မှာ တစ်ရာမက များစွာသော ခွက်အသစ်တွေမှာ ရေမပါတဲ့ နို့ထမင်းကို ချက်ခိုင်းပါတယ်။ အဝတ်မဝတ်တဲ့ တက္ကတွန်းငါးရာကို ပင့်ဖိတ်ခိုင်းပါတယ်။ အိမ်အတွင်းကို သွင်းပါတယ်။ "ငါ့ရဲ့ ချွေးမဟာ လာပါ၊ ရဟန္တာတွေကို ရှိခိုးလှည့်ပါ" လို့ ဝိသာခါထံ သတင်းစကားပို့လွှတ်လိုက်ပါတယ်။ ဝိသာခါက 'ရဟန္တာတွေ' ဆိုတဲ့ စကားကို ကြားရပြီး သောတာပန်အရိယာမ ဖြစ်တဲ့အတွက် ရွှင်လန်းဝမ်းမြောက်သွားပါတယ်။ အဲဒီတက္ကတွန်းတွေအား ဆွမ်းကျွေးရာ နေရာကို လာကာ အဲဒီတက္ကတွန်းတွေကို ကြည့်ပြီး "ဒီလို အရှက်, အကြောက်ကင်းမဲ့သူတွေဟာ ရဟန္တာတွေဆိုတာ မဟုတ်ကြပါ။ ဘာကြောင့် ငါ့ကို ယောက္ခမက အခေါ်ခိုင်းတာလဲ" လို့ ပြောပါတယ်။ "စက်ဆုပ်ဖွယ်၊



စက်ဆုပ်ဖွယ်ပဲ" လို့ သူဌေးကို ကဲ့ရဲ့ကာ သူမရဲ့နေရာကိုပဲ ပြန်သွားပါတယ်။

တက္ကတွန်းတွေက ဝိသာခါကို မြင်ပြီး အားလုံးဟာ တစ်ပြိုင်နက်တည်းပဲ သူဌေးမိဂါရကို ဒီလို ကဲ့ရဲ့ကြပါတယ်။

"သူကြွယ်၊ သင်ဟာ အခြားသူကို မရဖူးလား။ ရဟန်းဂေါတမရဲ့ တပည့်ဖြစ်သူ ကျက်သရေယုတ်မကြီးကို ဒီအိမ်မှာ သွင်းထားပါသလဲ။ လျှင်မြန်စွာ အဲဒီသူမကို ဒီအိမ်မှ နှင်ထုတ်ပါလော။"

မိဂါရဟာ "ငါဟာ ဒီတက္ကတွန်းတွေရဲ့ စကားမျှနဲ့ နှင်ထုတ်ခိုင်းဖို့ မတတ်နိုင်။ ဝိသာခါဟာ အမျိုးကြီးရဲ့သမီး ဖြစ်တယ်" လို့ ကြံစည်ကာ "အရှင်တို့၊ ငယ်ရွယ်သူတွေဆိုတာ သိလျက်ဖြစ်စေ၊ မသိလို့ဖြစ်စေ ပြုလုပ်တတ်မိကြပါတယ်။ သင်တို့ဟာ ဆိတ်ဆိတ်နေကြပါ" လို့ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။ မိဂါရကိုယ်တိုင် မြင့်မြတ်သူတွေအား ထိုက်တဲ့ နေရာမှာ ထိုင်ကာ ရွှေခွက်မှာ ရေမပါတဲ့ နို့ထမင်းချိုကို စားနေပါတယ်။ အဲဒီအချိန်မှာ ဆွမ်းခံမထေရ်တစ်ပါးက ဆွမ်းခံလှည့်လည်ရင်း အဲဒီ မိဂါရအိမ်ကို ဝင်ပါတယ်။ ဝိသာခါက မိဂါရကို ယပ်ခတ်ပေးရင်း ရပ်တည်တာ အဲဒီမထေရ်ကို မြင်ပါတယ်။ "ယောက္ခမအား ပြောဖို့ မသင့်" လို့ တွေးကာ မိဂါရ မထေရ်ကို မြင်သွားအောင် ဖဲသွားပြီး ရပ်တည်နေပါတယ်။ လူမိုက် အဲဒီမိဂါရကတော့ မထေရ်ကို မြင်ပေမယ့်လည်း မမြင်သလို လုပ်ကာ မျက်နှာအောက်ချထားလျက် စားမြဲသာ စားနေပါတယ်။ ဝိသာခါက 'ငါ့ယောက္ခမ မိဂါရဟာ မထေရ်ကို မြင်ပေမယ့်လည်း အမှတ်မပြု' လို့ သိပါတယ်။

မိဂါရဟာ နိဂဏ္ဌတက္ကတွန်းတွေက အပြောခံရတဲ့အခါ သည်းခံပေမယ့် "အဟောင်းကို စားနေတယ်"လို့ အပြောခံရတဲ့ ခဏမှာပဲ လက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဖယ်ရှားကာ "ဒီနို့ယနာထမင်းကို ဒီနေရာမှ သင်တို့ဟာ ထုတ်ဆောင်သွားကြပါ။ ဝိသာခါကို ဒီအိမ်မှ ဆွဲထုတ်ကြပါ။ ဒီဝိသာခါဟာ ငါ့ကို ဒီလို မင်္ဂလာအခါမှာ မစင်ကို စားသူမည်အောင် လုပ်တယ်" လို့ ပြောပါတယ်။ အဲဒီအိမ်မှာ ကျွန်အလုပ်သမားအားလုံးကလည်း ဝိသာခါရဲ့ လူတွေချည်းပါပဲ။ ဘယ်သူက ဝိသာခါရဲ့ လက်တွေ၊ ခြေတွေကို ကိုင်ယူမှာလဲ။ ပါးစပ်နဲ့ ပြောဖို့ စွမ်းနိုင်သူတောင် မရှိပါ။ ဝိသာခါဟာ မိဂါရရဲ့ စကားကို ကြားရပြီး ဒီလို ပြောပါတယ်။

"ဖခင်၊ ကျွန်မတို့ဟာ ဒီလောက်အကြောင်းမှုနဲ့ မထွက်ခွာကြပါ။ ရေဆိပ်က ရေခတ် ကျွန်မပမာ-ကျွန်မကို သင်တို့က ခေါ်ဆောင်ခဲ့တာ မဟုတ်ပါ။ ဒီအကြောင်းကြောင့်ပဲ ကျွန်မရဲ့ ဖခင်က ဒီအိမ်ကို လာတဲ့အခါ သူကြွယ် (၈) ယောက်ကို အခေါ်ခိုင်းပြီး 'ငါ့သမီးမှာ အပြစ်ရှိရင် သင်တို့ဟာ ရှင်းပေးကြပါ' လို့ ပြောပြီး ကျွန်မကို အဲဒီသူကြွယ်တွေရဲ့ လက်ထဲ ထားလိုက်ပါတယ်။ အဲဒီသူကြွယ်တွေကို အခေါ်ခိုင်းပြီး ကျွန်မရဲ့ အပြစ်ဟုတ်, မဟုတ် ရှင်းပေးခိုင်းပါ။"

မိဂါရက "ဒီဝိသာခါဟာ ကောင်းတဲ့စကားကို ပြောတယ်"လို့ တွေးကာ သူကြွယ် (၈) ယောက်ကို အခေါ်ခိုင်းပါတယ်။ ပြီးတော့ ဒီလိုပြောပြပါတယ်။

"ဒီကလေးမ ဝိသာခါဟာ မင်္ဂလာအချိန်မှာ ထိုင်ပြီး ရွှေခွက်က ရေမပါတဲ့ နို့ထမင်းကို စားနေတဲ့ ငါ့ကို 'မစင်စားသူ' လို့ ပြောတယ်လို့ ပြောပါတယ်။ ဒီဝိသာခါအပေါ် အပြစ်တင်ပြီး ဒီဝိသာခါကို အိမ်မှ နှင်ထုတ်၊ ဆွဲထုတ်ကြပါ။"

"သမီး၊ အဲဒီအတိုင်းပဲတဲ့လား။"



"ကျွန်မက အဲဒီလိုပြောတာ မဟုတ်ပါ။ အဟုတ်ကတော့ ဆွမ်းခံ မထေရ်တစ်ပါး အိမ်တံခါးမှာ ရပ်နေတဲ့အခါ မိဂါရက ရေမပါတဲ့ နို့ချို ထမင်းကို စားနေရင်း အဲဒီမထေရ်ကို နှလုံးမသွင်းပါ။ ကျွန်မက "ငါ့ရဲ့ ယောက္ခမ မိဂါရဟာ ဒီဘဝမှာ ကောင်းမှုကို မပြုလုပ်။ ကောင်းမှု အဟောင်းကိုသာ ခံစားနေတယ်" လို့ ကြံပြီး 'ကန်တော့ဆွမ်းပါ ဘုရား။ တပည့်တော်ရဲ့ ယောက္ခမဟာ အဟောင်းကို စားနေတယ်' လို့ ပြောခဲ့ပါ တယ်။ ဒီနေရာမှာ ကျွန်မရဲ့ အပြစ်က ဘာပါလဲ" လို့ မေးပါတယ်။ "ဒီ နေရာမှာ အပြစ်မရှိပါ။ ကျွန်ုပ်တို့ရဲ့ သမီးဝိသာခါဟာ သင့်တာကို ပြော တာပဲ။ သင်က ဘာလို့ စိတ်ဆိုးရတာလဲ" လို့ ပြောကြပါတယ်။

(ဓမ္မပဒ၊ ၄၊ ၀၊ ၂၅၂)

ဝိသာခါက ကောင်းမှုအဟောင်းကို ရည်ရွယ်ပြောတာကို မစင်တို ပြောတယ်လို့ မိဂါရက ထင်မှတ်သွားပါတယ်။ ဝိသာခါရဲ့ အဲဒီစကား လေးတစ်ခွန်းကြောင့် မိဂါရမှာ ဒေါသအကြီးအကျယ် ထွက်သွားပါ တယ်။ ဝိသာခါက မိဂါရကို နို့ထမင်းလျှုတဲ့ ကောင်းမှုအသစ်ကို ပြုလုပ် စေလိုပါတယ်။ စေတနာကောင်းနဲ့ ပြောတာ ဖြစ်ပါတယ်။ ဝိသာခါ ပြော သလို အဟောင်းကိုသာ စားသူ မဖြစ်အောင် ကြိုးစားကြရပါမယ်။ ကောင်းမှုအသစ်ကိုပါ ပြုလုပ်နိုင်အောင် ဆောင်ရွက်ကြရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

## ပေးပါ

*"သင် ဝတ်ဆင်ထားတဲ့ အဲဒီပတ္တမြားကို ငါ့အား ပေးပါ။"*

အရှင်အာနန္ဒာလောင်းလျာဖြစ်တဲ့ ညီငယ်ရသေ့က သူ့ထံ လာလာနေတဲ့ နဂါးမင်းကို ပတ္တမြား တောင်းလိုက်တာ ဖြစ်ပါတယ်။ ဘုရားလောင်းက နောင်တော်ရသေ့ ဖြစ်ပါတယ်။ ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းအုပ်ချုပ်နေစဉ် ဘုရားလောင်းက စည်းစိမ်ဥစ္စာပေါများတဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်ပါတယ်။ ဘုရားလောင်း ပြေးလွှားဆော့ကစားနိုင်ချိန်မှာ ဘုန်းကံရှိတဲ့ အခြားသတ္တဝါတစ်ဦးဟာလည်း ဘုရားလောင်းမိခင်ရဲ့ ဝမ်းဗိုက်မှာ ဖြစ်ပါတယ်။ အဲဒီညီနောင် အရွယ်ရောက်လာတဲ့အခါ မိဘ ကွယ်လွန်သွားလို့ သံဝေဂ ရသွားကြပါတယ်။ ရသေ့ဝတ်ကြပါတယ်။ ဂင်္ဂါမြစ်ကမ်းနားမှာ သစ်ရွက်မိုးကျောင်း ဖန်တီးပြီး နေကြပါတယ်။ နောင်တော်ရဲ့ သစ်ရွက်မိုးကျောင်းက ဂင်္ဂါမြစ်ရဲ့ အထက်ပိုင်းမှာ ရှိပါတယ်။ ညီငယ်ရဲ့ သစ်ရွက်မိုးကျောင်းက ဂင်္ဂါမြစ်ရဲ့ အောက်ပိုင်းမှာ ရှိပါတယ်။ တစ်နေ့မှာ လည်ပင်းမှာ ပတ္တမြားရှိတဲ့ နဂါးမင်းက နဂါးဘုံဗိမာန်မှ ထွက်ခွာပြီး ဂင်္ဂါမြစ်ကမ်းမှာ လုလင်ငယ်အသွင်နဲ့



လှည့်လည်ပါတယ်။ ညီငယ်ရသေ့ရဲ့ သင်္ခမ်းကျောင်းကို သွားပြီး ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်နေပါတယ်။

သူတို့နှစ်ဦးဟာ အချင်းချင်း ဝမ်းမြောက်ဖွယ်စကားကို ပြောကာ ရင်းနှီးသွားကြပါတယ်။ တခြားစီ နေလို့ မရကြတော့ပါ။ နဂါးမင်းက မပြတ် ရသေ့ငယ်ထံ လာကာ စကားပြောပြီး ထိုင်နေကြပါတယ်။ သွားတဲ့အခါ ရသေ့ငယ်အပေါ် ချစ်ခင်မှုကြောင့် အတ္တဘောကို စွန့်ပြီး အခွေတွေနဲ့ ရသေ့ကို ရစ်ပတ်လျက် ပိုက်ပွေ့ထားပါတယ်။ ဦးထိပ်ပေါ် ပါးပျဉ်းကြီးကို ဆောင်းမိုးကာ အနည်းငယ် နေပါတယ်။ အဲဒီချစ်ခင်မှုကို ပယ်ဖျောက်ပြီး ကိုယ်အခွေကို ဖြည်ကာ ရသေ့ကို ရှိခိုးပြီး မိမိနေရာကိုပဲ သွားပါတယ်။ ရသေ့ဟာ အဲဒီနဂါးမင်းကို ကြောက်လို့ ပိန်ခြောက်လာပါတယ်။ အဆင်း ဆိုးလာပါတယ်။ ဖျော့တော့လာပါတယ်။ အရိုးပေါ် အရေတင် နေပါတယ်။ ရသေ့ငယ်ဟာ တစ်နေ့မှာ နောင်တော် ရသေ့ထံ သွားပါတယ်။ အဲဒီအခါ ညီငယ်ကို နောင်တော်က ဒီလိုမေးပါတယ်။

"ညီငယ်၊ သင်ဟာ ဘာကြောင့် ပိန်ခြောက်နေပါသလဲ။ အဆင်းဆိုးနေပါသလဲ။ ဖျော့တော့ နေပါသလဲ။ အရိုးပေါ် အရေတင်နေပါသလဲ။"

ညီငယ်က နောင်တော်အား အဲဒီဖြစ်ပုံကို ပြောပါတယ်။ နောင်တော်က ဒီလို မေးပါတယ်။

"ညီငယ်၊ သင်ဟာ အဲဒီနဂါးမင်း လာတာကို အလိုရှိသလား။ မရှိဘူးလား။"

"မရှိပါ နောင်တော်။"

"အဲဒီနဂါးမင်းဟာ သင့်ထံ လာတဲ့အခါ ဘာတန်ဆာကို တန်ဆာဆင်ပြီး လာသလဲ။"

www.burmeseclassic.com

www.burmeseclassic.com



"ပတ္တမြားရတနာကိုပါ။"

"ဒီလိုဆိုရင် အဲဒီနဂါးမင်း သင့်ထံ လာပြီး မထိုင်ခင်မှာပဲ သင်က "ငါ့အား ပတ္တမြားကို ပေးပါ" လို့ ပြောပြီး တောင်းပါ။ အဲဒီလိုတောင်းရင် အဲဒီနဂါးဟာ သင့်ကို အခွေတွေနဲ့ မရစ်ပတ်ဘဲသာ သွားလိမ့်မယ်။"

"နောက်နေ့မှာ သင်္ခမ်းကျောင်းတံခါးနားမှာ ရပ်တည်ပြီး လာနေသည်သာဖြစ်တဲ့ အဲဒီနဂါးမင်းကို သင်ဟာ တောင်းပါ။ တတိယနေ့မှာ ဂင်္ဂါမြစ်ကမ်းပေါ် ရပ်တည်ပြီး ရေမှ ပေါ်တက်လာဆဲမှာပဲ အဲဒီနဂါးမင်းကို သင်ဟာ တောင်းပါ။ အဲဒီလိုတောင်းရင် အဲဒီနဂါးမင်းဟာ သင့်ထံ နောက်ထပ် လာမှာ မဟုတ်တော့ပါ။"

အဲဒီလို နောင်တော်ရသေ့ ပြောတဲ့အတိုင်း ညီငယ်ရသေ့က ကောင်းပါပြီလို့ ဝန်ခံကာ မိမိရဲ့ သစ်ရွက်မိုးကျောင်းသို့ သွားပါတယ်။ နောက်နေ့မှာ နဂါးမင်း လာပြီး ရပ်တည်ကာမျှမှာပဲ "သင့်ရဲ့ အဲဒီ ပတ္တမြားတန်ဆာကို ငါ့အား ပေးပါ" လို့ တောင်းပါတယ်။ အဲဒီနဂါးမင်းက မထိုင်တော့ဘဲသာ ပြေးသွားပါတော့တယ်။ အဲဒီအခါ ဒုတိယနေ့မှာ သင်္ခမ်း ကျောင်းတံခါးနားမှာ ရပ်တည်ပြီး လာနေဆဲသာဖြစ်တဲ့ အဲဒီ နဂါးမင်းကို "မနေ့က ငါ့အား ပတ္တမြားရတနာကို သင်ဟာ မပေးခဲ့ပါ။ ဒီနေ့မှာ အလှူကို ရဖို့ သင့်ပါတယ်" လို့ ပြောပါတယ်။ နဂါးမင်းက သင်္ခမ်းကျောင်းကို မဝင်ဘဲသာ ပြေးသွားပါတယ်။ တတိယနေ့မှာ ရေမှ ပေါ်တက်လာဆဲမှာပဲ အဲဒီနဂါးမင်းကို "ဒီနေ့ဟာ ငါ တောင်းတာ (၃) ရက်မြောက်နေ့ပါပဲ။ အခု ငါ့အား အဲဒီပတ္တမြားရတနာကို ပေးပါ" လို့ ပြောပါတယ်။ နဂါးမင်းက ရေမှာ ရပ်တည်ကာသာ ရသေ့ငယ်ကို ဒီလို ပြောပါတယ်။



"ဒီပတ္တမြားရဲ့ အစွမ်းကြောင့် ငါ့မှာ နတ်စားဖွယ်၊ နတ်အဖျော်ဟာ ဖြစ်ပေါ် လာပါတယ်။ သင်က အလွန်ပဲ တောင်းတယ်။ ငါက အဲဒီပတ္တမြားကို မပေးနိုင်ပါ။ သင်ရဲ့ သင်္ခမ်းကျောင်းကိုလည်း ငါဟာ မလာတော့ပါ။ ဒီပတ္တမြားကို တောင်းတဲ့ သင်ဟာ ရွှေအိမ်ထဲက သန်လျက်ကို ထုတ်ဆောင်ပြီး 'သင်ရဲ့ ဦးခေါင်းကို ငါဟာ ဖြတ်မယ်'လို့ ပြောတဲ့ လူငယ်ပမာ ငါ့ကို ခြောက်လှန့်ပါတယ်။"

အဲဒီလို ပြောပြီး အဲဒီနဂါးမင်းဟာ ရေမှာ ငုတ်ကာ သူ့ရဲ့နဂါးပြည်ကိုပဲ သွားကာ ပြန်မလာတော့ပါ။ (ဇာတ်၊ ၃၊ ၃၊ ၂၅၈)

ရတနာ (၇) ပါးနဲ့ ပြည့်စုံတဲ့ နဂါးပြည်မှာ နေတဲ့ နဂါးတွေတောင်မှ တောင်းတာကို မနှစ်မြို့ကြပါ။ လူတွေဆိုတာကတော့ ပြောစရာတောင် မလိုတော့ပါ။ တောင်းတဲ့ စကားလေးတစ်ခွန်းကြောင့် ချစ်ရာမှ မုန်းသွားတတ်ပါတယ်။ တောင်းတတ်သူကို အတောင်းခံရသူက မုန်းသွားပါတယ်။ ကိုယ်ပြောတဲ့ စကားလေးတစ်ခွန်းဟာ တောင်းတဲ့စကားလေး ဖြစ်ခဲ့ရင် ကိုယ့်အပေါ် သက်ရောက်နေတဲ့ မေတ္တာတွေကို ပျောက်ပြယ် သွားစေနိုင်ပါတယ်။ တောင်းတာကို ပညာရှိသူတော်ကောင်းတွေက ငိုပြတာပဲလို့ မိန့်တော်မူကြပါတယ်။ ဒါကြောင့် ငိုမပြမိအောင် သတိပြုကြရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

## မြတ်နိုးဖွယ်

ရှေးအခါက ဂန္ဓာရတိုင်းမှာ တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်း အုပ်စိုးတယ်။ အဲဒီအခါ ဘုရားလောင်းက နွားမျိုးမှာ ဖြစ်တယ်။ အဲဒီနွားကို ငယ်ရွယ်စဉ်ကပဲ ပုဏ္ဏားတစ်ယောက်က နွားအလှူ လှူတဲ့လူတွေထံက ရလို့ 'နန္ဒိ ဝိသာလ' လို့ နာမည်ပေးကာ သားအရာမှာ ထားပြီး ချစ်မြတ်နိုးစွာနဲ့ ယာဂုထမင်း စသည်တွေကို ပေးပြီး ကျွေးမွေးခဲ့တယ်။ ဘုရားလောင်းဟာ အရွယ်ရောက်တဲ့အခါ "ငါ့ကို ဒီပုဏ္ဏားက ဆင်းဆင်းရဲရဲနဲ့ ပြုစုကျွေးမွေးခဲ့တယ်။ ငါနဲ့လည်း တူတဲ့ ဝန်ကို ရုန်းနိုင်တဲ့ နွားဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ မရှိ။ ငါဟာ အင်အားကို ပြပြီး ပုဏ္ဏားကို ကျွေးမွေးပြန်ပေးရင် ကောင်းမှာပဲ" လို့ တွေးပါတယ်။

ဘုရားလောင်းက တစ်နေ့မှာ ပုဏ္ဏားကို "ပုဏ္ဏား၊ သွားလော့။ ဂေါဝိတ္တကသူဌေးတစ်ယောက်ထံ ချဉ်းကပ်ပြီး ငါ့ရဲ့နွားဟာ ဆက်ထားတဲ့ လှည်းပေါင်းတစ်ရာကို ရုန်းပြနိုင်တယ်" လို့ ပြောကာ ငွေတစ်ထောင်နဲ့ အလောင်းအစား လုပ်ခဲ့လို့ ပြောတယ်။ အဲဒီပုဏ္ဏားက သူဌေးထံ သွားပြီး "ဒီမြို့မှာ ဘယ်သူရဲ့နွားဟာ အားနဲ့ ပြည့်စုံပါသလဲ"လို့ စကား ပြောပါတယ်။ အဲဒီအခါ ပုဏ္ဏားကို သူဌေးက "ဘယ်သူ ဘယ်သူရဲ့ နွားပဲ"လို့



ပြောကာ "တစ်မြို့လုံးမှာ ငါတို့ရဲ့ နွားတွေနဲ့ တူတဲ့ နွား မရှိဘူး" လို့ ပြောပါတယ်။

ပုဏ္ဏားက "ငါ့ရဲ့နွားတစ်ကောင်ဟာ ဆက်စပ်နေတဲ့ လှည်းပေါင်းတစ်ရာကို ရုန်းနိုင်တယ်"လို့ ပြောပါတယ်။ သူဌေးက "အဲဒီနွားက ဘယ်နွားလဲ"လို့ မေးပါတယ်။ ဒီလိုဆိုရင် အလောင်းအစား လုပ်မယ်လို့ သူဌေးက ပြောလို့ ပုဏ္ဏားက "ကောင်းပြီ လုပ်မယ်"လို့ ပြောကာ တစ်ထောင်တန် လောင်းပါတယ်။ ပုဏ္ဏားက လှည်းပေါင်းတစ်ရာကို သဲ၊ ကျောက်စရစ်၊ ကျောက်ခဲတွေ အပြည့်တင်ကာ အစဉ်အတိုင်း ထားပါတယ်။ လှည်းအားလုံးတို့ကို ဝန်ရိုးကို ချည်နှောင်ထားတဲ့ ကြိုးနဲ့ တစ်ပေါင်းတည်း ချည်နှောင်ထားပါတယ်။ နန္ဒိဝိသာလကို ရေချိုးပေးပါတယ်။ နံ့သာလူးထားတဲ့ လက်ငါးချောင်းအရာကို ပြုပါတယ်။ လည်ပင်းမှာ ပန်းဝန်ပေးပါတယ်။ ရှေ့ဆုံးလှည်းရဲ့ထမ်းပိုးမှာ တစ်ကောင်တည်းပဲ ယှဉ်စေပါတယ်။ ကိုယ်တိုင် လှည်းဦးမှာ ထိုင်ကာ နှင်တံကို မြှောက်ချီပြီး "ကောက်ကျစ်တဲ့နွား သွားလော့၊ ကောက်ကျစ်တဲ့နွား ရုန်းလော့"လို့ ပြောပါတယ်။

ဘုရားလောင်းဟာ 'ဒီပုဏ္ဏားက မကောက်ကျစ်တဲ့ ငါ့ကို ကောက်ကျစ်တယ်ဆိုတဲ့ အသုံးအနှုန်းနဲ့ ခေါ်ဝေါ်တယ်'လို့ တွေးကာ ခြေထောက် (၄) ချောင်းတို့ကို တိုင်တွေပမာ မလှုပ်ရှားအောင် ထားကာ ရပ်နေပါတယ်။ သူဌေးက အဲဒီခဏမှာပဲ ပုဏ္ဏားကို ငွေတစ်ထောင် ဆောင်ပေးစေပါတယ်။ ပုဏ္ဏားက ငွေတစ်ထောင် ရှုံးလို့ နွားကို လွှတ်ကာ အိမ်ကို ပြန်သွားပြီး သောကဖိစီးခံရလျက် လဲလျောင်းနေပါတယ်။ နန္ဒိဝိသာလတာ လှည့်လည်ပြီး ပြန်လာတဲ့အခါ ပုဏ္ဏား သောကဖိစီးခံရတာကို

www.burmeseclassic.com

www.burmeseclassic.com



မြင်လို့ ချဉ်းကပ်ကာ "ပုဏ္ဏား ဘာကြောင့် မှိုင်တွေနေသလဲ" လို့ မေးပါတယ်။

"ငွေတစ်ထောင် ရှုံးထားတဲ့ ငါ့မှာ ဘယ်မှာ မမှိုင်ဘဲ ရှိမလဲ။"

"ပုဏ္ဏား၊ ဒီလောက် ကာလပတ်လုံး သင့်အိမ်မှာ နေတဲ့ ငါဟာ အိုးခွက် တစ်ခုတလေ ခွဲဖူးတာ ရှိသလား။ တစ်စုံတစ်ယောက်ကို နင်း ချေဖူးသလား။ မစွန့်သင့်တဲ့နေရာမှာ ကျင်ကြီး၊ ကျင်ငယ် စွန့်ဖူးသလား"

"အို နန္ဒိဝိသာလ၊ မရှိပါ။"

"အဲဒီလို မရှိဘဲနဲ့ သင်က ဘာကြောင့် ငါ့ကို ကောက်ကျစ်တယ် ဆိုတဲ့ အသုံးအနှုန်းနဲ့ ခေါ်ဝေါ်ရသလဲ။ အဲဒါဟာ သင့်ရဲ့အပြစ်ပဲ။ ငါ့မှာ အပြစ်မရှိ။ သွားပါ။ အဲဒီသူဌေးနဲ့အတူ (၂) ထောင်တန် လောင်းခဲ့ပါ။ ငါ့ကို မကောက်ကျစ်ဘဲ ကောက်ကျစ်တယ်လို့ မခေါ်ဝေါ်နဲ့။"

ပုဏ္ဏားဟာ ဘုရားလောင်းရဲ့စကားကို နားထောင်ပြီး သွားကာ (၂) ထောင်တန် လောင်းလိုက်ပါတယ်။ ရှေ့နည်းအတိုင်းပဲ လှည်းပေါင်း တစ်ရာကို ဖွဲ့ချည်ကာ နန္ဒိဝိသာလကို တန်ဆာဆင်ပြီး ရှေ့ဆုံးလှည်းရဲ့ ထမ်းပိုးမှာ ယှဉ်စေပါတယ်။ အဲဒီအခါ ပုဏ္ဏားက လှည်းဦးမှာ ထိုင်ကာ နန္ဒိဝိသာလရဲ့ ကျောကို ပွတ်သတ်ပြီး "ကောင်းမြတ်တဲ့ နွားလား သွား လော့၊ ကောင်းမြတ်တဲ့ နွားလား ရုန်းလိုက်လော့" လို့ ပြောပါတယ်။ ဘုရားလောင်းက ဖွဲ့ချည်ထားတဲ့ လှည်းတစ်ရာကို တစ်ဟုန်တည်းနဲ့ပဲ ဆွဲငင်ပါတယ်။ နောက်ဆုံးမှာ တည်ရှိတဲ့ လှည်းကို ရှေ့ဆုံးမှာ တည်ရှိတဲ့ လှည်းရဲ့ နေရာမှာ တည်စေပါတယ်။

ဂေါဝိတ္တကသူဌေးက ရှုံးလို့ ပုဏ္ဏားအား ငွေ (၂) ထောင် ပေးရပါ တယ်။ အခြားလူတွေကလည်း ဘုရားလောင်းအား များစွာသော ဥစ္စာ



တို ပေးကြပါတယ်။ အားလုံးဟာ ပုဏ္ဏားအတွက်ပဲ ဖြစ်ပါတယ်။ အဲဒီလို ပုဏ္ဏားဟာ ဘုရားလောင်းကို မှီပြီး ဥစ္စာများစွာ ရရှိသွားပါတယ်။

"ရဟန်းတို့၊ ကြမ်းတမ်းတဲ့စကားကို ဘယ်သူမှ မနှစ်သက်" လို့ မိန့်တော်မူကာ "နူးညံ့သိမ်မွေ့ ချိုသာတဲ့ ချစ်ခင်ဖွယ်စကားကိုသာ ပြောဆို ရတယ်။ မြတ်နိုးဖွယ်ရာ မဖြစ်တဲ့ စကားကို ဘယ်တော့မှ မပြောဆိုရ။ နန္ဒိဝိသာလနွားလားဟာ မမြတ်နိုးဖွယ်စကားကို ပြောတဲ့ ပုဏ္ဏားရဲ့ဝန်ကို ဆောင်မပေးဘဲ နောက်မှ မြတ်နိုးဖွယ်စကားကို ပြောတဲ့ ပုဏ္ဏားရဲ့ လေးလံတဲ့ဝန်ကို ဆောင်ပေးတယ်။ ပုဏ္ဏားကို ဥစ္စာများစွာ ရစေတယ်။ ဒါကြောင့် ပုဏ္ဏားဟာ ဝမ်းသာရွှင်ပြနေတယ်" လို့ ဘုရားရှင်က မိန့်တော်မူ ပါတယ်။

ပုဏ္ဏားက အရှင်အာနန္ဒာအလောင်း၊ နွားက ဘုရားအလောင်း ဖြစ်ပါတယ်။

(ဇာတက၊ ၄၁၊ ၁၊ ကုရုင်္ဂဝဂ္ဂ-၈၊ နန္ဒိဝိသာလ ဇာတက)

'နှုတ်ချိုတော့ ပြည်စိုး'၊ 'နှုတ်ချို သျှိုတစ်ပါး'၊ 'မုန်းစေလို ခံတွင်း လက်လေးသစ်'၊ 'ချစ်စေလို ခံတွင်းလက်လေးသစ်' တဲ့။ မြန်မာစကားပုံ တွေ ရှိနေပါတယ်။ နှုတ်ချိုခြင်းရဲ့ စွမ်းအားတွေကို ဖော်ပြနေတယ်။ ဒီနန္ဒိဝိသာလဇာတ်ကလည်း နှုတ်ချိုခြင်းရဲ့ စွမ်းအားကို ဖော်ပြထား ပါတယ်။ နှုတ်ချိုတာကို တိရစ္ဆာန်တွေတောင်မှ ကြိုက်သေးတာပဲ။ လူ တွေဆိုတော့ ဘယ်ပြောဖွယ် ရှိတော့မလဲ။

လူလောကမှာ စကားပြော ချိုသာဖို့ အရေးကြီးလှပါတယ်။ စကား ချိုသာလို့ ကောင်းကျိုးတွေ ရနေတဲ့ လူသားတွေဟာ လောကကြီးထဲမှာ ထုနဲ့ဒေးပါပဲ။ စကားပြော မချိုသာလို့ မကောင်းကျိုးတွေ ရနေကြတဲ့ လူသားတွေကလည်း လောကကြီးထဲမှာ ထုနဲ့ ဒေးပါပဲ။ 'နှုတ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြေ နှုတ်ကြောင့် သေတဲ့။ နှုတ်ကြောင့် ဒုက္ခရောက်ရကြောင်း ဖော်ပြထားတဲ့ မြန်မာစကားပုံတွေပါပဲ။

"ကောက်ကျစ်တဲ့ နွားလား သွားလော့၊ ရုန်းလော့"လို့ ဆိုလိုက်တဲ့ စကားလေးတစ်ခွန်းကြောင့် ငွေအသပြာတစ်ထောင် ပုဏ္ဏားမှာ ဆုံးရှုံးသွားပါတယ်။ "ကောင်းမြတ်တဲ့ နွားလား သွားလော့၊ ရုန်းလော့" လို့ ပြောလိုက်တဲ့ စကားလေးတစ်ခွန်းကြောင့် အသပြာနှစ်ထောင် အနိုင်ရလိုက်ပါတယ်။ စကားဆိုးလေးတစ်လုံးက ဆိုးကျိုးများစွာကို ပေးနိုင်ပါတယ်။ စကားကောင်းလေးတစ်လုံးက ကောင်းကျိုးများစွာကို ပေးနိုင်ပါပေတယ်။

## နှိုင်းနှိုင်းချိန်ချိန်

ရှေးအခါက ဗာရာဏသီနိုင်ငံမှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တုန်းက ဘုရားလောင်းဟာ အဲဒီဗြဟ္မဒတ်မင်းရဲ့ အမတ် ဖြစ်တယ်။ ဆုံးမတတ်တယ်။ မင်းက စကားများသူ ဖြစ်တယ်။ ဘုရားလောင်းအမတ်က အဲဒီမင်းရဲ့ စကားများတဲ့ အကျင့်ကို တားမြစ်လိုလို့ ဥပမာတစ်ခုကို စူးစမ်းရှင်း လှည့်လည်နေတယ်။ တစ်နေ့မှာ မင်းက ဥယျာဉ်ကို သွားကာ မင်္ဂလာကျောက်ဖျာပေါ်မှာ ထိုင်နေတယ်။ ကျောက်ဖျာရဲ့အထက်မှာ သရက်ပင် ရှိတယ်။ အဲဒီသရက်ပင်မှာ ရှိတဲ့ ကျီးအသိုက် တစ်သိုက်မှာ ဥဩငှက်မက သူရဲ့ဥတစ်လုံး ထည့်သွားတယ်။ ကျီးမက အဲဒီဥဩငှက်မရဲ့ ဥကို ပြုစုစောင့်ရှောက်ပါတယ်။ နောင်အခါ အဲဒီဥက ဥဩငှက်ကလေး ထွက်လာတယ်။

ကျီးမဟာ ငါ့သားပဲလို့ ထင်မှတ်ကာ နှုတ်သီးနဲ့ အစာရှာပြီး ကျွေးမွေးစောင့်ရှောက်တယ်။ အဲဒီဥဩသားငယ်လေးဟာ အတောင်မစုံလင်ခင် တွန်ချိန်မကျသေးမီမှာဘဲ ဥဩသံ အော်မြည်တယ်။ ကျီးမက "ဒီအကောင်လေးဟာ အခုချိန်ကပဲ အခြားအသံကို အော်မြည်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးလာရင် ဘာလုပ်မလဲ" လို့ တွေးကာ နှုတ်သီးနဲ့ ထိုးဆိတ်သတ်ပြီး အသိုက်ထဲက ကျစေပါတယ်။ အဲဒီဥဩငှက်လေးဟာ မင်းရဲ့ခြေရင်းမှာ ကျပါတယ်။

မင်းက ဘုရားအလောင်းကို "မိတ်ဆွေ ဒါဟာ ဘာလဲ" လို့ မေးပါတယ်။ ဘုရားလောင်းက "ငါဟာ မင်းကို ဆုံးမဖို့ ဥပမာတစ်ခုကို ရှာဖွေနေပါတယ်။ အခု ငါဟာ အဲဒီဥပမာကို ရပြီ" လို့ တွေးကာ "မင်းကြီး၊ မပြောသင့်တဲ့ အချိန်မှာ စကားအများကြီး ပြောသူတွေဟာ ဒီလို ဒုက္ခတို့ ရကြတယ်။ ဒီဥဩငှက်ဟာ ကျီးမက မွေးမြူလို့ အတောင်မစုံလင်ခင်မှာ အော်မြည်ချိန်မရောက်ခင်မှာဘဲ ဥဩသံ အော်မြည်တယ်။ အဲဒီအခါ သူ့ကို ကျီးမက "ဒီအကောင်လေးဟာ ငါ့ရဲ့သား မဟုတ်ဘူး" လို့ သိလို့ နှုတ်သီးနဲ့ ထိုးဆိတ်သတ်ကာ အသိုက်ထဲက ကျစေပါတယ်။ လူတွေပဲ ဖြစ်ဖြစ်၊ တိရစ္ဆာန်တွေပဲဖြစ်ဖြစ် စကားမပြောသင့်တဲ့ အချိန်မှာ စကားများသူတွေဟာ ဒီလိုပဲ ဒုက္ခရောက်ကြရတယ်" လို့ ပြောပါတယ်။ ပြီးတော့ ဒီလိုလည်း ပြောပါသေးတယ်။

* ပြောချိန် မရောက်သေးဘဲ အတိုင်းထက်အလွန် စကားပြောသူဟာ ဥဩမရဲ့ သားလေးပမာ အသတ်ခံရတယ်။ အနှိပ်စက်ခံရတယ်။
* မကောင်းသဖြင့် ပြောဆိုအပ်တဲ့ စကားဟာ အလွန်ထက်မြက်တဲ့ဓားနဲ့ လက်တလော သေစေနိုင်တဲ့ အဆိပ်တို့ထက်လည်း ပိုပြီး လျင်မြန်စွာ သေစေနိုင်ပါတယ်။
* ဒါကြောင့် ပြောဖို့ သင့်တဲ့ အချိန်အခါမှာရော၊ မသင့်တဲ့ အချိန်အခါမှာပါ စကားကို စောင့်ရှောက်ရပါတယ်။ အလွန် မပြောရပါ။ မိမိနဲ့တူတဲ့ ပုဂ္ဂိုလ်ကိုတောင်မှ အလွန် မပြောရပါ။



* အသိဉာဏ်ကို ရှေ့တန်းတင်ပြီး စကားပြောတဲ့ ပညာရှိဟာ ပြောသင့်တဲ့ အချိန်အခါမှာ စကားကို နှိုင်းနှိုင်းချိန်ချိန် ပြောရပါတယ်။ အဲဒီလိုပြောတဲ့ ပညာရှိဟာ ဂဠုန်က နဂါးကို သုတ်ချီသလို ရန်သူအားလုံးကို သိမ်းကျုံးယူနိုင်ပါတယ်။

မင်းဟာ ဘုရားလောင်းရဲ့စကားကို ကြားနာရလို့ အဲဒီအချိန်ကစပြီး စကားကို နှိုင်းနှိုင်းချိန်ချိန် ပြောပါတော့တယ်။ ဘုရားလောင်းကို အခြွေအရံတွေ တိုးပြီး ပိုကာ အများကြီး ပေးပါတယ်။

အဲဒီအခါ ဥဩငှက်ငယ်က ကောကာလိကရဟန်း၊ ပညာရှိအမတ်က ဘုရားလောင်း ဖြစ်ပါတယ်။

(ဇာတ်၊ ၅၊ စတုက္က၊ ၄၊ ကောကိလဝဂ်၊ ၁၊ ကောကိလဇာတ်)

အတောင်စုံလင်မှ ဥဩသံပေးရင် ဥဩငှက်လေးဟာ သေရမှာ မဟုတ်ပါ။ အတောင်မစုံလင်ခင် အော်မြည်မိတော့ သူ့ခမျာ သေပွဲဝင်သွားရှာပါတယ်။ အချိန်အခါ မသိတတ်တဲ့ မောဟက အသက်ကို သေစေနိုင်စွမ်း ရှိပါတယ်။ အချိန်အခါရောက်မှ ပြောတဲ့စကားဟာ ကောင်းကျိုးအထွေထွေကို ပွားစေနိုင်ပါတယ်။ အချိန်မရောက်ခင် ပြောမိတဲ့ စကားလေး တစ်ခွန်းကတော့ မကောင်းကျိုးတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ ရင်ထဲမှာ ပြောချင်တဲ့ ဆန္ဒတွေ ပြည့်နေပေမယ့် အချိန်မရောက်သေးခင် မျိုသိပ်ထားနိုင်ကြရပါမယ်။ အောင့်နိုင်လေလေ အကျိုးရှိလေလေပါ။

www.burmeseclassic.com

www.burmeseclassic.com

## သူဌေးသား (၄) ယောက်

ရှေးအခါက ဗာရာဏသီနိုင်ငံမှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်စဉ်က ဘုရားအလောင်းဟာ သူဌေးသား ဖြစ်ခဲ့တယ်။ တစ်နေ့မှာ သားမုဆိုး တစ်ယောက်က အသားတွေ အများကြီး ရလို့ လှည်းယာဉ်လေးပေါ် အပြည့်တင်လာကာ ရောင်းမယ် ဆိုပြီး မြို့ကို သွားတယ်။ အဲဒီအခါ ဗာရာဏသီမြို့နေ သူဌေးသား (၄)ယောက်က မြို့က ထွက်ပြီး လမ်းချင်း တူတဲ့ နေရာတစ်ခုမှာ မြင်ခဲ့သမျှ ကြားခဲ့သမျှကို ပြောကာ ထိုင်နေကြ တယ်။ သူဌေးသား (၄) ယောက်ထဲက တစ်ယောက်က အဲဒီအသား လှည်းလေးကို မြင်လို့ "ဒီမုဆိုးကို အသားပိုင်းကို ဆောင်ပေးစေမယ်" လို့ ပြောတယ်။ "သွားလေ၊ ဆောင်ပေးစေလော" လို့ ပြောကြတယ်။ အဲဒီသူဌေးသားက မုဆိုးထံ ချဉ်းကပ်ပြီး "ဟဲ့ မုဆိုး၊ ငါ့ကို အသားပိုင်း ပေးစမ်းလော" လို့ ပြောပါတယ်။

မုဆိုးက "မိတ်ဆွေ၊ သူတစ်ပါးကို ပစ္စည်းတစ်စုံတစ်ခု တောင်းသူ ဆိုတာ ချစ်ဖွယ်သော စကားရှိသူ ဖြစ်ရတယ်။ သင်ပြောတဲ့ စကားနဲ့ သင့်လျော်တဲ့ အသားအပိုင်းအစကို ရမယ်" လို့ ပြောကာ "သင့်ရဲ့



စကားဟာ ကြမ်းတမ်းတယ်။ ငါ့ကို အသားတောင်းတဲ့ သင်ရဲ့စကားဟာ အမြွေးနဲ့ တူတယ်။ သင့်ကို အမြွေးပဲ ပေးမယ်" လို့ ပြောပါတယ်။ ပြီး တော့ အရသာလည်း မရှိ အသားအသွေးလည်း မရှိတဲ့ အမြွေးအပိုင်း အစကို ပေးလိုက်ပါတယ်။

အဲဒီအခါ ပထမသူဌေးသားကို နောက်သူဌေးသားတစ်ယောက် က "မင်းက ဘယ်လို ပြောပြီး တောင်းခဲ့သလဲ" လို့ မေးလို့ "ဟဲ့ မုဆိုး" လို့ ပြောကာ တောင်းခဲ့တယ်လို့ ပြောပါတယ်။ အဲဒီ ဒုတိယသူဌေးသား က "ငါလည်း သူ့ကို အသားတောင်းမယ်" လို့ ပြောကာ သွားပြီး "အစ်ကို ကြီး ကျွန်တော့်ကို အသားအပိုင်းအစ ပေးပါဦး" လို့ ပြောပါတယ်။ မုဆိုးက "သင့်ရဲ့စကားနဲ့ သင့်လျော်တဲ့ အသားအပိုင်းအစကို သင် ရမယ်" လို့ ပြောကာ "ဒီလောကမှာ အစ်ကို၊ အစ်မ၊ ညီမလေး ဆိုတဲ့ စကားအသုံးအနှုန်းဟာ လူတွေရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းနဲ့ တူပါ တယ်။ ဒါကြောင့် သင့်ရဲ့စကားဟာ လူရဲ့ အင်္ဂါအစိတ်အပိုင်းနဲ့ တူပါ တယ်။ ဒါကြောင့် သင့်ကို သင့်ရဲ့ စကားနဲ့ လိုက်ဖက်တဲ့ အင်္ဂါအစိတ် အပိုင်း ပေးမယ်" လို့ ပြောကာ အင်္ဂါအစိတ်အပိုင်းအသားကို ပေးလိုက် ပါတယ်။

တတိယသူဌေးသားကတော့ ဒုတိယသူဌေးသားကို "မင်းက ဘယ်လို ပြောပြီး တောင်းခဲ့သလဲ" လို့ မေးလို့ "အစ်ကိုကြီး" လို့ ပြောကာ တောင်းခဲ့ကြောင်း ပြောပြပါတယ်။ အဲဒီ တတိယသူဌေးသားက "ငါ လည်း သူ့ကို အသား တောင်းမယ်" လို့ ပြောကာ သွားပြီး "ဖခင်၊ ကျွန်တော့်ကို အသားအစိတ်အပိုင်း ပေးပါ" လို့ ပြောတယ်။ မုဆိုးက "သင်ရဲ့စကားနဲ့ သင့်လျော်တဲ့ အသားပိုင်းကို ရပါလိမ့်မယ်" လို့ ပြောပါ တယ်။ ပြီးတော့ "ဖခင်လို့ ခေါ်တဲ့ သားဟာ ဖခင်ရဲ့ စိတ်နှလုံးကို

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်စေပါတယ်။ သင့်ရဲ့ စကားဟာ အသည်းနှလုံးနဲ့ တူပါတယ်။ သင့်ကို အသည်းနှလုံး ပေးမယ်"လို့ ပြောကာ ပေးလိုက်ပါတယ်။ စတုတ္ထ သူဌေးသားကတော့ "မိတ်ဆွေ၊ အသားအပိုင်းအစကို ငါ့အား ပေးပါ"လို့ တောင်းလို့ မုဆိုးက "အေးအတူ ပူအမျှ ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်တဲ့မိတ်ဆွေ မရှိတဲ့သူအဖို့ အဲဒီလို မိတ်ဆွေမရှိရာ အရပ်ဟာ လူမရှိတဲ့ တောအရပ်နဲ့ တူပါတယ်။ အခု သင့်ရဲ့စကားကတော့ မိမိရဲ့ ဥစ္စာအားလုံးနဲ့ တူနေပါတယ်။ ဒါကြောင့် လှည်းယာဉ်လေးနဲ့တကွ ငါ့ ဥစ္စာအားလုံးကို သင့်အား ပေးပါတယ်"လို့ ပြောကာ "မိတ်ဆွေ၊ လာပါ။ ဒီအသားလှည်းယာဉ်အားလုံးကို သင့်အိမ်ကို ပို့ပေးပါမယ်" လို့ ပြောပါတယ်။

သူဌေးသားက မုဆိုးကို လှည်းမောင်းခိုင်းပြီး မိမိအိမ်ကို သွားကာ အသားကို ချစေတယ်။ မုဆိုးအား အလေးအမြတ် ပြုစုပါတယ်။ မုဆိုးရဲ့ သားသမီး၊ ဇနီးတွေကိုလည်း ခေါ်စေပါတယ်။ မုဆိုးအလုပ်ကို ရုပ်သိမ်းစေကာ မိမိရဲ့အိမ်မှာ နေစေပါတယ်။ မပျက်ပြယ်တဲ့ သူငယ်ချင်းအဖြစ်နဲ့ အသက်ထက်ဆုံး ညီညီညွတ်ညွတ် နေသွားကြပါတယ်။

မုဆိုးက အရှင်သာရိပုတ္တရာအလောင်း၊ အသားအားလုံးကို ရသွားတဲ့ သူဌေးသားက ဘုရားအလောင်း ဖြစ်ပါတယ်။

(ဇာတ်၊ ၄၊ စတုက္က၊ ၂၊ ပုစိမန္ဒဝဂ်၊ ၅၊ သဗ္ဗမံသလာဘဇာတ်)

စကားအသုံးအနှုန်းရဲ့ အရေးပါ အရာရောက်လှပုံကို ဒီဇာတ်တော်က သင်ခန်းစာပေးနေပါတယ်။ ကောင်းကျိုးတွေကို ရစေနိုင်တဲ့ ယဉ်ကျေးလိမ္မာတဲ့ စကားလုံးတွေကို သုံးနှုန်းတတ်အောင် ပြုလုပ်လေ့ကျင့်ရပါမယ်။



'မုဆိုး၊ အစ်ကိုကြီး၊ ဖခင်၊ မိတ်ဆွေ' ဆိုတဲ့ အခေါ်အဝေါ် အသုံးအနှုန်း စကားလုံးလေး (၄) လုံးမှာ စွမ်းအားတွေ ကိုယ်စီ ရှိကြပါတယ်။ စွမ်းအားချင်းက မတူကြပါ။ ကောင်းကျိုးပေးပုံချင်း ကွာခြားနေပါတယ်။ ချစ်ခင်ဖွယ်ကောင်းမှု၊ မကောင်းမှုအပေါ် မူတည်နေပါတယ်။ ချစ်ခင်ဖွယ်ကောင်းတဲ့ စကားအလိမ္မာလေး တစ်ခွန်းကြောင့် အချစ်ခင်ခံရ၊ အကူအညီ အပေးခံရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## လျှို့ဝှက်စကား

"ပညာရှိ ယောက်ျားဆိုတာ ဘယ်မှာ တည်ထိုက်ပါသလဲ။"

"သစ္စာမှာ တည်ထိုက်ပါတယ်။"

"သစ္စာမှာ တည်သူဟာ ဘာကို ဖြစ်စေထိုက်ပါသလဲ။"

"ဥစ္စာကို ဖြစ်စေထိုက်ပါတယ်။"

"ဥစ္စာကို ဖြစ်စေပြီး ဘာကို လုပ်ထိုက်ပါသလဲ။"

"မန္တာန်ကို ယူထိုက်ပါတယ်။"

"မန္တာန်ကို ယူပြီး ဘာကို လုပ်ထိုက်ပါသလဲ။"

"မိမိရဲ့ ဆိတ်ကွယ်ရာစကားကို သူတစ်ပါးအား မပြောထိုက်ပါ"

သေနက, က မေးလို့မဟောသဓေ ဖြေတာ ဖြစ်ပါတယ်။ သေနက၊ ပုက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ ဆိုတဲ့ ပညာရှိ(၄)ဦးက "ကောင်းပါပြီ မဟောသဓပညာရှိ"လို့ ပြောကာ ဝမ်းသာပြီး "အခု သူကြွယ်သား မဟောသဓရဲ့ ကျောကုန်းကို မြင်ရတော့မယ်" လို့ တွေးနေကြပါတယ်။ ရှင်ဘုရင်ထံ သွားပြီး"မင်းကြီး၊ သူကြွယ်သား မဟောသဓဟာ သင့်ရဲ့ရန်သူ ဖြစ်နေတယ်" လို့ ပြောကြတယ်။

"ငါဟာ သင်တို့ရဲ့ စကားကို မယုံကြည်ပါ။ သူဟာ ငါ့ရဲ့ရန်သူ ဖြစ်မည် မဟုတ်ပါ။" "မင်းကြီး၊ ကျွန်တော်မျိုးတို့ အမှန်ကို ပြောကြပါတယ်။



မယုံရင် မဟောသဓပညာရှိကိုပဲ ပညာရှိ မိမိရဲ့ ဆိတ်ကွယ်ရာစကားကို ဘယ်သူအား ပြောထိုက်ပါသလဲ" လို့ မေးပါ။ "တကယ်လို့ ရန်သူမဟုတ်ရင် ဘယ်သူကို ပြောထိုက်တယ်လို့ ပြောလိမ့်မယ်။ ရန်သူ ဖြစ်ရင် ဘယ်သူကိုမှ မပြောထိုက်ပါလို့ ပြောပါလိမ့်။ အဲဒီအခါမှာ ကျွန်တော်မျိုးတို့ရဲ့ စကားကို ယုံကြည်ကာ သံသယ ရှင်းသွားပါလိမ့်မယ်။"

အဲဒီလို မေးတဲ့အခါ သေနက, က ရှင်ဘုရင်ကိုလည်း သူတို့ဘက် ပါအောင် သိမ်းသွင်းလိုလို့ "အို အရှင်မင်းကြီး၊ သင်ဟာ ငါတို့ရဲ့ အရှင်သခင်လည်း ဟုတ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ တာဝန်ကိုလည်း ဆောင်ရွက်ပေးပါတယ်။ သင်ကသာ အရင်ဆုံး အဖြေပေးပါ။ ပြီးမှ သင့်ရဲ့ အလိုအကြိုက်ကို သုံးသပ်ကာ ပညာရှိ (၅) ယောက် ဖြေကြပါလိမ့်မယ်"လို့ ပြောပါတယ်။

**ရှင်ဘုရင်ဖြေ**

သီလရှိ အကျင့်ကောင်း၊ လင့်အလိုလိုက်တဲ့ ချစ်စရာ မြတ်နိုးစရာ မိဖုရားအား လျှို့ဝှက်စကားကို ပြောကြားထိုက်ပါတယ်။

အဲဒီအခါ သေနက, က "အခု ရှင်ဘုရင်ကို ငါတို့ဘက် ပါအောင် သိမ်းသွင်းနိုင်ပြီ" လို့ တွေးကာ ဝမ်းသာနေပါတယ်။

**သေနကအဖြေ**

ကိုယ်ဒုက္ခရောက်ပြီး အကျဉ်းအကျပ် တွေ့နေတဲ့အခါ အားကိုးမှီခို လဲလျောင်းရာဖြစ်တဲ့ မိတ်ဆွေအား ပြောကြားထိုက်ပါတယ်။

**ပုက္ကုသဖြေ**

သီလရှိ တည်ကြည်တဲ့ အစ်ကိုကြီး၊ အစ်ကိုလတ်၊ အစ်ကိုငယ်အား လျှို့ဝှက်အပ်တဲ့ စကားကို ပြောကြားထိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကာမိန္ဒအဖြေ**

ဖခင်ရဲ့စကားကို နားထောင်၊ ဖခင်အလိုကို လိုက်၊ ဖခင်ခြေရာနင်းနိုင်တဲ့ ပညာရှင်သားအား ပြောကြားထိုက်ပါတယ်။

**ဒေဝိန္ဒအဖြေ**

ဆန္ဒ၊ မေတ္တာနဲ့ ပြုစုစောင့်ရှောက်ပေးတဲ့ မိခင်အား ပြောကြားထိုက်ပါတယ်။

**မဟောသဓ**

*ကိုယ့်အလို မပြည့်သေးသမျှ ပညာရှိဟာ အောင့်အည်းရပါတယ်။ ဘယ်သူ့မှ မပြောရပါ။ လျှို့ဝှက်ရမယ့် စကားကို လျှို့ဝှက်တာပဲ ကောင်းပါတယ်။ မှန်ပါတယ်။ လျှို့ဝှက်ရမယ့် စကားကို ပြောပြတာကို ပညာရှိတွေ မချီးမွမ်းကြပါ။ ပညာရှိဟာ မပြီးသေးခင် သည်းခံအောင့်အည်းရပါတယ်။ ပြီးစီးအောင်မြင်မှသာ ချမ်းသာသလို ပြောရပါတယ်။*

မဟောသဓက အဲဒီလို ပြောလိုက်တဲ့အခါ ရှင်ဘုရင်က စိတ်မကောင်း ဖြစ်သွားပါတယ်။ သေနက, က ရှင်ဘုရင်ကို ကြည့်ပါတယ်။ ရှင်ဘုရင်ကလည်း သေနကမျက်နှာကို ကြည့်ပါတယ်။ ဘုရားလောင်း မဟောသဓက သူတို့နှစ်ဦးရဲ့ အမူအရာကို မြင်လိုက်တယ်ဆိုရင်ပဲ "ဒီ (၄) ယောက်ဟာ အရင်ကတည်းက ငါ့အပေါ် ရှင်ဘုရင် စိတ်ဝမ်းကွဲအောင် လုပ်ထားတယ်။ စူးစမ်းလိုလို့ ပြဿနာမေးတာ ဖြစ်လိမ့်မယ်" လို့ သိလိုက်ပါတယ်။ သူတို့ စကားပြောနေကြတုန်းမှာပဲ နေဝင်သွားတယ်။ ဆီမီးတွေ ထွန်းသွားကြတယ်။ မဟောသဓက "မင်းရဲ့အလုပ်တွေဆိုတာ ဝန်လေးလှတယ်။ ဘာဖြစ်လိမ့်မယ်လို့ မသိရဘူး။ မြန်မြန်ပဲသွားသင့်တယ်"လို့ တွေးကာ နေရာမှထပြီး ရှင်ဘုရင်ကို ရှိခိုးကာ ထွက်သွားပါတယ်။



"ဒီလူတွေထဲက တစ်ယောက်က သူငယ်ချင်းအား ပြောသင့်တယ်" လို့ ပြောတယ်။ တစ်ယောက်က အစ်ကိုအား၊ တစ်ယောက်က သားအား၊ တစ်ယောက်က မိခင်အား ပြောသင့်တယ်လို့ ပြောတယ်။ ဒီလူတွေက အဲဒီအမှုကို ပြုလုပ်ပြီးပဲ ဖြစ်လိမ့်မယ်။ မြင်ပြီးသားကိုသာ ပြောတယ်လို့ ငါ ထင်တယ်။ ရှိပါစေ။ အဲဒါကို ဒီနေ့ပဲ သိအောင် လုပ်မယ်" လို့ မဟောသဓက တွေးပါတယ်။

အဲဒီပညာရှိအမတ်ကြီး (၄) ယောက်ဟာလည်း အခြားနေ့တွေမှာ မင်းရဲ့နန်းတော်မှ ထွက်ကာ မင်းနန်းတော်တံခါးအနီးရှိ တစ်ခုသော ထမင်းစားပွဲခုံရဲ့ အထက်ဘက်မှာ ထိုင်ပြီး ပြုလုပ်စရာကိစ္စတွေကို တိုင်ပင်ကာ ကိုယ့်အိမ် ပြန်ကြပါတယ်။ ဒါကြောင့် မဟောသဓဟာ "ငါဟာ ဒီ (၄) ယောက်ရဲ့ ဆိတ်ကွယ်ရာစကား (လျှို့ဝှက်စကား) ကို စားပွဲရဲ့အောက်မှာ လဲလျောင်းပြီး သိနိုင်တယ်" လို့ တွေးကာ အဲဒီစားပွဲခုံကို မြှောက်ချီစေပြီး အခင်းကို ခင်းစေကာ စားပွဲခုံအောက်မှာ ဝင်ပြီး ယောကျ်ားတွေကို "သင်တို့ဟာ ပညာရှိအမတ် (၄) ယောက် တိုင်ပင်ပြီးလို့ ပြန်သွားရင် လာပြီးတော့ ငါ့ကို ဆောင်ယူလှည့်ကြ" လို့ အမှတ်အသား ပေးထားပါတယ်။ ယောကျ်ားတွေက "ကောင်းပါပြီ" လို့ ဝန်ခံတာ ပြန်သွားကြပါတယ်။

သေနက,ကလည်း ရှင်ဘုရင်ကို "အရှင်မင်းကြီး၊ သင်တို့က ကျွန်ုပ်တို့ရဲ့ စကားကို မယုံကြည်ကြ။ အခု သင်တို့ ဘာလုပ်ကြမလဲ"လို့ ပြောပါတယ်။ ရှင်ဘုရင်က သေနကရဲ့စကားကို မှတ်ယူပြီး မစူးစမ်းဘဲ ကြောက်ရွံ့တုန်လှုပ်ကာ "သေနက ပညာရှိ၊ အခု ဘာလုပ်ကြရမလဲ" လို့ မေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး၊ အချိန်ဆွဲမနေဘဲ ဘယ်သူ့ကိုမှ အသိမပေးကြဘဲ မဟောသဓကို သတ်သင့်ပါတယ်။"

"သေနက၊ သင်မှတစ်ပါး အခြားသူဟာ ငါ့ရဲ့အကျိုးကို မလိုလားပါ။ သင်တို့ဟာ သင်တို့ရဲ့ စိတ်ကောင်းရှိသူ မိတ်ဆွေတွေကို ခေါ်ကာ တံခါးကြားမှာ ရပ်ပြီး မဟောသဓ ငါ့ကို ဆည်းကပ် (အခစား ဝင်ရာ) ဌာနကို လာတဲ့အခါ သန်လျက်နဲ့ ဦးခေါင်းကို ဖြတ်လိုက်ကြ" လို့ ရှင်ဘုရင်က ပြောကာ သန်လျက်ကို ပေးပါတယ်။ "အရှင်မင်းကြီး၊ ကောင်းပါပြီ။ မကြောက်ပါနဲ့။ ကျွန်တော်မျိုးတို့ဟာ မဟောသဓကို သတ်ကြပါမယ်"လို့ ပြောကာ ထွက်ပြီး ငါတို့ဟာ ရန်သူရဲ့ ကျောကုန်းကို မြင်ရတော့မယ်" လို့ တွေးကာ ထမင်းစားခုံရဲ့ အထက်ဘက်မှာ ထိုင်နေကြပါတယ်။ အဲဒီနောက် "အမောင်တို့၊ မဟောသဓကို ဘယ်သူ သတ်မလဲ" လို့ သေနက, က မေးပါတယ်။ "အို ဆရာသေနက၊ သင်တို့ပဲ သတ်ကြပါ" လို့ သေနကကိုပဲ ကျန်သူတွေက တာဝန်ပေးကြပါတယ်။

အဲဒီအခါ သေနကက ကျန်တဲ့ ပညာရှိအမတ်ကြီးတွေကို "ဆိတ်ကွယ်ရာ စကားကို ဘယ်သူ ဘယ်သူ့အား ပြောရမယ်လို့ သင်တို့ ပြောကြတယ်။ အဲဒါကို သင်တို့ဟာ ကိုယ်တိုင် လုပ်ထားသလား။ သို့မဟုတ် မြင်ထား၊ ကြားထားသလား" လို့ မေးပါတယ်။ "ဆရာသေနက ငါတို့ဟာ ကိုယ်တိုင် ပြုလုပ်ထားပါတယ်" လို့ ပြောကြတယ်။

"သေနက၊ သင်က လျှို့ဝှက်စကားကို သူငယ်ချင်းအား ပြောရမယ်လို့ ပြောတယ်။ သင်ကိုယ်တိုင် လုပ်ထားပါသလား။ ဒါမှမဟုတ် မြင်ထား၊ ကြားထားပါသလား။"

"ငါကိုယ်တိုင် ပြုလုပ်ထားပါတယ်။"

"သေနက၊ ပြောပါဦး။"



"ဒီလျှို့ဝှက်စကားကို ရှင်ဘုရင်သာ သိသွားရင် ငါ့အသက်ရှိမှာ မဟုတ်တော့ဘူး။"

"သေနက၊ မကြောက်ပါနဲ့။ သင့်ရဲ့ လျှို့ဝှက်စကားကို ပြောကြားမယ့်သူ ဒီနေရာမှာ မရှိပါဘူး။ ပြောပါ။"

"ဒီထမင်းစားပွဲခုံရဲ့ အောက်မှာ မဟောသဓ ရှိများ နေမလား"လို့ လက်သည်းနဲ့ စားပွဲကို ခေါက်ကာ ပြောပါတယ်။

"သေနက၊ မဟောသဓဟာ သူ့ရာထူးနဲ့ ဒီလိုနေရာကို မဝင်ပါဘူး။ အခု သူဟာ ပရိသတ်နဲ့ ယစ်မူးနေပါလိမ့်မယ်။ ပြောပါ။"

"သင်တို့ ဒီမြို့က ပဲ့ပြည့်တန်ဆာမကို သိကြလား။"

"သိပါတယ် သေနက။"

"အခု အဲဒီပြည့်တန်ဆာမ ရှိသလား။"

"ငါဟာ အင်ကြင်းတောဥယျာဉ်မှာ သူမနဲ့အတူ ယောက်ျားကိစ္စပြီး သူမရဲ့အဆင်တန်ဆာတွေကို လိုချင်လို့ သူမကို သတ်ကာ သူမရဲ့ အဝတ်နဲ့ပဲ အထုပ်ထုပ်ပြီး ခိုးယူခဲ့တယ်။ ငါ့ရဲ့အိမ်မှာ အဘယ်အထပ်၊ ဘယ်အခန်းက ဆင်စွယ်မှာ ချိတ်ဆွဲထားတယ်။ မသုံးစွဲရဲဘူး။ အဲဒီအဆင်တန်ဆာရဲ့ ဟောင်းနွမ်းဖြစ်ကို ငါ ကြည့်တယ်။ အဲဒီ ပြစ်မှုကို ပြုလုပ်ပြီး ငါဟာ သူငယ်ချင်းတစ်ယောက်ကို ပြောတယ်။ သူက ဘယ်သူ့ကိုမှ မပြောဖူးဘူး။ ဒါကြောင့် ငါဟာ သူငယ်ချင်းအား လျှို့ဝှက်စကားကို ပြောကြားရမယ်လို့ ငါ ပြောပါတယ်။"

အဲဒီလျှို့ဝှက်စကားကို မဟောသဓက ကောင်းကောင်း မှတ်သားထားပါတယ်။

ပုက္ကုသကလည်း သူရဲ့လျှို့ဝှက်စကားကို ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ပေါင်ပေါ်မှာ နူနာ ရှိတယ်။ ငါ့အစ်ကိုလေးက နံနက် စောစောပဲ ဘယ်သူ့ကိုမှ အသိမပေးဘဲ နူနာကို ဆေးကြောပြီး ဆေးနဲ့ လိမ်းကြကာ နူနာပေါ်မှာ အဝတ်စည်းထားတယ်။ ရှင်ဘုရင်က ငါ့အပေါ် နူးညံ့တဲ့ စိတ်နဲ့ "ပုဏ္ဏုသ၊ လာစမ်း"လို့ ငါ့ကို ခေါ်ပြီး များသောအားဖြင့် ငါ့ရဲ့ ပေါင်ပေါ်မှာသာ အိပ်တယ်။ ရှင်ဘုရင် အဲဒါကို သိသွားရင် ငါ့ကို သတ်မှာ။ အဲဒီနူနာကို ငါ့အစ်ကိုလေးမှတစ်ပါး ဘယ်သူမှ မသိဘူး။ ဒါကြောင့် လျှို့ဝှက်စကားကို အစ်ကိုအား ပြောရမယ်လို့ ငါ ပြောပါတယ်။

ကာမိန္ဒကလည်း သူ့ရဲ့လျှို့ဝှက်စကားကို ပြောပါတယ်။

"လက္ခယ် ဥပုသ်နေ့မှာ နရဒေဝဆိုတဲ့ ဘီလူးက ငါ့ကို ဖမ်းစားပါတယ်။ ငါဟာ ခွေးရူးလိုပဲ အော်ရပါတယ်။ ငါဟာ အဲဒီအကြောင်းကို သားအား ပြောထားပါတယ်။ သားက ငါ ဘီလူးဖမ်းစားခံရမှန်း သိရင် ငါ့ကို အိမ်ခန်းအတွင်းမှာ အိပ်စေပါတယ်။ တံခါးပိတ်ပြီး အပြင်ထွက်သွားပါတယ်။ ငါ့အသံကို ဖုံးလွှမ်းသွားအောင် တံခါးမှာ ပွဲလမ်းသဘင် ပြုလုပ်ပါတယ်။ ဒါကြောင့် ငါဟာ သားအား လျှို့ဝှက်စကားကို ပြောရမယ်လို့ ပြောပါတယ်။"

ဒေဝိန္ဒကလည်း သူ့ရဲ့လျှို့ဝှက်စကားကို ပြောပါတယ်။

"ငါဟာ ပတ္တမြားအရောင် တောက်ပြောင်စေတဲ့ အလုပ်ကိုလုပ်ရင်း ရှင်ဘုရင်ရဲ့ ဥစ္စာဖြစ်တဲ့၊ သိကြားမင်းက ကုသမင်းအား ပေးထားတဲ့ ကျက်သရေ ဝင်စေတဲ့၊ မင်္ဂလာပတ္တမြားရတနာကို ခိုးယူပြီး မိခင်အား ပေးထားတယ်။ မိခင်က ဘယ်သူ့ကိုမှ အသိမပေးဘဲ ငါ မင်းရဲ့ နန်းတော်ကို ဝင်တဲ့အခါ အဲဒီပတ္တမြားရတနာကို ငါ့အား ပေးတယ်။ ငါဟာ အဲဒီ ပတ္တမြားနဲ့ ကျက်သရေကို သွင်းပြီး မင်းနန်းတော်ကို ဝင်တယ်။ ရှင်



ဘုရင်က သင်တို့နဲ့အတူ စကားမပြောသေးဘဲ ငါနဲ့အတူ အရင်ဆုံး စကားပြောတယ်။ နေ့တိုင်း (၈) ကျပ်၊ (၁၆) ကျပ်၊ (၃၂) ကျပ်၊ (၆၄) ကျပ် ငါ့အား ရိက္ခာအတွက် ပေးတယ်။ အဲဒီပတ္တမြားရတနာကို ဖုံးကွယ်ထားမှန်း ရှင်ဘုရင် သိသွားရင် ငါ့မှာ အသက်ရှိမှာ မဟုတ်ဘူး။ ဒါကြောင့် လျှို့ဝှက်စကားကို အမိအား ပြောထိုက်တယ်လို့ ငါ ပြောပါတယ်။"

မဟောသဓက သူတို့အားလုံးရဲ့ လျှို့ဝှက်စကားကို ကိုယ်တိုင် ကြားနာရပါတယ်။ သူတို့က သူတို့ရဲ့ရင်ကို ခွဲပြီး အူကို အပြင်ထုတ်ပြသလို လျှို့ဝှက်စကားကို အချင်းချင်းအား ပြောပြီး "သင်တို့ဟာ မမေ့မလျော့ဘဲ နံနက်စောစောပဲ လာခဲ့ကြပါ။ မဟောသဓကို သတ်ကြရအောင်" လို့ ပြောကာ ထပြန်သွားကြပါတယ်။ သူတို့ပြန်သွားတဲ့အခါ မဟောသဓရဲ့ ယောက်ျားတွေက လာပြီး စားပွဲကို မြှောက်ချီကာ မဟောသဓကို ယူပြီး သွားကြပါတယ်။ မဟောသဓဟာ အိမ်ကို သွား၊ ရေချိုး၊ တန်ဆာဆင်ကာ အစားကောင်းကို စားပါတယ်။ "ယနေ့ ငါ့ရဲ့အစ်မ ဥဒုမ္ဗရဒေဝီက မင်းနန်းတော်က သတင်းကို စေလွှတ်လိမ့်မယ်"လို့ သိလို့ ရာဇဂြိုဟ်က လာတဲ့ သူကို မြန်မြန် အိမ်ထဲ သွင်းပြီး ငါ့ကို ပြပါ"လို့ တံခါးဝမှာ ယုံကြည်ထိုက်တဲ့ ယောက်ျားတစ်ယောက်ကို ထားပါတယ်။ အဲဒီလို ပြောပြီး အိပ်ရာပေါ်မှာ အိပ်နေပါတယ်။

အဲဒီခဏမှာ ရှင်ဘုရင်ကလည်း အိပ်ရာပေါ် လဲလျောင်းရင်း မဟောသဓ မရှိရင် ငါ အသက်ရှိမှာ မဟုတ်ဘူး။ ရန်သူတွေရဲ့စကားကို နားထောင်ပြီး "ဝန်ဆောင်နိုင်တဲ့ နေရာမှာ အတူမရှိတဲ့ မဟောသဓ ပညာရှိကို သတ်ကြ" လို့ ပြောကာ "သန်လျက်ပေးမိတဲ့ ငါဟာ မသင့်လျော်တာကို လုပ်မိပြီ။ နက်ဖြန် ဒီအချိန်မှာ မဟောသဓကို မြင်ခွင့် ငါ ရမှာ မဟုတ်တော့" လို့ တွေးကာ သောကဖြစ်နေပါတယ်။ ဥဒုမ္ဗရ

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီကလည်း ရှင်ဘုရင်နဲ့အတူ အိပ်ရာတစ်ခုတည်းမှာ ရောက်နေရင်း အဲဒီ အမူအရာကို မြင်လို့ "ကျွန်မမှာ အပြစ်တစ်စုံတစ်ရာ ရှိပါသလား။ သို့မဟုတ် ရှင်ဘုရင်မှာ ဘေးကဖြစ်စရာ တစ်စုံတစ်ခု ရှိပါသလား" လို့ မေးပါတယ်။ "ရှင်မ၊ ပညာရှိအမတ်ကြီး (၄) ယောက်က 'မဟောသဓ ဟာ ငါ့ရဲ့ရန်သူပဲ' လို့ ပြောကြတယ်။ ငါဟာ အမှန်အတိုင်း မစူးစမ်းဘဲ 'သူ့ကို သတ်လိုက်ကြ' လို့ မဟောသဓကို သတ်ဖို့ ခိုင်းလိုက်တယ်။ အဲဒီ အကြောင်းကို စဉ်းစားပြီး စိတ်မကောင်း ဖြစ်နေပါတယ်" လို့ ရှင်ဘုရင် က ပြောပါတယ်။

မဟောသဓအပေါ် သံယောဇဉ်ကြောင့် ရှင်ဘုရင်ရဲ့ စကားကို ကြားလိုက်ရတယ်ဆိုရင်ပဲ မိဖုရား ဥဒုမ္ဗရဒေဝီမှာ တောင်လောက်ရှိတဲ့ သောက ဖြစ်ပါတယ်။ အဲဒီကနောက် အိပ်ပျော်တဲ့အခါ 'ငါ့ရဲ့မောင် မဟောသဓထံ သတင်းစကား အပို့လွှတ်မယ်' လို့ တွေးထားပါတယ်။ အဲဒီအခါ မိဖုရားက "အရှင်မင်းကြီး၊ မဟောသဓကို ရာထူးကြီးကြီး ပေးထားတဲ့ သင်က ဒီအလုပ်ကို လုပ်တယ်။ သင်တို့က သူ့ကို စစ်သူကြီး ရာထူးမှာ ထားထားတယ်။ ရန်သူဆိုတာ သေးငယ်တယ် မရှိ။ သတ်ကို သတ်ထိုက်ပါတယ်။ တွေးပူမနေပါနဲ့" လို့ ရှင်ဘုရင်ကို သက်သာစေပါ တယ်။ ရှင်ဘုရင်ဟာ သောကသက်သာပြီး အိပ်ပျော်သွားပါတယ်။

မိဖုရားက ထပြီး တိုက်ခန်းကို ဝင်ကာ "မောင်လေး မဟောသဓ၊ အမတ်ကြီး (၄) ယောက်က သင့်ကို ကုန်းတိုက်နေကြတယ်။ ရှင်ဘုရင် က စိတ်ဆိုးပြီး တံခါးကြားမှာ သင့်ကို နက်ဖြန်မှာ သတ်ဖို့ စေခိုင်းထား တယ်။ နက်ဖြန် မင်းနန်းတော်ကို မလာနဲ့။ လာရင် မြို့ကို လက်ရသိမ်း ပိုက်ပြီးမှ စွမ်းအားရှိပြီး လာခဲ့ပါ" လို့ စာရေးကာ ကကွတ်မုန့်အတွင်းမှာ ထည့်ကာ မုန့်ကို ချည်နဲ့ရစ်ပတ်ပြီး ခွက်အသစ်မှာ ထည့်ဖုံး၊ တံဆိပ်ရိုက်



တာ "ဒီမုန့်ကို ငါ့မောင် မဟောသဓအား ပေးလိုက်ပါ" လို့ အကျိုးဆောင် ကျွန်မအား ပေးလိုက်ပါတယ်။ ကျွန်မက ခိုင်းတဲ့အတိုင်း လုပ်ပါတယ်။

အခြားအမတ်ကြီး (၄) ယောက်ကလည်း နံနက်စောစောပဲ သန်လျက်ကို ယူကာ တံခါးကြားမှာ ရပ်နေပြီး မဟောသဓကို မမြင်ရလို့ စိတ်မကောင်းဖြစ်ကာ ရှင်ဘုရင်ထံ သွားပြီး "အို အမတ်တို့၊ မဟောသဓ ကို သင်တို့ သတ်ပြီးကြပြီလော" လို့ မေးခံရတဲ့အခါ "မမြင်ကြပါ အရှင် မင်းကြီး" လို့ ပြောကြပါတယ်။ မဟောသဓကလည်း အရုဏ်တက်ချိန်မှာ ပဲ မြို့ကို သိမ်းပိုက်ကာ ဟိုနေရာ၊ ဒီနေရာမှာ အစောင့်ထားပြီး လူများစွာ ခြံရံလျက် ရထားကို တက်စီးကာ အခြံအရံများစွာနဲ့ ရှင်ဘုရင်ရဲ့ တံခါး ဆီကို သွားပါတယ်။ ရှင်ဘုရင်က လေသာပြတင်းကို ဖွင့်ကာ အပြင်ကို ကြည့်ရင်း ရပ်နေပါတယ်။ အဲဒီအခါ မဟောသဓက ရထားပေါ်က ဆင်း တာ ရှင်ဘုရင်ကို ရှိခိုးပြီး ရပ်တည်နေပါတယ်။ ရှင်ဘုရင်က မဟောသဓ ကို မြင်လို့ တွေးနေပါတယ်။ အဲဒီအခါ ရှင်ဘုရင်က မဟောသဓကို ခေါ် ပြီး နေရာမှာ ထိုင်ပါတယ်။ မဟောသဓကလည်း သင့်တင့်လျောက်ပတ် တဲ့ နေရာမှာ ထိုင်ပါတယ်။ အမတ်ကြီး (၄) ယောက်ကလည်း အဲဒီ နေရာမှာပဲ ထိုင်နေကြပါတယ်။ အဲဒီအခါ ရှင်ဘုရင်က ဘာကိုမှ မသိ သလိုနဲ့ မဟောသဓကို "ချစ်သား၊ သင် မနေ့က သွားပြီး အခု လာ တယ်။ဘာကြောင့် ငါ့ကို စွန့်ခွာရသလဲ" လို့ မေးပါတယ်။

"အရှင်မင်းကြီး၊ သင်ဟာ အမတ်ကြီး (၄) ယောက်ရဲ့ စကားကို နားထောင်ပြီး ငါ့ကို သတ်ခိုင်းတယ်။ ဒါကြောင့် ငါ မလာတာပါ" လို့ မဟောသဓက ပြောပြီး "မဟောသဓကို သတ်ရမယ်လို့ ပြောတဲ့ လို့ ဝှက် စကားကို မိဖုရားအား ပြောကြားတယ်။ အဲဒီစကားကို အဲဒီခဏမှာပဲ ငါဟာ ကြားရတယ်" လို့ ပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘုရင်က အဲဒီစကားကို ကြားရပြီး "ဒီမိဖုရားဟာ အဲဒီခဏမှာပဲ သတင်းစကားကို ပို့တာ ဖြစ်လိမ့်မယ်" လို့ တွေးပြီး စိတ်ဆိုးကာ မိဖုရားကို ကြည့်ပါတယ်။ အဲဒါကို သိပြီး မဟောသဓက "အရှင်မင်းကြီး၊ မိဖုရားကို စိတ်ဆိုးသလား။ ငါဟာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အလုံးစုံကို သိတယ်။"

"အရှင်မင်းကြီး၊ သင့်ရဲ့လျှို့ဝှက်စကားကို မိဖုရားအား ပြောထားတာ ရှိပါစေ။ အမတ်ကြီး (၄) ယောက်ရဲ့ လျှို့ဝှက်စကားကို ငါ့အား ဘယ်သူ ပြောသလဲ။ ငါဟာ သူတို့ရဲ့ လျှို့ဝှက်စကားတွေကို သိတာပဲ" လို့ ပြောကာ သူတို့ရဲ့ လျှို့ဝှက်စကားတွေကို အကုန်ပြောပြပါတယ်။ ရှင်ဘုရင်က သူတို့ကို "မှန်သလား" လို့ မေးတော့ "မှန်ပါတယ်" လို့ ပြောလို့ အမတ်ကြီး (၄) ယောက်ကို ထောင်ချလိုက်ပါတယ်။

အဲဒီလိုပဲ မဟောသဓကို သတ်မယ်လို့ ကြံစည်ခဲ့တဲ့ အမတ်ကြီး (၄) ယောက်လုံးဟာ ထောင်ထဲကို ဝင်သွားကြရပါတယ်။ မဟောသဓက "အရှင်မင်းကြီး၊ ဒါကြောင့် ငါဟာ ကိုယ့်ရဲ့လျှို့ဝှက်စကားကို သူတစ်ပါးအား မပြောရဘူး" လို့ ပြောပါတယ်။ "ပြောသူတွေ အကြီးအကျယ် ပျက်စီးရပါတယ်" လို့ ပြောပါတယ်။

မဟောသဓက အောက်ပါတရားတွေကိုလည်း ပြောပြပါသေးတယ်။

* လျှို့ဝှက်ရမယ့်စကားကို လျှို့ဝှက်တာပဲ ကောင်းပါတယ်။ လျှို့ဝှက်ရမယ့်စကားကို ပြောပြတာကို ပညာရှိတွေ မချီးမွမ်းကြပါ။ ကိုယ့်အလိုဆန္ဒမပြီးခင် ပညာရှိဟာ သည်းခံရပါတယ်။ ပြီးမှသာ ချမ်းသာသလို ပြောနိုင်ပါတယ်။



- လျှို့ဝှက်ရမယ့်စကားကို မဖွင့်လှစ်ရ။ ရွှေအိုးကို စောင့်ရှောက်သလို စောင့်ရှောက်ရပါတယ်။ မှန်ပါတယ်။ ပညာရှိဟာ လျှို့ဝှက်စကားကို ပြောကြားတာ မကောင်းပါ။
- ပညာရှိဟာ လျှို့ဝှက်စကားကို မိန်းမအား မပြောရ။ ရန်သူအား မပြောရ။ ပစ္စည်းနဲ့ မြူဆွယ်သူအား မပြောရ။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး လုပ်သူအား မပြောရ။
- သူတစ်ပါးအား အသိမပေးထိုက်တဲ့ လျှို့ဝှက်စကားကို အသိပေးခဲ့ရင် အဲဒီသူက သူတစ်ပါးအား ပြောမှာ စိုးလို့ အဲဒီလူရဲ့ ကျွန်သဖွယ်ဖြစ်ကာ အဲဒီလူရဲ့ ဆဲရေးတာ၊ ကြိမ်းမောင်းတာ၊ ရိုက်ပုတ်တာကို သည်းခံရမယ်။
- လျှို့ဝှက်စကားကို ပြောကြားရာမှာ ဘေးလူတွေ သိသွားရင် သိသွားသူတွေကို အကြောင်းပြုပြီး ထိတ်လန့်၊ ကြောက်လန့် ရပါတယ်။ ဒါကြောင့် လျှို့ဝှက်စကားကို သူတစ်ပါးအား မသိစေရပါ။
- နေ့အခါမှာ လျှို့ဝှက်စကား ပြောကြားလိုရင် လူသူကင်းဆိတ်တဲ့ နေရာကို ပြုလုပ်ခိုင်းပြီး ဆိတ်ကွယ်ရာနေရာမှာ ပြောကြားပါ။ ညအခါ ပြောကြားသူတွေကတော့ အတိုင်းအတာလွန်ပြီး အသံကျယ်ကျယ် မပြောရ။ မှန်ပါတယ်။ တိုင်ပင်တဲ့ နေရာကို လာပြီး နံရံတစ်ဖက်စတဲ့နေရာတွေမှာ ရပ်တည်ကာ နားထောင်သူတွေက လျှို့ဝှက်စကားကို ကြားသွားနိုင်ပါတယ်။ ဒါကြောင့် အဲဒီလျှို့ဝှက်စကားဟာ အမြန်ပဲ ပေါက်ကြားသွားပါတယ်။

(ဥမင်၊ ဇာတကဋ္ဌ၊ ၂၂၂၊ ၁၃၂)

ပညာရှိမဟောသဓရဲ့ လုပ်ရပ်၊ ပြောစကားတွေကို မှတ်သား တုယူ[...]ာ လိုက်နာကျင့်သုံးရပါမယ်။ ပညာ မရှိက လျှို့ဝှက်စကားကိုသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးအား ပြောကြားတတ်ကြပါတယ်။ လျှို့ဝှက်ရမယ့်စကားကို လျှို့ဝှက်နိုင်လေလေ ကောင်းကျိုးတွေထွေ ရရှိလေလေပါပဲ။ လျှို့ဝှက်စကား ပေါက်ကြားသွားရင် ဒုက္ခတွေ တစ်သီတစ်တန်းကြီး ပေါ်လာပါတော့တယ်။

လျှို့ဝှက်ရမယ့် စကားလေးတစ်ခွန်းကို မလျှို့ဝှက်နိုင်မိလို့ ဒုက္ခရောက်သွားရကြောင်းကို ဒီဇာတ်လမ်းက သင်ခန်းစာ ပေးသွားပါတယ်။

## အစားကြီးလွန်းတဲ့ ကောသလမင်း

*"အမြဲ သတိရှိပြီး ရလာတဲ့ စားဖွယ်မှာ အတိုင်းအတာကို သိသူမှာ ရောဂါဝေဒနာ နည်းပါးပြီး အအိုနှေးကာ အသက်ရှည်တယ်။"*

အထက်ပါ စကားလေးတစ်ခွန်းကို ဘုရားရှင်က ပသေနဒီကောသလမင်းအား မိန့်ကြားတော်မူခဲ့ပါတယ်။ တစ်ချိန်မှာ ကောသလမင်းဟာ ဆန်တစ်စိတ်ချက် ထမင်းနဲ့ အဲဒီထမင်းအား သင့်လျော်တဲ့ဟင်းကို စားပါတယ်။ တစ်နေ့မှာ နံနက်စာစားပြီး ထမင်းအဆီယစ်တာကို မပယ်ဖျောက်ရသေးဘဲ ဘုရားရှင်ထံ သွားပါတယ်။ ခန္ဓာကိုယ်ဝင်ပန်းနေကာ ဟိုဘက်ဒီဘက် တပြောင်းပြန်ပြန်လှိမ့်နေပါတယ်။ အိပ်ငိုက်မှု နှိပ်စက်တာကို ခံနေရပေမယ့် ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာ လဲလျောင်းဖို့ မစွမ်းနိုင်လို့ သင့်တင့်ရာအရပ်မှာ ထိုင်နေပါတယ်။ အဲဒီအခါ ကောသလမင်းကို ဘုရားရှင်က မေးလို့ သူက ဖြေပါတယ်။

"မင်းကြီး၊ သင်ဟာ အပန်းမဖြေဘဲသာ လာခဲ့တာလား။"

"မှန်ပါဘုရား၊ ထမင်းစားပြီးချိန်ကစပြီး တပည့်တော်မှာ ဒုက္ခအကြီးအကျယ် ဖြစ်ပါတယ်။"

"မင်းကြီး၊ အလွန်အကဲများစွာ စားတာဟာ ဒီလိုပဲ ဒုက္ခဖြစ်တယ်"

ပြီးတော့ အောက်ပါစကားကိုလည်း ဘုရားရှင်က မိန့်တော်မူပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ငိုက်မှု နှိပ်စက်ခံရသူ၊ အစားကြီးသူ၊ အိမ်မွေးဝက်ကြီးလို အိပ်လေ့ရှိပြီး တပြောင်းပြန်ပြန် လူးလိမ့်နေသူဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးမသွင်းနိုင်တဲ့အတွက် ပညာနည်းပါးသူဟာ အမိဝမ်းတိုက်မှာ ပဋိသန္ဓေနေရမှုသို့ ထပ်ကာထပ်ကာ ကပ်ရောက်ရတယ်။"

အဲဒီလို ဆုံးမပြီး "မင်းကြီး၊ စားဖွယ်ဆိုတာ အတိုင်းအတာနဲ့ စားသင့်တယ်။ မှန်တယ်၊ အတိုင်းအတာနဲ့ စားသူမှာ ချမ်းသာတယ်။"

ပြီးတော့ နောက်ထပ်ဆုံးမလိုလို့ အစဆုံးဖော်ပြခဲ့တဲ့ စကားလေးကို မိန့်တော်မူပါဟယ်။ ကောသလမင်းက အထက်ပါ အဲဒီစကားလေးတစ်ခွန်း (ဂါထာတစ်ပုဒ်) ကို သင်ယူခြင်းငှာ မစွမ်းနိုင်ပါ။ အနီးမှာ ရပ်တည်နေတဲ့ တူဖြစ်သူ သုဒဿနလုလင်ကိုတော့ "သုဒဿန၊ ဒီဂါထာ စကားလေးတစ်ခွန်းကို သင်ဟာ သင်ယူမှတ်သားထားပါ" လို့ ပြောပါတယ်။ သုဒဿနက အဲဒီဂါထာစကားကို သင်ယူပြီး "မြတ်စွာဘုရား၊ တပည့်တော်ဟာ ဘာကို လုပ်ရပါမလဲ" လို့ ဘုရားရှင်ကို မေးလျှောက်ပါတယ်။ ဘုရားရှင်က အဲဒီအခါ သုဒဿနကို ဒီလို မိန့်တော်မူပါတယ်။

"မင်းကြီး ထမင်းစားတဲ့အခါ နောက်ဆုံးထမင်းလုတ် ရောက်ချိန်မှာ ဒီဂါထာစကားလေးကို သင်ဟာ ရွတ်ပြပါ။ ကောသလမင်းက အနက်အဓိပ္ပာယ်ကို မှတ်သားပြီး စွန့်ပစ်လာမယ့် ထမင်းခဲမှာ ထမင်းလုံး အရေအတွက်နဲ့အညီ ကောသလမင်း ထမင်းစားတဲ့အခါ အဲဒီထမင်းလုံး အရေအတွက်လောက် ဆန်တွေကို ဖယ်ရှားပေးပါ။"

"ကောင်းပါပြီ ဘုရား" လို့ သုဒဿနက လျှောက်ထားကာ ညနေပိုင်းမှာရော နံနက်ပိုင်းမှာပါ ကောသလမင်း ထမင်းစားတဲ့အခါ နောက်ဆုံးထမင်းလုတ်အချိန်မှာ အဲဒီဂါထာစကားကို ရွတ်ဆိုပြီး ကောသလမင်း စွန့်ပစ်တဲ့ ထမင်းလုတ်မှာ ထမင်းလုံးအရေအတွက်နဲ့အညီ ဆန်တွေကို



ဖယ်ရှားပေးပါတယ်။ ကောသလမင်းကလည်း သုဒဿန ရွတ်ပြတဲ့ အဲဒီဂါထာ စကားလေးတစ်ခွန်းကို ကြားနာရပြီး အသပြာတစ်ထောင်, တစ်ထောင်ကို ပေးခိုင်းပါတယ်။ ကောသလမင်းဟာ နောင်အခါမှာ တစ်ကွမ်းစား (တစ်စလယ်) ချက်ထမင်းမှာ အလွန်ဆုံးတည်ကာ ချမ်းသာသွားပါတယ်။ ခန္ဓာကိုယ် သေးသွယ်ပေါ့ပါးသွားပါတယ်။

(ဓမ္မပဒ၊ ၅၊ ဒု၊ ၁၇၁)

ဘုရားရှင် သင်ပေးတဲ့ ရောဂါဝေဒနာ နည်းပါးစေတဲ့ နည်းလမ်း၊ အအို နှေးစေတဲ့ နည်းလမ်း၊ အသက်ရှည်စေတဲ့ နည်းလမ်းကို ဖော်ပြတဲ့ စကားလေးတစ်ခွန်းကြောင့် အစားကြီးလှတဲ့ ကောသလမင်းဟာ ခန္ဓာကိုယ် ပေါ့ပါးသွက်လက်ပြီး များစွာပဲ ချမ်းသာသွားပါတယ်။ သုဒဿနလည်း အသပြာများစွာကို ရသွားပါတယ်။ ဘုရားရှင် သင်ပေးတဲ့ စကားလေးအရ အစားအစာ စားရာမှာ အမြဲသတိထားကာ အတိုင်းအတာသိပြီး စားတတ်ဖို့ လိုအပ်လှကြောင်းကို သိရပါတယ်။ အစားအစာလောဘကြီးလှတဲ့ ကောသလမင်းကို သတိ၊ ပညာနဲ့ စားသောက်ဖို့ သတိပေးတဲ့ ဘုရားစကားတော်နဲ့အညီ စားသောက်နိုင်ကြရင် မည်သူမဆို ရောဂါဝေဒနာ နည်းပါးလာပါမယ်။ အအို နှေးလာပါမယ်။ အသက်ရှည်လာပါမယ်။

ဘုရားရှင် မိန့်ကြားတဲ့ အဲဒီစကားလေးတစ်ခွန်းဟာ ကောသလမင်းအဖို့ တန်ဖိုးဖြတ်လို့ မရလောက်အောင် တန်ဖိုးကြီးနေပါတယ်။ အစားလောဘကြီးလှတဲ့ ကောသလမင်းရဲ့ လောဘတဏှာကို သတိ၊ ပညာနဲ့ ချုန်းအုပ်လာနိုင်ပါတယ်။ သတိ၊ ပညာနဲ့ အစာစားမှာသာမက အခြားအခြား လုပ်ငန်းကိစ္စတွေမှာပါ ဆောင်ရွက်နိုင်ကြရင် သတိ၊ ပညာရဲ့အကျိုးတွေကို ကောင်းကောင်းကြီး သိလာရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကြိုးဖြတ်စကားလေး

"သင်ဟာ ဘာလုပ်ပြီး လှည့်လည်နေတာလဲ။ သံယောဇဉ်လေးကိုတောင် မဖြတ်နိုင်ဘူးလား။"

အထက်ပါစကားလေးကို ပြောလိုက်သူက ကုမာရကဿပမထေရ် ဖြစ်ပါတယ်။ အပြောခံရသူက ကုမာရကဿပ မထေရ်ရဲ့ မယ်တော် ဘိက္ခုနီ ဖြစ်ပါတယ်။ မယ်တော်ဘိက္ခုနီဟာ ရာဇဂြိုဟ်မြို့က သူဌေးသမီး ဖြစ်ပါတယ်။ တတ်သိနားလည်တဲ့ အရွယ် ရောက်တဲ့အခါက စပြီး သူဌေးသမီးက ဘိက္ခုနီဝတ်ဖို့ တောင်းဆိုပါတယ်၊ သူမဟာ အဖန်ဖန် တောင်းဆိုပေမယ့်လည်း မိဘတွေထံက ဘိက္ခုနီဝတ်ခွင့် မရပါ။ အရွယ် ရောက်တဲ့အခါ လင့်အိမ်ကို သွားရပြီး လင်ကို နတ်ကဲ့သို့ လုပ်ကျွေးတဲ့ မိန်းမဖြစ်ကာ လူ့ဘောင်မှာ နေပါတယ်။ အဲဒီအခါ မကြာခင်မှာပဲ သူမ ဝမ်းဗိုက်မှာ ကိုယ်ဝန်တည်ပါတယ်။ သူမဟာ ကိုယ်ဝန်တည်မှန်း မသိဘဲသာ လင်ကို ကျေနပ်စေပြီး ဘိက္ခုနီဝတ်ဖို့ ခွင့်တောင်းပါတယ်။ အဲဒီအခါ သူမကို လင်က ကြီးကျယ်တဲ့ ပူဇော်မှုနဲ့ ဘိက္ခုနီမကျောင်းသို့ ခေါ်ဆောင်သွားပါတယ်။ မသိဘဲ ဒေဝဒတ်အသင်းဝင် ဘိက္ခုနီတွေထံ ဘိက္ခုနီ ဝတ်ပေးလိုက်ပါတယ်။ နောင်အခါမှာ ဘိက္ခုနီတွေက သူမမှာ



ကိုယ်ဝန်တည်နေတာကို သိသွားကြပါတယ်။ အဲဒီဘိက္ခုနီတွေက "ဒါက ဘာလဲ" လို့ မေးကြပါတယ်။

"ဒါက ဘာလဲလို့ တပည့်တော် မသိပါ။ တပည့်တော်ရဲ့ သီလ ကတော့ တကယ့်ကို မကျိုးပျက်တာပါပဲ" လို့ သူမက ပြောပါတယ်။ ဘိက္ခုနီတွေက အဲဒီဘိက္ခုနီမကို ဒေဝဒတ်ထံ ခေါ်ဆောင်သွားပြီး ဒီလို မေးကြပါတယ်၊

"ဒီဘိက္ခုနီဟာ သဒ္ဓါတရားနဲ့ ဝတ်ခဲ့သူ ဖြစ်ပါတယ်။ ဒီဘိက္ခုနီမှာ ကိုယ်ဝန်တည်နေတာကို တပည့်တော်တို့ သိကြပါတယ်။ အချိန်ကို မသိကြပါ။ တပည့်တော်တို့ဟာ အခုအခါ ဘာကို လုပ်ကြရပါမလဲ။"

ဒေဝဒတ်က "ငါ့ဩဝါဒကို လိုက်နာကြတဲ့ ဘိက္ခုနီတွေမှာ နာမည် မပျက်ပါစေနဲ့" လို့ ဒီလောကကိုသာ ကြံစည်ပြီး "အဲဒီဘိက္ခုနီကို လူထွက်ခိုင်းလိုက်ကြ" လို့ ပြောပါတယ်။ အဲဒီစကားကို ကြားရပြီး အဲဒီ ဘိက္ခုနီက ဒီလို ပြောပါတယ်။

"အရှင်မတို့၊ တပည့်တော်ကို မဖျက်ဆီးကြပါနဲ့။ တပည့်တော်တာ ဒေဝဒတ်ကို ရည်စူးပြီး ဘိက္ခုနီဝတ်ခဲ့တာ မဟုတ်ပါ၊ လာကြပါ၊ တပည့်တော်ကို ဘုရားရှင်ထံ ဇေတဝန်ကျောင်းသို့ ပို့ဆောင်ကြပါ။"

ဘိက္ခုနီတွေက အဲဒီဘိက္ခုနီကို ခေါ်ဆောင်ပြီး ဇေတဝန်ကျောင်းသို့ သွားကာ ဘုရားရှင်အား လျှောက်ထားကြပါတယ်။

ဘုရားရှင်က အဲဒီဘိက္ခုနီမှာ လူဝတ်ကြောင်ဘဝတုန်းက ကိုယ်ဝန်တည်ခဲ့တာကို သိပေမယ့်လည်း သူတစ်ပါးစွပ်စွဲမှုမှ လွတ်မြောက်အောင် ပသေနဒီကောသလမင်း၊ အနာထပိဏ်ကြီး၊ အနာထပိဏ်ငယ်၊ ဝိသာခါနဲ့ အခြားအမျိုးကြီးတွေကိုပါ အခေါ်ခိုင်းပြီး ဥပါလိမထေရ်ကို ဒီလို စေခိုင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဥပါလိ၊ သင် သွားပါ။ ဒီဘိက္ခုနီငယ်ရဲ့အမှုကို ပရိသတ် (၄) ပါး အလယ်မှာ ရှင်းပေးလိုက်ပါ။"

ဥပါလိမထေရ်က ကောသလမင်းရဲ့ရှေ့မှာ ဝိသာခါကို အခေါ် ခိုင်းပြီး အဲဒီပြဿနာကို လက်ခံခိုင်းပါတယ်။ ဝိသာခါက ကန့်လန့်ကာ ကို အကာရံ ခိုင်းပါတယ်။ ကန့်လန့်ကာအတွင်းမှာ အဲဒီဘိက္ခုနီငယ်ရဲ့ လက်၊ ခြေ၊ ချက်၊ ရင်အဆုံးတွေကို ကြည့်ရှုပါတယ်။ လ၊ နေ့တွေကို ပေါင်းစပ်ပြီး "ဒီဘိက္ခုနီဟာ လူဝတ်ကြောင်ဘဝမှာ ကိုယ်ဝန်ကို ရခဲ့ တယ်" လို့ သိသွားပါတယ်။ ဥပါလိမထေရ်အား အဲဒီအကြောင်းကို ပြောပြပါတယ်။ အဲဒီအခါ ဥပါလိမထေရ်က ပရိသတ်အလယ်မှာ အဲဒီ ဘိက္ခုနီ အပြစ်စင်ကြယ်ကြောင်းကို အတည်ပြုပေးလိုက်ပါတယ်။ အဲဒီ ဘိက္ခုနီဟာ နောင်အခါ ပဒုမုတ္တရဘုရားရှင့် ခြေရင်းမှာ ဆုတောင်းခဲ့တဲ့ တန်ခိုးကြီးသားကို ဖွားမြင်ပါတယ်။

တစ်နေ့မှာ ကောသလမင်းက ဘိက္ခုနီတွေကျောင်းအနီးက သွား တဲ့အခါ ကလေးအသံကို ကြားရလို့ "ဒီအသံက ဘာလဲ" လို့ မေးပါ တယ်။ "အရှင်မင်း၊ ဘိက္ခုနီတစ်ပါးမှာ သားလေး မွေးဖွားထားပါတယ်။ အဲဒီအသံက အဲဒီကလေးရဲ့ အသံပါ"လို့ ပြောကြပါတယ်။ အဲဒီကလေး ကို သူ့နန်းတော်သို့ သယ်ဆောင်သွားပြီး အထိန်းတော်တွေအား ပေး လိုက်ပါတယ်။ နာမည်ယူရာနေ့မှာ အဲဒီကလေးအား 'ကဿပ' လို့ အမည်မှည့်ပေးပါတယ်။ မင်းသားအစောင့်အရှောက်နဲ့ ကြီးပြင်းလာလို့ ကုမာရကဿပလို့ လူတွေ သိကြပါတယ်။ အဲဒီကလေးက ကစားဝိုင်း မှာ ကလေးတွေကို ရိုက်ပုတ်တဲ့အခါ "မိဘမရှိသူက ငါတို့ကို ရိုက်ပုတ် တယ်" လို့ ပြောကြပါတယ်။ ကောသလမင်းထံ ချဉ်းကပ်ပြီး ကုမာရ ကဿပ ဒီလို ပြောပါတယ်။



"အရှင်မင်း၊ ကျွန်တော့်ကို မိဘမဲ့သူလို့ ပြောကြပါတယ်။ ကျွန်တော့် ရဲ့အမေကို ပြောပြကြပါ။"

ကောသလမင်းက အထိန်းတော်တွေကို ပြပြီး "ဒီအထိန်းတော် တွေက သင့်ရဲ့ အမေတွေပဲ" လို့ ပြောပါတယ်။

ကုမာရကဿပက ဒီလို ပြန်ပြောပါတယ်။

"ကျွန်တော်ရဲ့အမေတွေက ဒီလောက် မရှိပါ။ ကျွန်တော့်ရဲ့အမေ ဟာ တစ်ယောက်ပဲ ဖြစ်ရပါမယ်။ အဲဒီအမေကို ကျွန်တော့်အား ပြောပြ ကြပါ။"

ကောသလမင်းက 'ဒီကုမာရကဿပကို လှည့်စားဖို့ မစွမ်းနိုင်'လို့ ကြံကာ ဒီလို ပြောပါတယ်။

"ချစ်သား၊ သင့်ရဲ့အမေက ဘိက္ခုနီပဲ။ သင့်ကို ငါက ဘိက္ခုနီတွေ ရဲ့ ကျောင်းမှ ခေါ်ဆောင်ထားတယ်။"

ကုမာရကဿပဟာ အဲဒီလောက်နဲ့ပဲ သံဝေဂ ဖြစ်ပေါ်လာကာ "ဖခင်၊ ကျွန်တော်ကို ကိုရင်ဝတ်ပေးပါ" လို့ ပြောပါတယ်။ ကောသလ မင်းက "ကောင်းပြီ ချစ်သား" လို့ပြောပြီး ကုမာရကဿပကို ကြီးကျယ် တဲ့ ပူဇော်မှုနဲ့ ဘုရားရှင်ထံ ကိုရင်ဝတ်ပေးလိုက်ပါတယ်။ သူဟာ ရဟန်း အဖြစ်ကို ရရှိပြီး ကုမာရကဿပမထေရ်လို့ ထင်ရှားပါတယ်။ သူဟာ ဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းယူပြီး တောသို့ ဝင်ကာ အားထုတ်ပါတယ်။ တရားထူးကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်လို့ 'တစ်ဖန် ကမ္မဋ္ဌာန်းကို အထူး ပြုကာ ယူမယ်' လို့ တွေးပြီး ဘုရားရှင်ထံ သွားကာ အန္ဓတောမှာ နေပါ တယ်။"

ကဿပဘုရားလက်ထက်မှာ ရဟန်းတရားကို တစ်ပေါင်းတည်း အားထုတ်ပြီး အနာဂါမိဗိုလ်သို့ ရောက်ကာ ဗြဟ္မာ့ပြည်မှာ ဖြစ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းက ဖြဟ္မာ့ပြည်မှ လာပြီး ပြဿနာ (၁၅) ရပ်ကို ကုမာရကဿပ မထေရ်ကို မေးပါတယ်။ "ဒီပြဿနာတွေကို ဘုရားမှတစ်ပါး အခြားသူ ဖြေဆိုနိုင်တယ်ဆိုတာ မရှိပါ။ သင်ဟာ သွားပါ။ ဘုရားရှင်ထံမှ ဒီပြဿနာ တွေရဲ့ အနက်အဓိပ္ပာယ်ကို သင်ယူပါ" လို့ ပြောကာ စေလွှတ်လိုက်ပါ တယ်။ အဲဒီမထေရ်က အဲဒီအတိုင်း ပြုလုပ်ပြီး ပြဿနာအဖြေရဲ့အဆုံး မှာ ရဟန္တာဖြစ်သွားပါတယ်။ အဲဒီမထေရ် ထွက်သွားရာနေ့က စပြီး (၁၂) နှစ်တို့ပတ်လုံး မိခင်ဘိက္ခုနီရဲ့ မျက်စိတွေမှ မျက်ရည်တွေ ယိုစီး ကျနေကြပါတယ်။ မိခင်ဘိက္ခုနီဟာ သားနဲ့ ကွဲကွာရလို့ ဒုက္ခရောက် ကာ မျက်ရည်တွေ စိုရွှဲနေသည်သာဖြစ်တဲ့ မျက်နှာနဲ့ ဆွမ်းခံလှည့်လည် နေပါတယ်။ လမ်းခရီးအကြားမှာ သားမထေရ်ကို မြင်မြင်ချင်းပဲ "သား၊ သား" လို့ အော်ဟစ်ပါတယ်။ သားကို ဖမ်းယူဖို့ ပြေးသွားတဲ့အခါ လှည့် ပြီး လဲကျပါတယ်။ မိခင်ဟာ နို့ရည်ထွက်နေတဲ့ နို့တွေနဲ့ ထပြီး သင်္ကန်းစို နဲ့ သွားကာ သားမထေရ်ကို ဖမ်းကိုင်ပါတယ်။ သားမထေရ်က ဒီလိုကြံစည် ပါတယ်။

'ဒီမိခင်ဘိက္ခုနီဟာ ငါ့ထံက ချိုသာတဲ့စကားကို ရသွားရင် ပျက်စီး လိမ့်မယ်။ ကြမ်းကြမ်းတမ်းတမ်း စကားကိုသာ ပြုလုပ်ပြီး ဒီမိခင်ဘိက္ခုနီ နဲ့အတူ စကားပြောမယ်။'

အဲဒီလို ကြံစည်ကာ အစဆုံးမှာ ဖော်ပြခဲ့တဲ့ စကားလေးကို မထေရ် က ပြောကြားလိုက်ပါတယ်။ မထေရ်ရဲ့ အဲဒီသံယောဇဉ်ပြတ် စကားကို ကြားရပြီး ဒီလို ကြံစည်ပါတယ်။

"ဩော်၊ သားမထေရ်ရဲ့စကားဟာ ကြမ်းတမ်းလေစွ။"

အဲဒီလို ကြံစည်ပြီး ဒီလို မေးလိုက်ပါတယ်။

"ချစ်သား၊ သင်ဟာ ဘယ်လိုစကားကို ပြောလိုက်တာလဲ။"



သားမထေရ်က အဲဒီအတိုင်းပဲ ထပ်ပြီး ပြောလို့ ဒီလိုကြံစည်ပါ တယ်။

'ငါဟာ ဒီသားမထေရ်ကြောင့် (၁၂) နှစ်တို့ ပတ်လုံး မျက်ရည် မဆည်နိုင် ဖြစ်ခဲ့ရတယ်။ ဒီသားမထေရ်ကတော့ ဒီလိုကြမ်းတမ်းတဲ့ နှလုံးသား ရှိတယ်။ ငါဟာ ဒီသားမထေရ်နဲ့ ဘာအကျိုးရှိမှာလဲ။'

အဲဒီလို ကြံစည်ကာ သားအပေါ် သံယောဇဉ်ကို ဖြတ်တောက်ပြီး အဲဒီနေ့မှာပဲ ရဟန္တာဖြစ်သွားပါတယ်။ (မ္ဂဝဏ၊ ၄၊ ၃၊ ၉၂)

သားမထေရ်ရဲ့ သံယောဇဉ်ဖြတ်ဖို့ ပြောလိုက်တဲ့ စကားလေး တစ်ခွန်းကြောင့် မိခင်ဘိက္ခုနီဟာ သံယောဇဉ်ကြိုးကို ဖြတ်တောက်နိုင် ခဲ့ပါတယ်။ သားမထေရ်ရဲ့ အဲဒီစကားလေးကို ကြားရစဉ်မှာ အခံရ ခက်လှပေမယ့် အကျိုးသက်ရောက်မှုကတော့ ကြီးမားလှပါပေတယ်။ သားသံယောဇဉ်အပျော်ထက် မနှိုင်းယှဉ်နိုင်လောက်အောင် သာလွန် တဲ့ အရဟတ္တဖိုလ် ချမ်းသာအပျော်နဲ့ ပျော်ရွှင်သွားနိုင်ပါတော့တယ်။ သားမထေရ်ရဲ့ သံယောဇဉ်ပြတ် စကားလေးထဲမှာ မေတ္တာ ကရုဏာ တွေ နက်ရှိုင်းစွာ ပါဝင်နေပါတယ်။ သားမထေရ်ရဲ့ စကားလေးဟာ ကြမ်းတမ်းခက်ထန်နေပေမယ့် သားရဲ့ နှလုံးသားကတော့ မေတ္တာ၊ ကရုဏာ၊ ပညာတွေ အပြည့်ပါဝင်နေတာမို့ နူးညံ့ သိမ်မွေ့နေပါတယ်။ သူ့မိခင် ထင်မှတ်နေသလို ကြမ်းတမ်းခက်ထန် မနေပါ။ မိခင်ဘိက္ခုနီက သားရဲ့နှလုံးသားကို မာကျောတယ်လို့ ထင်မှတ်နေပေမယ့် တကယ်တော့ သားမထေရ်ရဲ့ နှလုံးသားဟာ အလွန်အကဲ ပျော့ပျောင်းလျက် ရှိနေပါ တယ်။ သားမထေရ်က မိခင်အပေါ် အရှည်မြော်ပြီး မြင်တဲ့ ပညာပါတဲ့ မေတ္တာနဲ့ မိခင်ကို ချစ်ခင်တာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## သူဌေးရဲ့စကားလေးတစ်ခွန်း

"ရွှံ့ညွန်တွေ ခြေထောက်မှာ ပေနေတဲ့ ဒီလူဟာ ညအခါမှာ လှည့်လည်ပြီး နေ့အခါမှာ လဲလျောင်းနေတဲ့လူ ဖြစ်လိမ့်မယ်။"

အဲဒီစကားလေးတစ်ခွန်းကို ပြောလိုက်သူက ကဿပဘုရားရှင် လက်ထက်က သုမင်္ဂလသူဌေး ဖြစ်ပါတယ်။ အပြောခံရသူက သူခိုး တစ်ယောက် ဖြစ်ပါတယ်။ သုမင်္ဂလသူဌေးက ရွှေအုဌ်တွေနဲ့ မြေကြီးကို ခင်းကာ ဥသဘ (၂၀) ကျယ်ဝန်းတဲ့အရပ်မှာ အဲဒီဥသဘ (၂၀) အတိုင်း အတာ ရှိတဲ့ ဥစ္စာနဲ့ပဲ ကျောင်းကို ဆောက်လုပ်ခိုင်းပါတယ်။ အဲဒီလောက် အတိုင်းအတာ ရှိတဲ့ ဥစ္စာနဲ့ပဲ ကျောင်းပူဇော်ပွဲကို ပြုလုပ်ပါတယ်။ သူဌေးဟာ တစ်နေ့မှာ နံနက်စောစောပဲ ဘုရားရှင်ထံ သွားပါတယ်။ မြို့တံခါးနားက ဇရပ်တစ်ခုမှာ ဖန်ရည်ဆိုးအဝတ်နဲ့ ဦးခေါင်းပါ ခြုံထားပြီး ရွှံ့ညွန်တွေ ပေနေတဲ့ ခြေထောက်တွေနဲ့ လဲလျောင်းနေတဲ့ သူခိုး တစ်ယောက်ကို မြင်သွားပါတယ်။ မြင်လို့ အထက်ပါစကားလေး တစ်ခွန်း ကို ပြောလိုက်ပါတယ်။

သူခိုးက မျက်နှာကို ဖွင့်ပြီး သူဌေးကို ကြည့်လိုက်ပါတယ်။ 'ရှိပါ စေ၊ သင့်အပေါ် ပြုလုပ်ထိုက်တာကို ငါ သိမယ်' လို့ တွေးကာ ရန်ငြိုးဖွဲ့ ပြီး (၇) ကြိမ်တိုင်တိုင် လယ်ကို မီးရှို့ပါတယ်။ (၇) ကြိမ်တိုင်တိုင် နွားခြံ



တ နွားတွေရဲ့ ခြေထောက်တွေကို ဖြတ်တောက်ပါတယ်။ (၇) ကြိမ်တိုင် တိုင် အိမ်ကို မီးရှို့ပါတယ်။ သူခိုးဟာ အဲဒီလောက်နဲ့လည်း ဒေါသငြိမ်း သွားအောင် မတတ်နိုင်လို့ အဲဒီသူဌေးရဲ့ အလုပ်အကျွေးငယ်နဲ့အတူ မိတ်ဆွေဖွဲ့ကာ ဒီလို မေးပါတယ်။

"သင့်ရဲ့သူဌေးက ဘာကို ချစ်မြတ်နိုးသလဲ။"

"ဂန္ဓကုဋီကျောင်းတော်ထက် ပိုချစ်တဲ့အခြားအရာ သူ့မှာမရှိပါ"

အဲဒီစကားကို ကြားရပြီး သူခိုးက ဒီလို တွေးပါတယ်။

"ရှိပါစေ၊ ဂန္ဓကုဋီကျောင်းတော်ကို မီးရှို့ပြီး ဒေါသကို ငြိမ်းအောင် လုပ်မယ်။"

အဲဒီလိုတွေးကာ ဘုရားရှင် ဆွမ်းခံဝင်တဲ့အခါ သောက်ရေအိုး၊ သုံးရေအိုးတွေကို ရိုက်ခွဲပါတယ်။ ဂန္ဓကုဋီကျောင်းတော်ကို မီးရှို့ပါ တယ်။ သူဌေးက "ဂန္ဓကုဋီကျောင်းတော်ကို မီးရှို့ခံရသတဲ့"လို့ ကြားရပြီး လာတဲ့အခါ မီးလောင်နေတဲ့အခါ လာကာ ဂန္ဓကုဋီကျောင်း မီးလောင် နေတာကို ကြည့်ရှုပါတယ်။

သူဌေးမှာ သားမြီးဖျားလောက်တောင်မှ စိတ်မကောင်း မဖြစ်ပါ။ ဆယ်ဘက်လက်မောင်းကို ကွေးပြီး ညာဘက်လက်နဲ့ အကြီးအကျယ် လက်ခမောင်းခတ်လိုက်ပါတယ်။ အနီးမှာ ရပ်တည်နေတဲ့ လူတွေက သူ့ကို ဒီလို မေးကြလို့ ဒီလို ဖြေလိုက်ပါတယ်။

"အို အရှင်၊ ဒီလောက်ဥစ္စာကို စွန့်လွှတ်ပြီး ဆောက်လုပ်ထားတဲ့ ဂန္ဓကုဋီကျောင်းတော်ကို မီးလောင်တဲ့အခါ ဘာလို့ သင်က လက် ခမောင်းခတ်ရတာလဲ။"

"မိတ်ဆွေတို့၊ ငါဟာ ဒီလောက်ဥစ္စာကို မီးစသည်တွေနဲ့ မဆက်ဆံ တဲ့ ဘုရားသာသနာမှာ မြှုပ်နှံခွင့်ကို ရခဲ့ပါတယ်။ တစ်ဖန်လည်း အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက် ဥစ္စာကို စွန့်လွှတ်ပြီး ဘုရားရှင်အတွက် ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လုပ်ခွင့် ရတော့မယ်လို့ တွေးကာ ဝမ်းသာကျေနပ်ပြီး လက်ခမောင်း ခတ်တာ ဖြစ်ပါတယ်။"

အဲဒီသူဌေးက တစ်ဖန် အဲဒီလောက်ဥစ္စာကို စွန့်လွှတ်ပြီး ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လုပ်ကာ ရဟန်း (၂) သောင်း အခြံအရံရှိတဲ့ ဘုရားရှင်အား အလှူကို လှူခဲ့ပါတယ်။ အဲဒီအလှူကို ကြည့်ပြီး သူခိုးက ဒီလို ကြံစည်ပါတယ်။

"ငါဟာ ဒီသူဌေးကို မသတ်ဘဲ မျက်နှာမသာမယာဖြစ်အောင် မလုပ်နိုင်အံ့။ ရှိပါစေ၊ ဒီသူဌေးကို ငါဟာ သတ်မယ်။"

အဲဒီလို ကြံစည်ပြီး ဓားမြှောင်ကို အဝတ်ကြားမှာ နှောင်ဖွဲ့ကာ (၇)ရက်ပတ်လုံး ကျောင်းမှာ လှည့်လည်ပေမယ့် အခွင့် မရပါ။ သူဌေးကြီးကလည်း (၇)ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူလှူကာ ဘုရားရှင်ကို ရှိခိုးပြီး ဒီလို လျှောက်ပါတယ်။

"မြတ်စွာဘုရား၊ ယောကျ်ားတစ်ယောက်က တပည့်တော်ရဲ့ လယ်ကို (၇) ကြိမ် မီးရှို့ခဲ့ပါတယ်။ နွားခြံက နွားတွေရဲ့ ခြေထောက်တွေကို (၇) ကြိမ် ဖြတ်တောက်ခဲ့ပါတယ်။ အိမ်ကို (၇) ကြိမ် မီးရှို့ပါတယ်။ အခု ဂန္ဓကုဋိကျောင်းတော်ကိုလည်း အဲဒီယောကျ်ားကပဲ မီးရှို့တာ ဖြစ်ပါလိမ့်မယ်။ တပည့်တော်ဟာ ဒီအလှူပွဲမှာ အဲဒီယောကျ်ားအား ရှေးဦးစွာ အမျှပေးဝေပါတယ်။"

အဲဒီစကားကို ကြားရပြီး သူခိုးဟာ ဒီလို ကြံပါတယ်။

"ငါဟာ ဝန်လေးတဲ့ အမှုကို ပြုမိလေစွ။ ဒီလို အပြစ်ကျူးလွန်နေတဲ့ ငါ့အပေါ် ဒီသူဌေးမှာ အမျက်ဒေါသလေးတောင် မရှိ။ ဒီအလှူမှာလည်း ငါ့အားသာ ရှေးဦးစွာ အမျှပေးဝေတယ်။ ငါဟာ သူ့အပေါ်



အပြစ်မှားမိတယ်။ ဒီလိုယောကျ်ားကို ငါဟာ မတောင်းပန်ရင် ငါ့ရဲ့ဦးထိပ်ပေါ်မှာ နတ်ဒဏ်ဟာလည်း ကျနိုင်ပေတယ်။"

အဲဒီလို ကြံစည်ပြီး သွားကာ သူဌေးရဲ့ခြေရင်းမှာ ပျပ်ဝပ်ပြီး "အို အရှင်၊ အကျွန်ုပ်အား သည်းခံပါ" လို့ ပြောပါတယ်။ သူဌေးက "ဒါက ဘာလဲ" လို့ မေးတဲ့အခါ သူခိုးက "အို အရှင်၊ အကျွန်ုပ်ဟာ ဒီလို မသင့်တော်တဲ့အမှုကို ပြုလုပ်မိပါတယ်။ အကျွန်ုပ်အား သည်းခံပါ" လို့ ပြောပါတယ်။ သူဌေးက သူခိုးကို "သင်ဟာ ငါ့အပေါ် ဒီအမှု၊ ဒီအမှုတွေကို ပြုလုပ်ပါသလား" လို့ အလုံးစုံကို မေးပါတယ်။ "ဟုတ်ပါတယ်။ အကျွန်ုပ် လုပ်ပါတယ်" လို့ ဖြေပါတယ်။ "သင့်ကို ငါဟာ အရင်က မတွေ့ဖူးပါ။ ဘာကြောင့် ငါ့ကို စိတ်ဆိုးပြီး ဒီလို လုပ်ပါသလဲ" လို့ မေးပါတယ်။ သူဟာ တစ်နေ့မှာ မြို့မှ ထွက်လာတဲ့အခါ သူဌေးက သူ့ကို ပြောလိုက်တဲ့ စကားကို သတိဖော်ပေးလိုက်ပါတယ်။ "အဲဒီအကြောင်းကြောင့် သင့်အပေါ် ဒေါသထွက်ပါတယ်" လို့ ပြောပါတယ်။ သူဌေးက မိမိပြောခဲ့တဲ့ စကားကို အမှတ်ရပြီး "မိတ်ဆွေ၊ ဟုတ်ပါတယ်။ ငါဟာ ပြောမိပါတယ်။ ငါ့ကို သည်းခံပါ" လို့ ပြောကာ သူခိုးကို တောင်းပန်ပါတယ်။ "မိတ်ဆွေ၊ ထပါ။ ငါ့ကို သည်းခံပါ။ မိတ်ဆွေ၊ သွားပါ" လို့ ပြောပါတယ်။ သူခိုးက ဒီလို ပြောပါတယ်။

"အို အရှင်၊ အကျွန်ုပ်ကို သည်းခံရင် သား၊ သမီး၊ ဇနီးကိုရော အကျွန်ုပ်ကိုပါ သင့်အိမ်မှာ ကျွန်လုပ်ပါ။"

"မိတ်ဆွေ၊ ငါက ဒီလောက်ပြောတဲ့အခါ ဒီလိုဖြတ်တောက်မှုကို သင်ဟာ ပြုလုပ်ခဲ့ပါတယ်။ အိမ်မှာ နေတဲ့ သင်နဲ့အတူ ဘာစကားကိုမှ ပြောဖို့ မစွမ်းနိုင်ပါ။ သင်ဟာ ငါ့အိမ်မှာ နေဖို့ ကိစ္စမရှိပါ။ ငါ့ကို သည်းခံပါ။ သင် သွားပါ မိတ်ဆွေ။"

www.burmeseclassic.com

www.burmeseclassic.com



သူခိုးဟာ အဲဒီကံကို ပြုလုပ်ပြီး သေသွားတဲ့အခါ အဝီစိငရဲမှာ ဖြစ်ရပါတယ်။ ကာလကြာရှည်စွာ ငရဲမှာ ကျက်ရပါတယ်။ အကျိုး ကြွင်းအရ ဂိဇ္ဈကုဋ်တောင်မှာ စပါးကြီးမြွေပြိတ္တာ ဖြစ်နေရပါတယ်။

(ဓမ္မပဒ၊ ၄၊ ဒု၊ ၃၉)

ဇရပ်မှာ သူဌေးရဲ့ အမှုမဲ့၊ အမှတ်မဲ့ ပြောမိတဲ့ စကားလေးတစ်ခွန်း ကြောင့် ဆိုးကျိုးမျိုးစုံကို သူဌေးမှာ တွေ့ကြုံလိုက်ရပါတယ်။ အသက် မခံရလို့ တော်ပါသေးတယ်။ သူခိုးအား အမှုပေးဝေတဲ့ စကားလေး ကြောင့် သူဌေးမှာ အသက် အသတ်မခံရတော့တဲ့အပြင် သူခိုးက သူဌေး အား ဝန်ချတောင်းပန်မှုတောင် ပြုလုပ်ပါသေးတယ်။ ကျွန်ခံမယ့် အကြောင်းကိုတောင် ပြောနေပါသေးတယ်။ အမှုပေးဝေတဲ့ စကား လေးတစ်ခွန်းက သူဌေးရဲ့ အသက်ကို ကယ်ဆယ်လိုက်ပါတယ်။ စကား လေးတစ်ခွန်းဟာ အသက်ကို သေစေနိုင်သလို အသက်ကို ကယ်လည်း ကယ်နိုင်ပါပေတယ်။ စကားလေးတစ်ခွန်းပင် ဖြစ်ပါစေ သတိလွတ်ကာ မပြောသင့်ကြောင်းကို ဒီအဖြစ်အပျက်က သတိပေးနေပါတယ်။

## သိတော့လည်း လွယ်သွားတယ်

*"ရဟန်း၊ သင်ဟာ ဒီပဒုမ္မာကြာပန်းကို ယူပြီး ကျောင်းအစွန်က သဲပုံမှာ တည်စေကာ မျက်မှောက်နေရာမှာ တင်ပျဉ်ခွေထိုင်ကာ 'အနီ၊ အနီ' လို့ ကြည့်ရှုဆင်ခြင် နှလုံးသွင်းမှုကို အထပ်ထပ် ပြုလုပ်ပါ။"*

ဘုရားရှင်က ရွှေပန်းတိမ်သည်သား ရဟန်းလေးအား မိန့်ကြား လိုက်ပါတယ်။ အဲဒီရဟန်းလေးဟာ အလွန်ရုပ်လှပါတယ်။ အရှင် သာရိပုတ္တရာထံ ရဟန်းဝတ်ခဲ့ပါတယ်။ အရှင်သာရိပုတ္တရာက "ငယ်ရွယ် သူတွေမှာ ရာဂအဖြစ် များတယ်" လို့ တွေးပြီး အဲဒီရဟန်းလေးအား ရာဂကို ပယ်သတ်ဖို့ အသုဘကမ္မဋ္ဌာန်း (ခန္ဓာကိုယ်ရဲ့ မတင့်တယ်ရုံ စဖွယ်ကို ဆင်ခြင်မှု) ကို ပေးလိုက်ပါတယ်။ ဒါပေမဲ့ အဲဒီကမ္မဋ္ဌာန်းက အဲဒီရဟန်းလေးအား မသင့်လျော်ပါ။ ဒါကြောင့် တောသို့ ဝင်ပြီး (၃) လ အားထုတ်တဲ့အခါ စိတ်တည်ကြည်မှု သမာဓိကိုတောင် မရပါ။ တစ်ဖန် အရှင်သာရိပုတ္တရာမထေရ်ထံ လာပြီး အရှင်သာရိပုတ္တရာက "ငါ့ရှင်၊ သင့်မှာ ကမ္မဋ္ဌာန်းဟာ ကပ်ကာ တည်ရဲ့လား" လို့ ရဟန်းငယ်က အဲဒီ ဖြစ်ပုံကို လျှောက်ထားပြပါတယ်။ အဲဒီအခါ ရဟန်းငယ်အား မထေရ် က "ကမ္မဋ္ဌာန်း မပြီးစီး၊ မပြည့်စုံလို့ တွေးကာ အားမလျှော့သင့်ပါ" လို့

www.burmeseclassic.com

www.burmeseclassic.com



မိန့်ပြီး တစ်ဖန် အဲဒီကမ္မဋ္ဌာန်းကိုပဲ ကောင်းကောင်း ဟောပြကာ ပေး လိုက်ပါတယ်။

ရဟန်းငယ်ဟာ ဒုတိယအကြိမ်မှာလည်း တရားထူး တစ်စုံတစ်ခု ကို မဖြစ်စေနိုင်ပါ။ ဒါကြောင့် လာပြီး မထေရ်အား လျှောက်ပြပါတယ်။ အဲဒီအခါ မထေရ်ကလည်း ရဟန်းငယ်အား အကြောင်းဥပမာတွေပါ ပြကာ အဲဒီကမ္မဋ္ဌာန်းကိုပဲ ပြောပြပါတယ်။ ရဟန်းငယ်ဟာ နောက်ထပ် လည်း လာပြီး ကမ္မဋ္ဌာန်း မပြီးစီး၊ မအောင်မြင်ကြောင်းကို လျှောက်ထား ပါတယ်။ မထေရ်က ဒီလို ကြံစည်ပါတယ်။

"တရားအလုပ် လုပ်တဲ့ ရဟန်းဟာ မိမိမှာ ထင်ရှားရှိတဲ့ ကာမစ္ဆန္ဒ စသည်တွေကို ထင်ရှားရှိတယ်လို့ သိတယ်။ မရှိရင် မရှိဘူးလို့ သိတယ်။ ဒီရဟန်းဟာ တရားအလုပ်လုပ်တဲ့ ပုဂ္ဂိုလ်ပဲ။ မလုပ်တဲ့ပုဂ္ဂိုလ် မဟုတ်။ တရားကျင့်တဲ့ ပုဂ္ဂိုလ်ပဲ။ မကျင့်တဲ့ ပုဂ္ဂိုလ် မဟုတ်။ ငါကတော့ ဒီရဟန်း ရဲ့ အလိုအဇ္ဈာသယကို မသိ။ ဒီရဟန်းဟာ ဘုရားဆုံးမမှ တရားရမယ့် ပုဂ္ဂိုလ် ဖြစ်လိမ့်မယ်။"

မထေရ်က ရဟန်းငယ်ကို ခေါ်ယူပြီး ညနေချမ်းအခါမှာ ဘုရား ရှင်ထံ ချဉ်းကပ်ပြီး "မြတ်စွာဘုရား၊ ဒီရဟန်းဟာ တပည့်တော်ရဲ့ အတူ နေ တပည့်ပါ။ ဒီရဟန်းအား တပည့်တော်က ဒီအကြောင်းကြောင့် ဒီကမ္မဋ္ဌာန်းကို ပေးခဲ့ပါတယ်"လို့ လျှောက်ကာ ဖြစ်ပုံအလုံးစုံကို လျှောက် ပြပါတယ်။ အဲဒီအခါ ရဟန်းငယ်ကို ဘုရားရှင်က ဒီလို မိန့်တော်မူပါ တယ်။

"ဒီသတ္တဝါတွေရဲ့ အကြိုက်နဲ့ ဓာတ်ခံကို သိတဲ့ ဉာဏ်ဆိုတာ ပါရမီ တွေကို ဖြည့်ပြီး လောကဓာတ်တစ်သောင်းကို ပွဲတင်ထပ်စေကာ အကုန် သိဉာဏ်သို့ ရောက်တဲ့ ဘုရားရှင်တွေရဲ့ အရာပဲ။"



အဲဒီလို မိန့်ပြီး 'ဒီရဟန်းဟာ ဘယ်အမျိုးက ရဟန်းဝတ်ခဲ့တာ သဲ' လို့ ဆင်ခြင်တော်မူတဲ့အခါ 'ရွှေပန်းထိမ်သည်အမျိုးမှ' လို့ သိသွား ပါတယ်။ အတိတ်ဘဝတွေကို ကြည့်တော်မူတဲ့အခါ အဲဒီရဟန်းငယ်ရဲ့ ရွှေပန်းထိမ်သည်အမျိုးမှာပဲ အစဉ်အတိုင်း ဘဝ (၅၀၀) ဆက်တိုက် ဖြစ် တာကို မြင်ရပါတယ်။ ပြီးတော့ အောက်ပါအတိုင်း ကြံစည်တော်မူပါ တယ်။

"ဒီရဟန်းငယ်ဟာ ကာလကြာရှည်စွာ ရွှေပန်းထိမ်သည်အလုပ် ကို လုပ်ရင်း မဟာလှေကားပန်း၊ ပဒုမ္မာကြာပန်း စသည်တွေကို ငါဟာ ပြုလုပ်မယ်လို့ ကြံပြီး နီမြန်းတဲ့ ရွှေကိုသာ အဖန်ဖန် အလေ့အလာ ပြုခဲ့တယ်။ ဒါကြောင့် ဒီရဟန်းငယ်အား မတင့်တယ်၊ ရွံစဖွယ်ကို ရှု တဲ့ အသုဘကမ္မဋ္ဌာန်းဟာ မသင့်၊ ဒီရဟန်းငယ်အား မြတ်နိုးဖွယ်သာ ဖြစ်တဲ့ ကမ္မဋ္ဌာန်းဟာ လျောက်ပတ်တယ်။"

အဲဒီလို ကြံကာ အရှင်သာရိပုတ္တရာကို ဒီလို မိန့်တော်မူပါတယ်။

"သာရိပုတ္တရာ၊ သင်ဟာ ကမ္မဋ္ဌာန်းပေးပြီး (၄) လပတ်လုံး ဒီရဟန်း ကို ပင်ပန်းစေတယ်။ အခု ဆွမ်းစားရာ ကာလနောက်ပိုင်းမှာပဲ ဒီရဟန်း ငယ် ရဟန္တာဖြစ်သွားတာကို သင် မြင်ရလိမ့်မယ်။ သင်ဟာ သွားပါ။"

အဲဒီလို မိန့်ပြီး အရှင်သာရိပုတ္တရာကို စေလွှတ်လိုက်ပါတယ်။ ဘုရားရှင်က တန်ခိုးနဲ့ စက်ဘီးလောက်ရှိတဲ့ ရွှေပဒုမ္မာကြာပန်းကို ဖန်ဆင်းလိုက်ပါတယ်။ အရွက်တွေမှရော၊ ရိုးတံတွေမှပါ ရေပေါက်တွေ ကို လွှတ်ထွက်နေသလို ဖန်ဆင်းပြုလုပ်လိုက်ပါတယ်။ အောက်ပါအတိုင်း မိန့်ကာ ပေးလိုက်ပါတယ်။

"ရဟန်း၊ ဒီပဒုမ္မာကြာပန်းကို ယူသွားပြီး ကျောင်းအစွန်က သဲပုံမှာ စိုက်ထားကာ မျက်မှောက်နေရာမှာ တင်ပျဉ်ခွေထိုင်ပြီး "အနီ၊ အနီ" လို့ ကမ္မဋ္ဌာန်းစီးဖြန်းလော့။"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီရဟန်းငယ်ဟာ ဘုရားရှင့်လက်မှ ပဒုမ္မာကြာပန်းကို ယူစဉ်မှာပဲ စိတ်ကြည်လင်သွားတယ်။ ရဟန်းငယ်ဟာ ကျောင်းအစွန်သို့ သွားပြီးသဲကို အပုံပြုကာ အဲဒီသဲပုံမှာ ပဒုမ္မာကြာရိုးကို သွင်းကာ မျက်မှောက်မှာ တင်ပျဉ်ခွေပြီး "အနီ၊ အနီ" လို့ ကမ္မဋ္ဌာန်း စီးဖြန်းပါတော့တယ်။ အဲဒီခဏမှာပဲ ရဟန်းငယ်မှာ ကိလေသာအတွေးတွေ ဝေးကွာသွားကြပါတော့တယ်။ အနီးကပ်ဈာန် ဖြစ်ပေါ်လာပါတယ်။ အဲဒီရဲ့ အခြားမဲ့မှာ ပထမဈာန်ကို ရပါတယ်။ အချင်းအရာ (၅) မျိုးနဲ့ အလေ့အလာ ပြုပါတယ်။ ထိုင်ရင်းပဲ ဒုတိယဈာန် စသည်တွေကို ရပါတယ်။ အလေ့အလာ ပြုပါတယ်။ စတုတ္ထဈာန်နဲ့ ဈာန်ကစားကာ ထိုင်နေပါတယ်။

ဘုရားရှင်က ရဟန်းငယ်မှာ ဈာန်ဖြစ်ပေါ်နေတာကို သိပြီး "ဒီရဟန်းငယ်ဟာ သူ့ဘာသာသူ အထက်တရားထူးကို ဖြစ်စေနိုင်မလား" လို့ ကြည့်တဲ့အခါ "မဖြစ်စေနိုင်အံ့" လို့ သိသွားပါတယ်။ "အဲဒီပဒုမ္မာကြာပန်းဟာ ညှိုးနွမ်းစေသတည်း" လို့ အမိဋ္ဌာန်လိုက်ပါတယ်။ အဲဒီကြာပန်းဟာ လက်တွေနဲ့ နှိပ်ချေခံတဲ့ ပဒုမ္မာကြာပန်း ညှိုးနွမ်းသလို ညှိုးမည်းသွားတယ်။ ရဟန်းငယ်ဟာ ဈာန်မှ ထပြီး အဲဒီကြာပန်းကို ကြည့်ကာ " ဒီကြာပန်းဟာ ယိုယွင်းပျက်စီးမှုဇရာက ထိပုတ်နှိပ်စက်တာ ထင်ရှားတယ်မဟုတ်လား။ သက်မဲ့ကိုတောင် ဇရာက ဒီလိုလွှမ်းမိုးနှိပ်စက်ရင် သက်ရှိခန္ဓာကိုယ်မှာ ပြောစရာစကားပင် မရှိတော့။ မှန်တယ်။ ဒီခန္ဓာကိုယ်ကိုလည်း ဇရာက လွှမ်းမိုးနှိပ်စက်လိမ့်မယ်"လို့ တွေးကာ အနိစ္စလက္ခဏာကို ရှုပါတယ်။ အနိစ္စလက္ခဏာကို မြင်ပြီးတဲ့ အခါ ဒုက္ခလက္ခဏာကိုရော၊ အနတ္တလက္ခဏာကိုပါ မြင်ပြီးသား ဖြစ်သွားပါတယ်။ အဲဒီရဟန်းငယ်မှာ ကာမ, ရူပ, အရူပ ဆိုတဲ့ ဘဝသုံးပါးတွေ



ဟာ မီးလောင်ခံရတဲ့ အနေကဲ့သို့ရော၊ လည်ပင်းမှာ ဖွဲ့ချည်ထားတဲ့ အကောင်ပုပ်တွေ အနေကဲ့သို့ပါ ထင်နေကြပါတယ်။

အဲဒီခဏမှာ အဲဒီရဟန်းငယ်အနီးရှိ လုလင်ငယ်တွေက ရေကန်တစ်ကန်ထဲ ဆင်းပြီး ပဒုမ္မာကြာပန်းတွေကို ချိုးကာ ကုန်းပေါ်မှာ အစုအပုံ ပြုလုပ်ကြပါတယ်။ ရဟန်းငယ်က ရေထဲကရော၊ ကုန်းပေါ်ကပါ ပဒုမ္မာကြာပန်းတွေကို ကြည့်ပါတယ်။ အဲဒီအခါ ရေထဲက ကြာပန်းတွေဟာ အလွန်လှပပြီး ရေယိုစီးနေကြသလို အဲဒီရဟန်းငယ်မှာ ထင်ရပါတယ်။ ကုန်းပေါ်က ကြာပန်းတွေက အဖျား၊ အဖျားတွေမှာ ညှိုးနွမ်းနေကြပါတယ်။

ရဟန်းငယ်က "သက်မဲ့ကြာပန်းကို ဇရာက ဒီလိုနှိပ်စက်တယ်။ သက်ရှိခန္ဓာကိုယ်ကိုတော့ ဘယ်မှာ မနှိပ်စက်ဘဲ ရှိမှာလဲ" လို့ တွေးကာ ပိုကောင်းစွာ အနိစ္စလက္ခဏာ စသည်တွေကို ရှုပါတယ်။ ဘုရားရှင်က "အခုအခါ ဒီရဟန်းမှာ ကမ္မဋ္ဌာန်း ထင်ရှားနေပြီ" လို့ သိကာ ဂန္ဓကုဋီကျောင်းတော်မှာ ထိုင်ရင်းပဲ ရောင်ခြည်တော်ကို လွှတ်ပါတယ်။ အဲဒီရောင်ခြည်တော်က အဲဒီရဟန်းရဲ့ မျက်နှာကို ထိခိုက်ပုတ်ခတ်ပါတယ်။ ရဟန်းငယ်က "ဒါက ဘာလဲ" လို့ ကြည့်လိုက်တဲ့အခါ ဘုရားရှင် ကြွလာပြီး မျက်မှောက်မှာ ရပ်တည်နေသလို ဖြစ်နေပါတယ်။ ရဟန်းငယ်က ထပြီး လက်အုပ်ချီလိုက်ပါတယ်။ အဲဒီအခါ ရဟန်းငယ်အား ဘုရားရှင်က သင့်လျော်တာကို မှတ်သားပြီး အောက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

"ရဟန်း၊ သင်ဟာ သရဒအခါမှာဖြစ်တဲ့ ပဒုမ္မာကြာပန်းကို လက်နဲ့ ဖြတ်လိုက်သလို သံယောဇဉ်ကို ဖြတ်လိုက်ပါ။ နိဗ္ဗာန်ကို ဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



ဟောတော်မူထားပါတယ်။ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးကိုသာ ပွားစေပါလော။”

အဲဒီဒေသနာအဆုံးမှာ အဲဒီရဟန်းငယ်ဟာ ရဟန္တာ ဖြစ်သွားပါတယ်။ (ဓမ္မပဒ၊ ၄၊ ၁၊ ၂၆၆)

သူတစ်ပါးတွေရဲ့ အလိုဆန္ဒကို သိနိုင်တဲ့ဉာဏ်ဟာ ကမ္မဋ္ဌာန်းတရားပေးရာမှာ အရေးပါလှပါတယ်။ အဲဒီဉာဏ်ကို ပိုင်ဆိုင်တဲ့ ဘုရားရှင်မှာတော့ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းပေးရာမှာ လွယ်လှပါတယ်။ အဲဒီဉာဏ်မရှိရှာတဲ့ အရှင်သာရိပုတ္တရာမှာ အခက်တွေ့နေရှာပါတယ်။ ဘုရားရှင်ရဲ့ ‘အနီ၊ အနီ’ လို့ ရှုမှတ်ဖို့ ပြောလိုက်တဲ့ စကားလေးတစ်ခွန်းဟာ ရဟန်းငယ်အတွက် အကြိုက်တွေ့သွားစေပါတယ်။ သိတော့ လွယ်ပါတယ်။ မသိတော့ ခက်ပါတယ်။ အရှင်သာရိပုတ္တရာမှာ ခက်နေပေမယ့် ဘုရားရှင်မှာတော့ လွယ်နေပါတယ်။ ဓာတ်သိတော့ အလွယ်လေး ဖြစ်နေပါတယ်။

## နိဗ္ဗာန်ဆော်

*“နည်းများမဟူ ပါဝင်လျှုဒါန်းသူ အဲဒီလူအားလုံးမှာ အကျိုးများပါစေ။”*

ပညာရှိယောက်ျားတစ်ဦးက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို မြူစုလုပ်ကျွေးပြီး ဘုရားရှင်အား အထက်ပါစကားလေးကို လျှောက်ထားလိုက်ပါတယ်။

တစ်ချိန်မှာ သာဝတ္ထိမြို့သူ၊ မြို့သားတွေက အုပ်စုဖွဲ့ကာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူလှူကြပါတယ်။ တစ်နေ့မှာ ဘုရားရှင်က အနုမောဒနာ ပြုတော်မူတဲ့အခါ အောက်ပါအတိုင်း မိန့်တော်မူပါတယ်။

“ဥပါသိကာတို့၊ ဒီလောကမှာ အချို့လူသာ ကိုယ်တိုင်သာ အလှူကို လှူတယ်။ သူတစ်ပါးကို လှူဖို့ မတိုက်တွန်း၊ အဲဒီလူဟာ ဖြစ်ရာဖြစ်ရာ အရပ်မှာ စည်းစိမ်နဲ့ ပြည့်စုံမှုကို ရတယ်။ အခြံအရံနဲ့ ပြည့်စုံမှုကို မရ။

“အချို့လူက ကိုယ်တိုင် အလှူကို မလှူ၊ သူတစ်ပါးကို လှူဖို့ တိုက်တွန်းတယ်။ အဲဒီလူဟာ ဖြစ်ရာဖြစ်ရာအရပ်မှာ အခြံအရံနဲ့ ပြည့်စုံမှုကို ရတယ်။ စည်းစိမ်နဲ့ ပြည့်စုံမှုကို မရ။

www.burmeseclassic.com

www.burmeseclassic.com



အချို့လူက ကိုယ်တိုင်လည်း မလှူ၊ သူတစ်ပါးကိုလည်း လှူဖို့ မတိုက်တွန်း၊ အဲဒီလူဟာ ဖြစ်ရာဖြစ်ရာအရပ်မှာ စည်းစိမ်နဲ့ ပြည့်စုံမှုကိုလည်း မရ၊ အခြံအရံနဲ့ ပြည့်စုံမှုကိုလည်း မရ။ သူတောင်းစားဖြစ်ကာ လှည့်လည်ရတယ်။

အချို့လူက ကိုယ်တိုင်လည်း လှူတယ်။ သူတစ်ပါးကိုလည်း လှူဖို့ တိုက်တွန်းတယ်။ အဲဒီလူဟာ ဖြစ်ရာဖြစ်ရာအရပ်မှာ စည်းစိမ်နဲ့ရော၊ အခြံအရံနဲ့ပါ ပြည့်စုံမှုကို ရတယ်။"

ပညာရှိယောကျ်ားတစ်ယောက်က အဲဒီတရားဒေသနာကို ကြားနာရပြီး "သြော်- ဒီအကြောင်းဟာ အံ့ဩဖွယ်ကောင်းပါပေစွ။ ငါဟာ အခု စည်းစိမ်နဲ့ရော အခြံအရံနဲ့ပါ ပြည့်စုံစေနိုင်တဲ့ အလုပ်ကို လုပ်မယ်" လို့ တွေးပြီး ဘုရားရှင်ကို နေရာမှ ထပြီး ကြွသွားတဲ့အခါ ဒီလိုလျှောက်ထားပါတယ်။

"မြတ်စွာဘုရား၊ နက်ဖြန်ခါ တပည့်တော်တို့ရဲ့ဆွမ်း ခံယူတော်မူကြပါ။"

"သင်က ရဟန်းဘယ်လောက် အလိုရှိတာပါလဲ။"

"ရဟန်းအားလုံးကိုပါ ဘုရား။"

ဘုရားရှင်က လက်ခံတော်မူပါတယ်။ အဲဒီပညာရှိယောကျ်ားတလည်း ရွာထဲ ဝင်ပြီး ဒီလို နှိုးဆော်လျက် လှည့်လည်ပါတယ်။

"မိခင်၊ ဖခင်တို့၊ ကျွန်တော်ဟာ နက်ဖြန်ခါမှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပင့်ဖိတ်ထားပါတယ်။ မိမိတို့ လှူနိုင်သလောက် ရဟန်းတွေအတွက် ယာဂု စသည် အကျိုးငှာ ဆန်စတဲ့ လှူဖွယ်တွေကို လှူကြပါ။ တစ်နေရာမှာ ချက်ခိုင်းပြီး အလှူကို လှူကြပါမယ်။"



အဲဒီအခါ သူဌေးတစ်ယောက်က သူ့ရဲ့ဈေးတံခါး ရောက်လာတဲ့ အဲဒီနှိုးဆော်သူကို မြင်သွားပါတယ်။ 'ဒီလူဟာ ကိုယ် တတ်နိုင်သလောက် ရဟန်းတွေကို မပင့်ဖိတ်ဘဲ တစ်ရွာလုံးကို တိုက်တွန်းကာ လှည့်လည်နေတယ်' လို့ တွေးကာ စိတ်ဆိုးပါတယ်။ "သင် ယူလာတဲ့ ခွက်ကို ဆောင်ခဲ့ပါ" လို့ ပြောပြီး လက် (၃) ချောင်းနဲ့ယူကာ ဆန်အနည်းငယ်ကို ပေးလိုက်ပါတယ်။ အဲဒီလိုပဲ လက်(၃)ချောင်းနဲ့ယူကာ ပဲနောက်၊ ပဲကြီးတွေကို လှူလိုက်ပါတယ်။ အဲဒီသူဌေးဟာ အဲဒီအချိန်ကစပြီး ကြောင်ခြေလို သူဌေးလို့ နာမည်တွင်ပါတယ်။ (လက် (၃) ချောင်းနဲ့ ဆန်ကို ယူရာ ကြောင်ခြေရာလောက် သဏ္ဌာန်ထင်သွားလို့ ကြောင်လက်သည်းသူဌေးလို့ နာမည်တွင်တယ်။) ထောပတ်၊ တင်လဲ စသည်တွေကို လှူတော့လည်း ကြုတ်ကို အိုးထဲ ထည့်ကာ တစ်ဖက်မှ အထောင့်ပြုလုပ်ပြီး အပေါက်အပေါက် ယိုကျစေလျက် အနည်းငယ်၊ အနည်းငယ်ကိုသာ ပေးလှူပါတယ်။

နိဗ္ဗာန်ဆော် ဥပါသကာက အခြားသူတွေ လှူတာကို တစ်ပေါင်းတည်း ပြုလုပ်ပြီး ဒီသူဌေး လှူတာကို သီးသန့်ပဲ ယူလာပါတယ်။ အဲဒီသူဌေးက အဲဒီနိဗ္ဗာန်ဆော်ရဲ့ အမူအရာကို ကြည့်ပြီး "ဒီလူက ငါ လှူတာကို သီးခြား ဘာကြောင့် ယူတာလဲ" လို့ တွေးကာ အဲဒီနိဗ္ဗာန်ဆော်ရဲ့ နောက်မှ နောက်မှ အလုပ်အကျွေးငယ်တစ်ယောက်ကို "သင် သွားပါ။ အဲဒီလူ လုပ်တာကို သိအောင် လုပ်ပါ" လို့ ပြောကာ စေလွှတ်လိုက်ပါတယ်။ အဲဒီနိဗ္ဗာန်ဆော်က သွားပြီး "သူဌေးအား အကျိုးများပါစေ" လို့ ကြံကာ ယာဂု၊ ထမင်း၊ မုန့်တွေအတွက် ဆန်တစ်စေ့၊ နှစ်စေ့တွေကို ထည့်ပါတယ်။ ပဲနောက်၊ ပဲကြီးတွေကိုရော ဆီ၊ တင်လဲ စသည်တွေရဲ့ အစက်အပေါက်တွေကိုပါ ခွက်အားလုံးမှာ ထည့်ပါတယ်။ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



အကျွေးငယ်က သွားပြီး သူဌေးအား ပြောပြပါတယ်။ အဲဒီစကားကို ကြားရပြီး သူဌေးက ဒီလို ကြံပါတယ်။

"ဒီလူက ပရိသတ်အလယ်မှာ ငါ့ရဲ့အပြစ်ကို ပြောရင် ငါနာမည်ကို ခေါ်ယူကာမျှမှာပဲ သူ့ကို ရိုက်ပုတ်ပြီး သတ်မယ်။"

အဲဒီလို ကြံပြီး အဝတ်ကြားမှာ ဓားမြှောင်ကို ဖွဲ့ပြီး နောက်နေ့မှာ သွားကာ ဆွမ်းစားကျောင်းမှာ ရပ်တည်ပါတယ်။ အဲဒီနိဗ္ဗာန်ဆော်က ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပြုစုလုပ်ကျွေးပြီး ဘုရားရှင်ကို ဒီလို လျှောက်ထားပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်ဟာ လူအများကို လှူဖို့ တိုက်တွန်းပြီး ဒီအလှူကို လှူပါတယ်။ ဒီအလှူမှာ တိုက်တွန်းခံရတဲ့ လူတွေက မိမိမိမိရဲ့ အင်အားအရ အများရော၊ အနည်းပါ ဆန် စသည်တွေကို လှူကြပါတယ်။ အဲဒီလှူသူအားလုံးမှာ အကျိုးများပါစေ။"

အဲဒီစကားကို ကြားရပြီး အဲဒီသူဌေးက ဒီလို ကြံပါတယ်။

"ဒီအမည်ရှိတဲ့လူက လက်ချောင်းနဲ့ ယူပြီး ဆန်စသည်တွေကို လှူပါတယ်လို့ ငါနာမည်ကို ခေါ်ဝေါ်လိုက်ရင်ပဲ ဒီလူကို ငါ သတ်မယ်လို့ ကြံကာ ငါဟာ လာခဲ့တယ်။ ဒီလူကတော့ အားလုံးကို ချိုးမြှောက်ပြီး ပြည်တောင်းစသည်တွေနဲ့ ချင်ပြီး လှူသူတွေအားရော၊ လက်ချောင်းနဲ့ ယူပြီး လှူသူတွေအားပါ အကျိုးများပါစေလို့ ပြောတယ်။ ငါဟာ ဒီလိုလူကို မတောင်းပန်ရင် ငါ့ဦးထိပ်ပေါ် မိုးကြိုး ကျလိမ့်မယ်။"

အဲဒီသူဌေးက အဲဒီနိဗ္ဗာန်ဆော်ရဲ့ ခြေရင်းမှာ လဲလျောင်းကာ "အို အရှင်၊ ကျွန်ုပ်အား သည်းခံပါ" လို့ ပြောပါတယ်။

"ဒါက ဘာပါလဲ" လို့ နိဗ္ဗာန်ဆော်က မေးတဲ့အခါ အဲဒီဖြစ်ပုံအလုံးစုံကို ပြောပြပါတယ်။ အဲဒီအမူအရာကို ကြည့်ပြီး ဘုရားရှင်က "ဒါက ဘာလဲ" လို့ နိဗ္ဗာန်ဆော်ကို မေးပါတယ်။ နိဗ္ဗာန်ဆော်က လွန်ခဲ့



တဲ့ နေ့ကစပြီး အဲဒီဖြစ်ပုံအလုံးစုံကို လျှောက်ထားပြပါတယ်။ အဲဒီအခါ သူဌေးကို ဘုရားရှင်က ဒီလို မေးပါတယ်။

"သူဌေး၊ အဲဒီအတိုင်း ဟုတ်သတဲ့လား။"

"မှန်ပါတယ် ဘုရား။"

"ဥပါသကာ၊ ကောင်းမှုဆိုတာကို အနည်းငယ်လေးပဲလို့ အထင်မသေးထိုက်ပါ။ ငါ့လို ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကို လှူပြီး အနည်းငယ်လေးပဲလို့ အထင်မသေးထိုက်ပါ။ မှန်တယ်။ ပညာရှိတဲ့လူတွေဟာ ကောင်းမှုပြုကြတဲ့အခါ ကောင်းမှုနဲ့ ပြည့်လာတာချည်းပဲ။ ဥပမာ - ဖွင့်ထားတဲ့ အိုးဟာ ရေနဲ့ အစဉ်အတိုင်း ပြည့်လာသလိုပါပဲ"

အဲဒီလို မိန့်ပြီး အနုသန္ဓေဆက်စပ်ကာ တရားဟောလိုလို့ အောက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

"ပညာရှိတဲ့လူဟာ ကောင်းမှုကို ပြုလုပ်ပြီး ငါဟာ အနည်းငယ်သော ကောင်းမှုကို ပြုလုပ်ပြီးပြီ။ အနည်းငယ်သော ကောင်းမှုက အကျိုးအဖြစ်နဲ့ လာမှာမဟုတ်။ ဒီလို ကောင်းမှုအနည်းငယ်က ဘယ်မှာ ငါ့ကို ကြည့်မှာလဲ။ ငါကလည်း အဲဒီကောင်းမှုအနည်းငယ်ကို ဘယ်မှာ ကြည့်ပါမလဲ" လို့ တွေးပြီး ကောင်းမှုကို အထင်မသေးရ။ ဖွင့်ထားတဲ့ အိုးတောင်မှ မပြတ် ရေပေါက်ကျနေရင် ပြည့်လာရသလိုပဲ ပညာရှိဟာလည်း အနည်းငယ်၊ အနည်းငယ် ကောင်းမှုကို ဆည်းပူးရင် ကောင်းမှုနဲ့ ပြည့်လာရတယ်"

တရားဒေသနာအဆုံးမှာ သူဌေးဟာ သောတာပန် ဖြစ်သွားပါတယ်။ ရောက်လာတဲ့ ပရိသတ်တွေအတွက်လည်း အကျိုးများတဲ့ တရားဒေသနာ ဖြစ်သွားပါတယ်။ (ဓမ္မပဒ၊ ၄၊ ၁၊ ၁၃)

"နည်းများမဟူ ပါဝင်လှူဒါန်းကြသူ အားလုံးမှာ အကျိုးများပါ

www.burmeseclassic.com

www.burmeseclassic.com



စေ”လို့ ပြောလိုက်တဲ့ နိဗ္ဗာန်ဆော်ရဲ့ စကားလေးတစ်ခွန်းကြောင့် သတ်မယ်လို့ ကြံရွယ်ခဲ့တဲ့ သူဌေးရဲ့အကြံအစည်ဟာ သဲထဲ ရေသွန်ပမာ ဖြစ်သွားရပါတယ်။ နိဗ္ဗာန်ဆော်ရဲ့ စေတနာ၊ မေတ္တာကြောင့် သူဌေးရဲ့ ဒေါသ ပျောက်ကွယ်သွားရပါတော့တယ်။ သူဌေးခမျာ ဝန်ချတောင်းပန်ရှာပါသေးတယ်။ နိဗ္ဗာန်ဆော်ရဲ့ မေတ္တာစကားလေးတစ်ခွန်းဟာ ဒေါသ၊ မာနတွေကြောင့် ထောင်လွှားနေတဲ့ သူဌေးကို ဂါရဝနဲ့ ညွှတ်တိုင်းသွားစေပါတယ်။ သူဌေးရဲ့ဒေါသ၊မာနတွေကြောင့် ပူလောင်နေတဲ့နှလုံးသားကို အေးမြသွားစေပါတယ်။ “ဒေါသသမားအား၊ မေတ္တာထား၊ ဘုရားအောင်ကြောင်းနည်း”ဆိုတဲ့ ဘုရားအဆုံးအမ သြဝါဒအရ နိဗ္ဗာန်ဆော်က သူဌေးအပေါ် လက်တွေ့ကျင့်သုံး ပြလိုက်တာပါပဲ။

## ဘုရားရဲ့စကားတစ်ခွန်းကြောင့်သာ

*“အာနန္ဒာ၊ တိဿရဲ့ သင်္ကန်းကို မခွဲဝေသေးဘဲ (၇) ရက်ပတ်လုံး ထားဖို့ ပြောလိုက်ပါ။”*

ဘုရားရှင်က အရှင်အာနန္ဒာအား မိန့်ကြားလိုက်တဲ့ စကားလေး ဖြစ်ပါတယ်။

သာဝတ္ထိမြို့က အမျိုးကောင်းသားတစ်ယောက်ဟာ ရှင်ဝတ်ပြီး ရဟန်းအဖြစ် ရရှိကာ တိဿမထေရ်လို့ ထင်ရှားပါတယ်။ တိဿမထေရ်ဟာ နောင်အခါမှာ ဇနပုဒ်က ကျောင်းမှာ ဝါကပ်ပြီး (၈) တောင်ရှိတဲ့ အဝတ်ထူထူကို ရပါတယ်။ ဝါကျွတ်ပြီး ပဝါရဏာပြုကာ အဲဒီအဝတ်ကို ယူသွားပါတယ်။ အစ်မရဲ့လက်ထဲ ထားလိုက်ပါတယ်။ အစ်မက “ဒီအဝတ်က ငါ့မောင်အား မလျောက်ပတ်” လို့ တွေးကာ အဲဒီအဝတ်ကို ဓားထက်ထက်နဲ့ ဖြတ်ပါတယ်။ အမျှင် အမျှင် ပြုလုပ်ပြီး ဆုံမှာထောင်းကာ ဖြည်ပါတယ်။ ရိုက်ပုတ်ပါတယ်။ အလုံးပြုလုပ်ပါတယ်။ သိမ်မွေ့တဲ့ချည်ကို ငင်ပါတယ်။ အဝတ် ရက်ခိုင်းပါတယ်။ မထေရ်ကလည်း ချည်ကိုရော အပ်တွေကိုပါ စီမံပေးပါတယ်။ သင်္ကန်းချုပ်တဲ့ ရဟန်းငယ်၊ ကိုရင်တွေကို စုဝေးစေပါတယ်။ အစ်မထံ သွားပြီး ဒီလို ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ အဲဒီအဝတ်တွေကို ပေးပါ။ ငါ သင်္ကန်းချုပ်ပါမယ်။"

အစ်မက (၉) တောင်ရှိတဲ့ အဝတ်ကို ထုတ်ဆောင်ပြီး မောင်ရဲ့ လက်ထဲ ထားလိုက်ပါတယ်။ မထေရ်က အဲဒီအဝတ်ကို ယူကာ ဖြန့်ပြီး ကြည့်ပါတယ်။ "ငါ့ရဲ့အဝတ်က ထူပြီး (၈) တောင် ရှိပါတယ်။ ဒီအဝတ်က သိမ်မွေ့ပြီး (၉) တောင် ရှိပါတယ်။ ဒီအဝတ်က ငါ့ရဲ့အဝတ် မဟုတ်ပါ။ သင်တို့ရဲ့အဝတ် ဖြစ်ပါတယ်။ ငါဟာ ဒီအဝတ်ကို အလိုမရှိပါ။ ငါ့အဝတ်ကိုပဲ ငါ့အား ပေးပါ" လို့ ပြောပါတယ်။ "အရှင်ဘုရား၊ အဲဒီအဝတ်က အရှင်ဘုရားရဲ့ အဝတ်ပါ ဘုရား။ အဲဒီအဝတ်ကို ယူပါ"လို့ လျှောက်ပါတယ်။ မထေရ်က အလိုမရှိသည်သာ။ အဲဒီအခါ မထေရ်အား မိမိပြုလုပ်ထားတဲ့ ကိစ္စအားလုံးကို လျှောက်ထားပါတယ်။ အဲဒါဟာ အရှင်ဘုရားရဲ့ အဝတ်ပါပဲ။ အဲဒီအဝတ်ကို ယူပါ" လို့ ပြောကာ ပေးပါတယ်။ မထေရ်က အဲဒီအဝတ်ကို ယူပြီး ကျောင်းသို့ သွားကာ သင်္ကန်းချုပ်မှုကို ဖြစ်စေပါတယ်။

အဲဒီအခါ မထေရ်ရဲ့အစ်မက သင်္ကန်းချုပ်တဲ့ သံဃာတွေအတွက် ယာဂု၊ ဆွမ်း စသည်တွေကို ပြီးစီးစေပါတယ်။ သင်္ကန်းချုပ်ပြီးရာနေ့မှာတော့ အလွန်အကဲ ပူဇော်မှုကို ပြုစေပါတယ်။ မထေရ်က သင်္ကန်းကို ကြည့်ပြီး အဲဒီသင်္ကန်းအပေါ် တွယ်တာမက်မောသွားပါတယ်။ "နက်ဖြန် အခုအချိန်မှာ ဒီသင်္ကန်းကို ဝတ်ရုံမယ်"လို့ တွေးကာ ခေါက်ပြီး သင်္ကန်း ဝါးတန်းပေါ် တင်ထားလိုက်ပါတယ်။ အဲဒီညပတ်လုံး စားထားတဲ့အစာကို မကြေညက်စေနိုင်လို့ သေသွားပါတယ်။ အဲဒီသင်္ကန်းမှာပဲ သန်းဖြစ်ပါတယ်။ အစ်မကလည်း မောင် မထေရ် သေသွားတာကို ကြားရပြီး ရဟန်းတွေရဲ့ခြေတွေမှာ လှိမ့်ကာ ငိုကြွေးပါတယ်။ ရဟန်းတွေက တိဿမထေရ်အလောင်းကို သင်္ဂြိုဟ်ပြီး မကျန်းမာစဉ် လုပ်ကျွေးသူ မရှိလို့ အဲဒီသင်္ကန်းက သံဃာထံသာ ရောက်ပါတယ်။



"ငါတို့ဟာ ဒီသင်္ကန်းကို ခွဲဝေယူကြမယ်" လို့ ပြောကာ အဲဒီသင်္ကန်းကို ထုတ်ဆောင်ခိုင်းကြပါတယ်။ အဲဒီသန်းက "ဒီရဟန်းတွေဟာ ငါ့ရဲ့ ဥစ္စာကို လုယူကြတယ်"လို့ အော်ဟစ်ကာ ဟိုဟိုဒီဒီ ပြေးသွားနေပါတယ်။ ဘုရားရှင်က ဂန္ဓကုဋီကျောင်းတော်မှာ ထိုင်ရင်းပဲ ဒိဗ္ဗသောတ အဘိညာဉ်နဲ့ အဲဒီအသံကို ကြားရပြီး ဒီလို မိန့်တော်မူပါတယ်။

"အာနန္ဒာ၊ တိဿရဲ့သင်္ကန်းကို မခွဲဝေဘဲ (၇) ရက်ပတ်လုံး ထားဖို့ ပြောလိုက်ပါ။"

အရှင်အာနန္ဒာက ဘုရားခိုင်းတဲ့အတိုင်း လုပ်လိုက်ပါတယ်။ သန်းကလည်း (၇) ရက်မြောက်မှာ သေကာ တုသိတာနတ်ပြည်မှာ ဖြစ်ပါတယ်။ ဘုရားရှင်က "(၈) ရက်မြောက်နေ့မှာ တိဿရဲ့သင်္ကန်းကို ခွဲဝေပြီး ယူကြ" လို့ မိန့်လိုက်ပါတယ်။ ရဟန်းတွေက အဲဒီအတိုင်း လုပ်ကြပါတယ်။ ရဟန်းတွေက တရားသဘင်မှာ ဒီစကားကို ပြောဆိုကြပါတယ်။

"ဘာကြောင့် ဘုရားရှင်က တိဿရဲ့သင်္ကန်းကို (၇) ရက်ပတ်လုံး ထားခိုင်းပြီး (၈) ရက်မြောက်နေ့မှာ ယူဖို့ ခွင့်ပြုတော်မူတာလဲ။"

ဘုရားရှင်က ကြွလာပြီး မေးပါတယ်။ ရဟန်းတွေက ဖြေကြပါတယ်။

"ရဟန်းတို့၊ အခု ဘယ်စကားနဲ့ သင်တို့ ထိုင်နေကြတာလဲ။"

"ဤမည်တဲ့စကားနဲ့ပါ ဘုရား။"

"ရဟန်းတို့၊ တိဿဟာ သူ့ရဲ့သင်္ကန်းမှာ သန်း ဖြစ်နေတယ်။ သင်တို့တာ အဲဒီသင်္ကန်းကို ခွဲဝေကြတဲ့အခါ "ဒီရဟန်းတွေက ငါ့သင်္ကန်းကို လုယူနေကြတယ်" လို့ အော်ဟစ်ကာ ဟိုဟိုဒီဒီ ပြေးသွားနေတယ်။ အဲဒီသန်းဟာ သင်တို့သင်္ကန်း ခွဲဝေရင် သင်တို့အပေါ် စိတ်ပြစ်မှားပြီး

www.burmeseclassic.com

www.burmeseclassic.com



ငရဲမှာ ဖြစ်နိုင်တယ်။ ဒါကြောင့်လည်း ငါဘုရားက သက်န်းကို အသိမ်း ခိုင်းတယ်။ အခုအခါမှာတော့ အဲဒီသန်းဟာ တုသိတာဘုံဗိမာန်မှာ ဖြစ် နေပြီ။ ဒါကြောင့် ငါဘုရားက သင်တို့အား သက်န်းယူခွင့် ပြုလိုက် တယ်။"

"မြတ်စွာဘုရား၊ ဒီတဏှာဆိုတာ ဝန်လေးလှလေစွတကား။"

"ရဟန်းတို့ ဟုတ်တယ်။ ဒီသတ္တဝါတွေရဲ့ တဏှာဆိုတာ ဝန်လေး လှတယ်။ သံမှ အညစ်အကြေး ဖြစ်ပေါ်ပြီး သံကပဲ ခဲစားတယ်။ ဖျက်ဆီး တယ်၊ သုံးမရအောင် လုပ်တယ်။ အဲဒီလိုပါပဲ ဒီတဏှာဟာ ဒီသတ္တဝါတွေ ရဲ့ အတွင်းမှာ ဖြစ်ကာ အဲဒီသတ္တဝါတွေကို ငရဲစသည်တွေမှာ ဖြစ်စေပါ တယ်၊ ပျက်စီးစေပါတယ်။"

(ဓမ္မပဒ၊ ၄၅၊ ဒု၊ ၂၀၈)

ဘုရားရှင်သာ (၇) ရက် မဝေဘဲ ထားဖို့ မမိန့်ခဲ့ရင် အဲဒီသန်းဟာ ငရဲမှာ ကျရမှာပါပဲ။ ဘုရားရှင်ရဲ့ စကားလေးတစ်ခွန်းကြောင့် ငရဲကျရ မယ့်အရေးမှ ကင်းဝေးခဲ့ရပါတယ်။ ဘုရားရှင်ရဲ့ စကားလေးတစ်ခွန်း က တိဿရဲ့ ဒုက္ခအသွယ်သွယ်မှ ကယ်တင်ပေးလိုက်ပါတယ်။ ငရဲ ဆင်းရဲတွေကို မခံစားရတော့ဘဲ တုသိတာနတ်ပြည်မှာ နတ်စည်းစိမ် ချမ်းသာတွေကို တိဿဟာ ခံစားနေရပါတော့တယ်။ ကြီးမားလှတဲ့ ဒုက္ခတွေကို ဖယ်ရှားပြီး ကြီးမားလှတဲ့ ချမ်းသာတွေကို ပေးသွားတဲ့ ဘုရား စကားလေးတစ်ခွန်းဟာ တိဿအဖို့ တန်ဖိုးဖြတ်လို့ မရလောက်အောင် ပဲ တန်ဖိုးကြီးမားလှပါပေတယ်။

## လျှာလို အပူမလောင်ပါစေနဲ့

ကိုရင်သံဃရက္ခိတရဲ့ ဦးရီးလည်း တော်စပ်ပြီး ဥပဇ္ဈာယ်ဆရာ လည်း ဖြစ်တဲ့ မဟာသံဃရက္ခိမထေရ်က ကောင်းကောင်း အေးစက် နေတဲ့ သလေးဆွမ်းကို ဘုဉ်းပေးနေတဲ့ ကိုရင်သံဃရက္ခိတကို ဒီလို ဆုံးမခဲ့ပါတယ်။

*"ကိုရင်သံဃရက္ခိတ၊ သင်ဟာ ဆင်ခြင်မှုနဲ့ မစောင့်စည်းဘဲ (မဆင်ခြင်ဘဲ) လျှာကို အပူ မလောင်ပါစေနဲ့။"*

ကိုရင်သံဃရက္ခိတဟာ ဦးရီးတော်ဖြစ်တဲ့ ဥပဇ္ဈာယ်ဆရာရဲ့ ဆုံးမ စကားကို ကြားနာရပြီး ထိတ်လန့်မှု (သံဝေဂ) ကို ရခဲ့ပါတယ်။ ကိုရင် ဟာ တစ်နေရာတည်းမှာ ထိုင်လျက်ပဲ ရဟန္တာ ဖြစ်သွားခဲ့ပါတယ်။ သူ ဟာ လဆန်း (၁၅) ရက်မှာ တက်ထွန်းတဲ့ လပြည့်ဝန်းပမာ နှလုံးအကြံ ပြည့်စုံခဲ့ပါတယ်။ ကိလေသာ အာသဝေါအားလုံး ကုန်ငြိမ်းသွားခဲ့ပါ တယ်။ ယခုအခါ နောက်ထပ် ဖြစ်မယ့်ဘဝ မရှိတော့ပါ။ ဒါကြောင့် အခြားပုဂ္ဂိုလ်ဟာလည်း ဆင်းရဲကုန်ရာ အရဟတ္တဖိုလ်ကို အလိုရှိရင် သင့်တော်တဲ့အကြောင်းနဲ့ ဆင်ခြင်ပြီး ပစ္စည်းတွေကို သုံးစွဲမှီဝဲရပါမယ်။

(ဝိသုဒ္ဓိမဂ်၊ ၀၊ ၄၃)

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်သံဃရက္ခိတဟာ အထက်ပါအတိုင်း သူ့အကြောင်းကို ပြောပြသွားခဲ့ပါတယ်။ ကိုရင်သံဃရက္ခိတကို ဦးရီးတော် မဟာသံဃရက္ခိတမထေရ်က ဆုံးမခဲ့ပါတယ်။ "ကိုရင်၊ လျှာကို အပူမလောင်စေပါနဲ့" တဲ့။ ကိုရင်သံဃရက္ခိတ ဘုဉ်းပေးနေတဲ့ ဆွမ်းတွေက ပူနေတဲ့ ဆွမ်းတွေ မဟုတ်၊ ကောင်းကောင်း အေးစက်လို့ နေကြပါတယ်။ လျှာကို အဲဒီဆွမ်းတွေက အပူမလောင်စေနိုင်ကြပါ။ ပညာရှင် ဦးရီးမထေရ်က ပညာရှင် တူကိုရင်ကို သတိပေးလိုက်ရာ ပညာရှင် တူကိုရင်က နားလည် သဘောပေါက်လိုက်ပါတယ်။ အဲဒီဆွမ်းကို ဘုဉ်းပေးရာမှာ လောဘ အပူ၊ ဒေါသ အပူ၊ မောဟ အပူ၊ မာန အပူ စတဲ့ ကိလေသာ အပူတွေ မပူလောင်ပါစေနဲ့လို့ ဆိုလိုပါတယ်။ အဲဒီဆုံးမစကားလေး တစ်ခွန်းနဲ့အညီ လိုက်နာကျင့်သုံးလိုက်ရာ တူကိုရင် သံဃရက္ခိတဟာ ရဟန္တာ ဖြစ်သွားပါတယ်။ အဲဒီ ဆုံးမစကားတစ်ခွန်းဟာ ကိုရင် သံဃရက္ခိတအတွက် ထိရောက်လှပါတယ်။ အကျိုးများလှပါတယ်။ အကျိုးကြီးလှပါတယ်။ ပညာနဲ့ ဆင်ခြင်ပြီး ကိုရင်သံဃရက္ခိတလို သုံးဆောင်ရင် အခြားသုံးဆောင်သူတွေမှာလည်း အကျိုးများစေနိုင်တဲ့ ဩဝါဒစကားလေး ဖြစ်ပါတယ်။

ဆွမ်းကို သုံးဆောင်ရာမှာ ပညာနဲ့ ဆင်ခြင်ပြီး သုံးဆောင်ဖို့ မဟာသံဃရက္ခိတမထေရ်က တိုက်တွန်းခဲ့သလို သူ့ရဲ့ တူဖြစ်တဲ့ ကိုရင်သံဃရက္ခိတကလည်း ထပ်ဆင့် တိုက်တွန်းခဲ့ပါသေးတယ်။ ဦးရီးတော်မထေရ်ရော တူသာမဏေပါ ပညာနဲ့ ဆင်ခြင်ပြီး သုံးစွဲရခြင်းရဲ့ အကျိုးနဲ့ မဆင်ခြင်ဘဲ သုံးစွဲရခြင်းရဲ့ အပြစ်တွေကို ကောင်းကောင်းကြီး သိမြင်ထားလို့ အဲဒီတိုက်တွန်းစကား မိန့်ကြားကြတာပါပဲ။

# သူ့ စကားကြောင့် သေရတယ်

"အမေ၊ ဘာလို့ မကောင်းတဲ့ အလုပ်ကို လုပ်တာလဲ။"

ပေါဋ္ဌပါဒအမည်ရှိ ညီငယ်ကြက်တူရွေးက သူ့တို့ညီအစ်ကို နှစ်ယောက်ကို မွေးမြူထားတဲ့ ပုဏ္ဏေးမကြီးကို မေးလိုက်တာ ဖြစ်ပါတယ်။ ရှေးအခါက ဗာရာဏသီမြို့မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက ကြက်တူရွေးအမျိုးမှာ ဖြစ်ပါတယ်။ သူ့နာမည်က ရာဓ ဖြစ်ပါတယ်။ သူ့ညီငယ် ကြက်တူရွေးက ပေါဋ္ဌပါဒ မည်ပါတယ်။ အဲဒီညီနောင် (၂) ကောင်ကို ငယ်ရွယ်စဉ်အခါမှာပဲ မုဆိုးတစ်ယောက်က ဖမ်းယူပြီး ဗာရာဏသီမြို့က ပုဏ္ဏားတစ်ယောက်အား ပေးလိုက်ပါတယ်။ ပုဏ္ဏားရဲ့ ဇနီး ပုဏ္ဏေးမကတော့ စောင့်ရှောက်မှု မရှိပါ။ သီလ မရှိပါ။ ပုဏ္ဏားက ကုန်သွယ်မှု ပြုလုပ်ဖို့ သွားတဲ့အခါ အဲဒီကြက်တူရွေးညီနောင်ကို ခေါ်ပြီး ဒီလို မှာပါတယ်။

"ချစ်သားတို့၊ ငါဟာ ကုန်သွယ်မှု ပြုလုပ်ဖို့ သွားမယ်။ အချိန်အခါမှာရော၊ အချိန်အခါမဲ့မှာပါ သင်တို့ရဲ့မိခင် ပြုလုပ်တဲ့အမှုကို ကြည့်ထားကြပါ။ အခြားယောက်ျား လာတာကိုရော၊ မလာတာကိုပါ သိအောင် လုပ်ထားကြပါ။"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မှာကြားပြီး ကြက်တူရွေးညီနောင်ကို ပုဏ္ဏေးမအား အပ်ကာ သွားပါတယ်။ ပုဏ္ဏေးမက လင်ပုဏ္ဏား ထွက်သွားချိန်ကစပြီး မပြုကျင့်ထိုက်တဲ့ အကျင့်ကို ပြုကျင့်ပါတယ်။ ညအခါမှာရော၊ နေ့အခါမှာပါ လာသူတွေရဲ့ရော၊ သွားသူတွေရဲ့ပါ အတိုင်းအတာဟာ မရှိပါ။ အဲဒါကို မြင်ပြီး ပေါဋ္ဌပါဒက ရာဓကို "ပုဏ္ဏားက ဒီပုဏ္ဏေးမကို ငါတို့အား အပ်နှင်းပြီး သွားတယ်။ ဒီပုဏ္ဏေးမကလည်း မကောင်းမှုကို လုပ်နေတယ်။ အဲဒီပုဏ္ဏေးမကို ငါ ပြောပါမယ်" လို့ ပြောပါတယ်။ ရာဓက "မပြောနဲ့" လို့ ပြောပါတယ်။ ပေါဋ္ဌပါဒက ရာဓရဲ့စကားကို မနာယူဘဲ "အမေ၊ ဘာလို့ မကောင်းတဲ့ အလုပ်ကို လုပ်တာပါလဲ" လို့ မေးလိုက်ပါတယ်။ ပုဏ္ဏေးမက ပေါဋ္ဌပါဒကို သတ်လိုလို့ "ချစ်သား၊ သင်ဟာ ငါ့ရဲ့သားပဲ။ ဒီအချိန်ကစပြီး ငါဟာ မလုပ်တော့ပါ။ ချစ်သား၊ လာစမ်းပါဦး" လို့ ပြောပြီး ချစ်ဟန်ဆောင်ကာ ခေါ်လိုက်လို့ လာတဲ့ ပေါဋ္ဌပါဒကို ဖမ်းယူလိုက်ပါတယ်။ "သင်က ငါ့ကို ဆုံးမတယ်။ မိမိရဲ့ အတိုင်းအတာ ပမာဏကို သင်က မသိ" လို့ ပြောကာ လည်ပင်းကို လိမ်သတ်လိုက်ပြီး ဖိုခနောက်ကြားတွေမှာ ပစ်ထည့်လိုက်ပါတယ်။ ပုဏ္ဏား လာပြီး အပန်းဖြေကာ ဘုရားလောင်း ရာဓကြက်တူရွေးကို မေးပါတယ်။"

"ချစ်သား ရာဓ၊ သင့်ရဲ့မိခင်ဟာ မပြုကျင့်တဲ့ အကျင့်ကို ပြုလုပ်သလား၊ မပြုလုပ်ဘူးလား။"

"ချစ်သား ရာဓ၊ ငါဟာ အရပ်တစ်ပါးမှ ပြန်လာခဲ့တယ်။ ငါဟာလည်း အခုပဲ လာခဲ့ပါတယ်။ ပြန်ရောက်တာ မကြာသေးပါ။ ဒါကြောင့် ဖြစ်ပုံကို မသိရလို့ "ချစ်သား ဘယ်လိုလဲ။ သင့်ရဲ့မိခင်ဟာ အခြားယောကျ်ားကို မမှီဝဲဖူးလား။"



"ဖခင်ပုဏ္ဏားကြီး၊ ပညာရှိတွေဆိုတာ မှန်တာကိုရော မမှန်တာကိုပါ အကျိုးမရှိရင် မပြောဆိုကြပါ။ မှန်ကန်အကျိုးရှိပြီး သဘာဝကျတဲ့စကား ဖြစ်ပေမယ့်လည်း မဖြစ်နိုင်ရင် (ဝဋ်ဆင်းရဲမှ မထွက်မြောက်စေရင်) မပြောဆိုပါ။ မဖြစ်နိုင်တဲ့ အမှန်စကားကို ပြောမိတဲ့ ပေါဋ္ဌပါဒဟာ ဖိုပူထဲမှာ လဲလျောင်းနေရသလို လဲလျောင်းနေရပါလိမ့်မယ်။"

ဘုရားလောင်း ရာဓကြက်တူရွေးဟာ အဲဒီလိုပုဏ္ဏားအား တရားဟောပြီး 'ငါဟာလည်း ဒီနေရာမှာ နေဖို့ မတတ်နိုင်' လို့ တွေးပြီး ပုဏ္ဏားကို ပန်ပြောကာ တောကိုပဲ ဝင်သွားပါတယ်။

ပေါဋ္ဌပါဒကြက်တူရွေးဟာ အရှင်အာနန္ဒာလောင်းလျာ ဖြစ်ပါတယ်။

(ဇာတ်၊ ၄၊ ဒု၊ ၁၂၁)

မှန်ပေမယ့် အကျိုးမရှိတဲ့ စကားမျိုးကို မပြောသင့်ပါ။ မှန်ကန်အကျိုးရှိနိုင်ပေမယ့် မဖြစ်နိုင်တဲ့ စကားမျိုးကိုလည်း မပြောသင့်ပါ။ မပြောသင့်ဘဲ ပြောရင် ပြောသူမှာ ဒုက္ခရောက်ရတတ်ပါတယ်။ မကောင်းတာကို လုပ်သူဆိုတာ အကောက်ဉာဏ်နဲ့ ကြံတတ်ကြပါတယ်။ ပုဏ္ဏေးမကြီးရဲ့ လုပ်ရပ်က သာဓကပြနေပါတယ်။ အကောက်ဉာဏ်နဲ့ ပုဏ္ဏေးမကြီးက ပေါဋ္ဌပါဒ ကြက်တူရွေးလေးကို အသေသတ်လိုက်ပါတယ်။ မကောင်းတာကို လုပ်သူတွေက အကောက်ဉာဏ်ကိုပဲ သူတို့ရဲ့ ထွက်ပေါက်လို့ ထင်နေတတ်ကြပါတယ်။ အဖြောင့်ဉာဏ်ကို ထွက်ပေါက်လို့ မထင်နိုင်ကြပါ။

ပေါဋ္ဌပါဒဟာ သူ့ရဲ့စကားလေးတစ်ခွန်းကြောင့် အသက်သေသွားရရှာပါတယ်။ ပညာဉာဏ်ရှိတဲ့ ရာဓကတော့ သေဘေးမှ လွတ်အောင် နေတတ်ပါတယ်။ နေလို့ မဖြစ်နိုင်မှန်း သိလာရလို့ ရာဓဟာ တောကိုပဲ ဝင်သွားပါတော့တယ်။ ယုတ်မာသူနဲ့အတူ နေရတာဟာ

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ် များလှပါတယ်။ ယုတ်မာသူနဲ့ ဝေးလေ အန္တရာယ်ကင်းလေ ပါပဲ။ ရာဇဟာ အန္တရာယ်ကင်းအောင် ယုတ်မာတဲ့ ပုဏ္ဏေားမနဲ့ ဝေးရာကို ပြေးသွားပါတော့တယ်။ အသိဉာဏ်နဲ့ ရှောင်လိုက်တာပါပဲ။ ရှောင်တတ်ရင် အန္တရာယ်ကင်းပါတယ်။

## ချောက်နဲ့ ကျောက်

"အကျွန်ုပ်ဟာ သမုဒ္ဒရာတွေ ပါဝင်တဲ့ ဒီမြေကြီးကို ညီညာအောင် လုပ်ပါမယ်။ ဒါကြောင့် မြေတောင်တွေကိုရော ကျောက်တောင်တွေကို ပါ ဖြိုခွဲကာ ဒီချောက်ထဲမှာ ကျောက်တွေကို ပစ်ထည့်နေပါတယ်။"

အဲဒီစကားကို ပြောလိုက်သူက တက္ကသိုလ်ကျောင်းသား ကောရဏ္ဍိယ ဖြစ်ပါတယ်။ သူက ဘုရားလောင်း ဖြစ်ပါတယ်။ အပြောခံရသူက တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီး ဖြစ်ပါတယ်။ သူက အရှင်သာရိပုတ္တရာလောင်းလျာ ဖြစ်ပါတယ်။ ရှေးအခါက တရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်ပါတယ်။ အဲဒီအခါ ဘုရားလောင်းက ပုဏ္ဏားမျိုးမှာ ဖြစ်ပါတယ်။ အရွယ်ရောက်လာတဲ့အခါ တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးရဲ့ တပည့်ကြီး ကောရဏ္ဍိယ ဖြစ်လာပါတယ်။ အဲဒီအခါ အဲဒီ ဒိသာပါမောက္ခဆရာကြီးက မြင်မြင်သမျှ တံငါသည် စသူတွေအား မတောင်းကြဘဲသာ "သီလကို သင်တို့ ယူကြလော၊ သီလကို သင်တို့ ယူကြလော" လို့ ပြောကာ သီလပေးပါတယ်။ အဲဒီ တံငါသည်စတဲ့ လူတွေကလည်း သီလယူပြီး မစောင့်ကြပါ။ ဒိသာပါမောက္ခဆရာကြီးက အဲဒီတံငါသည်စတဲ့ လူတွေ သီလယူကြပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မစောင့်ကြတဲ့အကြောင်းကို တပည့်တွေအား ပြောပြပါတယ်။ တပည့်တွေက ဒီလို ပြောကြပါတယ်။

"ဆရာကြီး၊ ဆရာကြီးက အဲဒီတံငါသည်စတဲ့ လူတွေအား သူတို့ဆန္ဒမပါဘဲ သီလကို ပေးပါတယ်။ ဒါကြောင့် သီလကို ချိုးဖျက်ကြပါတယ်။ အခုအချိန်ကစပြီး တောင်းသူတွေအားသာ သီလကို ပေးပါ။ မတောင်းသူတွေအား မပေးပါနဲ့။"

ဆရာကြီးမှာ စိတ်နှလုံး မသာမယာ ဖြစ်သွားပါတယ်။ အဲဒီလိုဖြစ်ပေမယ့်လည်း မြင်မြင်သမျှ လူတွေအား သီလကို ပေးမြဲသာ ပေးနေပါတယ်။ တစ်နေ့မှာ ရွာတစ်ရွာက လူတွေဟာ လာပြီး ပုဏ္ဏားတွေ မန္တန်ရွတ်ပေးဖို့ ဒီသာပါမောက္ခဆရာကြီးကို ပင့်ဖိတ်ကြပါတယ်။ ဆရာကြီးက ကောရဏ္ဍိယလုလင်ကို ခေါ်ပြီး "ချစ်သား၊ ငါ မသွားပါ။ သင်က ဒီလုလင် (၅၀၀) ကို ခေါ်ယူပြီး အဲဒီအရပ်သို့ သွားပြီး မန္တန်ရွတ်ပွဲမှ ရတဲ့ ပစ္စည်းတွေကို လက်ခံပြီး ငါတို့အား ပေးတဲ့အဖိုးအစုကို သယ်ဆောင်ခဲ့ပါ" လို့ ပြောကာ စေလွှတ်လိုက်ပါတယ်။ ကောရဏ္ဍိယက သွားပြီး ပြန်လှည့်လာတဲ့အခါ လမ်းခရီးအကြားက ချောက်တစ်ချောက်ကို မြင်ပြီး ဒီလို ကြံစည်ပါတယ်။

"ငါတို့ရဲ့ ဆရာကြီးဟာ မြင်မြင်သမျှ လူတွေအား မတောင်းကြဘဲသာ သီလကို ပေးတယ်။ အခု ***ဒီအချိန်ကစပြီး တောင်းသူတွေအား***သာ ပေးအောင် သူ့ကို ငါ လုပ်ပြမယ်။"

ကောရဏ္ဍိယလုလင်ဟာ အဲဒီလုလင်တွေ ချမ်းချမ်းသာသာ ထိုင်နေကြတဲ့အခါ ထပြီး ကြီးပေ့၊ ကြီးပေ့ဆိုတဲ့ ကျောက်ခဲကို မချီယူပြီး ချောက်ထဲ ပစ်ချပါတယ်။ အဖန်ဖန် အထပ်ထပ် ပစ်ချသည်သာ။ အဲဒီအခါ ကောရဏ္ဍိယကို အဲဒီလုလင်တွေက ထပြီး ဒီလို ပြောကြပါတယ်။



"ဆရာ၊ သင်က ဘာကို လုပ်နေတာပါလဲ။"

ကောရဏ္ဍိယက ဘာစကားကိုမှ ပြန်မပြောပါ။ အဲဒီလုလင်တွေက မြန်မြန် သွားပြီး ဒိသာပါမောက္ခဆရာကြီးအား ပြောပြကြပါတယ်။ ဒိသာပါမောက္ခဆရာကြီးက လာပြီး ကောရဏ္ဍိယနဲ့အတူ စကားပြောလိုလို့ အောက်ပါစကားကို ပြောပါတယ်။

"ကောရဏ္ဍိယ၊ သင်ဟာ တစ်ယောက်တည်း တောထဲမှာတောင်ချောက်ထဲ ကျောက်ကို မချီ၊ မချီပြီး အထပ်ထပ် အဆောတလျင် ပစ်ချနေတယ်။ အဲဒီချောက်ထဲ ကျောက်ပစ်ချလို့ ဘာအကျိုးရှိမှာလဲ။"

ကောရဏ္ဍိယက ဒိသာပါမောက္ခဆရာကြီးရဲ့စကားကို ကြားရပြီး ဆရာကြီးကို သိစေလိုလို့ အစဆုံးမှာ ဖော်ပြတဲ့ စကားလေးတစ်ခွန်းကို ပြောလိုက်ပါတယ်။

ကောရဏ္ဍိယရဲ့ အဲဒီစကားလေးကို ကြားရပြီး ဆရာကြီးက ဒီလို ပြောပါတယ်။

"လူတစ်ယောက်က ဒီမြေကြီးကို လက်ဝါးလို ညီနေအောင် လုပ်ဖို့ မစွမ်းနိုင်ပါ။ ငါ ထင်ပါတယ်။ တစ်မြေပြင်လုံးကို ထားလိုက်ပါဦး။ ဒီချောက်တစ်ခုကိုပဲ ပြည့်အောင် ကြိုးစားရင်း၊ ကျောက်ကို ရှာဖွေရင်း၊ နည်းလမ်းကို ကြံစည်ရင်းပဲ သင်ဟာ သက်ရှိလောကကို စွန့်ခွာသွားရပါလိမ့်မယ်။"

အဲဒီစကားကို ကြားရပြီး ကောရဏ္ဍိယလုလင်က ဒီလို ပြန်ပြောပါတယ်။

"လူတစ်ယောက်က ဒီမြေကြီးကို ညီအောင် လုပ်ဖို့ မစွမ်းနိုင်ရင် ဆရာကြီးက သီလမရှိတဲ့၊ အယူအမျိုးမျိုးရှိတဲ့ ဒီလူတွေကို 'သီလကို သင်တို့ ယူကြပါ။ သီလကို သင်တို့ ယူကြပါ' လို့ ပြောပြီး ကိုယ့်အလိုသို့

www.burmeseclassic.com



လိုက်ပါလာအောင် ဆွဲဆောင်နိုင်မယ် မဟုတ်ပါ။ မှန်ပါတယ်။ ပညာရှိတွေကသာ သူ့အသက် သတ်တာကို အကုသိုလ်လို့ ကဲ့ရဲ့ကြပါတယ်။ အယူမှားရှိသူတွေကတော့ ကုသိုလ်လို့ ထင်မှတ်နေကြပါတယ်။ ဆရာကြီးက အဲဒီလို အယူမှားရှိသူတွေကို ဘယ်လိုလုပ် ဆွဲဆောင်မှာလဲ။ ဒါကြောင့် မြင်မြင်သမျှ လူတွေအား သီလမပေးဘဲ သီလပေးဖို့ တောင်းသူတွေအားသာ ဆရာကြီးက ပေးပါ။"

အဲဒီစကားကို ကြားရပြီး ဒိသာပါမောက္ခဆရာကြီးက "ကောရဏ္ဍိယဟာ သင့်လျော်တဲ့ စကားကို ပြောပါပေတယ်။ အခုအခါ ငါဟာ ဒီလိုအလုပ်ကို မလုပ်တော့ပါ"လို့ တွေးပြီး သူ့ရဲ့ချွတ်ယွင်းချက်ကို သိသွားပါတယ်။ ပြီးတော့ ဒီလို ဆရာကြီးက ကောရဏ္ဍိယအား ပြောပါတယ်။

"ကောရဏ္ဍိယ၊ သင်ဟာ အကျဉ်းချုပ်အနေနဲ့ ငါ့အား အဓိပ္ပာယ်ရှိတဲ့ စကားကို ပြောတတ်ပါပေတယ်။ ဒီမြေကြီးကို လူဟာ ညီအောင် မလုပ်နိုင်သလို လူတွေကိုလည်း အတူတူ ဖြစ်အောင် မလုပ်နိုင်ပါ။"

အဲဒီလို ဆရာကြီးက ကောရဏ္ဍိယလုလင်အား ချီးမွမ်းမှု ပြုပါတယ်။ ကောရဏ္ဍိယကလည်း ဆရာကြီးကို သိစေပြီး သူ့အိမ်ကို ကိုယ်တိုင်ခေါ်ဆောင်သွားပါတယ်။ (ဇာတ်၊ ၄၊ တ၊ ၁၅၈)

ကောရဏ္ဍိယရဲ့ ပညာသားပါပါ လုပ်ဆောင်မှုကြောင့် အရှင်သာရိပုတ္တရာလောင်းလျာဖြစ်တဲ့ ဒိသာပါမောက္ခဆရာကြီးဟာ အမြင်မှန် ရသွားပြီး အမြင်မှန်ကို လက်ခံကာ လိုက်နာသွားပါတော့တယ်။ ဒိသာပါမောက္ခဆရာကြီးဟာ ကောင်းစေလိုတဲ့ဆန္ဒနဲ့ စေတနာတွေကြောင့် တိုက်တွန်းတာ ဖြစ်ပေမယ့် ဖြစ်နိုင် မဖြစ်နိုင် ချင့်ချိန်ဖို့ လိုအပ်နေပါတယ်။ အဲဒီလို လိုအပ်ချက်လေးကြောင့် သူ့ရဲ့လုပ်ဆောင်ချက်



ဟာ လွဲနေပါတယ်။ အကျိုးသက်ရောက်မှု မရှိဘဲ ဖြစ်နေပါတယ်။ မြေကြီးဟာ တစ်ပြေးညီ မဖြစ်နိုင်သလို လူတွေဟာလည်း တစ်ပြေးညီ မဖြစ်နိုင်ကြောင်းကို တပည့်ကောရဏ္ဍိယရဲ့ ပညာပေးချက်အရ နားလည်လက်ခံသွားပါတော့တယ်။

အရှင်သာရိပုတ္တရာလောင်းလျာ ဒိသာပါမောက္ခဆရာကြီးရဲ့ အဲဒီတစ်ပြေးညီ ကောင်းစေလိုတဲ့ အလေ့အထဟာ အရှင်သာရိပုတ္တရာဘဝရောက်သည်အထိ လိုက်ပါသွားပါတယ်။

အရှင်သာရိပုတ္တရာဟာ လာလာသမျှ၊ မြင်မြင်သမျှ သီလမရှိတဲ့ မုဆိုး၊ တံငါသည် စသည်လူတွေအား "သင်တို့ သီလယူကြ၊ သီလယူကြ" လို့ ပြောပြီး သီလပေးပါတယ်။ အဲဒီလူတွေက မထေရ်ကို အလေးပြုလို့ မထေရ်စကားကို မပယ်ဖျက်နိုင်တဲ့အတွက် သီလယူကြပါတယ်။ ယူပြီးတော့လည်း မစောင့်ရှောက်ကြပါ။ သူတို့ သူတို့ရဲ့ မုဆိုး၊ တံငါစတဲ့ အလုပ်ကိုသာ လုပ်ကြပါတယ်။ မထေရ်က တပည့်တွေကို ခေါ်ပြီး "ငါ့ရှင်တို့၊ ဒီလူတွေက ငါ့ထံမှာ သီလယူကြပါတယ်။ ယူပြီးတော့လည်း မစောင့်ရှောက်ကြပါ" လို့ ပြောပါတယ်။ "အရှင်ဘုရား၊ အရှင်ဘုရားက အဲဒီလူတွေအား သူတို့ အလိုဆန္ဒမပါဘဲ သီလပေးပါတယ်။ အဲဒီလူတွေက အရှင်ဘုရားရဲ့စကားကို မပယ်ဖျက်နိုင်လို့ ယူကြပါတယ်။ အရှင်ဘုရားဟာ ဒီအချိန်ကစပြီး အဲဒီလို လူတွေအား သီလမပေးပါနဲ့" လို့ တပည့်တွေက လျှောက်ကြပါတယ်။ မထေရ်ဟာ သံဝေဂ ရသွားပါတယ်။

အဲဒီဖြစ်ပုံကို ကြားရပြီး ရဟန်းတွေက တရားသဘင်မှာ ဒီလို ပြောနေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါရှင်တို့ သာရိပုတ္တရာမထေရ်ဟာ မြင်မြင်သမျှ လူတွေအားသာ သီလပေးနေသတဲ့။"

ဘုရားရှင်က ကြွလာပြီး "ရဟန်းတို့ အခုအခါ ဘယ်စကားနဲ့ စုဝေး ထိုင်နေကြသလဲ" လို့ မေးလို့ "ဒီမည်တဲ့စကားနဲ့ပါ ဘုရား" လို့ လျှောက်ကြပါတယ်။ "ရဟန်းတို့ အခုအခါမှာသာ မဟုတ်ပါ။ ရှေးအခါ ကလည်း အဲဒီသာရိပုတ္တရာဟာ မြင်မြင်သမျှ လူတွေအား မတောင်းဘဲ သာ သီလပေးတယ်" လို့ မိန့်ကာ အတိတ်က ဒိသာပါမောက္ခဆရာကြီး ဇာတ်လမ်းကို ဆောင်ပြတော်မူပါတယ်။ (ဇာတ်၊ ၄၊ ဒု၊ ၁၅၈)

## အရှင်အဿဇိရဲ့ စကားလေးတစ်ခွန်း

"အကျိုး ဒုက္ခသစ္စာတရားတို့ရဲ့အကြောင်း သမုဒယသစ္စာကို ဘုရားရှင်က ဟောတော်မူပါတယ်။"

အဲဒီစကားလေးတစ်ခွန်းကို ဟောပြသူက ပဉ္စဝဂ္ဂီငါးပါးထဲမှာ ပါဝင်တဲ့ အဿဇိမထေရ် ဖြစ်ပါတယ်။ နာယူသူကတော့ အရှင်သာရိပုတ္တရာ ဖြစ်လာမယ့် ဥပတိဿပရိဗိုဇ် ဖြစ်ပါတယ်။ ဘုရားမပွင့်ခင်ကဘဲ ရာဇဂြိုဟ်မြို့ အနီးမှာ ဥပတိဿရွာနဲ့ ကောလိတရွာဆိုတဲ့ ပုဏ္ဏားရွာ (၂) ရွာ ရှိပါတယ်။ ဥပတိဿရွာမှ သာရီပုဏ္ဏေးမရဲ့ ဝမ်းဗိုက်မှာ အရှင်သာရိပုတ္တရာလောင်းလျာ ကိုယ်ဝန်တည်ရာ နေ့မှာပဲ ကောလိတရွာမှ မောဂ္ဂလီပုဏ္ဏေးမရဲ့ ဝမ်းဗိုက်မှာလည်း အရှင်မောဂ္ဂလာန်လောင်းလျာ ကိုယ်ဝန်တည်ပါတယ်။ အဲဒီအမျိုး (၂) မျိုးကလည်း ဆွေမျိုး (၇) ဆက် တိုင်အောင် အဆက်အစပ်ရှိတဲ့ သူငယ်ချင်းတွေ ဖြစ်ကြပါသတဲ့။ အဲဒီ မိခင် (၂) ယောက်လုံးအားလည်း တစ်နေ့တည်းမှာပဲ ကိုယ်ဝန်အစောင့် အရှောက်ကို ပေးကြပါတယ်။ အဲဒီ မိခင် (၂) ယောက်လုံးကလည်း ([illegible]) ရ လွန်တဲ့အခါ သားတွေကို ဖွားမြင်ကြပါတယ်။ နာမည်ယူရာ နေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



သာရိပုဏ္ဏေးမရဲ့ သားအား ဥပတိဿရွာက အကြီးအကဲအမျိုးရဲ့ သားဖြစ်လို့ ဥပတိဿလို့ နာမည်မှည့်ကြပါတယ်။ အရှင်မောဂ္ဂလာန်လောင်းလျာအား ကောလိတရွာက အကြီးအကဲအမျိုးရဲ့ သားဖြစ်လို့ ကောလိတလို့ နာမည်မှည့်ကြပါတယ်။

ဥပတိဿနဲ့ ကောလိတတို့ နှစ်ယောက်လုံးဟာလည်း ကြီးထွားလာကြပြီး အတတ်ပညာအားလုံးရဲ့ အဆုံးကို ရောက်သွားကြပါတယ်။ ဥပတိဿလုလင်မှာ ကစားပျော်ပါးဖို့ မြစ်ကိုဖြစ်စေ၊ ဥယျာဉ်ကိုဖြစ်စေ သွားတဲ့အခါ ရွှေထမ်းစင် (၅၀၀) အခြံအရံ ရှိပါတယ်။ ကောလိတလုလင်မှာ အာဇာနည်မြင်း ကပ်ယှဉ်ထားတဲ့ရထား (၅၀၀) အခြံအရံ ရှိပါတယ်။ သူတို့နှစ်ယောက်လုံးမှာလည်း လုလင် (၅၀၀) စီ အခြံအရံ ရှိပါတယ်။ ရာဇဂြိုဟ်မြို့မှာလည်း နှစ်စဉ် တောင်ထိပ်ပွဲသဘင်ဆိုတာ ရှိပါတယ်။ သူတို့နှစ်ယောက်အတွက်လည်း တစ်နေရာတည်းမှာပဲ ညောင်စောင်းကို ဖွဲ့ချည်ထားကြပါတယ်။ နှစ်ယောက်လုံးကလည်း တစ်ပေါင်းတည်းထိုင်ကာ ပွဲသဘင်ကို ကြည့်ရှုကြတဲ့အခါ ရယ်ရမယ့်နေရာမှာ ရယ်ကြပါတယ်။ သံဝေဂယူရမယ့်နေရာမှာ သံဝေဂယူကြပါတယ်။ ဆုပေးသင့်တဲ့နေရာမှာ ဆုပေးကြပါတယ်။ သူတို့ဟာ အဲဒီနည်းနဲ့ပဲ တစ်နေ့မှာ ပွဲကို ကြည့်ကြစဉ် ဉာဏ်ရင့်ကျက်လာလို့ အရင်နေ့တွေမှာလို ရယ်ရမယ့်နေရာမှာ ရယ်တာရော၊ ထိတ်လန့်ရမယ့် နေရာမှာ ထိတ်လန့်မှု ဖြစ်တာရော၊ ဆုပေးသင့်တဲ့နေရာမှာ ဆုပေးတာရော မရှိတော့ပါ။

သူတို့နှစ်ယောက်လုံးမှာလည်း ဒီလို ကြံစည်နေကြပါတယ်။

"ဒီပွဲမှာ ကြည့်ရှုထိုက်တဲ့အရာက ဘာရှိသလဲ။ ဒီပွဲလာပရိသတ်အားလုံးဟာ အနှစ်တစ်ရာ မပြည့်ခင် သေပျောက်သွားကြရလိမ့်မယ်။ ငါတို့ကတော့ လွတ်မြောက်ရေးတရားတစ်ခုကို ရှာဖို့ သင့်တယ်။"



အဲဒီလို အာရုံယူကာ ထိုင်နေကြပါတယ်။ အဲဒီကနောက် ကောလိတက ဥပတိဿကို ဒီလို ပြောပါတယ်။

"မိတ်ဆွေ ဥပတိဿ၊ သင်ဟာ အခြားနေ့တွေမှာလို မရွှင်လန်းပါ။ အခုအခါ သင်ဟာ စိတ်မကောင်း ဖြစ်နေပုံ သဘောရှိတယ်။ သင်က ဘာကို မှတ်သားနေတာလဲ။"

"မိတ်ဆွေ ကောလိတ၊ အဲဒီလူတွေကို ကြည့်ရှုနေရတာမှာ အနှစ်မရှိပါ။ ဒီကြည့်ရှုရတာဟာ အကျိုးမရှိပါ။ မိမိအတွက် လွတ်မြောက်ရေးတရားကို ရှာမှီးဖို့ သင့်တယ်လို့ ကြံစည်ရင်း ငါဟာ ထိုင်နေပါတယ်။ သင်ကကော ဘာကြောင့် စိတ်မကောင်း ဖြစ်နေတာလဲ။"

ကောလိတကလည်း အဲဒီလိုပဲ ပြောပါတယ်။ အဲဒီအခါ မိမိနဲ့ အလိုတူနေတာကို သိရပြီး ဥပတိဿက ဒီလို ပြောပါတယ်။

"ငါတို့နှစ်ယောက်လုံးလည်း ကောင်းကောင်း ကြံစည်ထားပြီ။ လွတ်မြောက်ရေးတရား ရှာမှီးသူတွေကတော့ ရှင်၊ ရဟန်း၊ ရသေ့ အဖြစ် တစ်ခုကို ရသင့်တယ်။ ဘယ်သူ့ထံမှာ ငါတို့ ဝတ်ကြမလဲ။"

အဲဒီအခါ သဉ္စယ (သဉ္စည်း) အမည်ရှိ ပရိဗိုဇ်ဟာ ရာဇဂြိုဟ်မြို့မှာ များစွာသော ပရိဗိုဇ်ပရိသတ်နဲ့အတူ နေပါတယ်။ ဥပတိဿနဲ့ ကောလိတတို့က "အဲဒီသဉ္စယပရိဗိုဇ်ထံ ငါတို့ဟာ ပရိဗိုဇ် ဝတ်ကြမယ်"လို့ ဆုံးဖြတ်ကာ လုလင် (၅၀၀) ကို "သင်တို့ဟာ ထမ်းစင်တွေကိုရော၊ ရထားတွေကိုပါ ယူပြီး သွားကြပါ" လို့ ပြောပြီး စေလွှတ်လိုက်ကြပါတယ်။ သူတို့နှစ်ယောက်က ထမ်းစင်တစ်ခု၊ ရထားတစ်စင်းစီနဲ့ သွားပြီး သဉ္စယထံမှာ ပရိဗိုဇ် ဝတ်လိုက်ကြပါတယ်။ အဲဒီ (၂) ယောက် ပရိဗိုဇ် ဝတ်လိုက်ချိန်ကစပြီး သဉ္စယဟာ လာဘ်၊ အခြွေအရံမှာ အလွန်အကဲ အထွတ်အထိပ်သို့ ရောက်သွားပါတယ်။ သူတို့နှစ်ယောက်ဟာ ရက်အနည်းငယ်နဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



သဥ္စယဆရာကြီးရဲ့ အယူဝါဒအားလုံးကို နှိပ်ချေကာ "ဆရာ၊ သင် သိတဲ့ အယူဝါဒဟာ ဒီလောက်ပဲလား။ ဒါမှမဟုတ် ဒါထက် အပိုအလွန် ရှိပါသေးလား" လို့ မေးကြပါတယ်။ "ဒီလောက်ပါပဲ၊ သင်တို့ဟာ အားလုံးကို သိပြီးပြီ" လို့ ပြောပါတယ်။ အဲဒီအခါ သူတို့နှစ်ယောက်ဟာ ဒီလို ကြံစည်ကြပါတယ်။

"ဒီလိုဆိုရင် ဒီဆရာကြီးထံမှာ အကျင့်မြတ် ကျင့်တာဟာ အကျိုးမရှိပါ။ ငါတို့ဟာ လွတ်မြောက်ရေးတရားကို ရှာဖွေဖို့ ထွက်လာကြတယ်။ အဲဒီလွတ်မြောက်ရေးတရားကို ဒီဆရာကြီးထံ ဖြစ်အောင် လုပ်ဖို့ မစွမ်းနိုင်ပါ။ ဇမ္ဗူဒိပ်ကတော့ ကျယ်ဝန်းပါတယ်။ ရွာ၊ နိဂုံး၊ မင်းနေပြည်တော်တွေကို လှည့်လည်ရင်း စင်စစ်လွတ်မြောက်ရေးတရား ဟောပြတတ်တဲ့ ဆရာတစ်ဦးဦးကို ငါတို့ ရကြပါလိမ့်မယ်။"

အဲဒီအချိန်ကစပြီး ပညာရှိသမဏ၊ ဗြာဟ္မဏတွေ ရှိကြတယ်လို့ ပြောရာအရပ်တိုင်းဆီ သွားပြီး ဆွေးနွေးမှုကို ပြုလုပ်ကြပါတယ်။ သူတို့နှစ်ယောက် မေးတဲ့ ပြဿနာကို အခြားသူတွေ ဖြေဆိုပေးဖို့မတတ်နိုင်ကြပါ။ သူတို့နှစ်ယောက်ကတော့ အဲဒီအခြားလူတွေရဲ့ ပြဿနာကို ဖြေဆိုပေးကြပါတယ်။

အဲဒီလို ဇမ္ဗူဒိပ်တစ်ခုလုံးကို စုံစမ်းကာ ပြန်လှည့်ပြီး သူတို့အရပ်ကိုပဲ လာကာ "မိတ်ဆွေ ကောလိတ၊ ငါတို့နှစ်ယောက်ထဲက ပထမ နိဗ္ဗာန်ရသူဟာ အခြားသူအား ပြောပြစတမ်း" လို့ ကတိကဝတ်ပြုထားကြပါတယ်။ အဲဒီလို ကတိကဝတ်ပြုပြီး နေကြတဲ့အခါ ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့ကို ရောက်လာပြီး ဝေဠုဝန်ကျောင်းကို လက်ခံကာ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေပါတယ်။ အဲဒီအခါ "ရဟန်းတို့၊ လူအများရဲ့ စီးပွားချမ်းသာအလို့ငှာ ခရီးလှည့်လည်ကြလော့" လို့ မိန့်ကာ ရတနာ



သုံးပါး (ဘုရား၊ တရား၊ သံဃာ) ရဲ့ ဂုဏ်တွေကို ထင်ရှားပြဖို့ စေလွှတ်ထားအပ်တဲ့ ရဟန္တာ (၆၀) ပါးထဲမှာ ပဉ္စဝဂ္ဂီ (၅) ပါးထဲက တစ်ပါး အပါအဝင်ဖြစ်တဲ့ အဿဇိမထေရ်ဟာ ပြန်လှည့်လာပြီး ရာဇဂြိုဟ်မြို့ကို ရောက်လာပါတယ်။ အဿဇိမထေရ်က နံနက်စောစောပဲ သပိတ်၊ သင်္ကန်းတို့ ယူကာ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်ပါတယ်။ အဲဒီအချိန်မှာ ဥပတိဿပရိဗိုဇ်ကလည်း နံနက်စောစောပဲ ထမင်းကိစ္စ ပြုလုပ်ရာ ပရိဗိုဇ်ကျောင်းတိုက်ကို သွားတဲ့အခါ အဿဇိမထေရ်ကို မြင်ပြီး ဒီလို ကြံစည်ပါတယ်။

"ငါဟာ ဒီလိုရဟန်းဆိုတာကို ရှေးက မမြင်ဖူးသည်သာ၊ လောကမှာရဟန္တာရဟန်းတွေ၊ အရဟတ္တမဂ်ရောက်ပြီး ရဟန်းတွေထဲမှာ ဒီရဟန်းဟာ တစ်ပါးအပါအဝင်ပဲ။ ငါဟာ ဒီရဟန်းကို ချဉ်းကပ်ပြီး 'ငါ့ရှင်၊ သင်ဟာ ဘယ်သူ့ကို ရည်စူးပြီး ရဟန်းဝတ်ခဲ့ပါသလဲ။ သင့်ရဲ့ဆရာကကော ဘယ်သူပါလဲ။ သင်ကကော ဘယ်သူ့ရဲ့တရားကို နှစ်သက်ပါသလဲ' လို့ မေးရရင် ကောင်းလေစွ။"

BURMESE CLASSIC .com

အဲဒီအခါ ဥပတိဿမှာ ဒီလို အကြံ ဖြစ်ပေါ်လာပြန်ပါတယ်။

"ဒီရဟန်းကို ပြဿနာမေးဖို့ အချိန်အခါ မဟုတ်သေး။ မြို့ထဲဝင်ပြီး ဆွမ်းခံလှည့်လည်နေတယ်။ ငါဟာ အဲဒီရဟန်းရဲ့နောက်မှ လိုက်ရပါမူ ကောင်းလေစွ။ ဒီလိုနောက်က လိုက်တာဟာ အကျိုးတစ်စုံတစ်ခုကို အလိုရှိသူတွေ သိလည်း သိအပ်၊ ကပ်လည်း ကပ်ရောက်အပ်တဲ့ လမ်းကြောင်းပဲ (လမ်းရိုးစဉ်လာ ဓမ္မတာပဲ။)"

ဥပတိဿဟာ အဿဇိမထေရ် ဆွမ်းရပြီး နေရာတစ်နေရာသို့ သွားနေတာကို မြင်ရပါတယ်။ မထေရ် ထိုင်လိုတာကိုလည်း သိပါတယ်။ မိမိရဲ့ ပရိဗိုဇ်အခင်းကို ခင်းပြီး ပေးပါတယ်။ ဥပတိဿက မထေရ်ရဲ့ ဆွမ်းကိစ္စအဆုံးမှာလည်း မိမိရဲ့ ရေကရားမှ ရေကို ပေးလှူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဆရာအပေါ် ပြုလုပ်ရမယ့်ဝတ်ကို ပြုလုပ်ပြီး ဆွမ်းကိစ္စပြီးတဲ့ အဿဇိမထေရ်နဲ့အတူ ချိုသာတဲ့နှုတ်ဆက်စကား ပြောပြီး ဒီလို မေးလျှောက်ပါတယ်။

"ငါ့ရှင်၊ သင့်ရဲ့ ဣန္ဒြေတွေက အထူးပဲ ကြည်လင်ကြပါတယ်။ အရေအဆင်းဟာ သန့်စင်၊ ဖြူစင်ပါပေတယ်။ ငါ့ရှင်၊ သင်ဟာ ဘယ်သူ့ကို ရည်စူးပြီး ရဟန်းဝတ်ခဲ့ပါသလဲ။ သင့်ရဲ့ဆရာကကော ဘယ်သူပါလဲ။ သင်ကကော ဘယ်သူရဲ့တရားကို နှစ်သက်ပါသလဲ။"

အဿဇိမထေရ်က ဒီလို ကြံစည်ပါတယ်။

"ဒီပရိဗိုဇ်တွေဆိုတာ သာသနာတော်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေပဲ။ ဒီသာသနာတော်ရဲ့ နက်နဲတဲ့အဖြစ်ကို ငါဟာ ပြမယ်"

မိမိရဲ့ ဝါငယ်တဲ့အဖြစ်ကို ပြလိုလို့ ဒီလို မိန့်ပါတယ်။

"ငါ့ရှင် ပရိဗိုဇ်၊ ငါဟာ ငယ်ပါသေးတယ်။ မကြာခင်ကမှ ရဟန်းဝတ်လာခဲ့ပါတယ်။ အခုမှ ဒီသာသနာတော်ကို ဝင်ရောက်လာခဲ့ပါတယ်။ ငါဟာ အကျယ်အားဖြင့် တရားကို ဟောဖို့ မစွမ်းနိုင်သေးပါ။"

ဥပတိဿပရိဗိုဇ်က ဒီလို ကြံစည်ပါတယ်။

"ငါဟာ ဥပတိဿ မည်ပါတယ်။ သင်က သင်စွမ်းနိုင်သလောက် နည်းနည်းဖြစ်ဖြစ်၊ များများဖြစ်ဖြစ် ဟောပေးပါ။ အဲဒါကို နည်းပေါင်း တစ်ရာ၊ နည်းပေါင်း တစ်ထောင်နဲ့ ထိုးထွင်းသိဖို့က ငါ့ရဲ့တာဝန်ပါပဲ"

အဲဒီလို ကြံစည်ပြီး ဥပတိဿက ဒီလို လျှောက်ထားပါတယ်။

"နည်းနည်းဖြစ်ဖြစ်၊ များများဖြစ်ဖြစ် အရှင်ဘုရားက ဟောတော်မူပါ။ အနက်အဓိပ္ပာယ်ကိုသာ တပည့်တော်အား ဟောတော်မူပါ။ တပည့်တော်ဟာ အနက်အဓိပ္ပာယ်ကိုသာ အလိုရှိပါတယ်။ များစွာသော သဒ္ဒါကို သင်ဟာ ဘာလုပ်မှာပါလဲ။"



အဲဒီလို လျှောက်တဲ့အခါ အဿဇိမထေရ်က "အကျိုးဒုက္ခသစ္စာတရားတို့ရဲ့ အကြောင်းသမုဒယသစ္စာကို ဘုရားရှင်က ဟောတော်မူပါတယ်"လို့ ဟောတော်မူလိုက်ပါတယ်။ ဥပတိဿပရိဗိုဇ်ဟာ အဲဒီစကားလေးတစ်ခွန်းကိုသာ ကြားနာရပြီး နည်းပေါင်းတစ်ထောင်နဲ့ တန်ဆာဆင်ထားတဲ့ သောတာပတ္တိဖိုလ်မှာ တည်ရှိသွားပါတယ်။ (သောတာပန်ဖြစ်သွားပါတယ်။) (ဓမ္မပဒ၊ ၄၊ ပ၊ ၅၆)

ပညာအရာမှာ အသာဆုံးတပည့်ဖြစ်မယ့် ပုဂ္ဂိုလ်ဖြစ်တာမို့ တရားစကားတစ်ခွန်းလေးမျှနဲ့ သောတာပန် ဖြစ်သွားပါတယ်။ မြန်ဆန်လွယ်ကူလွန်းလှပါတယ်။ ဒီလို မြန်ဆန်လွယ်ကူအောင် တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတွေကို ဖြည့်ကျင့်ခဲ့ရပါတယ်။ သူ့သောတာပတ္တိဖိုလ်က နည်းပေါင်းတစ်ထောင်နဲ့တောင် တန်ဆာဆင်ထားပါသေးတယ်တဲ့။ ပညာရှင်တွေဆိုတာ ချက်ဆို နားခွက်က မီးတောက်ဆိုတာလိုပါပဲ။ အကျဉ်းချုပ်လေး ဟောပြလိုက်တာနဲ့ပဲ အကျယ်ချဲ့ကာ ထိုးထွင်းသိနိုင်စွမ်း ရှိကြပါပေတယ်။ ထက်မြက်လျင်မြန်ပြီး နက်နဲတဲ့ ပညာရှိပါပေတယ်။ သူ့လို ပညာထက်မြက်တဲ့ ပုဂ္ဂိုလ်ဟာ ဘုရားသာသနာမှာ တစ်ပါးမှ မရှိပါ။ သူတစ်ပါးပဲ ရှိပါတယ်။ တန်ခိုးအရာမှာ အသာဆုံးတပည့်ဖြစ်တဲ့ အရှင်မဟာမောဂ္ဂလာန်တောင် ဥပတိဿ ဟောပြတဲ့ တရားကို နာရလို့ သောတာပန် ဖြစ်သွားရာမှာ စကားလေးတစ်ခွန်း အပိုပါဝင်ရပါသေးတယ်။ အဲဒီအပိုစကားလေးကတော့ "အဲဒီ ဒုက္ခသစ္စာတွေရဲ့ချုပ်ရာ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားဟာ ရှိတယ်။ ရဟန်းမြတ်ဂေါတမဟာ အဲဒီလို ဟောလေ့ ရှိပါတယ်" လို့ ဖြစ်ပါတယ်။ အရှင်မဟာမောဂ္ဂလာန်လောင်းလျာဖြစ်တဲ့ ကောလိတ နာယူရတဲ့ တရားထဲမှာ သစ္စာလေးပါးလုံး ပါဝင်ပါတယ်။ ဥပတိဿ နာယူရတဲ့ တရားထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒုက္ခနဲ့ သမုဒယလောက်ပဲ ပါဝင်ပါသေးတယ်။ ကောလိတ နာယူ ရတဲ့ တရားထဲမှာတော့ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာတွေ ပါဝင်နေပါသေး တယ်။ အရှင်အဿဇိရဲ့ စကားလေးတစ်ခွန်းက ဥပတိဿရဲ့သန္တာန်က အပါယ်ကျစေနိုင်တဲ့ ကိလေသာအမှောင်အားလုံးကို ဖြိုခွင်းကာ သောတာ ပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အလင်းကို ပေးလိုက်ပါတယ်။ စွမ်းအား ကြီးမားလှပါပေတယ်။

BURMESE CLASSIC .com

## မောင်လေး

“သမီးသုမနာ၊ ဘာပါလဲ။”

“မောင်လေး၊ ဘာပါလဲ။”

သမီးဖြစ်သူ သုမနာက ဖခင်ဖြစ်သူ အနာထပိဏ်သူဌေးအား ‘မောင်လေး’ လို့ ခေါ်ဝေါ်လိုက်ပါတယ်။ အနာထပိဏ်က ဆက်မေးလို့ သုမနာက ဆက်ဖြေပါတယ်။

“ယောင်ယမ်း ပြောဆိုတာနေတာလား သမီး။”

“ယောင်ယမ်း မပြောဆိုပါ မောင်လေး။”

“ကြောက်နေသလား သမီး။”

“မကြောက်ပါ မောင်လေး။”

ဒီလောက်စကားကိုသာ ပြောပြီး သုမနာဟာ သေသွားပါတယ်။ အနာထပိဏ်ဟာ သောတာပန်ဖြစ်ပေမယ့်လည်း သုမနာအပေါ် ဖြစ်တဲ့ သောကကို သည်းခံနိုင်စွမ်း မရှိပါ။ သမီးသုမနရဲ့အလောင်း မီးသဂြိုဟ်ပြီး ငိုလျက် ဘုရားရှင်ထံ သွားပါတယ်။ ဘုရားရှင်က ဒီလို ဟောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူကြွယ်၊ သင်ဟာ ကိုယ်၊ စိတ် ဆင်းရဲပြီး မျက်ရည်ယို ငိုကြွေးကာ လာခဲ့သလား။"

"တပည့်တော်ရဲ့သမီး သုမနာဟာ သေသွားပါတယ် ဘုရား။"

"သင်ဟာ ဘာလို့ ဝမ်းနည်းနေတာလဲ။ သတ္တဝါအားလုံးဟာ သေချာပေါက် သေရတာပဲ မဟုတ်လား။"

"အဲဒါကို တပည့်တော် သိပါတယ် ဘုရား။ တပည့်တော်ရဲ့ အရှက်အကြောက်နဲ့ ပြည့်စုံတဲ့ ဒီလိုသမီးဟာ သေခါနီးအခါမှာ သတိမထားနိုင်လို့ ယောင်ယမ်းပြောဆိုကာ သေသွားပါတယ်၊ ဒါကြောင့် တပည့်တော်မှာ စိတ်မကောင်းမှု များစွာ ဖြစ်နေရပါတယ်။"

"သူဌေးကြီး၊ သုမနာက ဘာ ပြောသွားသလဲ။"

"မြတ်စွာဘုရား၊ တပည့်တော်က သူ့ကို သမီးသုမနာလို့ ခေါ်လိုက်ပါတယ်။ အဲဒီအခါ သုမနာက တပည့်တော်ကို မောင်လေး ဘာပါလဲလို့ ပြောပါတယ်။ တပည့်တော်က 'သမီး၊ ယောင်ယမ်း ပြောဆိုနေတာလား'လို့ မေးပါတယ်။ 'မယောင်ယမ်းပါ မောင်လေး'လို့ သမီးက ဖြေပါတယ်။ 'သမီး၊ ကြောက်သလား' လို့ မေးတဲ့အခါ သုမနာက 'မကြောက်ပါ မောင်လေး' လို့ ဖြေပါတယ်။ အဲဒီလောက် ပြောပြီး သမီးသုမနာဟာ သေသွားပါတယ်။"

အဲဒီအခါ ဘုရားရှင်က အနာထပိဏ်ကို ဒီလို မိန့်ပါတယ်။

"သူဌေးကြီး၊ သင်ရဲ့ သမီးဟာ ယောင်ယမ်း ပြောဆိုတာ မဟုတ်ပါ။"

"ဒီလိုဆိုရင် ဘာကြောင့် အဲဒီလို ပြောတာပါလဲ ဘုရား။"

"သင်က ငယ်လို့ပဲ။ မှန်တယ် သူကြွယ်။ သင့်ရဲ့သမီး သုမနာက သင့်ထက် မဂ်ဖိုလ်တွေအားဖြင့် ကြီးတယ်၊ မှန်တယ်။ သင်က



သောတာပန်ပဲ။ သင့်သမီး သုမနာကတော့ သကဒါဂါမ်ပဲ၊ သုမနာက သင့်ထက် မဂ်ဖိုလ်တွေအားဖြင့် ကြီးလို့ သင့်ကို မောင်လေးလို့ ခေါ်ဝေါ်သွားတာပဲ။"

"အဲဒီအတိုင်းပဲလား ဘုရား။"

"အဲဒီအတိုင်းပဲ သူကြွယ်။"

"အခု သုမနာဟာ ဘယ်ဘဝမှာ ဖြစ်နေပါသလဲ ဘုရား။"

"သူကြွယ်၊ တုသိတာနတ်ပြည်မှာ။"

"မြတ်စွာဘုရား၊ တပည့်တော်ရဲ့သမီး သုမနာဟာ ဒီလူ့ဘဝမှာ ဆွေမျိုးတွေရဲ့အလယ် နှစ်သက်ရွှင်လန်းကာ လှည့်လည်ပြီး ဒီလူ့ဘဝတ သွားပြီးတော့လည်း နှစ်သက်ရွှင်လန်းရရာ နေရာမှာပဲ ဖြစ်ပါတယ်"

"သူကြွယ်၊ ဟုတ်တယ်။ မမေ့မလျော့တဲ့ လူဝတ်ကြောင်တွေရော၊ ရှင်-ရဟန်းတွေပါ ဒီလောကမှာရော၊ နောက်လောကမှာပါ နှစ်သက်ရွှင်လန်းကြရတာပါပဲ။"

"ကုသိုလ်ကောင်းမှု ပြုထားသူဟာ ဒီဘဝမှာ ကိုယ့်ကုသိုလ်ကောင်းမှုတို ကြည့်ကာ 'ငါဟာ ကုသိုလ်ကောင်းမှုကို ပြုပြီးပြီ။ မကောင်းမှုကို ငါဟာ မပြုခဲ့" လို့ တွေးပြီး နှစ်သက်ရွှင်လန်းရတယ်။ တမလွန်ဘဝမှာ ကောင်းကျိုးတွေကို ခံစားရင်း နှစ်သက်ရွှင်လန်းရတယ်။ ဒီဘဝ၊ နောက်ဘဝ နှစ်မျိုးလုံးမှာ နှစ်သက်ရွှင်လန်းရတယ်။ "ငါဟာ ကောင်းမှုကို ပြုပြီးပြီ" လို့ တွေးကာ ဒီဘဝမှာ နှစ်သက်ရွှင်လန်းရတယ်။ ကောင်းတဲ့ နတ်ဘဝရောက်ပြီး နတ်စည်းစိမ်ကို ခံစားကာ အလွန်အကဲ နှစ်သက်ရွှင်လန်းရတယ်။"

ဘုရားရှင်ရဲ့ အဲဒီတရားဒေသနာအဆုံးမှာ တရားနာပရိသတ်များစွာဟာ သောတာပန်စသည် ဖြစ်ကြပါတယ်။ တရားဒေသနာဟာ လူအများမှာ အကျိုးများတဲ့ တရားဒေသနာ ဖြစ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သုမနာဟာ ဘုရားတရားကို နာကြားရပြီး သကဒါဂါမ် ဖြစ်ထားပါတယ်။ အပျိုစင်ဘဝနဲ့ပဲ နေပါတယ်။ မကျန်းမမာတဲ့ ရောဂါဝေဒနာ နှိပ်စက်ခံရလို့ အစာအာဟာရကို ဖြတ်ပြီး ဖခင်ဖြစ်သူ အနာထပိဏ် သူဌေးကြီးကို မြင်တွေ့ချင်လို့ အခေါ်ခိုင်းပါတယ်။ အနာထပိဏ်သူဌေးဟာ အလှူပွဲတစ်ခုမှာ သမီးသုမနာရဲ့ သတင်းကို ကြားရချင်းပဲ လာကာ "သမီးသုမနာ၊ ဘယ်လိုပါလဲ" လို့ မေးပါတယ်။ "မောင်လေး၊ ဘာပါလဲ" လို့ သမီးသုမနာက ဖခင် အနာထပိဏ်ကို မေးပါတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၉၈)

သမီးဖြစ်သူက ဖခင်ဖြစ်သူကို 'မောင်လေး' လို့ ခေါ်ဝေါ်လိုက်တာဟာ အလွန်အကဲပဲ ထူးဆန်းနေပါတယ်။ ဖခင်ဖြစ်သူ အနာထပိဏ်အဖို့ 'မောင်လေး' ဆိုတဲ့ စကားလေးတစ်ခွန်းကို ကြားရတာ နားဝမှာ မသက်သာ ဖြစ်နေရပါတယ်။ ယောင်ယမ်းပြောဆိုတာလို့ ထင်မယ်ဆိုလည်း ထင်ချင်စရာပါပဲ။ မဂ်၊ ဖိုလ်အားဖြင့် သင့်ထက် သင့်သမီးက ကြီးနေလို့ ဆိုတဲ့ ဘုရားရှင်ရဲ့ ဖြေဆိုရှင်းပြတဲ့ စကားလေးတစ်ခွန်းကိုသာ သိရှိခွင့် မရခဲ့ရင် အနာထပိဏ်ခမျာ စိတ်ဆင်းရဲခြင်း ဝေဒနာကို အကြီးအကျယ် ခံစားနေရဦးမှာပဲ။ သေခါနီးသမီးလေး သုမနာက ပဟေဠိဆန်လှတဲ့ 'မောင်လေး' ဆိုတဲ့ စကားလေးတစ်ခွန်းနဲ့ သူ့ဖခင်ကို ခေါ်ဝေါ်သွားပါတယ်။ အကြီး၊ အငယ်ဆိုတာ အသက်အရွယ်နဲ့ ဆိုင်သလို တရားအသိပညာဂုဏ်နဲ့လည်း သက်ဆိုင်နေပါတယ်။ ဂုဏဝုဍ္ဍိ - ဂုဏ်အားဖြင့် ကြီးမှုနဲ့၊ ဝယဝုဍ္ဍိ - အသက်အရွယ်အားဖြင့် ကြီးမှုလို့ ကြီးမှု (၂) မျိုး ရှိနေပါတယ်။

သာဝတ္ထိမြို့က အနာထပိဏ်သူဌေးရဲ့အိမ်မှာ နေတိုင်း ရဟန်း (၂) ထောင်ဟာ ဆွမ်းဘုဉ်းပေးကြပါတယ်။ ဝိသာခါဒကာမကြီးရဲ့ အိမ်



မှာလည်း အဲဒီလို (၂) ထောင်ပဲ ဆွမ်းဘုဉ်းပေးကြပါတယ်။ သာဝတ္ထိမြို့က အလှူပေးလှူလိုသူ ဟူသမျှဟာ အဲဒီအနာထပိဏ်နဲ့ ဝိသာခါတို့ နှစ်ယောက်ရဲ့ထံက အခွင့်ကို ရမှသာ ပြုလုပ်ကြပါတယ်။ ဘာကြောင့်ပါလဲ။ "သင်တို့ရဲ့အလှူပွဲကို အနာထပိဏ်ရော၊ ဝိသာခါပါ လာကြသလား" လို့ မေးပြီး "မလာကြပါ"လို့ ဖြေတဲ့အခါ တစ်သိန်းကို စွန့်လွှတ်ပြီး ပြုလုပ်တဲ့ အလှူကိုတောင် "ဒီအလှူက ဘယ်လိုအလှူလဲ" လို့ ပြောကာ ကဲ့ရဲ့ကြပါတယ်။ မှန်ပါတယ်။ အဲဒီအနာထပိဏ်၊ ဝိသာခါ နှစ်ယောက်လုံးဟာလည်း ရဟန်းသံဃာရဲ့ အကြိုက်ကိုရော၊ သင့်လျော်တဲ့ ကိစ္စတွေကိုပါ အလွန်အကဲပဲ သိကြပါတယ်။ အဲဒီနှစ်ယောက် စီစဉ်ရင် ရဟန်းတွေဟာ စိတ်တိုင်းကျ ဘုဉ်းပေးကြရပါတယ်။ ဒါကြောင့် အလှူ လှူလိုကြသူ အားလုံးဟာ အဲဒီအနာထပိဏ်နဲ့ ဝိသာခါကို ခေါ်ယူပြီးမှသာ သွားကြပါတယ်။ အဲဒီနည်းနဲ့ အဲဒီနှစ်ယောက်ဟာ မိမိမိမိရဲ့အိမ်မှာ ရဟန်းတွေကို ပြုစုလုပ်ကျွေးခွင့် မရကြပါ။

ဒါကြောင့် ဝိသာခါဟာ "ငါ့ရဲ့နေရာမှာ ရပ်တည်ပြီး ဘယ်သူဟာ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးမလဲ" လို့ စူးစမ်းတဲ့အခါ သားရဲ့သမီးဖြစ်သူကို မြင်ရလို့ အဲဒီမြေးမကို မိမိရဲ့နေရာမှာ ထားပါတယ်။ အဲဒီမြေးမလေးဟာ ဝိသာခါရဲ့အိမ်မှာ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးပါတယ်။ အနာထပိဏ်ကလည်း မဟာသုဘဒ္ဒါမည်တဲ့ သမီးကြီးကို ထားပါတယ်။ မဟာသုဘဒ္ဒါဟာ ရဟန်းတွေရဲ့ ဝေယျာဝစ္စကိုလုပ်ရင်း တရားကို နာကာ သောတာပန်ဖြစ်ပြီး လင့်အိမ်ကို သွားပါတယ်။ အဲဒီကနောက် စူဠသုဘဒ္ဒါကို ထားပါတယ်။ စူဠသုဘဒ္ဒါကလည်း အဲဒီလို လုပ်ရင်း သောတာပန်ဖြစ်ကာ လင့်အိမ်ကို လိုက်သွားပါတယ်။ အဲဒီကနောက် သုမနဒေဝီမည်တဲ့ သမီးငယ်ကို ထားပါတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၉၇)

www.burmeseclassic.com

www.burmeseclassic.com



ဖခင်အနာထပိဏ်ကို 'မောင်လေး' လို့ ခေါ်သွားတဲ့ သုမနဟာ အနာထပိဏ်ရဲ့ သမီးအငယ်ဆုံး သုမနာဒေဝီ ဖြစ်ပါတယ်။ သုမနာဟာ အနာထပိဏ်ရဲ့ အားကိုးရတဲ့ သမီးငယ် ဖြစ်ပါတယ်။

## ဥဂ္ဂသေနသူဌေးသား

ကချေသည် (၅၀၀) ဟာ တစ်နှစ်မှာ တစ်ခါ သို့မဟုတ် (၆) လမှာ တစ်ခါ ရာဇဂြိုဟ်မြို့ကို သွားပြီး မင်းအတွက် (၇) ရက်ပတ်လုံး ပွဲသဘင် ပြုလုပ်ကာ ရွှေငွေများစွာကို ရကြတယ်။ အကြားအကြားမှာ ဆုချတာ တွေကတော့ အဆုံးမရှိ။ လူအများဟာ ညောင်စောင်း အဆင့်ဆင့် စသည်တွေမှာ ရပ်တည်ကာ ပွဲကို ကြည့်ရှုကြတယ်။ အဲဒီအခါ ကျွမ်းသမား သမီးတစ်ယောက်က ဝါးပေါ် တက်ပြီး အဲဒီဝါးရဲ့အထက်မှာ လှည့်ပြီး အဲဒီဝါးရဲ့အဆုံး ကောင်းကင်မှာ စင်္ကြံသွားရင်း ကလည်း ကတယ်။ သီချင်းလည်း ဆိုတယ်။ အဲဒီအခါမှာ ဥဂ္ဂသေနသူဌေးသား က သူငယ်ချင်းနဲ့အတူ ညောင်စောင်းအဆင့်ဆင့်မှာ ရပ်ရင်း သူမကို ကြည့်တယ်။ သူမရဲ့ လက်ခြေလှုပ်ရှားဟန် စသည်တွေမှာ နှစ်ခြိုက် စွဲလမ်းသွားတယ်။ အိမ်ကို သွားကာ "သူမကို ရရင် အသက်ရှင်မယ်။ မရရင် ငါဟာ ဒီနေရာမှာပဲ သေမယ်" လို့ အစာကို ဖြတ်ကာ ညောင် စောင်းငယ်ပေါ် လဲလျောင်းနေတယ်။ မိဘတွေက "ချစ်သား၊ သင့်မှာ ရောဂါဖြစ်နေသလား" လို့ မေးတဲ့အခါ "ကျွန်တော်ဟာ အဲဒီဈေး သည် သမီးကို ရရင် အသက်ရှင်မယ်။ မရရင် ဒီနေရာမှာပဲ သေမယ်" လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား၊ ဒီလို မလုပ်ပါနဲ့။ သင့်အတွက် ငါတို့ရဲ့အမျိုး၊ စည်းစိမ် ဥစ္စာတွေနဲ့ လျော်တဲ့ အခြားသတို့သမီးကို ဆောင်ပေးကြပါမယ်။"

အဲဒီလို ပြောကြပေမယ့် ရှေ့ကအဆိုအတိုင်းပဲ ပြောကာ လဲလျောင်းတယ်။ အဲဒီအခါ သူ့ရဲ့ဖခင်က အကြိမ်များစွာ တောင်းဆိုပေမယ့်လည်း သူ့ကို နားလည်အောင် ပြောမနိုင်လို့ သူ့ရဲ့သူငယ်ချင်းကို အခေါ်ခိုင်းကာ အသပြာတစ်ထောင်ကို ပေးတယ်။ "ဒီအသပြာတွေကို ယူပြီး မိမိရဲ့ သမီးကို ငါ့သားအား ပေးပါ"လို့ စေလွှတ်တယ်။ ကချေသည်မရဲ့ ဖခင်က "ငါဟာ အသပြာတွေကို ယူပြီး မပေးအံ့။ သူဌေးသားဟာ ဒီသမီးကို မရဘဲ အသက်မရှင်နိုင်ရင် ငါတို့နဲ့အတူပဲ လှည့်လည်ပါ။ သူဌေးသားအား သမီးကို ပေးပါမယ်။ မိဘတွေက သားအား အဲဒီအကြောင်းကို ပြောပြကြတယ်။ သူဌေးသားက "ကျွန်တော်ဟာ သူတို့အတူ လှည့်လည်ပါမယ်" လို့ ပြောပြီး တောင်းဆိုနေကြပေမယ့် မိဘတွေရဲ့စကားကို မနာယူဘဲ သူတို့နဲ့အတူ ကချေသည်ထံ သွားတယ်။ ကချေသည်တာ သူဌေးသားအား သမီးကို ပေးပြီး အဲဒီသူဌေးသားနဲ့အတူပဲ ရွာ၊ နိဂုံး မင်း နေပြည်တော်တွေမှာ အတတ်ကို ပြရင်း လှည့်လည်တယ်။

ကချေသည်သမီးကလည်း အဲဒီသူဌေးသားနဲ့အတူ ပေါင်းသင်းပြီး မကြာခင်မှာပဲ သားကို ရပြီး ချော့တဲ့အခါ "လှည်းစောင့်ရဲ့သား ပစ္စည်း သယ်ဆောင်သူရဲ့သား၊ ဘာကိုမှ မသိသူရဲ့သား"လို့ ပြောတယ်။ ဥဂ္ဂသေနကလည်း သူတို့လှည်းဝိုင်း လုပ်ကာ ရပ်တည်ရာနေရာမှာ နွား တွေအတွက် မြက်ကို သယ်ဆောင်တယ်။ အတတ်ပြရာနေရာမှာ ရတဲ့ ပစ္စည်းကို ထမ်းပိုးကာ သယ်ဆောင်တယ်။ အဲဒါကိုပဲ ရည်ရွယ်ပြီး အဲဒီ ကချေသည်မက ကလေးချော့ရင်း အဲဒီလို ပြောတယ်။ ဥဂ္ဂသေနဟာ သူ့ကို အကြောင်းပြုပြီး သူမ သီဆိုတာကို သိပြီး သူမကို မေးတယ်။ သူမက ဖြေတယ်။



"ငါ့ကို ရည်ရွယ်ပြီး ပြောတာလား။"

"ဟုတ်တယ်။ သင့်ကို ရည်ရွယ်ပြီး ပြောတယ်။"

"ဒီလိုဆိုရင် ငါ ထွက်ပြေးမယ်။"

"သင် ထွက်ပြေးပြေး လာလာ ငါ့မှာ ဘာအကျိုးရှိမှာလဲ။"

သူမက ထပ်ကာထပ်ကာ အဲဒီသီချင်းကိုပဲ သီဆိုတယ်။ သူမဟာ သူမရဲ့ရုပ်ရည်ပြည့်စုံမှုနဲ့ ဥစ္စာရမှုကို မှီပြီး ဥဂ္ဂသေနကို အထင်မကြီး ဖြစ်နေသတဲ့။ ဥဂ္ဂသေနက "ဘာကို မှီပြီး ဒီမိန်းမမှာ ဒီမာန ရှိနေသလဲ" လို့ တွေးတယ်။ "အတတ်ပညာကို အမှီပြုပြီး ရှိနေတယ်"လို့ သိပြီး ရှိပါ စေ။ အတတ်ပညာကို ငါ သင်ယူမယ်" လို့ ကြံကာ ယောက္ခမယောကျ်ား ထံ ချဉ်းကပ်ပြီး သူသိထားတဲ့ အတတ်ပညာကို သင်ယူတယ်။ ရွာ၊ နိဂုံး စသည်တွေမှာ အတတ်ပညာကို ပြရင်း အစဉ်အတိုင်း ရာဇဂြိုဟ်မြို့ကို လာကာ "ဒီကနေ့ကနေ (၇) ရက်မြောက်မှာ ဥဂ္ဂသေနသူဌေးသားဟာ မြို့သူမြို့သားတွေအား အတတ်ကို ပြလိမ့်မယ်" လို့ အပြောခိုင်းတယ်။ မြို့သူမြို့သားတွေက ညောင်စောင်းအဆင့်ဆင့် စသည်တွေမှာ ဖွဲ့ခိုင်းတာ (၇) ရက်မြောက်နေ့မှာ စုဝေးကြတယ်။ ဥဂ္ဂသေနကလည်း အတောင် (၆၀) ရှိ ဝါးပေါ်တက်ပြီး အဲဒီဝါးရဲ့အထက်မှာ ရပ်တည်တယ်။

အဲဒီနေ့မှာ ဘုရားရှင်က နံနက်မိုးသောက်အခါ လောကကြီးကို ကြည့်ရှုတော်မူတဲ့အခါ ဥဂ္ဂသေန သည်ဉာဏ်တော်အတွင်း ဝင်လာတာကို မြင်ရတယ်။ "ဘာ ဖြစ်လိမ့်မလဲ"လို့ ဆင်ခြင်တော်မူတဲ့အခါ "နက်ဖြန်ခါမှာ သူဌေးသားဟာ အတတ်ပညာကို ပြမယ်ကြံကာ ဝါးထိပ်ပေါ် ရပ်တည်မယ်။ သူ့ကို ကြည့်ဖို့ လူအများ စုဝေးကြလိမ့်မယ်။ အဲဒီမှာ ငါ ဘုရားက (၄) ပါဒရှိ ဂါထာကို ဟောကြားမယ်။ အဲဒီဂါထာကို ကြားနာပြီး သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင် (၈၄၀၀၀) ဟာ တရားထူး

www.burmeseclassic.com

www.burmeseclassic.com



ကို ထိုးထွင်း သိမြင်လိမ့်မယ်။ ဥဂ္ဂသေနလည်း ရဟန္တာ ဖြစ်လိမ့်မယ်”လို့ သိတော်မူတယ်။ ဘုရားရှင်က နောက်နေ့မှာ အချိန်ကို မှတ်သားပြီး ရဟန်းအပေါင်းခြံရံကာ ရာဇဂြိုဟ်မြို့ကို ဆွမ်းခံဝင်တယ်။ ဥဂ္ဂသေန လည်း ဘုရားရှင်မြို့တွင်း မဝင်မီဘဲ ကြွေးကြော်ဖို့ လူအများအား လက်ချောင်းအမှတ်အသားကို ပေးတယ်။ ဝါးထိပ်ပေါ် တည်ပြီး ကောင်းကင်မှာပဲ (၇) ကြိမ်လှည့်ကာ သက်ဆင်းပြီး ဝါးထိပ်ပေါ် ရပ် တည်တယ်။

အဲဒီခဏမှာ ဘုရားရှင်က မြို့ကို ဝင်တဲ့အခါ ဥဂ္ဂသေနကို ပရိသတ် မကြည့်အောင် လုပ်ပြီး ဘုရားရှင်ကိုပဲ ကြည့်ရှုစေတယ်။ ဥဂ္ဂသေနက ပရိသတ်ကို ကြည့်ပြီး “ပရိသတ်က ငါ့ကို မကြည့်” လို့ တွေးကာ စိတ် မကောင်း ဖြစ်တယ်။ “ဒီအတတ်က ငါ နှစ်တစ်နှစ်မှာ လုပ်ထိုက်တဲ့ အတတ်ပဲ။ ဘုရားရှင် မြို့ကို ဝင်တဲ့အခါ ပရိသတ်က ငါ့ကို မကြည့်ဘဲ ဘုရားရှင်ကိုပဲ ကြည့်တယ်။ ငါ့ရဲ့ အတတ်ပညာပြမှုဟာ အချည်းနှီး ဖြစ်ပြီ” လို့ တွေးတယ်။ ဘုရားရှင်က ဥဂ္ဂသေနရဲ့ စိတ်ကို သိပြီး မဟာ မောဂ္ဂလ္လာန်ကို ခေါ်ကာ “မောဂ္ဂလ္လာန်၊ သွားပါ။ သူဌေးသားကို အတတ် ပညာ ပြပါတဲ့လို့ ပြောလိုက်ပါ” လို့ ပြောတယ်။ မထေရ်က သွားပြီး ဝါးရဲ့အောက်မှာ ရပ်လျက် သူဌေးသားကို ခေါ်ကာ ပြောတယ်။

“အင်အားကြီးတဲ့ ကချေသည်သား ဥဂ္ဂသေန၊ တိုက်တွန်းပါတယ်။ ကြည့်ပါ။ ပရိသတ်အား ကပြပါ။ လူအများကို ရယ်ရွှင်စေပါ။”

ဥဂ္ဂသေနက မထေရ်ရဲ့စကားကို ကြားရပြီး ဝမ်းသာရွှင်ပျကာ “ဘုရားရှင်က ငါ့ရဲ့အတတ်ပညာကို ကြည့်ရှုလိုတယ် ထင်တယ်” လို့ ကြံပြီး ဝါးထိပ်ပေါ် ရပ်ရင်းပဲ ပြောတယ်။



“ပညာနဲ့ တန်ခိုးကြီးမားတဲ့ အရှင်မောဂ္ဂလ္လာန် တိုက်တွန်းပါ တယ်။ ရှုစားတော်မူပါ။ တပည့်တော် ပရိသတ်အား ကပြပါမယ်။ လူ အများကို ရွှင်စေပါမယ်။”

အဲဒီလို ပြောပြီး ဝါးထိပ်မှ ကောင်းကင်ကို တက်ကာ ကောင်းကင် မှာပဲ (၁၄) ကြိမ်တိုင်တိုင် လှည့်ပြီး သက်ဆင်းကာ ဝါးထိပ်ပေါ်ပဲ ရပ် တည်တယ်။ အဲဒီအခါ ဘုရားရှင်က “ဥဂ္ဂသေန၊ ပညာရှိဆိုတာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ခန္ဓာတွေမှာ တွယ်တာမှုကို ပယ်စွန့်ကာ ဇာတိစသည် တွေမှ လွတ်မြောက်သင့်တယ်”လို့ မိန့်ပြီး အောက်ပါစကားကို မိန့်တယ်။

“အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ခန္ဓာတွေမှာ တွယ်တာမှုကို စွန့်လွှတ် ပါ။ ဘဝအဆုံးကို ရောက်ပါ။ ရုပ်နာမ်သင်္ခါရအားလုံးမှာ ကိလေသာမှ လွတ်မြောက်စိတ် ရှိပါစေ။ အဲဒီလိုနေရင် နောက်ထပ် ဇာတိ၊ ဇရာ၊ မရဏ (ဘဝမှာ ဖြစ်မှု၊ အိုမှု၊ သေမှု) တွေသို့ မကပ်ရောက်ရတော့။”

အဲဒီတရားဒေသနာ အဆုံးမှာ သတ္တဝါပေါင်း (၈၄၀၀၀) ဟာ တရားထူး ရတယ်။ သူဌေးသားလည်း ဝါးထိပ်ပေါ် ရပ်ရင်းပဲ ပဋိသမ္ဘိဒါ လေးပါးနဲ့တကွ ရဟန္တာဖြစ်တယ်။ ဝါးပေါ်က သက်ဆင်းပြီး ဘုရားရှင် ထံ လာတယ်။ တည်ခြင်းငါးပါးနဲ့ ဘုရားရှင်ကို ရှိခိုးပြီး ရဟန်းအဖြစ် တောင်းတယ်။ အဲဒီအခါ သူ့ကို ဘုရားရှင်က လက်ဆန့်တန်းကာ “ရဟန်း၊ လာလော့” လို့ မိန့်လိုက်ပါတယ်။ အဲဒီခဏမှာပဲ ဥဂ္ဂသေနဟာ ပရိက္ခရာ (၈) ပါးကို ဆောင်ထားတဲ့ ဝါ (၆၀) ရ မထေရ်လို ဖြစ်သွား တယ်။ အဲဒီအခါ ရဟန်းတွေက ဥဂ္ဂသေနကို “ငါ့ရှင်ဥဂ္ဂသေန၊ အတောင် (၆၀) ရှိ ဝါးပေါ်က သက်ဆင်းတဲ့အခါ သင်မှာ မကြောက်ဖူးလား” လို့ မေးလို့ “မကြောက်ပါ” လို့ ဖြေတယ်။ ရဟန်းတွေက အောက်ပါအတိုင်း လျှောက်လို့ ဘုရားရှင်က ပြန်မိန့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား၊ ဥဂ္ဂသေနက "ငါ မကြောက်ပါ"လို့ ပြောပါတယ် မမှန်တာကို ပြောပြီး အရဟတ္တဖိုလ်ကို ဖြေဆိုပါတယ်။"

"ရဟန်းတို့၊ ငါ့သားတော် ဥဂ္ဂသေနနဲ့တူတဲ့ ရဟန်းတွေဟာ သံယောဇဉ်ကို ဖြတ်ထားလို့ မကြောက်၊ မထိတ်လန့်ကြ။"

အဲဒီကချေသည်ရဲ့သမီးဟာလည်း "ငါ့လင်သွားတဲ့ လမ်းကို ငါ လိုက်မယ်" လို့ ဆုံးဖြတ်ကာ ရဟန်းမဝတ်ပြီး ရဟန္တာမ ဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ၄၊ ဒု၊ ၃၄၁)

ရှေးအခါက ကဿပဘုရားရှင်ရဲ့ ရွှေစေတီကို တည်ဆောက်ကြတဲ့အခါမှာ ဗာရာဏသီမြို့နေ အမျိုးကောင်းသားတွေက ခဲဖွယ်၊ စားဖွယ် များစွာကို ယာဉ်ငယ်တွေပေါ် တင်ကြပါတယ်။ "လက်နဲ့ လုပ်ရတဲ့ အလုပ်ကို ငါတို့ လုပ်ကြမယ်"လို့ တွေးကာ စေတီတည်ရာနေရာကို သွားကြပါတယ်။ လမ်းခရီးအကြားမှာ ဆွမ်းခံဝင်လာတဲ့ မထေရ်တစ်ပါးကို မြင်ကြရပါတယ်။ အဲဒီအခါ အမျိုးသမီးတစ်ယောက်က မထေရ်ကို ကြည့်ပြီး လင်ကို ဒီလို ပြောပါတယ်။

"အိုအရှင်၊ အရှင်မြတ်ဟာ ဆွမ်းခံဝင်နေတယ်။ ယာဉ်ငယ်ပေါ်မှာ လည်း ကျွန်မတို့ရဲ့ ခဲဖွယ်၊ စားဖွယ်များစွာ ရှိနေပါတယ်။ အရှင်မြတ်ရဲ့ သပိတ်ကို သင်ဟာ ဆောင်ယူခဲ့ပါ။ ကျွန်မတို့ဟာ ဆွမ်းလှူကြပါမယ်"

လင်က အဲဒီသပိတ်ကို သယ်ဆောင်လာပြီး ခဲဖွယ်၊ စားဖွယ်နဲ့ အပြည့် ထည့်လိုက်ပါတယ်။ မထေရ်ရဲ့လက်မှာ သပိတ်ကို တည်စေကာ ဇနီးမောင်နှံနှစ်ယောက်လုံးပဲ ဒီလို ဆုတောင်းကြပါတယ်။

"အရှင်ဘုရား၊ အရှင်ဘုရားတို့ သိမြင်ထားတဲ့ တရားကိုသာ ပိုင်ဆိုင်နိုင်သူတွေ ဖြစ်ကြရလိုပါ၏။"



အဲဒီမထေရ်ကလည်း ရဟန္တာပါပဲ။ ဒါကြောင့် ကြည့်တဲ့အခါ အဲဒီ ဇနီးမောင်နှံရဲ့ ဆုတောင်းပြည့်မှာကို သိပြီး ပြုံးတော်မူလိုက်ပါတယ်။ အဲဒီ ပြုံးနေတာကို ကြည့်ပြီး အဲဒီမယားက လင်ကို ဒီလို ပြောပါတယ်။

"ငါတို့ရဲ့ အရှင်မြတ်ဟာ ပြုံးတော်မူတယ်။ ကချေသည် တစ်ယောက် ဖြစ်လိမ့်မယ်။"

လင်ကလည်း မယားအား "ရှင်မရေ၊ အဲဒီအတိုင်း ဖြစ်လိမ့်မယ်" လို့ ပြောကာ ဖဲသွားပါတယ်။ အဲဒါဟာ အဲဒီဇနီးမောင်နှံရဲ့ ရှေးကံပါပဲ။ အဲဒီဇနီးမောင်နှံဟာ အဲဒီဘဝမှာ အသက်ထက်ဆုံး နေပြီး နတ်ပြည်မှာ ဖြစ်ကြပါတယ်။ နတ်ပြည်က စုတေပြီး မယားက ကချေသည်အိမ်မှာ ဖြစ်ပါတယ်။ လင်က သူဌေးအိမ်မှာ ဖြစ်ပါတယ်။ လင်က "ရှင်မရေ၊ အဲဒီ သို့ ဖြစ်လိမ့်မယ်" လို့ မယားအား စကားတုံ့ကို ပေးမိတဲ့အတွက် ကချေသည်တွေနဲ့အတူ လှည့်လည်ရပါတယ်။ ရဟန္တာမထေရ်အား လှူခဲ့တဲ့ ဆွမ်းကို အမှီပြုပြီး ရဟန္တာအဖြစ်သို့ ရောက်ပါတယ်။ အဲဒီကချေသည် သမီးကလည်း "ငါ့လင်ရဲ့ သွားရာလမ်းဟာ ငါရဲ့လည်း သွားရာလမ်းပဲ" လို့ တွေးကာ ဘိက္ခုနီဝတ်ပြီး ရဟန္တာအဖြစ်မှာ တည်သွားပါတယ်။

(ဓမ္မပဒ၊ ၄၊ ဒု၊ ၃၄၄)

"ပြုံးတဲ့ ငါတို့အရှင်မြတ်ဟာ ကချေသည်တစ်ဦး ဖြစ်လိမ့်မယ်" လို့ မယားဖြစ်သူက စကားလေးတစ်ခွန်း ပြောမိလို့ ကချေသည်သမီး ဖြစ်ရပါတယ်။ "ရှင်မရေ၊ အဲဒီအတိုင်း ဖြစ်ပါလိမ့်မယ်" လို့ လင်က ထောက်ခံပြောမိလို့ ကချေသည်တွေနဲ့ အတူ လှည့်လည်ရပါတယ်တဲ့။ အပြောခံရတဲ့ ပုဂ္ဂိုလ်က ရဟန္တာဖြစ်နေလေတော့ ပြောမှားမိသူတွေဟာ ပြောမှားရဲ့ဆိုးကျိုးကို အသေအချာ ခံစားရပါတော့တယ်။ ပြောမှားမိတဲ့ စကားလေးတစ်ခွန်းဟာ ကြောက်စရာကောင်းလှပါတယ်။ သတိထားကာ ရှောင်ရှားရပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

## လင် မုဆိုး မယား သောတာပန်

ရာဇဂြိုဟ်မြို့က သူဌေးသမီးတစ်ယောက်ဟာ အရွယ်ရောက်လာတဲ့အခါ ဘုံ (၇) ဆင့်ရှိ ပြာသာဒ်အထက်က ကျက်သရေတိုက်ခန်းမှာ စောင့်ရှောက်ဖို့ အလုပ်အကျွေး ကျွန်မတစ်ယောက်ကို ပေးပြီး မိဘတွေရဲ့ အထားခံရတယ်။ တစ်နေ့မှာ ညနေချမ်းအခါ လေသာပြတင်းက လမ်းခရီးအကြားကို လှမ်းကြည့်လိုက်တယ်။ ကျော့ကွင်း (၅၀၀) နဲ့ တံချွန် (၅၀၀) ကို ယူပြီး သားကောင်တွေကို သတ်ကာ အသက်မွေးနေတဲ့ ကုက္ကုဋမိတ္တမည်တဲ့ မုဆိုးတစ်ယောက် သားကောင် (၅၀၀) ကို သတ်ပြီး အဲဒီသားကောင်တွေရဲ့အသားနဲ့ လှည်းကြီးကို ပြည့်စေကာ လှည်းဦးမှာ ထိုင်ပြီး အသားရောင်းဖို့ မြို့ထဲ ဝင်လာတာကို မြင်သွားတယ်။ အဲဒီမုဆိုးအပေါ် သူဌေးသမီးက တွယ်တာစိတ်ဖြစ်လို့ အလုပ်အကျွေးမိန်းမရဲ့ လက်မှာ လက်ဆောင်ပေးပြီး "သွားပါ။ အဲဒီမုဆိုးအား လက်ဆောင်ပေးပြီး သွားမယ့်အချိန်ကို သိကာ လာခဲ့ပါ" လို့ စေလွှတ်လိုက်ပါတယ်။ အလုပ်အကျွေးမက သွားပြီး အဲဒီမုဆိုးအား လက်ဆောင်ပေးပြီး မေးတယ်။ မုဆိုးက ဖြေတယ်။

"ဘယ်အချိန်မှာ သွားမလဲ။"

"ဒီနေ့ အသားကို ရောင်းပြီး နံနက်စောစောပဲ ဒီအမည်ရှိ တံခါးက ထွက်ကာ သွားပါမယ်။"



အလုပ်အကျွေးမက မုဆိုးပြောတဲ့ စကားကို ကြားနာကာ လာပြီး သူဌေးသမီးအား ပြောတယ်။ သူဌေးသမီးက ယူထိုက်တဲ့အဝတ်၊ အဆင်တန်ဆာကို စီမံပြီး နံနက်စောစောပဲ ညစ်ပေတဲ့ အဝတ်ကို ဝတ်ကာ အိုးကို ယူပြီး ကျွန်မတွေနဲ့အတူ ရေချိုးဆိပ်ကို သွားသလို ထွက်ကာ အဲဒီအရပ်ကိုသွားတယ်။ မုဆိုးအလာကို ကြည့်ရင်း ရပ်တည်နေတယ်။ မုဆိုးက နံနက်စောစောပဲ လှည်းကို မောင်းနှင်ကာ ထွက်လာတယ်။ သူဌေးသမီးက အဲဒီလှည်းရဲ့နောက်က သွားတယ်။ မုဆိုးက သူဌေးသမီးကို မြင်ပြီး "ငါဟာ အဲဒီမိန်းမကို "ဘယ်သူ့သမီးလဲ" လို့ မသိ။ နှမ၊ ငါ့နောက်ကို မလိုက်ပါနဲ့" လို့ ပြောတယ်။ "ငါ့ကို သင်က မခေါ်၊ ငါက ငါ့သဘောအတိုင်း လာတယ်။ သင်ဟာ ဆိတ်ဆိတ်နေပြီး သင့်လှည်းကို မောင်းနှင်ပါ" လို့ သူဌေးသမီးက ပြောတယ်။ မုဆိုးက သူဌေးသမီးကို အထပ်ထပ် တားမြစ်တာပါပဲ။

အဲဒီအခါ မုဆိုးကို သူဌေးသမီးက ပြောတယ်။

"အို အရှင်၊ ကျက်သရေဆိုတာ ကိုယ့်ထံ လာရင် မတားမြစ်သင့်ပါ"

မုဆိုးက သူဌေးသမီးရဲ့ လာခြင်းအကြောင်းကို သံသယမရှိဘဲ သိကာ သူမကို လှည်းပေါ် တင်ပြီး သွားတယ်။ သူမရဲ့မိဘတွေက ဟိုဟိုဒီဒီ အရှာခိုင်းပြီး မတွေ့ကြတဲ့အခါ "သေတာ ဖြစ်လိမ့်မယ်" လို့ တွေးပြီး သေသူအတွက် ထမင်းအလှူ ပြုလုပ်ကြတယ်။ သူမလည်း အဲဒီမုဆိုးနဲ့အတူ ပေါင်းသင်းပြီး အစဉ်အတိုင်း သား (၇) ယောက်ကို မွေးဖွားတယ်။ သူတို့အရွယ်ရောက်တဲ့အခါ အိမ်ထောင်ချပေးကြတယ်။ တစ်နေ့မှာ ဘုရားရှင်က နံနက်မိုးသောက်အချိန် လောကကို ကြည့်တဲ့အခါ ကုက္ကုဋမိတ္တကို သားတွေ၊ ချွေးမတွေနဲ့ပါ ဘုရားရှင် ညာဏ်ကွန်ရက်ထဲ ဝင်လာတာကို တွေ့ရတယ်။ "ဒါက ဘာလဲ" လို့ စူးစမ်းတော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ ဖခင်၊ သား (၇) ယောက်၊ ချွေးမ (၇) ယောက်၊ ပေါင်း (၁၅) ယောက်လုံးရဲ့ သောတာပန်ဖြစ်ဖို့ ပါရမီရှိတာကို မြင်ရတယ်။ နံ့နက်စောစောပဲ သပိတ်၊ သင်္ကန်းကို ယူပြီး အဲဒီမုဆိုးရဲ့ ကျော့ကွင်းထောင်ရာ နေရာကို ကြွသွားတယ်။ အဲဒီနေ့မှာ ကျော့ကွင်းမှာ မိတဲ့ သားကောင် တစ်ကောင်မှ မရှိ။ ဘုရားရှင်က အဲဒီမုဆိုးရဲ့ ကျော့ကွင်းခြေရင်းမှာ ခြေရာတော်ကို ပြပြီး ရှေ့က ချုံတစ်ချုံရဲ့အောက်က အရိပ်မှာ ထိုင်နေတယ်။

ကုက္ကုဋမိတ္တက နံ့နက်စောစောပဲ လေးကို ယူကာ ကျော့ကွင်း ထောင်ရာ နေရာကို သွားတယ်။ အစကစပြီး ကျော့ကွင်းတွေကို ကြည့်တဲ့အခါ ကျော့ကွင်းမှာ မိနေတဲ့ သားကောင်တစ်ကောင်ကိုမှ မတွေ့ရဘဲ ဘုရားရှင်ရဲ့ခြေရာကို တွေ့ရတယ်။ အဲဒီအခါ မုဆိုးက "ဘယ်သူက ငါ့ကျော့ကွင်းမှာ မိနေတဲ့ သားကောင်တွေကို လွှတ်ပေးကာ လှည့်လည်နေတာလဲ" လို့ ကြံတယ်။ ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ပြီးသွားတဲ့ အဲဒီမုဆိုးက ချုံအောက်မှာ ထိုင်နေတဲ့ ဘုရားရှင်ကို မြင်ပြီး "ငါ့ သားကောင်တွေကို ဒီပုဂ္ဂိုလ်က လွှတ်ပစ်တာ ဖြစ်လိမ့်မယ်။ သူ့ကို ငါ သတ်မယ်" လို့ ကြံကာ လေးကို ဆွဲငင်လိုက်တယ်။ ဘုရားရှင်က လေး ကို ဆွဲခွင့်ပေးပြီး လွှတ်ခွင့်မပေး။ မုဆိုးက မြားကို လွှတ်လည်း မလွှတ် နိုင်။ ချလည်း မချနိုင်လို့ နံရိုးတွေ ကွဲပျက်တော့မလို ဖြစ်ကာ ပါးစပ်မှ တံတွေးယိုစီးကျကာ ကိုယ်ပင်ပန်းပြီး ရပ်တည်နေတယ်။ အဲဒီအခါ သူ့သားတွေက အိမ်ကို သွားပြီး "ငါတို့ရဲ့ ဖခင်ဟာ ကြာမြင့်တယ်။ ဘာများဖြစ်ပါလိမ့်" လို့ ပြောပြီး "သားတို့၊ သင်တို့ ဖခင်ထံ သွားကြ" လို့ မိခင်က ခိုင်းလိုက်လို့ လေးတွေကို ယူကာ သွားကြတယ်။ အဲဒီ အတိုင်း တည်နေတဲ့ ဖခင်ကို မြင်ရပြီး "ဒီပုဂ္ဂိုလ်က ငါတို့ဖခင်ရဲ့ ရန်သူ



ဖြစ်လိမ့်မယ်" လို့ ထင်မှတ်ကာ (၇) ယောက်လုံးပဲ လေးတွေကို ဆွဲငင်တာ ဘုရားအာနုဘော်ကြောင့် သူတို့ရဲ့ဖခင် ရပ်တည်နေသလို ရပ်တည် နေကြတယ်။

အဲဒီအခါ သူတို့ရဲ့မိခင်က "ငါ့သားတွေလည်း ဘာကြောင့် ကြာ မြင့်ကြပါလိမ့်" လို့ ပြောကာ ချွေးမ (၇) ယောက်နဲ့အတူ သွားပြီး သူတို့ တစ်တွေ အဲဒီလို ရပ်တည်နေတာကို မြင်သွားတယ်။ "ဒီလူတွေ လေး တွေကို ဆွဲငင်ပြီး ဘယ်သူ့ကို ချိန်ရွယ်ထားကြတာလဲ" လို့ ကြည့်လိုက် တော့ ဘုရားရှင်ကို တွေ့ရလို့ လက်မောင်းတွေကို မြှောက်ချီကာ အသံ ကျယ်ကျယ်နဲ့ အော်လိုက်တယ်။

"ငါ့ဖခင်ကို မဖျက်ဆီးကြပါနဲ့။ ငါ့ဖခင်ကို မဖျက်ဆီးကြပါနဲ့။"

ကုက္ကုဋမိတ္တက အဲဒီအသံကို ကြားရပြီး ကြံတယ်။

"ငါတော့ ပျက်စီးပါပကော။ အဲဒီပုဂ္ဂိုလ်က ငါ့ယောက္ခမတဲ့။ ငါ ဟာ ဝန်လေးတဲ့အမှုကို ပြုမိလေစွတကား။"

သားတွေကလည်း ကြံကြတယ်။

"အဲဒီပုဂ္ဂိုလ်က ငါတို့ရဲ့အဘိုးတဲ့။ ငါတို့ဟာ ဝန်လေးတဲ့ အမှုကို ပြုမိကြလေစွတကား။"

ကုက္ကုဋမိတ္တက "ဒီပုဂ္ဂိုလ်ဟာ ငါ့ရဲ့ယောက္ခမပဲ" လို့ မေတ္တာစိတ် ထားတယ်။ သူ့ရဲ့သားတွေကလည်း "ငါတို့ရဲ့ အဘိုးပဲ" လို့ မေတ္တာစိတ် ထားကြပါတယ်။ အဲဒီအခါ အဲဒီသားတွေကို သူတို့ရဲ့မိခင်ဖြစ်တဲ့ သူဌေး သမီးက "လေးတွေကို မြန်မြန် စွန့်ပစ်ပြီး ငါ့ဖခင်ကို တောင်းပန်ကြပါ" လို့ ပြောတယ်။ ဘုရားရှင်က သူတို့ရဲ့စိတ် နူးညံ့တာကို သိပြီး လေးကို ချခွင့်ပေးလိုက်ပါတယ်။ အဲဒီသူအားလုံးဟာ ဘုရားရှင်ကို ရှိခိုးပြီး "အရှင်ဘုရား၊ တပည့်တော်တို့အား သည်းခံတော်မူပါ" လို့ တောင်းပန်

www.burmeseclassic.com

www.burmeseclassic.com



ကာ သင့်တင့်ရာ အရပ်မှာ ထိုင်ကြတယ်။ အဲဒီအခါ သူတို့အား ဘုရား
ရှင်က အစဉ်အတိုင်းဖြစ်တဲ့ တရားစကား ဟောကြားပါတယ်။ အဲဒီ
ဒေသနာရဲ့ အဆုံးမှာ ကုက္ကုဋမိတ္တဟာ သားတွေနဲ့ရော၊ ချွေးမတွေနဲ့
စုစုပေါင်း (၁၅) ယောက်ဟာ သောတာပန်ဖြစ်သွားကြပါတယ်။ ကုက္ကုဋ
မိတ္တရဲ့ဇနီး ဖြစ်တဲ့ သူဌေးသမီးက သူ့မိဘအိမ်မှာ အပျိုဘဝကတည်းက
သောတာပန် ဖြစ်ခဲ့ပါတယ်။ (ဓမ္မပဒ၊ ဋ၊ ဒု၊ ၁၆)

ဘုရားရှင်အပေါ် ဒေါသ, အာဃာတ (ရန်ငြိုး) တွေ ကြီးမားစွာ
ဖြစ်နေတဲ့ ဖခင်မုဆိုးရော၊ သား (၇) ယောက်ပါ သူတို့ကြားလိုက်ရတဲ့
စကားလေးတစ်ခွန်းက သူတို့စိတ်ထားကို ပြောင်းသွားစေပါတယ်။
အဲဒီစကားလေးတစ်ခွန်းက "ငါ့ဖခင်ကို မဖျက်ဆီးကြပါနဲ့" ဆိုတဲ့ စကား
လေးပါပဲ။ အဲဒီစကားလေးက ကြီးမားလှတဲ့ ဒေါသကို ဖယ်ရှားပြီး
မေတ္တာကို ဖြစ်ပွားသွားစေပါတယ်။ "ငါ့ရဲ့ယောက္ခမပဲ၊ ငါတို့ရဲ့အဘိုးပဲ"
လို့ ဖြစ်ပေါ်လာတဲ့ အတွေးက မေတ္တာဆီကို အတင်း ပို့ပေးလိုက်ပါတယ်။
မုဆိုးက သူ့မယားကို ချစ်တော့ ယောက္ခမကိုပါ ချစ်သွားရပါတော့
တယ်။ သားတွေက မိခင်ကို ချစ်တော့ အဘိုးဖြစ်သူကိုပါ ချစ်သွားပါတော့
တယ်။ မုဆိုးရဲ့မယားဖြစ်သူက အိမ်ထောင်မကျခင်ကပဲ သောတာပန်
ဖြစ်ထားသူဖြစ်လို့ သူတော်ကောင်းမယား ဖြစ်နေပါတယ်။ သောတာပန်
မယားက သူ့လင်မုဆိုးအပေါ် ကြင်နာယုယစွာ ချစ်ခင်မြတ်နိုးစွာ ပြုစု
လိမ့်မယ်။ မယားရဲ့အချစ်က လင့်အပေါ် ကြီးမားသလို လင့်ရဲ့အချစ်
ကလည်း မယားအပေါ် ကြီးမားပါလိမ့်မယ်။ မယားအပေါ် ချစ်လှတာ
ကြောင့် ယောက္ခမအပေါ် မေတ္တာသက်ရောက်သွား လွယ်တာ ဖြစ်
လိမ့်မယ်။ သောတာပန်မိခင်က သူ့သားတွေအပေါ်မှာလည်း အချစ်
ကြီးမားပါလိမ့်မယ်။ သားတွေကလည်း သူတို့မိခင် သူတော်ကောင်း



အပေါ် ချစ်ခင်ကြည်ညိုလေးစားမှု ကြီးမားကြပါလိမ့်မယ်။ မိခင်အပေါ် ချစ်တော့ အဘိုးဖြစ်သူအပေါ်မှာလည်း ချစ်ခင်မှု လွယ်ကူစွာ ဖြစ်ပေါ်သွားတာ ဖြစ်ပါလိမ့်မယ်။

သောတာပန်ဖြစ်တဲ့သူမို့ သူမက ဘုရားရှင်ကို တရားဖခင်အနေနဲ့ ပြောလိုက်တာ ဖြစ်ပါတယ်။ သူမရဲ့ လောကဖခင်ကတော့ ရာဇဂြိုဟ်မြို့က သူဌေးပါပဲ။ သောတာပန်သူတော်ကောင်းမရဲ့ စကားလေးတစ်ခွန်းကြောင့် လင်မုဆိုးရော၊ သား (၇) ယောက်ပါ ဘုရားရှင်အပေါ် မေတ္တာသက်ဝင်သွားပြီး တောင်းပန်လိုက်ကြပါတယ်။ ဒေါသစိတ်မှ မေတ္တာစိတ်သို့ ပြောင်းသွားတာကြောင့် သူတို့ချလို့ မရဖြစ်နေတဲ့ လေးတွေကို ချလို့ ရသွားပါတော့တယ်။

မိခင်ဖြစ်သူ သူဌေးသမီးသာမက လင်မုဆိုးရော၊ သား (၇) ယောက်ရော၊ ချွေးမ (၇) ယောက်ပါ သူဌေးသမီး ခေါ်ဝေါ်သလို ခေါ်ဝေါ်မယ်ဆိုရင် ဘုရားရှင်ဟာ သူတို့ရဲ့ဖခင် ဖြစ်သွားပါတယ်။ သူတို့ (၁၅) ယောက်ပါ ဘုရားတရားကို နာကြားပြီး သောတာပန် ဖြစ်သွားကြပါတယ်။ ဒါကြောင့် ဘုရားရှင်ဟာ သူတို့မိသားစုအားလုံးရဲ့ ဖခင် ဖြစ်သွားပါတယ်။ ငါ့ဖခင်လို့ ခေါ်ဝေါ်ပြောဆိုလိုက်တဲ့ စကားလေးက သူတို့ရဲ့ဖခင်အထိ ရောက်သွားစေပါတယ်။ အဲဒီစကားလေးတစ်ခွန်းရဲ့ စွမ်းအားတ ကြီးမားလှပါပေတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဗောဓိမင်းသား

ဗောဓိမင်းသားဟာ မြေအပြင်အပေါ် အခြားပြာသာဒ်တွေနဲ့ မတူတဲ့ ကောကနဒပြာသာဒ်ကို ကောင်းကင်ပေါ် ပျံတက်သလိုဖြစ်အောင် ပြုလုပ်ခိုင်းကာ လက်သမားကို မေးတယ်။

"သင်ဟာ အခြားနေရာမှာလည်း ဒီလိုပြာသာဒ်ကို ပြုလုပ်ဖူးသလား။ ဒါမှမဟုတ် ဒါဟာ သင့်ရဲ့ပထမဆုံး အတတ်ပညာ (လက်ရာ) ပဲလား"

"အရှင်မင်းသား၊ ပထမဆုံး အတတ်ပညာ (လက်ရာ) ပဲ။"

"ဒီလက်သမားဟာ အခြားသူအတွက်လည်း ဒီလိုပြာသာဒ်ကို လုပ်ရင် ဒီပြာသာဒ်ဟာ အံ့ဩဖွယ်မရှိ ဖြစ်လိမ့်မယ်။ ငါဟာ ဒီလက်သမားကို သတ်ရင်လည်း သတ်သင့်တယ်။ သူ့လက်ခြေတွေကိုရင်လည်း ဖြတ်သင့်တယ်။ မျက်လုံးတွေကိုရင်လည်း ဖောက်ထုတ်သင့်တယ်။ ဒါမှ အခြားသူအတွက် ပြာသာဒ်ကို မလုပ်နိုင်ရှိလိမ့်မယ်။"

ဗောဓိမင်းသားဟာ အဲဒီအကြောင်းကို သူ့ရဲ့ချစ်သူငယ်ချင်း သဉ္ဇိဝကပုတ္တအား ပြောပြတယ်။ သဉ္ဇိဝကပုတ္တက ကြံတယ်။

"ဒီဗောဓိမင်းသားဟာ သေချာပဲ လက်သမားကို ဖျက်ဆီးတော့မယ်။ အတတ်ပညာရှင်ဟာ တန်ဖိုးမဖြတ်နိုင်။ သူဟာ ငါ မြင်ရတုန်း မပျက်စီးပါစေနဲ့။ သူ့အား သတိပေးမယ်။"



သဉ္ဇိဝကပုတ္တ လက်သမားထံ ချဉ်းကပ်ပြီး မေးတယ်။

"သင်ဟာ ပြာသာဒ်မှာ အလုပ်ပြီးပြီလား။ မပြီးသေးဘူးလား။"

"ပြီးပါပြီ။"

"ဗောဓိမင်းသားက သင့်ကို ဖျောက်ဖျက်ပစ်လိုလို့ သင်ဟာ သင့်ကိုယ်ကို စောင့်ရှောက်ပါ။"

"အို အရှင်၊ ငါ့ကို ပြောပြတဲ့ သင်ဟာ ကောင်းတာကို ပြုလုပ်ပါပေတယ်။ ဒီကိစ္စမှာ ငါဟာ လုပ်သင့်တာကို သိပါမယ်။"

မင်းသားက အောက်ပါအတိုင်း မေးလို့ လက်သမားက ဖြေတယ်။

"မိတ်ဆွေလက်သမား၊ ငါတို့ရဲ့ပြာသာဒ်မှာ အလုပ်ပြီးပါပြီလား"

"အရှင်မင်းသား၊ မပြီးသေးပါ။ များစွာ ကျန်ပါသေးတယ်။"

"ဘယ်လိုအလုပ် ကျန်သေးတာပါလဲ။"

"အရှင်မင်းသား၊ နောက်မှ ပြောပါမယ်။ အရင် သစ်သားတွေကို သယ်ဆောင်ခိုင်းပါ။"

"ဘယ်လို သစ်သားတွေလဲ။"

"အရှင်မင်းသား၊ အနှစ်မရှိတဲ့ သစ်သားကိုင်းခြောက်တွေပါ။"

မင်းသားက သယ်ဆောင်ခိုင်းပြီး ပေးတယ်။ အဲဒီအခါ မင်းသားကို ပြောတယ်။

"အရှင်မင်းသား၊ သင်ဟာ ဒီနေ့ကစပြီး ငါ့ထံ မလာထိုက်ပါ။ အကြောင်းကတော့ သိမ်မွေ့တဲ့ အလုပ်ကို လုပ်သူဟာ အခြားသူတွေနဲ့ အတူ စကားပြောရင် ငါ့အလုပ် ပျက်တယ်။ စားချိန်မှာတော့ ငါ့မယား ကပဲ စားဖွယ်ကို သယ်ဆောင်လာပါလိမ့်မယ်။"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားကလည်း "ကောင်းပါပြီ" လို့ ဝန်ခံတယ်။ လက်သမားကလည်း အခန်းတစ်ခန်းမှာ ထိုင်ကာ ဒီလိုသစ်သားတွေကိုရွေပြီး သူ့သား၊ သမီး၊ ဇနီးအတွက် အတွင်းမှာ ထိုင်လောက်တဲ့ ဂဠုန်ငှက် လုပ်တယ်။ စားချိန်မှာတော့ ဇနီးကို ပြောတယ်။

"အိမ်မှာ ရှိသမျှပစ္စည်းတွေကို ရောင်းပြီး ရွှေငွေကို ယူခဲ့ပါ။"

မင်းသားကလည်း လက်သမား ထွက်မပြေးရအောင် အိမ်ကို ဝိုင်းရံကာ အစောင့်အရှောက်ထားတယ်။ လက်သမားကလည်း ငှက်ပြီးစီးတဲ့အခါ ဇနီးကို ပြောတယ်။

"ဒီနေ့ ကလေးအားလုံးကိုလည်း ခေါ်ပြီး လာခဲ့ပါ။"

နံနက်စာ စားပြီးတဲ့အခါ သား သမီး၊ ဇနီးကို ငှက်ရဲ့ဝမ်းဗိုက်ထဲ ထိုင်ခိုင်းပြီး လေသာပြတင်းပေါက်နဲ့ ထွက်ကာ ပြေးတယ်။ "အရှင်မင်းသား၊ လက်သမား ထွက်ပြေးပြီ" လို့ အော်ပြောနေကြတုန်းမှာပဲ လက်သမားဟာ သွားကာ ဟိမဝန္တာအရပ်မှာ သက်ဆင်းပြီး မြို့တစ်မြို့ကို ဖန်ဆင်းကာ ကဋ္ဌဝါဟနမင်းဆိုတာ ဖြစ်လာတယ်။ မင်းသားကလည်း 'ပြာသာဒ်ပူဇော်ပွဲ လုပ်မယ်' လို့ ကြံကာ ဘုရားရှင်ကို ပင့်ဖိတ်တယ်။ ပြာသာဒ်မှာ နံ့သာ (၄) မျိုးနဲ့ ထုံမွမ်းမှု ပြုတယ်။ ပထမတံခါးခုံက စပြီး အဝတ်အခင်းကို ခင်းတယ်။ မင်းသားမှာ သားသမီး မရှိ။ ဒါကြောင့် "ငါဟာ သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ ရမယ်ဆိုရင် ဘုရားရှင်ဟာ ဒီအဝတ်ကို နင်းလိမ့်မယ်" လို့ ကြံကာ ဖြန့်ခင်းတယ်။

မင်းသားက ဘုရားရှင် ကြွလာတဲ့အခါ ဘုရားရှင်ကို တည်ခြင်းငါးပါးနဲ့ ရှိခိုးပြီး သပိတ်ကို ယူကာ "မြတ်စွာဘုရား၊ ဝင်တော်မူပါ" လို့ လျှောက်တယ်။ ဘုရားရှင်က မဝင်။ မင်းသားက နှစ်ကြိမ်မြောက်ရော၊ သုံးကြိမ်မြောက်ပါ တောင်းဆိုတယ်။ ဘုရားရှင်က မဝင်ဘဲသာ



အာနန္ဒာထေရ်ကို ကြည့်တယ်။ မထေရ်က ကြည့်လိုက်တဲ့ အမှတ်အသားနဲ့ပဲ အဝတ်တွေကို မနင်းလိုကြောင်း သိတယ်။ "မင်းသား၊ အဝတ်တွေကို ရုပ်သိမ်းလိုက်ပါ။ ဘုရားရှင်က အဝတ်အခင်းကို နင်းမှာမဟုတ်။ ဘုရားရှင်က နောင်လာနောင်သားကို ကြည့်တော်မူတယ်" လို့ ပြောကာ အဝတ်တွေကို ဖယ်ခိုင်းပါတယ်။ မင်းသားက အဝတ်တွေကို ရုပ်သိမ်းပြီး ဘုရားရှင်ကို အိမ်တွင်းပင့်ကာ ယာဂု၊ ခဲဖွယ်နဲ့ ကောင်းကောင်းဆက်ကပ်ပါတယ်။ သင့်တင့်ရာအရပ်မှာ ထိုင်ပြီး ရှိခိုးကာ လျှောက်ထားပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်ဟာ အရှင်ဘုရားတို့အား ကျေးဇူးပြုသူ ဖြစ်ပါတယ်။ သုံးကြိမ်တိုင်တိုင် ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။ အမိဝမ်းထဲ ရောက်နေတုန်းက တစ်ကြိမ် ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။ ဒုတိယအကြိမ် ငယ်ရွယ်စဉ်ကလေးဘဝက၊ တတိယအကြိမ် သိနားလည်တဲ့အရွယ်အရောက်မှာ ကိုးကွယ် ဆည်းကပ်ခဲ့ပါတယ်။ ဘာကြောင့် တပည့်တော်ရဲ့ အဝတ်အခင်းကို မနင်းပါသလဲ။"

"မင်းသား၊ သင်က ဘာကို ကြံပြီး အဝတ်တွေကို ဖြန့်ခင်းပါသလဲ"

"ငါဟာ သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ ရခဲ့ရင် ဘုရားရှင်က ငါ့အဝတ်အခင်းကို နင်းလိမ့်မယ်လို့ ကြံခဲ့ပါတယ် ဘုရား။"

"ဒါကြောင့်ပဲ ငါဘုရားက ဒီအဝတ်အခင်းကို မနင်းတာ။"

"မြတ်စွာဘုရား၊ တပည့်တော်ဟာ သားသမီးကို မရနိုင်ပါဘူးလား ဘုရား။"

"မင်းသား၊ ဟုတ်တယ် မရနိုင်ပါ။"

"ဘာကြောင့်ပါလဲ။"

"အရင်ဘဝက သင့်ဇနီးနဲ့အတူ သင်ဟာ မေ့လျော့ခဲ့တယ်။ ဒါကြောင့်ပါပဲ။"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အခါကပါလဲ ဘုရား။"

ရှေးအခါက လူရာပေါင်းများစွာဟာ လှေကြီးနဲ့ သမုဒ္ဒရာထဲ သွားကြတယ်။ လှေက သမုဒ္ဒရာအလယ်မှာ ကွဲတယ်။ ဇနီးမောင်နှံနှစ်ယောက်ဟာ ပျဉ်ချပ်တစ်ခုကို ယူပြီး အလယ်ကျွန်းငယ်ကို ဝင်ကြတယ်။ ကျန်တဲ့လူတွေအားလုံး အဲဒီသမုဒ္ဒရာထဲမှာပဲ သေကြတယ်။ အဲဒီကျွန်းငယ်မှာ ငှက်များစွာ နေတယ်။ အဲဒီဇနီးမောင်နှံဟာ အခြားစားစရာကို မတွေ့လို့ဆာတဲ့အတွက် ငှက်ဥတွေကို မီးကျီးတွေထဲ ဖုတ်ကာ စားကြတယ်။ အဲဒီ ငှက်ဥတွေက မလောက်ငတဲ့အခါ ငှက်ကလေးတွေကို ယူပြီး စားကြတယ်။ အဲဒီလိုနဲ့ ပထမအရွယ်မှာရော၊ အလယ်ပိုင်းအရွယ်မှာရော၊ နောက်ပိုင်းအရွယ်မှာပါ စားကြတာပါပဲ။ အရွယ်တစ်ရွယ်မှာတောင် မမေ့မလျော့ မရှိခဲ့ကြ။ သူတို့နှစ်ယောက်ထဲက တစ်ယောက်ကတောင် မမေ့မလျော့ မရှိခဲ့။

ဘုရားရှင်က မင်းသားအား အဲဒီရှေးကံကို ပြပြီး "မင်းသား၊ သင်ဟာ အဲဒီတုန်းက တစ်ရွယ်မှာတောင် မမေ့မလျော့ ရှိခဲ့ရင် တစ်ရွယ်ရွယ်မှာ သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ ရနိုင်တယ်။ သင်တို့နှစ်ယောက်ထဲက တစ်ယောက်ကတောင် မမေ့မလျော့ ရှိခဲ့ရင် သူ့ကို အကြောင်းပြုပြီး သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ ရနိုင်တယ်။ မင်းသား၊ ကိုယ့်ကိုယ်ကို ချစ်တယ်လို့ ထင်မှတ်သူဟာ အရွယ်သုံးပါးလုံးမှာ မမေ့မလျော့ဘဲ မိမိကိုယ်ကို စောင့်ရှောက်ထိုက်တယ်။ အဲဒီလိုမစွမ်းနိုင်ရင် တစ်ရွယ်မှာတော့ စောင့်ရှောက်ထိုက်တာပါပဲ" လို့ မိန့်ပြီး အောက်ပါစကားကို မိန့်ပါတယ်။

"မိမိကိုယ်ကို ချစ်တယ်လို့ နားလည်တဲ့ပညာရှိဟာ ကိုယ့်ကိုယ်ကိုကောင်းကောင်း စောင့်ရှောက်သည်မည်အောင် စောင့်ရှောက်ရပါတယ်။ အရွယ်သုံးပါးထဲက တစ်ရွယ်ရွယ်မှာ အပြစ်ကင်းအောင် စောင့်ရှောက်ရပါတယ်။"



အဲဒီတရားရဲ့အဆုံးမှာ ဗောဓိမင်းသားဟာ သောတာပန် ဖြစ်သွားပါတယ်။ ရောက်လာတဲ့ ပရိသတ်မှာလည်း အဲဒီတရားဒေသနာဟာ အကျိုးများပါတယ်။ (ဓမ္မပဒ၊ ၄၅၊ ဒု၊ ၈၅)

"ဗောဓိမင်းသားက သင့်ကို ဖျောက်ဖျက်ပစ်လိုလို့ သင်ဟာ သင့်ကိုယ်ကို စောင့်ရှောက်ပါ။"

သဉ္ဇီဝကပုတ္တရဲ့ လက်သမားအား ပြောလိုက်တဲ့ အဲဒီစကားလေးတစ်ခွန်းဟာ လက်သမားရဲ့အသက်ကို ကယ်ပေးလိုက်တဲ့ စကားလေးတစ်ခွန်းပါပဲ။ သဉ္ဇီဝကပုတ္တဟာ လက်သမားရဲ့အသက်သခင်ကျေးဇူးရှင် ဖြစ်ပါတယ်။ လက်သမားဟာ ကဋ္ဌဝါဟနအမည်ရှိတဲ့ မင်းတောင်ဖြစ်သွားပါသေးတယ်။ သဉ္ဇီဝကပုတ္တသာ စိတ်ကောင်း မရှိခဲ့ရင် လက်သမားဟာ သေရပါလိမ့်မယ်။ သဉ္ဇီဝကပုတ္တဟာ အတတ်ပညာကို တန်ဖိုးထားတတ်တဲ့ လူတစ်ယောက် ဖြစ်တာမို့ ထူးချွန်ပြောင်မြောက်လှတဲ့ လက်သမားရဲ့ အတတ်ပညာရော၊ လက်သမားပါ ကွယ်ပျောက်မသွားရတာ ဖြစ်ပါတယ်။ ဗောဓိမင်းသားဟာ သူရဲ့ပြာသာဒ်ကို အံ့ဩဖွယ် ဖြစ်စေလိုတာနဲ့ လက်သမားရဲ့အသက် ဖျောက်ဖျက်ပစ်ဖို့ကြံစည်စိတ်ကူးတာဟာလည်း အံ့ဩစရာပါပဲ။ လက်သမားကို သတ်ဖို့ သို့မဟုတ် လက်၊ ခြေတွေကို ဖြတ်ပစ်ဖို့ သို့မဟုတ် မျက်လုံးတွေကို ဖောက်ထုတ်ဖို့ ကြံစည်တဲ့ အကြံအစည်ဟာ ရက်စက်လှပါပေတယ်။ "သူ့ပြာသာဒ်မှ သူ့ပြာသာဒ်၊ သူ့ပြာသာဒ်သာ အံ့ဩစရာ အကောင်းဆုံးဖြစ်ရမယ်" လို့ လူအများ အံ့ဩစရာဖြစ်စေလိုတဲ့ ဆန္ဒက ပြင်းထန်နေတော့ သူတစ်ပါးအပေါ် ရက်စက်လိုတဲ့စိတ် ဖြစ်လာရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗောဓိမင်းသားဟာ အဲဒီလို ရက်စက်လိုစိတ် ရှိပေမယ့် သောတာပန် ဖြစ်မယ့် သောတာပန်လောင်းလျာ ဖြစ်နေပါတယ်။ ဘုရားရှင်နဲ့ တွေ့ပြီး ဘုရားရှင်တရားကို နာကြားလိုက်ရတော့ ဗောဓိမင်းသားဟာ သောတာပန် ဖြစ်သွားပါတယ်။ အဲဒီအခါမှာတော့ အရင်ကလို ရက်စက်လိုစိတ် မရှိတော့ပါ။ ဘုရားရှင်နဲ့ ဘုရားရှင်ရဲ့တရားဟာ ဗောဓိမင်းသားအား ကျေးဇူးများလှပါပေတယ်။

လက်သမားဟာ စိတ်ကောင်းရှိတဲ့ သဥ္စိကပုတ္တကို အမှီပြုပြီး သေဘေးမှ လွတ်ကာ အသက်ချမ်းသာရာ ရသွားပါတယ်။ ဗောဓိမင်းသားဟာလည်း ဘုရားရှင်ကို အမှီပြုကာ အပါယ်ဆင်းရဲမှ လွတ်မြောက်ကာ လူချမ်းသာ၊ နတ်ချမ်းသာတွေကို ခံစားသွားရပါမယ်။ မိတ်ကောင်း ဆွေကောင်းကို အမှီပြုရတာဟာ ဆင်းရဲတွေမှ လွတ်စေနိုင်ပါတယ်။ ချမ်းသာတွေ ရရှိနိုင်ပါတယ်။ မိတ်ကောင်း၊ ဆွေကောင်း ဆိုတာ တကယ့်အရေးမှာ တကယ့်ကိုပဲ အားကိုးရပါပေတယ်။ လောကမှာ မိတ်ကောင်း ဆွေကောင်းကို ရအောင် ရှာဖွေပြီး ပေါင်းသင်းတတ်ရပါတယ်။

## ထင်းခွေသမားရဲ့ သားလေး

ရာဇဂြိုဟ်မြို့မှာ ဗုဒ္ဓသာသနာဝင်ကလေးနဲ့ အခြားဘာသာဝင်ကလေးတို့ဟာ အမြဲ ခုံညင်းပစ်တမ်း ကစားကြတယ်။ အဲဒီထဲက ဗုဒ္ဓသာသနာဝင်ကလေးက ခုံညင်းပစ်တဲ့အခါ ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို ဆင်ခြင်ကာ "နမော ဗုဒ္ဓဿ၊ ဘုရားရှင်အား ရှိခိုးပါ၏" လို့ ဆိုပြီး ခုံညင်းပစ်တယ်။ အခြားကလေးက တိတ္ထိတွေရဲ့ဂုဏ်တွေကို ရွတ်ပြီး "နမော အရဟန္တာနံ၊ ရဟန္တာတွေအား ရှိခိုးပါ၏" လို့ ဆိုဆိုပြီး ပစ်တယ်။ အဲဒီနှစ်ယောက်ထဲက ဗုဒ္ဓသာသနာဝင်ကလေးက အောင်နိုင်တယ်။ အခြားကလေးက ရှုံးတယ်။ အခြားကလေးက ဗုဒ္ဓသာသနာဝင်ကလေးရဲ့ အမူအရာကို ကြည့်ပြီး "ဒီကလေးက ဒီလိုအောက်မေ့ပြီး ဒီလို ရွတ်ဆိုတာ ခုံညင်းကို ပစ်တဲ့အခါ ငါ့ကို အောင်နိုင်တယ်။ ငါလည်း အဲဒီလို လုပ်မယ်" လို့ တွေးကာ ဗုဒ္ဓါနုဿတိ (ဘုရားဂုဏ်တော်တွေကို အဖန်ဖန် အောက်မေ့မှု) မှာ အလေ့အလာ ပြုလုပ်တယ်။

တစ်နေ့မှာ ဗုဒ္ဓသာသနာဝင်မဟုတ်တဲ့ ကလေးရဲ့ ဖခင်က လှည်းတပ်ပြီး သစ်သားတွေအတွက် သွားတဲ့အခါ အဲဒီကလေးကိုလည်း ယူသွားတယ်။ တောအုပ်ထဲမှာ သစ်သားတွေနဲ့ လှည်းကို ပြည့်စေပြီး လာတယ်။ မြို့ပြင်ဘက်က သုသာန်အနီး ရေချမ်းသာရာ အရပ်မှာ နွားတွေကို လွှတ်လိုက်တယ်။ ထမင်းစားတယ်။ အဲဒီအခါ သူ့ရဲ့ အဲဒီနွားတွေက

www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းမှာ မြို့ထဲ ဝင်သွားတဲ့ နွားအပေါင်းနဲ့အတူ မြို့ထဲကိုပဲ ဝင်သွားကြတယ်။ ထင်းခုတ်သမားကလည်း နွားတွေနောက် လိုက်ရင်း မြို့ထဲဝင်ကာ ညနေပိုင်းမှာ နွားတွေကို တွေ့လို့ ယူကာ ထွက်လာတဲ့အခါ တံခါးကို မမီတော့။ မှန်တယ်။ သူ မရောက်ခင်မှာဘဲ တံခါးကို ပိတ်သွားတယ်။

အဲဒီအခါ အဲဒီလူရဲ့သားလေးက တစ်ယောက်တည်းပဲ ညပိုင်းမှာ လှည်းအောက် လဲလျောင်းကာ အိပ်ပျော်သွားတယ်။ ရာဇဂြိုဟ်မြို့ကတော့ ပင်ကိုအားဖြင့်လည်း ဘီလူး ပေါတယ်။ ဒီကလေးကလည်း သုသာန်အနီးမှာ လဲလျောင်းနေတယ်။ အဲဒီနေရာမှာ အဲဒီကလေးကို ဘီလူးနှစ်ကောင်က မြင်သွားကြတယ်။ တစ်ကောင်က ဗုဒ္ဓသာသနာရဲ့ ဆန့်ကျင်ဘက် ဘာသာခြားအယူရှိတယ်။ တစ်ကောင်က ဗုဒ္ဓသာသနာဝင် ဖြစ်တယ်။ အဲဒီနှစ်ကောင်ထဲက ဗုဒ္ဓသာသနာဝင်မဟုတ်တဲ့ ဘီလူးက "ဒီကလေးက ငါတို့ရဲ့အစာပဲ။ ဒီကလေးကို ခဲစားကြမယ်" လို့ ပြောတယ်။ ဗုဒ္ဓသာသနာဝင်ဘီလူးက "မသင့်ပါ။ သင် မနှစ်သက်ပါနဲ့" လို့ တားမြစ်တယ်။ တားမြစ်ခံရပေမယ့် ဗုဒ္ဓသာသနာဝင်ဘီလူးရဲ့စကားကို မနာယူဘဲ ကလေးကို ခြေတွေမှာ ကိုင်ဆွဲလိုက်တယ်။ အဲဒီကလေးကဗုဒ္ဓါနုဿတိကို လေ့ကျင့်ထားလို့ အဲဒီခဏမှာပဲ "နမော ဗုဒ္ဓဿ၊ ဘုရားရှင်အား ရှိခိုးပါ၏" လို့ ဆိုလိုက်တယ်။ ဘီလူးက အကြီးအကျယ် ကြောက်ပြီး နောက်ဆုတ်ကာ ရပ်တည်တယ်။ အဲဒီအခါ ဆွဲယူတဲ့ ဘီလူးကို သူငယ်ချင်းဘီလူးက "ငါတို့တော့ မလုပ်သင့်တဲ့အမှုကို လုပ်မိပြီ။ သူ့အတွက် ငါတို့ ဒဏ်အမှုကို ပြုလုပ်ကြစို့" လို့ ပြောပြီး ကလေးကို စောင့်ရှောက်ရင်း ရပ်တည်တယ်။



ဗုဒ္ဓသာသနာဝင်မဟုတ်တဲ့ ဘီလူးက မြို့ထဲ ဝင်ပြီး မင်းရဲ့ ထမင်းစားပွဲခွက်ကို ပြည့်စေကာ စားဖွယ်ကို သယ်ဆောင်လာတယ်။ အဲဒီအခါ ကလေးကို ဘီလူးနှစ်ကောင်လုံးကပဲ မိဘလိုဖြစ်ကာ အနီးရပ်ကာ ကျွေးကြတယ်။ "ဒီအက္ခရာတွေကို မင်းသာ မြင်ပါစေ။ အခြားသူ မမြင်ပါစေနဲ့" လို့ အဲဒီဖြစ်ပုံကို ထင်ရှားပြလိုလို့ ဘီလူးအစွမ်းနဲ့ စားခွက်ထဲမှာ အက္ခရာတွေကို ရေးတယ်။ ခွက်ကို ထင်းလှည်းပေါ်ထားကာ တစ်ညလုံး စောင့်ရှောက်ပြီး ဖဲသွားကြတယ်။ နောက်နေ့မှာ "မင်းနန်းတော်က ပွဲတော်အုပ်ကို သူခိုးတွေ ခိုးသွားတယ်" လို့ အုတ်အုတ်ကျက်ကျက် သုပ်ကာ တံခါးတွေကို ပိတ်ပြီး ကြည့်ကြတဲ့အခါ အဲဒီနေရာမှာ မမြင်ကြလို့ မြို့က ထွက်သွားကြတယ်။ ဟိုဟိုဒီဒီ ကြည့်ကြတဲ့အခါ ထင်းလှည်းပေါ်က ရွှေခွက်ကို မြင်ရပြီး "သူဟာ သူခိုးပဲ" လို့ အဲဒီကလေးကို ခေါ်ယူကာ မင်းအား ပြကြတယ်။ မင်းက အက္ခရာတွေကို မြင်ရပြီး "ချစ်သား၊ အဲဒါက ဘာလဲ" လို့ မေးတယ်။ "အရှင်မင်း၊ အကျွန်ုပ် မသိပါ။ အကျွန်ုပ်ရဲ့ မိဘတွေက လာပြီး ညအခါမှာ ကျွေးကာ စောင့်ရှောက်ရင်း ရပ်တည်နေကြပါတယ်။ အကျွန်ုပ်လည်း မိဘတွေက ငါ့ကို စောင့်ရှောက်နေကြတယ် လို့ တွေးကာ အကြောက်မရှိဘဲသာ အိပ်ပျော်သွားပါတယ်။ ဒါလောက်ကို အကျွန်ုပ် သိပါတယ်" လို့ ပြောတယ်။

အဲဒီအခါ ကလေးရဲ့မိဘတွေကလည်း အဲဒီနေရာကို လာကြတယ်။ မင်းက အဲဒီဖြစ်ပုံကို သိပြီး အဲဒီလူ (၃) ယောက်လုံးကို ခေါ်ကာ ဘုရားရှင်ထံ သွားပြီး အကြောင်းအရာအားလုံးကို လျှောက်ကြတယ်။ ပြီးတော့ ဒီလို မေးတယ်။ ဘုရားရှင်က ဖြေတယ်။

"မြတ်စွာဘုရား၊ ဗုဒ္ဓါနုဿတိသာ အစောင့်အရှောက် ဖြစ်ပါသလား။ ဒါမှမဟုတ် ဓမ္မာနုဿတိစသည်တွေလည်း အစောင့်အရှောက် ဖြစ်ကြပါသလား။"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီး၊ ဗုဒ္ဓါနုဿတိသာ အစောင့်အရှောက်ဖြစ်တာ မဟုတ်။ တရား (၆) မျိုးနဲ့ ထုံထားတဲ့ စိတ်ရှိသူတွေမှာ အခြားအစောင့်အရှောက် အဟန့်အတားနဲ့ရော မန္တန်ဆေးတွေနဲ့ပါ ကိစ္စမရှိတော့။

၁။ ဗုဒ္ဓါနုဿတိ၊ ဘုရားဂုဏ်တော်တွေကို အဖန်ဖန် အောက်မေ့မှု။

၂။ ဓမ္မာနုဿတိ၊ တရားဂုဏ်တော်တွေကို အဖန်ဖန် အောက်မေ့မှု။

၃။ သံဃာနုဿတိ၊ သံဃာ့ဂုဏ်တော်တွေကို အဖန်ဖန် အောက်မေ့မှု။

၄။ ကာယဂတာသတိ၊ ခန္ဓာကိုယ်အပေါ် ဖြစ်တဲ့ သတိ။

၅။ ကရုဏာဘာဝနာ၊ ကရုဏာပွားမှု။

၆။ မေတ္တာဘာဝနာ၊ မေတ္တာပွားမှု။

(ဘာဝနာမှန်သမျှလည်း ပါဝင်ပါတယ်။)

အဲဒီတရားအဆုံးမှာ ကလေးဟာ မိဘတွေနဲ့အတူ သောတာပန် ဖြစ်သွားတယ်။ နောင်အခါမှာတော့ ရဟန်းဝတ်ပြီး အားလုံးပဲ ရဟန္တာ ဖြစ်သွားကြတယ်။ ရောက်လာတဲ့ ပရိသတ်တွေအတွက်လည်း တရား ဒေသနာဟာ အကျိုးရှိသွားတယ်။ (ဓမ္မပဒ၊ ၄၊ ၃၊ ၂၈၅)

ဗုဒ္ဓသာသနာဝင်ကလေးငယ်တစ်ဦးရဲ့ စကားလေးတစ်ခွန်းဟာ မှတ်သားစရာ၊ အတုယူလိုက်နာစရာ ကောင်းလှပါတယ်။ ကစားရာမှာ တောင်မှ အဲဒီစကားလေးကို သူဟာ အမြဲရွတ်ဆိုလေ့ ရှိပါတယ်။ သူ့ရဲ့ အလေ့အထကောင်းလေးကြောင့် သူ့မှာ ကောင်းကျိုးတွေကို ကိုယ်တွေ့ ရရှိနေပါတယ်။ သူ့ရဲ့အလိုဆန္ဒတွေ ပြည့်ဝအောင်မြင်နေပါတယ်။ သူ့ စကားလေးတစ်ခွန်းက 'နမော ဗုဒ္ဓဿ' တဲ့။ မြန်မာလိုကတော့ ဘုရား ရှင်ကို ရှိခိုးပါ၏လို့ အဓိပ္ပာယ်ရပါတယ်။ တရားအလုံးစုံကို အကုန် သိတော်မူတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို အာရုံပြုနှလုံးသွင်းကာ ရှိခိုးလိုက်တာ ဖြစ်ပါတယ်။ သူ့ကို အားကျပြီး သူ့ကစားဖော်ဖြစ်တဲ့



ဗုဒ္ဓသာသနာဝင်မဟုတ်သူ ကလေးကတောင် သူ့လိုပဲ လိုက်ဆိုလာပါ တယ်။ ဗုဒ္ဓသာသနာဝင်မဟုတ်သူရဲ့ ဆန္ဒပါ ပြည့်ဝ အောင်မြင်လာပါ တယ်။ အကြောင်းဖြစ်တဲ့ စေတနာက ကောင်းမွန်ပြည့်စုံတော့ အကျိုး တလည်း ကောင်းမွန်ပြည့်စုံလာတာ ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာဝင်ကလေးရဲ့ အဲဒီစကားလေးတစ်ခွန်းကြောင့် ဗုဒ္ဓ သာသနာဝင်မဟုတ်တဲ့ ကစားဖော်ကလေးပါ ဗုဒ္ဓသာသနာဝင် ဖြစ်လာ ပါတော့တယ်။ ထင်းခွေသမားရဲ့ သားလေးဖြစ်တဲ့ အဲဒီကလေးဟာ အဲဒီ စကားလေးတစ်ခွန်းကြောင့် ဘီလူးစားမယ့် အန္တရာယ်ဆိုးမှလည်း လွတ်ကင်းခဲ့ရပါတယ်။ အစာငတ်တဲ့ ဘေးမှလည်း လွတ်မြောက်ခဲ့ရပါ တယ်။ ဘီလူးတွေရဲ့အစောင့်အရှောက်ကို ခံယူရကာ ရှင်ဘုရင်ပွဲတော် စာကိုတောင် စားလိုက်ရပါသေးတယ်။ ဘုရားရှင်ထံ ရောက်သွားတဲ့အခါ ဘုရားတရားတော်ကို နာကြားရပြီး ရဟန္တာတောင် ဖြစ်သွားပါသေး တယ်။ သူသာမက သူ့မိဘတွေပါ ရဟန္တာ ဖြစ်သွားကြပါသေးတယ်။ သူ့ရဲ့ ဘုရားရှိခိုးစကားလေးတစ်ခွန်းရဲ့ အကျိုးဆက်တွေက များပြားလှ ပါတယ်။ ကြီးမားလှပါတယ်။

ဗုဒ္ဓသာသနာဝင်ဖြစ်ကြတဲ့ လူငယ်တွေရော၊ လူကြီးတွေရော၊ လူလတ် တွေပါ အဲဒီစကားလေးတစ်ခွန်းကို နှုတ်တက်ရကာ ဘုရားရှိခိုးတဲ့ အလေ့အကျင့်ကို ထုံမွှမ်းထားနိုင်ကြရင် အဲဒီ ထင်းခွေသမား သားလေး လိုပဲ ဆိုးကျိုးတွေ၊ အန္တရာယ်တွေ ကင်းပြီး ကောင်းကျိုး အထွေထွေကို ရရှိပိုင်ဆိုင်ရပါလိမ့်မယ်။ ဗုဒ္ဓသာသနာဝင် ရဟန်း၊ ရှင်၊ လူ မည်သူမဆို အဲဒီစကားလေးတစ်ခွန်းကိုတော့ ရအောင် ပြုလုပ်ပြီး အားလပ်ပြီး အခါ အခွင့်ရတိုင်း ဘုရားရှိခိုးတဲ့အလေ့အထကောင်းကို စွဲနေအောင် ပြု လုပ်သင့်လှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အနာထပိဏ်ရဲ့သား ကာလ

အနာထပိဏ်သူဌေးရဲ့သား ကာလဟာ သဒ္ဓါနဲ့ပြည့်စုံတဲ့ သူဌေးရဲ့သားဖြစ်ပြီး ဘုရားရှင်ထံ မသွားချင်၊ အိမ်ကို ကြွလာတဲ့အခါ မဖူးချင်၊ တရားမနာချင်၊ သံဃာရဲ့ဝေယျာဝစ္စကို မလုပ်ချင်၊ ဖခင်က "ချစ်သား ဒီလို မလုပ်နဲ့" လို့ ပြောပေမယ့်လည်း ဖခင်စကားကို မနာယူ။ အဲဒီအခါ ဖခင်က ဒီလို ကြံတယ်။

"ဒီသားကာလဟာ ဒီလိုအယူကို ယူပြီး လှည့်လည်ရင် အဝီစိ ရောက်လိမ့်မယ်။ ငါ မြင်တွေ့ရပါလျက် ငါ့သား ငရဲရောက်ရမယ်ဆိုရင် မသင့်တော်။ ဒီလောကမှာ ဥစ္စာပေးပြီး ဖျက်ခွဲလို့ မရတဲ့ သတ္တဝါဆိုတာ မရှိပါ။ ဥစ္စာနဲ့ သူ့ကို ဖျက်ခွဲမယ်။"

အဲဒီအခါ ကာလကို ပြောတယ်။

"ချစ်သား၊ ဥပုသ်စောင့်ပြီး ကျောင်းသွားကာ တရားနာပြီး လာပါ။ သင့်အား အသပြာတစ်ရာ ပေးပါမယ်။"

"အဖေ ပေးမှာပါလား။"

"ငါ့သား၊ ပေးမယ်။"

ကာလက သုံးကြိမ်တိုင်အောင် ပဋိညာဉ်ကိုယူပြီး ဥပုသ်စောင့်ကာ ကျောင်းကို သွားတယ်။ သူ့မှာ တရားနာဖို့ကိစ္စ မရှိ။ ချမ်းသာရာ နေရာမှာ အိပ်ကာ နံနက်စောစောပဲ အိမ်ကို သွားတယ်။ အဲဒီအခါ



သူ့ဖခင်က "ငါ့သားက ဥပုသ်သည် ဖြစ်တယ်။ သူ့အတွက် မြန်မြန် ယာဂု စသည်တွေကို ဆောင်ပေးကြပါ" လို့ ပြောကာ ပေးခိုင်းတယ်။ ကာလက "အသပြာတွေကို မယူဘဲ မစားအံ့" လို့ သယ်ဆောင်လာသမျှကို ပယ်မြစ်တယ်။ အဲဒီအခါ သူ့ဖခင်က နှိပ်စက်တာကို သည်းမခံနိုင်တော့လို့ အသပြာထုပ်ကို ပေးခိုင်းတယ်။ ကာလက အဲဒီအသပြာထုပ်ကို ယူပြီးသာ စားဖွယ်ကို စားတယ်။

အဲဒီအခါ ကာလကို နောက်နေ့မှာ သူဌေးက "ချစ်သား၊ သင့်အား အသပြာတစ်ထောင် ပေးမယ်။ ဘုရားရှင်ရှေ့မှာ တရားတစ်ပုဒ်ကို သင်ယူပြီး လာခဲ့ပါ" လို့ ပြောကာ လွှတ်လိုက်တယ်။ ကာလကလည်း ကျောင်းကို သွားကာ ဘုရားရှင်ရှေ့မှာ ရပ်တည်ကာသာ တစ်ပုဒ်ကိုပဲ သင်ယူပြီး ပြေးသွားချင်တယ်။ ဘုရားရှင်က ကာလကို မမှတ်မိအောင် လုပ်တယ်။ ကာလက အဲဒီပုဒ်ကို မမှတ်မိလို့ အထက်ပုဒ်ကို သင်ယူမယ်လို့ ရပ်တည်ပြီး နားထောင်သာ နေတယ်။ သင်ယူမယ်လို့ နာယူသူသာ ရိုရိုသေသေ နာယူသူ မည်ပါသတဲ့။ အဲဒီလို ရိုရိုသေသေ နာယူသူတို့အား တရားက သောတာပတ္တိဖိုလ် စသည်တွေကို ပေးပါသတဲ့။ ကာလကလည်း သင်ယူမယ်လို့ ရည်ရွယ်ကာ နာကြားတယ်။ ဘုရားရှင်ကလည်း ကာလကို မမှတ်မိအောင် လုပ်တယ်။ ကာလက အထက် တရားတစ်ပုဒ်ကို သင်ယူမယ်လို့ ရပ်တည်ကာ နာယူရင်းပဲ သောတာပန် ဖြစ်သွားတယ်။

ကာလက နောက်နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာနဲ့အတူပဲ သာဝတ္ထိမြို့ထဲ ဝင်တယ်။ သူဌေးကြီးက ကာလကို မြင်ပြီး "ဒီနေ့ ငါ့သားရဲ့ အမူအရာက နှစ်သက်ဖွယ်ပဲ" လို့ ကြံတယ်။ ကာလမှာလည်း ဒီလို အကြံ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဖခင်ဟာ ဒီနေ့ ဘုရားရှင်ထံမှောက် အသပြာတွေကို မပေးရင် ကောင်းလေစွ။ အသပြာ လိုချင်လို့ ငါ ဥပုသ်စောင့်တာကို ဖုံးကွယ် ထားရရင် ကောင်းလေစွ။"

ဘုရားရှင်ကတော့ မနေ့ကပဲ ကာလဟာ အသပြာလိုချင်လို့ ဥပုသ်စောင့်တာကို သိသွားပါတယ်။ သူဌေးကြီးက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား ယာဂုလှူခိုင်းပြီး ကာလအားလည်း ပေးခိုင်းတယ်။ ကာလက ထိုင်ပြီး ဆိတ်ဆိတ်ပဲ ယာဂုသောက်၊ ခဲဖွယ်ခဲ၊ ထမင်းစားတယ်။ သူဌေးကြီးက ဘုရားရှင်ရဲ့ ဆွမ်းကိစ္စအပြီးမှာ ကာလရှေ့ အသပြာတစ်ထောင်ထုပ်ကို ထားခိုင်းတယ်။ "ချစ်သား၊ သင့်အား ငါ ပေးမယ်လို့ ပြောပြီး ဥပုသ်စောင့်ခိုင်းပြီး ကျောင်းကို လွှတ်ခဲ့တယ်။ ဒါက သင့်အတွက် တစ်ထောင်ပဲ" လို့ ပြောတယ်။ ကာလက ဘုရားရှင်ရှေ့မှာ အသပြာတွေ ပေးတာကို မြင်ရပြီး ရှက်တယ်။ "ကျွန်တော် အသပြာတွေကို အလိုမရှိပါ" လို့ ပြောတယ်။ "ချစ်သား၊ ယူပါ" လို့ ပြောပေမယ့် မယူပါ။ သူ့ဖခင်က ဘုရားရှင်ကို ရှိခိုးပြီး လျှောက်တယ်။

"မြတ်စွာဘုရား၊ ဒီနေ့ တပည့်တော် သားရဲ့ အမူအရာကို သဘောကျပါတယ်။"

"သူဌေးကြီး ဘာဖြစ်တာလဲ။"

"တပည့်တော်က ကာလကို အရင်နေ့က သင့်အား အသပြာတစ်ရာ ပေးမယ်လို့ ပြောကာ ကျောင်းကို လွှတ်ခဲ့ပါတယ်။ နောက်နေ့မှာ အသပြာတွေကို မယူဘဲ ကာလက မစားချင်ပါ။ ဒီနေ့တော့ ပေးပေမယ့်လည်း အသပြာတွေကို သူက အလိုမရှိပါ။"

"ဟုတ်တယ် သူဌေးကြီး၊ ဒီနေ့ သင့်သားကာလရဲ့ သောတာပတ္တိဖိုလ်ကပဲ စကြဝဠာမင်းစည်းစိမ်ထက်ရော၊ နတ်ပြည်စည်းစိမ်၊ ဗြဟ္မာပြည်စည်းစိမ်ထက်ပါ မြင့်မြတ်တယ်။"



ဒီတရားအဆုံးမှာ လူများစွာဟာ သောတာပန်စသည် ဖြစ်သွားကြပါတယ်။ (ဓမ္မပဒ၊ ၄၊ ၁၃၊ ၁၂၃)

"ချစ်သား၊ သင့်အား အသပြာတစ်ထောင် ပေးမယ်။ ဘုရားရှင်ရှေ့မှာ တရားတစ်ပုဒ်ကို သင်ယူပြီး လာခဲ့ပါ။"

အဲဒီစကားလေးတစ်ခွန်းက ကာလဘဝကို အပြောင်းလွဲကြီးပြောင်းလဲသွားအောင် လုပ်ပေးလိုက်ပါတယ်။ အပါယ်လေးပါးတံခါးထာဝရပိတ်သွားတဲ့ ဘဝကိုတောင် ရောက်သွားစေပါတယ်။ အနာထပိဏ်ရဲ့ အတွေးအခေါ်၊ အစီအစဉ်ဟာ သူ့သားကာလအတွက် အလွန်ပဲ ကျေးဇူးများလှပါတယ်။ ဘုရားရှင်နဲ့ ဖခင်အနာထပိဏ်ဆိုတဲ့ အမှီကောင်းတွေကို အမှီပြုရတဲ့အတွက် ကာလဟာ ကံကောင်းခဲ့ပါတယ်။ ဘုရားရှင်နဲ့ အနာထပိဏ်တို့ထံက စကားကောင်းတွေကို ကြားနာမှတ်သားခဲ့ရပါတယ်။ လိုက်နာကျင့်သုံးခဲ့ရပါတယ်။ လွဲမှားတဲ့ အယူတွေကို ဖယ်ရှားနိုင်ပြီး မှန်ကန်တဲ့ အယူတွေကို လက်ခံနိုင်ခဲ့ပါတယ်။ သောတာပန်ဖြစ်သွားတဲ့ ကာလဟာ ငွေကို အလွန်အကဲ မက်မောမှုမှ လွတ်ကင်းသွားပါတော့တယ်။ ငွေထက် အဆပေါင်း ရာ၊ ထောင်၊ သိန်း၊ သန်းမက တန်ဖိုးကြီးမားလှတဲ့ တရားထူးကို ရသွားတဲ့အတွက် ငွေထက် တရားကိုပဲ နှစ်သက်သွားပါတော့တယ်။ ငွေရဲ့တန်ဖိုးနဲ့ သူရထားတဲ့ တရားရဲ့တန်ဖိုးကို ကာလဟာ ကောင်းကောင်းကြီး ခွဲခြားသွားနိုင်ပါတော့တယ်။

သူ အင်မတန် လိုချင်မက်မောခဲ့တဲ့ အသပြာတစ်ထောင်ကို ဘုရားရှင်ထံမှောက် ဖခင်အနာထပိဏ်က သူ့အား ပေးတာကိုတောင် ကာလဟာ ရှက်သွားပါသေးတယ်။ မလိုချင်တော့ပါလို့တောင် ပြောပြပါတယ်။ စကားကောင်းလေးတစ်ခွန်းဆိုတာ တန်ဖိုးဖြတ်လို့ မရနိုင်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် တန်ဖိုးကြီးလှပါတယ်။ စကားကောင်းလေးတစ်ခွန်းကို ကံကောင်းသူတွေသာ ကြားနာခွင့် ရနိုင်ကြပါတယ်။ ကြားနာခွင့်ရတဲ့သူတွေထက် လိုက်နာကျင့်သုံးနိုင်ခွင့် ရသူတွေက ပိုမိုကံကောင်းကြပါတယ်။ ကာလဟာ ရှေးကံကလည်း ကောင်းခဲ့တဲ့အပြင် ယခုဘဝမှာ ပြုလုပ်လိုက်တဲ့ ကံတောင်းတွေပါ ထပ်ဆင့်လိုက်တော့ လူကောင်းဘဝကို ကောင်းကောင်းကြီး ရောက်သွားရပါတော့တယ်။ ရှေးကံ ကောင်းရင် နေရာကောင်းကို ရောက်ရပါတယ်။ လူကောင်းတွေကို ပေါင်းသင်းရပါတယ်။ လူကောင်းတွေထံက စကားကောင်းတွေကို ကြားနာရပါတယ်။ စကားတောင်းတွေကို ကြားနာရတော့ ကိုယ့်ရဲ့ ကိုယ်၊ နှုတ်၊ စိတ်တွေကို ကောင်းအောင် ကြိုးစားပါတော့တယ်။ ကိုယ်၊ နှုတ်၊ စိတ်တွေ ကောင်းလာရင် လူကောင်း ဖြစ်လာတော့တာပါပဲ။ ကိုယ်အပြုအမူ နှုတ်အပြောအဆို၊ စိတ်နေစိတ်ထားတွေ ကောင်းလာရင် အဲဒီလူကို လူကောင်းလို့ ခေါ်ရတာပါပဲ။

## နတ်သားနဲ့ ပြိတ္တာမ

ရဟန်း (၁၂) ပါးဟာ ဘုရားရှင်ထံက ကမ္မဋ္ဌာန်းယူပြီး နေဖို့ သင့်လျော်မယ့် နေရာကို စူးစမ်းကြတော့ ဝါကပ်ဖို့ နီးကပ်လာတဲ့အခါ အရိပ်၊ ရေနဲ့ ပြည့်စုံပြီး ပျော်မွေ့ဖွယ် တောအုပ်တစ်ခုကို တွေ့ကြတယ်။ အဲဒီ တောအုပ်နဲ့ မနီးလွန်း၊ မဝေးလွန်းတဲ့ နေရာမှာ ဆွမ်းခံရွာကိုလည်း တွေ့ကြတယ်။ အဲဒီတောအုပ်မှာ တစ်ညနေပြီး ဒုတိယနေ့မှာ ရွာထဲ ဆွမ်းခံဝင်ကြတယ်။ အဲဒီရွာမှာ ရက်ကန်းသည် (၁၁) ယောက် နေကြတယ်။ အဲဒီရက်ကန်းသည်တွေက အဲဒီရဟန်းတွေကို မြင်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတယ်။ မိမိ မိမိတို့ရဲ့ အိမ်ကို ပင့်ဆောင်ကာ မွန်မြတ်တဲ့ စားဖွယ်နဲ့ ပြုစုပြီး လျှောက်ထားကြတယ်။

"အရှင်ဘုရားတို့ ဘယ်ကို သွားကြမှာပါလဲ။"

"ငါတို့ဟာ ချမ်းသာရာအရပ်ကို သွားကြမယ်။"

"အရှင်ဘုရားတို့ ဒီလိုဆိုရင် ဒီအရပ်မှာ နေထိုက်ပါတယ်။"

အဲဒီလို လျှောက်ပြီး ဝါကပ်ဖို့ တောင်းဆိုကြတယ်။ ရဟန်းတွေ လက်ခံကြတယ်။ ဥပါသကာတွေက အဲဒီရဟန်းတွေအတွက် အဲဒီအရပ်မှာ တောကျောင်းလေးတွေကို ဆောက်လုပ်ပေးကြတယ်။ ရဟန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



က အဲဒီအရပ်မှာ ဝါကပ်ကြတယ်။ အဲဒီရက်ကန်းသည်တွေထဲမှာ အကြီးအကဲ ရက်ကန်းသည်က ရဟန်း (၂) ပါးကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်း (၄) ပါးနဲ့ ရိုရိုသေသေ ပြုစုတယ်။ အခြားရက်ကန်းသည်တွေက ရဟန်းတစ်ပါးစီကို ပြုစုကြတယ်။ အကြီးအကဲ ရက်ကန်းသည်ရဲ့ မယားက သဒ္ဓါတရား မရှိ၊ ရတနာသုံးပါး (ဘုရား၊ တရား၊ သံဃာ) အပေါ် မကြည်ညို။ အယူမှား ရှိတယ်၊ နှမြောတယ်၊ ရဟန်းတွေကို ရိုရိုသေသေ မပြုစု။ အဲဒီအကြီးအကဲရက်ကန်းသည်က မယားကို မြင်ပြီး အဲဒီမယားရဲ့ညီမကိုပဲ ခေါ်ဆောင်ကာ သူ့အိမ်မှာ အစိုးရမှုကို အပ်နှင်းတယ်။

အဲဒီညီမက သဒ္ဓါတရား ရှိတယ်။ ရတနာသုံးပါးအပေါ် ကြည်ညိုတယ်။ ရဟန်းတွေကို ရိုရိုသေသေ ပြုစုတယ်။ အဲဒီရက်ကန်းသည်အားလုံးက ဝါကျွတ်ပြီးတဲ့ ရဟန်းတွေအား တစ်ပါးစီလျှင် အဝတ်တစ်စုံစီ လှူဒါန်းကြတယ်။ အဲဒီလူတွေထဲက အကြီးအကဲ ရက်ကန်းသည်ရဲ့ နှမြောသူမယားက စိတ်ဆိုးပြီး သူ့လင်ကို ရေရွတ်ပြောဆိုတယ်။

"သင်က ဘုရားသားရဟန်းတွေအား လှူတဲ့ ထမင်း၊ ဖျော်ရည်ဟာ သင်ရဲ့နောက်ဘဝမှာ ကျင်ကြီး၊ ကျင်ငယ်၊ ပြည်၊ သွေးတွေ ဖြစ်ပါစေ။ အဝတ်တွေကလည်း မီးလျှံတောက်လောင်တဲ့ သံပြားတွေ ဖြစ်ကြပါစေ။"

အကြီးအကဲရက်ကန်းသည်က နောင်အခါမှာ သေပြီး ဝိဉ္ဈာတောအုပ်မှာ တန်ခိုးနဲ့ ပြည့်စုံတဲ့ သစ်ပင်စောင့်နတ် ဖြစ်တယ်။ နှမြောမှုအားကြီးတဲ့ သူ့မယားကတော့ သေပြီး သူ့နေရာအနီးမှာပဲ ပြိတ္တာမ ဖြစ်တယ်။ သူမမှာ အဝတ် မပါ၊ ရုပ်က ဆိုးတယ်။ ထမင်းဆာ၊ ရေဆာမှု



နှိပ်စက်ခံရတယ်။ အဲဒီသစ်ပင်စောင့်နတ်ရဲ့ အနီးကို သွားပြီး ပြောတယ်။

"အို အရှင်၊ ငါ့မှာ အဝတ်မရှိပါ။ အလွန်အကဲ ထမင်းဆာမှု၊ ရေဆာမှု နှိပ်စက်ခံရကာ လှည့်လည်နေရပါတယ်။ ငါ့အား အဝတ်နဲ့ ထမင်းအဖျော်ကို ပေးပါ။"

နတ်က သူမအား မွန်မြတ်တဲ့ နတ်အစာ၊ အဖျော်ကို ကပ်ဆောင်ပေးပါတယ်။ အဲဒီအစာ၊ အဖျော်ကို အဲဒီပြိတ္တာမက ယူလိုက်တယ်ဆိုရင်ပဲ ကျင်ကြီး၊ ကျင်ငယ်၊ ပြည်၊ သွေး ဖြစ်သွားတယ်။ အဝတ်ကိုပေးလိုက်လို့ သူမ ဝတ်ရုံလိုက်တဲ့အခါ မီးတောက်လောင်နေတဲ့ သံပြားဖြစ်သွားတယ်။ သူမဟာ ကြီးကျယ်တဲ့ ဆင်းရဲကို ခံစားရပြီး အဲဒီအဝတ်ကို စွန့်ပစ်ကာ ငိုကြွေးပြီး လှည့်လည်တယ်။ အဲဒီအခါ ရဟန်းတစ်ပါးက ဝါကျွတ်တဲ့အခါ ဘုရားရှင်ကို ကန်တော့ဖို့ သွားတော့ ကုန်သည်များစွာနဲ့အတူ ဝိဉ္ဈာတောအုပ်ကို သွားတယ်။ ကုန်သည်တွေက ညအခါမှာ လမ်းခရီးကို သွားကြတယ်။ နေ့အခါမှာ တောထဲက အေးမြတဲ့ အရိပ်၊ ရေနဲ့ပြည့်စုံတဲ့အရပ်ကို မြင်ပြီး ယာဉ်တွေကို ချွတ်ကာ တစ်ခဏ အပန်းဖြေကြတယ်။

ရဟန်းကတော့ ဆိတ်ငြိမ်မှုကို လိုလားလို့ အနည်းငယ် ဖဲသွားပြီး အရိပ်အေးမြပြီး တောရှုပ်တွေ ဖုံးလွှမ်းနေတဲ့ သစ်ပင်တစ်ပင်ရဲ့အောက်မှာ သင်္ကန်းကြီးကို ခင်းပြီး ထိုင်တယ်။ ညအခါမှာ လမ်းသွားရတာ ပင်ပန်းလို့ အိပ်ပျော်သွားတယ်။ ကုန်သည်တွေက အပန်းဖြေပြီး လမ်းကို ဆက်သွားကြတယ်။ အဲဒီရဟန်းကတော့ မသိ။ ညနေရောက်တော့ အိပ်ရာက ထပြီး အဲဒီကုန်သည်တွေကို မတွေ့ရလို့ လမ်းမှားကာ ခုတို သွားမိတယ်။ အစဉ်အတိုင်း အဲဒီနတ်ရဲ့နေရာကို ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ အဲဒီရဟန်းကို အဲဒီနတ်သားက မြင်ပြီး လူ့အသွင်နဲ့ ချဉ်းကပ်တယ်။ နှုတ်ဆက်စကားပြောပြီး သူ့ဗိမာန်ထဲ သွင်းတယ်။ ခြေသုတ်လိမ်းဆီ စသည်တို့ကို ပေးပြီး ချဉ်းကပ်ကာ ထိုင်နေတယ်။ အဲဒီအခါ အဲဒီပြိတ္တာမက လာပြီး "အရှင်၊ ငါ့အား ထမင်း၊ အဖျော်၊ အဝတ်ကို ပေးပါ" လို့ ပြောတယ်။ အဲဒီနတ်သားက အဲဒီပြိတ္တာမအား အဲဒီပစ္စည်းတွေကို ပေးတယ်။ အဲဒီ ပစ္စည်းတို့ကို အဲဒီပြိတ္တာမ ကိုင်ယူကာမျှနဲ့ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်၊ မီးလောင်သံပြားတွေပဲ ဖြစ်သွားကြတယ်။

အဲဒီရဟန်းက အဲဒီပြိတ္တာမကို မြင်ရပြီး သံဝေဂဖြစ်ကာ အဲဒီနတ်သားကို ပြိတ္တာမရဲ့ ရှေးကံအကြောင်း မေးတယ်။ နတ်သားက ပြိတ္တာမရဲ့ရှေးကံကို ပြောပြတယ်။ ပြောပြပြီး တစ်ဖန် အဲဒီရဟန်းကို မေးလျှောက်ပါတယ်။

"အရှင်ဘုရား၊ ဒီပြိတ္တာမကို ပြိတ္တာဘဝမှ လွတ်အောင် လုပ်စို့နည်း တစ်စုံတစ်ရာ ရှိပါသလား။"

"ရှိပါတယ်။"

"အရှင်ဘုရား၊ ပြောပြတော်မူပါ။"

"ဘုရားရှင်နဲ့ အရိယာသံဃာအား ရဟန်းတစ်ပါးအားပင် ဖြစ်စေ အလှူကို လှူပြီး အဲဒီပြိတ္တာမအား အမျှပေးဝေရင်၊ အဲဒီပြိတ္တာမကလည်း အဲဒီအလှူကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ရင် (သာဓုခေါ်ရင်) အဲဒီပြိတ္တာမဟာ အဲဒီဆင်းရဲမှ လွတ်မြောက်ပါလိမ့်မယ်။"

အဲဒီစကားကို ကြားရပြီး နတ်သားက အဲဒီရဟန်းအား မွန်မြတ်တဲ့ ထမင်း၊ ဖျော်ရည်ကို ပေးလှူပြီး အဲဒီပြိတ္တာမအား အဲဒီအလှူကို အမျှပေးဝေပါတယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာမဟာ ဝပြောသွားတယ်။



မြက်စိ စတဲ့ ဣန္ဒြေတွေ ပြည့်ဖြိုးသွားတယ်။ နတ်အာဟာရနဲ့ ရောင့်ရဲသွားတယ်။ တစ်ဖန် အဲဒီရဟန်းရဲ့လက်မှာပဲ နတ်အဝတ်အစုံကို ဘုရားရှင်ကို ရည်စူးပြီး လှူကာ အဲဒီအလှူကိုလည်း ပြိတ္တာမအား မျှဝေတယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာမဟာ နတ်အဝတ်ကို ဝတ်ရတယ်။ နတ်အဆင်တန်ဆာနဲ့ တန်ဆာဆင်ထားတယ်။ အလိုအားလုံး ပြည့်စုံတယ်။ နတ်သမီးနဲ့ တူသွားတယ်။ အဲဒီရဟန်းကလည်း အဲဒီနတ်သားရဲ့ တန်ခိုးနဲ့ အဲဒီနေ့မှာပဲ သာဝတ္ထိမြို့ကို ရောက်ကာ ဇေတဝန်ကျောင်းကို ဝင်တယ်။ ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးကာ အဲဒီအဝတ်အစုံကို လှူပြီး အဲဒီဖြစ်ပုံကို လျှောက်ပြတယ်။ ဘုရားရှင်ကလည်း အဲဒီအကြောင်းအရာကို အကြောင်းပြုပြီး ရောက်လာတဲ့ ပရိသတ်အား တရားဟောတယ်။ အဲဒီတရားဒေသနာဟာ လူအများအတွက် အကျိုးများသွားတယ်။

(ပေတဝတ္ထု၊ ၄၊ ၄၀)

အစားအသောက် လှူတာကို ကျေနပ်အားရ ဝမ်းမြောက်ဝမ်းသာစိတ်ဖြစ်သွားရင် အစားအသောက် ပြည့်စုံသွားပါတယ်။ အဝတ်လှူတာကို ကျေနပ်အားရ ဝမ်းမြောက်ဝမ်းသာစိတ် ဖြစ်သွားရင် အဝတ်ပြည့်စုံသွားပါတယ်။ အဝတ်၊ အစားအသောက်ပစ္စည်းတွေက ပြိတ္တာမသန္တာန်မှာ ကျေနပ်အားရ ဝမ်းမြောက်ဝမ်းသာတဲ့ ကုသိုလ်ကံအား အထောက်အပံ့ ပေးကြပါတယ်။ ပြိတ္တာမရဲ့ ဝမ်းသာတဲ့ စေတနာက သူ့ရဲ့အစားအဝတ်အတွက် ပြေလည်သွားစေတာ ဖြစ်ပါတယ်။

"သင်က ဘုရားသား ရဟန်းတွေအား လှူတဲ့ ထမင်း၊ ဖျော်ရည်ဟာ သင့်ရဲ့နောက်ဘဝမှာ ကျင်ကြီး၊ ကျင်ငယ်၊ ပြည်၊ သွေးတွေ ဖြစ်ပါစေ။ အဝတ်တွေကလည်း မီးလျှံတောက်လောင်တဲ့ သံပြားတွေ ဖြစ်ကြပါစေ"

www.burmeseclassic.com

www.burmeseclassic.com



သူလင်အား ရေရွတ်ပြောဆိုခဲ့တဲ့ အဲဒီစကားလေးတစ်ခွန်းက ပြိတ္တာမဘ၀ ရောက်သွားအောင် လုပ်ကာ ဒုက္ခအကြီးအကျယ် ပေးပါတယ်။ သူလင်ဖြစ်ခဲ့တဲ့ နတ်သားက အစားအစာ၊ ဖျော်ရည်တွေကို နှစ်ကြိမ်တိုင်တိုင် ပေးပေမယ့် ကျင်ကြီး၊ ကျင်ငယ်၊ ပြည်၊ သွေးတွေ ဖြစ်သွားပါသတဲ့။ အ၀တ်က မီးလောင်နေတဲ့ သံပြား ဖြစ်သွားပါသတဲ့။ အံ့ဩစရာပါပဲ။ အကုသိုလ် ၀စီကံရဲ့ အကျိုးပေးဟာ ကြောက်စရာကောင်းလှပါတယ်။ လင်တော်ခဲ့ဖူးတဲ့ နတ်သားနဲ့ မထေရ်တို့ကို အမှီပြုပြီး ပြိတ္တာမဟာ အစားအသောက်၊ အ၀တ် ဆင်းရဲရာမှ ချမ်းသာခဲ့ရပါတယ်။ သူတော်ကောင်းတွေဆိုတာ သူတစ်ပါးတွေအား ချမ်းသာအောင် ကူညီပေးတတ်ကြပါတယ်။ သူတော်ကောင်းတွေရဲ့နှုတ်က မိမိကိုရော၊ သူတစ်ပါးကိုရော၊ မိမိ သူတစ်ပါး နှစ်ဦးသားလုံးကိုပါ ချမ်းသာအောင် ကူညီပြောဆိုတတ်ကြပါတယ်။ မသူတော်တွေရဲ့နှုတ်ကတော့ မိမိကိုရော၊ သူတစ်ပါးကိုရော၊ မိမိ သူတစ်ပါး နှစ်ဦးသားလုံးကိုပါ ဆင်းရဲအောင် နှောင့်ယှက် ပြောဆိုတတ်ကြပါတယ်။

သူတော်ကောင်းတွေရဲ့နှုတ်က ပျားရည်လို ချိုမြတဲ့ စကားတွေကို ပြောကြားတတ်ပါတယ်။ မသူတော်တွေရဲ့ နှုတ်ကတော့ အဆိပ်လို သေစေတတ်တဲ့ စကားတွေကို ပြောကြားတတ်ပါတယ်။ သူတော်ကောင်းတွေရဲ့ နှုတ်က ပန်းလိုမွှေးတဲ့ စကားလေးတွေကို ပြောကြားတတ်ပါတယ်။ မသူတော်တွေရဲ့ နှုတ်ကတော့ မစင်လို နံစော်တဲ့ စကားတွေကို ပြောကြားတတ်ပါတယ်။ ဒီနှုတ်က အဆင့်အတန်းနိမ့်ကျတဲ့ ဘ၀ကို ရောက်သွားအောင်လည်း ပို့ပေးတတ်ပါတယ်။ အဆင့်အတန်းမြင့်တဲ့ ဘ၀ကို ရောက်သွားအောင်လည်း ပို့ပေးတတ်ပါတယ်။ လူ့လောကမှာ



ဒီနှုတ်ကြောင့် အောင်မြင်သွားသူတွေ ရှိသလို ကျရှုံးသွားသူတွေလည်း ရှိကြပါတယ်။

ဒီနှုတ်လေးက ကောင်းကျိုးတွေကို ပေးတတ်သလို ဆိုးကျိုးတွေကိုလည်း ပေးတတ်တာပါပဲ။ စေတနာအပေါ် မူတည်ပါတယ်။ စေတနာကောင်းပါတဲ့ နှုတ်က ကောင်းကျိုးတွေကို ပေးပါတယ်။ စေတနာဆိုးပါတဲ့ နှုတ်ကတော့ ဆိုးကျိုးတွေကို ပေးတတ်ပါတယ်။ မိမိနှုတ်ဖျားက ထွက်တဲ့ စကားတွေမှာ စေတနာကောင်းတွေ များနိုင်သမျှ များများပါအောင် ကြိုးစားသင့်လှပါတယ်။ မိမိရဲ့ နှုတ်ဖျားမှ စေတနာဆိုးတွေ နည်းနည်းလာအောင် ကြိုးစားသင့်လှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကျိန်စာသင့်သူ

သာဝတ္ထိမြို့အနီး ရွာငယ်က သူကြွယ်တစ်ဦးမှာ မြုံနေတဲ့ မယား ရှိတယ်။ အဲဒီသူကြွယ်ရဲ့ ဆွေမျိုးတွေက "သင်ရဲ့မယားက မြုံနေတယ်။ သင့်အတွက် အခြားသတို့သမီးကို ဆောင်ယူကြမယ်" လို့ ပြောကြ တယ်။ သူကြွယ်က သူ့မယားအပေါ် ချစ်လို့ အလိုမရှိ။ အဲဒီအခါ သူ့ မယားက အဲဒီဖြစ်ပုံကို ကြားရပြီး "အို အရှင်၊ ကျွန်မက မြုံနေပါတယ်။ အခြားသတို့သမီးကို ဆောင်ယူထိုက်ပါတယ်။ သင်ရဲ့အမျိုးအနွယ် မပြတ်စဲပါစေနဲ့" လို့ ပြောတယ်။ မယားက အထပ်ထပ် ပြောလာတဲ့ အခါ အခြားသတို့သမီးကို သူကြွယ်က ဆောင်ယူလိုက်ပါတယ်။ အဲဒီ သတို့သမီး(မယားငယ်)ဟာ နောင်အခါမှာ ကိုယ်ဝန်ရလာတယ်။ အမြုံ မိန်းမ (မယားကြီး) က "ဒီမိန်းမဟာ သားကို ရပြီး ဒီအိမ်ရဲ့အစိုးရ သူ ဖြစ်သွားလိမ့်မယ်" လို့ တွေးကာ မနာလိုဖြစ်ပြီး မယားငယ်ရဲ့ ကိုယ်ဝန် ဖျက်တဲ့နည်းကို ရှာမှီးတဲ့အခါ ပရိဗိုဇ်မတစ်ယောက်ကို ထမင်း၊ ဖျော်ရည် စသည်တွေနဲ့ သိမ်းသွင်းကာ အဲဒီပရိဗိုဇ်မကို အဲဒီ မယားငယ်အား ကိုယ်ဝန်ကျဆေး ပေးစေပါတယ်။

မယားငယ်ဟာ ကိုယ်ဝန်ကျပြီးတဲ့အခါ သူမရဲ့မိခင်အား ပြောပြ တယ်။ မိခင်က သူ့ဆွေမျိုးတွေကို ပေါင်းစုပြီး အဲဒီအကြောင်းကို အသိ ပေးတယ်။ အဲဒီဆွေမျိုးတွေက အမြုံမကို "သင်ဟာ ဒီမိန်းမရဲ့ကိုယ်ဝန် ကျအောင် လုပ်သလား" လို့ မေးကြတယ်။



"ကျွန်မ မကျစေပါ။"

"သင် ကိုယ်ဝန် မဖျက်ဆီးခဲ့ရင် ကျိန်စာဆိုပါ။"

"ငါဟာ ကိုယ်ဝန် ဖျက်ဆီးခဲ့ရင် ဘဝဆိုးကို ရောက်ကာ ဆာလောင် မွတ်သိပ်မှု နှိပ်စက်ခံရပြီး ညနေပိုင်းရော၊ နံနက်ပိုင်းမှာ သား (၅) ယောက်၊ (၅) ယောက်တို့ကို ဖွားမြင်ပြီး ခဲစားကာ မတင်းတိမ်ရပါစေ သား။ အမြဲ အနံ့ဆိုးကာ ယင်ကောင်တွေလည်း အဝိုင်းခံရပါစေသား"

အဲဒီလို လိမ်ပြောပြီး ကျိန်စာဆိုပါတယ်။ မယားကြီးဟာ မကြာခင် ပဲ သေပြီး အဲဒီရွာရဲ့အနီးမှာပဲ ရုပ်ဆိုးတဲ့ ပြိတ္တာမ ဖြစ်တယ်။ အဲဒီအခါ နေပုဒ်မှာ ဝါကျွတ်အောင် နေပြီးတဲ့ မထေရ် (၈) ပါးက ဘုရားရှင်ကို ဖူးမြော်ဖို့ သာဝတ္ထိမြို့ကို လာကြတယ်။ အဲဒီရွာရဲ့အနီးမှာ အရိပ်၊ ရေနဲ့ ပြည့်စုံတဲ့ တောအရပ်မှာ ဝါကပ်ကြတယ်။ အဲဒီအခါ အဲဒီပြိတ္တာမက မထေရ်တွေအား ကိုယ်ထင်ပြတယ်။ အဲဒီမထေရ်တွေထဲက မထေရ် ကြီးက အဲဒီပြိတ္တာမကို မေးပါတယ်။

"သင်ဟာ အဝတ်လည်း မပါ။ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန် လည်း ရှိတယ်။ မကောင်းနံ့ ရှိတယ်။ သင့်ကိုယ်က အပုပ်နံ့ နံတယ်။ ယင်ကောင်တွေနဲ့ ဝိုင်းအုံနေတယ်။ ဒီအရပ်မှာ ရပ်တည်နေတဲ့ သင်က ဘယ်သူလဲ။"

မဟာထေရ်က အမေးခံရတဲ့အခါ ပြိတ္တာမက သူ့ကိုယ်ကို ထင်ရှား ပြရင်း သတ္တဝါတွေအား သံဝေဂဖြစ်စေလိုလို့ အောက်ပါအတိုင်း ပြော ပါတယ်။

"အရှင်ဘုရား၊ တပည့်တော်မဟာ ယမမင်းနိုင်ငံ ပြိတ္တာဘုံမှာ အကျုံးဝင်ပါတယ်။ ဘဝဆိုးရောက်နေတဲ့ ပြိတ္တာမ ဖြစ်ပါတယ်။ မကောင်းမှုကံကို ပြုမိခဲ့လို့ ဒီလူ့လောကမှ ပြိတ္တာလောကကို ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ တပည့်တော်မဟာ နံနက်ပိုင်းမှာ သား (၅) ယောက်၊ တဖန် ညနေပိုင်းမှာ သား (၅) ယောက်တို့ကို နေ့တိုင်း နေ့တိုင်း ဖွားမြင်ပြီး အဲဒီသားတွေကို ခဲစားရပါတယ်။ အဲဒီသား (၁၀) ယောက်ကတော့ တပည့်တော်မရဲ့ တစ်နေ့တာ ဆာလောင်မွတ်သိပ်မှုကို မပယ်ဖျောက် နိုင်ပါ။ တပည့်တော်ရဲ့နှလုံးသားဟာ ဆာလောင်မွတ်သိပ် နှိပ်စက်ခံရ လို့ ပူလောင်လှပါတယ်။ အခိုးတထောင်းထောင်းထသလို ဖြစ်ပါတယ်။ ရေဆာလို့ ဟိုဟိုဒီဒီ လှည့်လည်တဲ့အခါ ရေကိုတောင် မသောက်ရပါ။ ဆင်းရဲပျက်စီးခြင်းသို့ ရောက်နေတဲ့ တပည့်တော်ကို ကြည့်ရှုတော်မူပါ"

အဲဒီစကားကို ကြားရပြီး မထေရ်က သူမရဲ့ ပြုလုပ်ခဲ့တဲ့ ကံကို မေးပါတယ်။

"သင်ဟာ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်မကောင်းမှုကို ပြုလုပ်ခဲ့ပါသ လဲ။ ဘယ်ကံရဲ့အကျိုးကြောင့် မွေးဖွားလာတဲ့ သားတွေရဲ့ အသားတွေ ကို စားရပါဘိသလဲ။"

အဲဒီအခါ အဲဒီပြိတ္တာမက သူပြုလုပ်ခဲ့တဲ့ ကံကို မထေရ်အား လျှောက် ပြပါတယ်။

"အရှင်ဘုရား၊ တပည့်တော်ရဲ့လင်တူမိန်းမမှာ ကိုယ်ဝန်ရှိခဲ့ တယ်။ အဲဒီ လင်တူမိန်းမအပေါ် ယုတ်မာတဲ့အမှုကို အားထုတ်ခဲ့ တယ်။ တပည့်တော်မဟာ ဒေါသစိတ်နဲ့ ကိုယ်ဝန်ကျအောင် ပြုလုပ် ပါတယ်။ အဲဒီလင်တူမိန်းမရဲ့ နှစ်လရှိကိုယ်ဝန်ဟာ ပျက်ပြီး သွေး ကာ ယိုစီးကျလာပါတယ်။ အဲဒီအခါမှာ အဲဒီ လင်တူမိန်းမရဲ့မိခင်က တပည့်တော်မကို အမျက်ထွက်ပြီး သူ့ဆွေမျိုးတွေကို စုဝေးစေပါတယ်။ တပည့်တော်မကို ကျိန်စာလည်း ဆိုခိုင်းပါတယ်။ ကြောက်ဖွယ်အောင် လည်း ခြိမ်းခြောက်ပါတယ်။ တပည့်တော်မဟာ "အဲဒီကိုယ်ဝန်ကို



ကို ကျွန်မ ပြုမိခဲ့ရင် ကျွန်မသားတွေရဲ့ အသားတွေကို ခဲစားရပါစေ သား" လို့ ကြမ်းတမ်းတဲ့ ကျိန်စာကိုရော၊ မုသားစကားကိုပါ ပြောဆိုခဲ့ ပါတယ်။ အဲဒီ ကိုယ်ဝန်ချတဲ့ ပါဏာတိပါတကံနဲ့ မုသားစကားပြောတဲ့ မုသာဝါဒကံ နှစ်မျိုးရဲ့ အကျိုးကြောင့် ပြည်၊ သွေးတွေနဲ့ လိမ်းကျံတဲ့ သားတွေရဲ့အသားတွေကို ခဲစားခဲ့ရပါတယ်။"

အဲဒီပြိတ္တာမက အဲဒီလို သူ့ကံအကျိုးကို ပြောပြပြီး တစ်ဖန် မထေရ်တွေကို ဒီလို လျှောက်ထားပါတယ်။

"အရှင်ဘုရားတို့၊ တပည့်တော်ဟာ အဲဒီရွာမှာပဲ ဒီအမည်ရှိ သူကြွယ်ရဲ့မယားဖြစ်ကာ မနာလိုမှု နှိပ်စက်ခံရလို့ မကောင်းမှုကို လုပ် ပြီး ဒီလို ပြိတ္တာဘုံမှာ ဖြစ်နေပါတယ်။ တောင်းပန်ပါတယ် ဘုရား။ အဲဒီ သူကြွယ်ရဲ့ အိမ်ကို ကြွတော်မူကြပါ။ သူက အရှင်ဘုရားတို့အား အလှူ ကို လှူပါလိမ့်မယ်။ အဲဒီအလှူကို တပည့်တော်အား အမျှပေးဝေခိုင်း တော်မူကြပါ။ အဲဒီလို လုပ်ရင် တပည့်တော်ဟာ ဒီပြိတ္တာဘဝမှ လွတ်ရ ပါလိမ့်မယ်။"

မထေရ်တွေက အဲဒီစကားကို ကြားရပြီး သူမကို သနားတဲ့အတွက် ကယ်တင်လိုကြလို့ အဲဒီသူကြွယ်ရဲ့ အိမ်ကို ဆွမ်းခံဝင်ကြတယ်။ သူကြွယ်က မထေရ်တွေကို မြင်ရပြီး ကြည်ညိုကာ ခရီးဦးကြိုဆိုတယ်။ သပိတ်တွေကိုယူပြီး မထေရ်တွေကို နေရာတွေမှာ ထိုင်စေကာ မွန်မြတ် တဲ့ စားဖွယ်နဲ့ ဆွမ်းကျွေးဖို့ ကြိုးစားတယ်။ မထေရ်တွေက အဲဒီ ဖြစ်ပုံ အကြောင်းကို သူကြွယ်အား ပြောပြပြီး အဲဒီအလှူကို အဲဒီပြိတ္တာမအား အမျှပေးဝေစေကြပါတယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာမဟာ အဲဒီ ဆင်းရဲ ဒုက္ခကင်းကာ မြင့်မြတ်တဲ့ စည်းစိမ်ကို ရပြီး ညအခါမှာ သူကြွယ်အား ပေါ်ထင်ပြတယ်။ အဲဒီအခါ မထေရ်တွေက အစဉ်အတိုင်း သာဝတ္ထိ

www.burmeseclassic.com

www.burmeseclassic.com



မြို့ကို သွားပြီး ဘုရားရှင်အား အဲဒီအကြောင်းကို လျှောက်ထားကြ တယ်။ ဘုရားရှင်က အဲဒီအကြောင်းကို အကြောင်းပြုပြီး ရောက်လာ တဲ့ပရိသတ်အား တရားဟောတယ်။ တရားဒေသနာအဆုံးမှာ လူအများ ဟာ သံဝေဂရကာ နှမြောဝန်တိုမှုမှ ရှောင်ကြဉ်ကြတယ်။ အဲဒီလို အဲဒီ တရားဒေသနာဟာ လူအများမှာ အကျိုးများတယ်။

(ပေတဝတ္ထု၊ ၄၊ ၁၀)

မဟုတ်မမှန်တာကို ပြောပြီး ကျိန်စာဆိုတာဟာ ကြောက်စရာ ကောင်းလှပါတယ်။ ကျိန်စာသင့်တဲ့အခါ ခံစားရတဲ့ ဒုက္ခဟာ မသက်သာ လှပါ။ မထေရ်(၈) ပါးနဲ့ သူ့လင်သားသာ သူတော်ကောင်းစိတ် မရှိခဲ့ရင် သူမရဲ့ဘဝဟာ ဒုက္ခပင်လယ်ဝေနေပါလိမ့်မယ်။ သံဝေဂယူဖွယ် ကောင်းလှပါတယ်။

"ငါဟာ ကိုယ်ဝန်ဖျက်ဆီးခဲ့ရင် ဘဝဆိုးကို ရောက်ကာ ဆာလောင် မွတ်သိပ်မှု နှိပ်စက်ခံရပြီး ညနေပိုင်းမှာရော၊ နံနက်ပိုင်းမှာပါ သား (၅) ယောက်၊ (၅) ယောက်တို့ကို ဖွားမြင်ပြီး ခံစားကာ မတင်းတိမ်ရပါစေ သား။ အမြဲ အနံ့ဆိုးကာ ယင်ကောင်တွေလည်း အဝိုင်းခံရပါစေသား"

လိမ်ညာပြီး ကျိန်စာဆိုလိုက်တဲ့ စကားလေးတစ်ခွန်းက ဒုက္ခ အကြီးအကျယ် ပေးပါတော့တယ်။ မကောင်းမှုကို လုပ်မိရင် အဲဒီ မကောင်းမှုကို ဖုံးကွယ်ဖို့ မရိုးသားသူတွေဟာ ကြိုးစားကြပါတယ်။ အလိမ်ခံသူတွေမှာ ကိုယ့်ရဲ့ လိမ်လည်မှုကို ယုံကြည်သွားအောင် မဟုတ် မမှန်တာကို ပြောဆိုပြုလုပ်လာကြပါတယ်။ ငါ ကျိန်စာဆိုသ နောင်ဘဝမှာ မခံစားရလောက်ပါဘူးလို့ ထင်မှတ်ကာ အလွန်အ ကျိန်စာဆိုလိုက်တတ်ကြပါတယ်။ နောင်ဘဝမှာ ငါ ကျိန်စာဆိုလို သလို ခံစားရမှာပါလားလို့ သတိမဝင်မိကြပါ။ ကျိန်စာဆိုလိုက်



အတိုင်း နောက်ဘဝမှာ မကောင်းကျိုးကို တကယ်ခံစားရတဲ့အခါ ရောက်မှ ဒုက္ခရောက်လို့ ကြောက်လာကြပါတယ်။ ကျိန်စာမဆိုခင်က သာ ဒီလို ဆိုးကျိုးတွေကို တကယ်ခံစားရမယ်ဆိုတာကို လှိုက်လှိုက် လှဲလှဲ ယုံကြည်ခဲ့ရင် အဲဒီလို ကျိန်စာဆိုမိကြမယ် မဟုတ်ပါ။ ကျိန်စာ သင့်လာခါမှ ကျိန်စာဟာ တကယ်ကြောက်စရာပါလားလို့ သိမြင် သဘောပေါက်လာကြပါတယ်။

မကောင်းတဲ့ အလုပ်၊ မကောင်းတဲ့ အပြော၊ မကောင်းတဲ့ စိတ်ထား တွေရဲ့ ဆိုးကျိုးတွေကို တကယ်ပဲ နက်နက်နဲနဲ လှိုက်လှိုက်လှဲလှဲ သိမြင် ယုံကြည်နိုင်ကြရင် အဲဒီဆိုးကျိုးတွေကို ကြောက်ရွံ့ထိတ်လန့်တဲ့အတွက် မကောင်းတဲ့ အလုပ်တွေကို မလုပ်မိအောင်၊ မကောင်းတဲ့ အပြောတွေ ကို မပြောမိအောင်၊ မကောင်းတဲ့ စိတ်ထားတွေကို မထားမိအောင် သတိပြုကာ ပြုလုပ်၊ ပြောဆို၊ စိတ်ထားကြပါမယ်။

ဘယ်လောက်ပဲ သူများတွေ ပြောပြော သတ္တဝါတွေဟာ ကိုယ်တိုင် မတွေ့ကြုံသေးရင် မယုံတတ်ကြပါ။ ယုံရင်တောင် အပေါ်ယံပဲ ယုံကြည် နေတတ်ကြပါတယ်။ လှိုက်လှိုက်လှဲလှဲ ယုံကြည်ဖို့ ခက်နေတတ်ကြပါ တယ်။ ကိုယ်တိုင် တွေ့ကြုံလာရင်တော့ ဘယ်သူတွေ ပြောပြော၊ မပြော ပြော ယုံကြည်သွားပါတော့တယ်။ ကိုယ်တိုင် မတွေ့ကြုံသေးတောင် ယုံသင့် ယုံထိုက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ စကားဆိုရင် ယုံကြည်ရပါတယ်။ လက်ခံရပါတယ်။ လိုက်နာရပါတယ်။

မယုံကြည်လို့ မလုပ်သင့်တာတွေကို လုပ်မိရင် ဆိုးကျိုးတွေနဲ့သာ ရင်ဆိုင်ရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

## ရေမှ သွေးသို့

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ပဌမသင်္ဂါယနာတင်နေတဲ့အခါ အရှင်မဟာကစ္စာယနက ရဟန်း (၁၂) ပါးနဲ့အတူ ကောသမ္ဗီမြို့ရဲ့အနီးက တောကျောင်းတစ်ကျောင်းမှာ သီတင်းသုံးတယ်။ အဲဒီအခါ ဥဒေနမင်းရဲ့ အမတ်တစ်ယောက် သေတယ်။ အဲဒီအမတ်က ရှေးအခါက မြို့အလုပ်တွေကို စီစဉ်ဆောင်ရွက်တယ်။ သေသွားတော့ မင်းက အဲဒီအမတ်ရဲ့သား ဥတ္တရလုလင်ကို အခေါ်ခိုင်းပြီး "သင်ဟာ သင့်ဖခင်စီစဉ် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကို စီစဉ်ဆောင်ရွက်ပါ" လို့ သူ့ဖခင်နေရာမှာ ထားရှိတယ်။ ဥတ္တရက ကောင်းပါပြီလို့ လက်ခံပြီး တစ်နေ့မှာ မြို့ပြုပြင်ဖို့ သစ်သားတွေအတွက် လက်သမားတွေကို ခေါ်ကာ တောကို သွားတယ်။ အဲဒီတောက အရှင်မဟာကစ္စာယနရဲ့ နေရာအရပ်ကို ချဉ်းကပ်ပြီး မထေရ် အဲဒီအရပ်မှာ ပံ့သကူသင်္ကန်းဆောင်ပြီး တိတ်ဆိတ်ရာမှာ ထိုင်နေတာကို မြင်တွေ့သွားတယ်။ ဣရိယာပုထ်မှာပဲ ကြည်ညိုပြီး နှုတ်ဆက်စကား ဆိုကာ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ မထေရ်က ဥတ္တရအား တရားဟောတယ်။

ဥတ္တရက တရားကို နာကြားရပြီး ရတနာသုံးပါးအပေါ် ကြည်ညိုသွားတယ်။ သရဏဂုံတွေမှာ တည်ကာ မထေရ်ကို "အရှင်ဘုရား အရှင်ဘုရားဟာ ရဟန်းတွေနဲ့အတူ တပည့်တော်ရဲ့ ဆွမ်းကို သနား



ချီးမြှောက်တဲ့အနေနဲ့ နက်ဖြန်ခါ အလှူခံတော်မူပါ" လို့ ဖိတ်ခံပါတယ်။ မထေရ်က ဆိတ်ဆိတ်နေကာ လက်ခံတယ်။ ဥတ္တရဟာ အဲဒီ တောအရပ်မှ ထွက်လာပြီး မြို့ကို သွားကာ အခြားဥပါသကာတွေအား "ငါဟာ မထေရ်ကို နက်ဖြန် ဆွမ်းကပ်ဖို့ ပင့်ဖိတ်ခဲ့ပါတယ်။ သင်တို့လည်း ငါ့ရဲ့အလှူပွဲကို လာကြပါ" လို့ ပြောတယ်။ ဥတ္တရက ဒုတိယနေ့မှာ စောစောပဲ မွန်မြတ်တဲ့ စားဖွယ် ခဲဖွယ်ကို စီစဉ်ခိုင်းပြီး အချိန်ကို လျှောက်ခိုင်းတယ်။ ရဟန်းတွေနဲ့အတူ ကြွလာတဲ့ မထေရ်အား ခရီးဦး ကြိုဆိုရှိခိုးကာ ရှေ့သွားပြုပြီး အိမ်ထဲ ဝင်စေပါတယ်။ အဲဒီအခါ မြင့်မြတ်သူတွေအား ထိုက်တဲ့ အပ်စပ်တဲ့ အခင်းတွေနဲ့ ခင်းထားတဲ့ နေရာတွေမှာ မထေရ်ရော ရဟန်းတွေပါ ထိုင်နေကြတယ်။ နံ့သာ၊ ပန်း၊ အခိုးတွေနဲ့ ပူဇော်မှုပြုပြီး မွန်မြတ်တဲ့ ထမင်း၊ ဖျော်ရည်နဲ့ အဲဒီရဟန်းတွေကို ရောင့်ရဲကျေနပ်စေပါတယ်။ ကြည်ညို လက်အုပ်ချီကာ အနုမောဒနာတရားကို နာကြားပါတယ်။ ဆွမ်းအနုမောဒနာပြီးလို့ မထေရ် သွားတဲ့အခါ သပိတ်ကို ယူပြီး နောက်က လိုက်သွားတယ်။ မြို့မှ ထွက်ပြီး ပြန်လှည့်လာတဲ့အခါ "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဟာ အမြဲ တပည့်တော်အိမ်ကို ဝင်သင့်ပါတယ်" လို့ တောင်းဆိုပြီး မထေရ်ရဲ့ လက်ခံတာကို သိကာ ပြန်လှည့်လာတယ်။ အဲဒီလို ဥတ္တရဟာ မထေရ်ကို ပြုစုရင်း မထေရ်ရဲ့ ဩဝါဒမှာ ရပ်တည်ကာ သောတာပတ္တိဖိုလ်သို့ရောက်ပါတယ်။ ကျောင်းတိုလည်း ဆောက်လုပ်စေပါတယ်။ သူ့ဆွေမျိုးအားလုံးကိုလည်း သာသနာမှာ ကြည်ညိုလာအောင် လုပ်တယ်။

ဥတ္တရရဲ့ မိခင်ကတော့ နှမြောမှု အညစ်အကြေး ထကြွစိတ်ရှိကာ "ငါ အလိုဆန္ဒမရှိဘဲသာ သင်က ရဟန်းတွေအား ပေးလှူတဲ့ ထမင်း ဖျော်ရည်ဟာ သင်ရဲ့နောင်ဘဝမှာ သွေးအဖြစ်နဲ့ ပြီးစီးပါစေဟယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ရေရွတ်ပြောဆိုတယ်။ ဥဒေါင်းအမြီး အစုတစ်ခုကိုတော့ ကျောင်းပူဇော်ပွဲနေ့မှာ လှူဖို့ ခွင့်ပြုလိုက်တယ်။ အဲဒီမိခင်ဟာ သေပြီး ပြိတ္တာဘုံမှာ ဖြစ်တယ်။ အဲဒီပြိတ္တာမရဲ့ဆံပင်တွေက ဥဒေါင်းအမြီးအစု လှူတာ ဝမ်းသာခဲ့လို့ ညိုတယ်၊ ညက်ညောတယ်၊ အဖျားကော့တယ်၊ နူးညံ့တယ်၊ ရှည်တယ်။ သူမဟာ ဂင်္ဂါမြစ်ကို 'သောက်ရေ သောက်မယ်'လို့ ကြံကာ သက်ဆင်းတဲ့အခါ မြစ်ဟာ သွေးတွေနဲ့ ပြည့်နေတယ်။ သူမဟာ (၅၅)နှစ်ပတ်လုံး ဆာလောင်မွတ်သိပ်မှု နှိပ်စက်ခံရကာ လှည့်လည်နေရတယ်။ တစ်နေ့မှာ ကင်္ခါရေဝတထေရ် ဂင်္ဂါမြစ်ကမ်းနားမှာ နေ့အခါ သီတင်းသုံး ထိုင်နေတာကို မြင်တွေ့သွားတယ်။ သူမရဲ့ ကိုယ်ကို သူမရဲ့ ဆံပင်တွေနဲ့ ဖုံးအုပ်ကာ ချဉ်းကပ်ပြီး သောက်ရေကို တောင်းတယ်။

ပြိတ္တာမ

"အရှင်ဘုရား၊ တပည့်တော်ဟာ သေသွားတဲ့အချိန်ကစပြီး (၅၅)နှစ်ပတ်လုံး ထမင်းစားရတာ၊ သောက်ရေ သောက်ရတာကို မသိစဖူးပါ၊ တပည့်တော်ဟာ ရေဆာလှပါတယ်။ အရှင်ဘုရားဟာ တပည့်တော်အား ရေပေးတော်မူပါ။"

မထေရ်

"ဒီဂင်္ဂါမြစ်ဟာ အေးတဲ့ရေ ရှိပါတယ်။ ဟိမဝန္တာတောင်မင်းမှ စီးဆင်းပါတယ်။ ဒီဂင်္ဂါမြစ်မှ ယူပြီး သောက်ပါ။ ဘာကြောင့် ငါ့ထံ သောက်ရေ တောင်းနေရတာလဲ။"

ပြိတ္တာမ

"အရှင်ဘုရား၊ တပည့်တော်ဟာ ဂင်္ဂါမြစ်မှာ ရေကို ကိုယ်တိုင် ယူရင် ရေက တပည့်တော်အတွက် သွေးအဖြစ်နဲ့ ပြောင်းလဲသွားပါတယ်။ ဒါကြောင့် သောက်ရေကို တောင်းပါတယ်။"



မထေရ်

"သင်ဟာ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်မကောင်းမှုကို ပြုခဲ့ပါသလဲ။ ဘယ်ကံရဲ့ အကျိုးကြောင့် ဂင်္ဂါမြစ်ရေဟာ သင့်အတွက် သွေး ဖြစ်ရပါသလဲ။"

ပြိတ္တာမ

"အရှင်ဘုရား၊ တပည့်တော်ရဲ့ဥတ္တရမည်တဲ့သားဟာ သဒ္ဓါတရားရှိတဲ့ ဥပါသကာ ဖြစ်ခဲ့ပါတယ်။ အဲဒီသားက တပည့်တော် အလိုမရှိဘဲ ရဟန်းတွေအား သင်္ကန်း၊ ဆွမ်း၊ ဆေး၊ ကျောင်းတွေကို လှူခဲ့ပါတယ်။ အဲဒီပေးလှူတဲ့ သားကို တပည့်တော်က ဝန်တိုမှုနှိပ်စက်ခံရလို့ ဆဲရေးရေရွတ် ကြိမ်းမောင်းမိပါတယ်။"

"ဥတ္တရ၊ သင်ဟာ ငါ့အလိုမရှိဘဲ သင်္ကန်း၊ ဆွမ်း၊ ဆေး၊ ကျောင်းတွေကို ရဟန်းတွေအား ပေးလှူဘိတယ်။ အဲဒီလှူဖွယ်ဟာ သင့်အတွက် နောက်ဘဝမှာ သွေးဖြစ်ပါစေသတည်း" လို့ ဆဲရေးရေရွတ်ကြိမ်းမောင်းမိပါတယ်။ အဲဒီမကောင်းမှုကံရဲ့ အကျိုးကြောင့် ဂင်္ဂါမြစ်ရေဟာ တပည့်တော်အတွက် သွေး ဖြစ်နေပါတော့တယ်။

အဲဒီအခါ အရှင်ရေဝတက အဲဒီပြိတ္တာမကို ရည်စူးပြီး ရဟန်းအပေါင်းအား သောက်ရေကို လှူဒါန်းပါတယ်။ ဆွမ်းခံလှည့်လည်ပြီး ဆွမ်းကို ယူကာ ရဟန်းတွေအား လှူပါတယ်။ အမှိုက်ပုံ စသည်တွေမှ ပံ့သကူအဝတ်ကို ယူပြီး ဖွပ်လျှော်ကာ ဘုံလျှိုနဲ့ မြေအခင်းပြုလုပ်ပြီး ရဟန်းတွေအား လှူတယ်။ အဲဒီအလှူကြောင့် အဲဒီပြိတ္တာမမှာ နတ်စည်းစိမ်တွေ ဖြစ်ပေါ်လာကြတယ်။ အဲဒီပြိတ္တာမက မထေရ်ထံ သွားပြီး သူမ ရရှိထားတဲ့နတ်စည်းစိမ်ကို မထေရ်အား ပြတယ်။ မထေရ်က အဲဒီဖြစ်ပုံကို သူ့ထံ လာကြတဲ့ ပရိသတ်(၄)ပါးအား ထင်ရှားပြုပြီး တရား

www.burmeseclassic.com



စကား ဟောပြောတယ်။ ဒါကြောင့် လူအများဟာ သံဝေဂဖြစ်ပြီး နှမြောမှု အညစ်အကြေး ကင်းကာ ဒါန၊ သီလ စတဲ့ ကုသိုလ်တရားတွေမှာ မွေ့လျော်သွားကြတယ်။ (ပေတဝတ္ထု၊ ၄၊ ၁၃၁)

နှမြောမှု၊ နှုတ်မစောင့်စည်းမှုတွေဟာ ဒုက္ခကောင်းကောင်းကြီး ပေးတတ်ကြောင်းကို ဒီဇာတ်လမ်းအရ သိရပါတယ်။ ဒီပြိတ္တာမလို ဒုက္ခ မရောက်ချင်ရင် နှမြောတာကို ဖယ်ရှားရပါမယ်။ နှုတ်စောင့်စည်းကြရ ပါမယ်။ အရှင်ရေဝတသာ မကယ်တင်ရင် ဒီပြိတ္တာမဟာ ရေငတ်မှုဒဏ် ကို ဆက်လက်ခံရဖွယ် ရှိပါတယ်။ အရှင်ရေဝတဆိုတဲ့ သူတော်ကောင်း ကို အမှီပြုရတဲ့အတွက် ပြိတ္တာမခမျာ ဆင်းရဲတွင်းထဲမှ ရုန်းထွက်နိုင်ခဲ့ပါ တယ်။ သူတော်ကောင်းကို မှီခိုရတာဟာ အကျိုးကြီးမားလှပါပေ တယ်။

"ငါ အလိုဆန္ဒမရှိဘဲသာ သင်က ရဟန်းတွေအား ပေးလှူတဲ့ ထမင်း၊ ဖျော်ရည်ဟာ သင်ရဲ့နောက်ဘဝမှာ သွေးအဖြစ်နဲ့ ပြီးစီးပါစေ ဟယ်။"

အဲဒီစကားလေးတစ်ခွန်းကို ပြောလိုက်တဲ့ ဥတ္တရမိခင်ဟာ သူမရဲ့ စေတနာ၊ သူမရဲ့စကားနဲ့အညီ မကောင်းကျိုးကို ခံစားရပါတယ်။ ကိုယ့် ရဲ့ယုတ်မာတဲ့ စေတနာနဲ့ ကိုယ့်ရဲ့ ကြမ်းတမ်းတဲ့ နှုတ်က ကိုယ့်ကို ဒုက္ခ လှလှကြီး ပေးတတ်ပါတယ်။ ဥတ္တရမိခင်ဟာ ရေရှိတဲ့ ဂင်္ဂါမြစ်ထဲကရေ ကို မသောက်ရပါတဲ့။ ရေက သွေးအဖြစ် ပြောင်းလဲသွားတာဟာ အံ့သြ စရာပါပဲ။ ကံအကျိုးပေးဟာ ဆန်းကြယ်လှပါတယ်။ အကုသိုလ်ကံရဲ့ အကျိုးပေးပုံဟာ ဆန်းကြယ်သလို အံ့သြဖွယ်လည်း ကောင်းပါတယ်။ နှစ်ပေါင်း (၅၅) နှစ်ပတ်လုံး ထမင်းမစားရ၊ ရေမသောက်ရတဲ့ အဖြစ် ဟာ ဘယ်လောက် ဆင်းရဲလိုက်လေမလဲ။ တစ်ရက်လေး ရေ မသောက်၊



ထမင်းမစားရရင်တောင် ဆင်းရဲလှပါတယ်။ (၅၅)နှစ်ဆိုတော့ တော်တော် ဆင်းရဲရှာမှာပဲ။ သူမရဲ့စကားလေးတစ်ခွန်းက သူမကို တော်တော် ဒုက္ခ ပေးတာပါပဲလား။ ဂင်္ဂါမြစ်ရေတွေကို သူ ယူလိုက်ရင် သွေးဖြစ်သွားတယ် ဆိုတော့ သူမဟာ အံ့သြလည်း အံ့သြ၊ ကြောက်လည်း ကြောက်လန့် ရှာမှာပါပဲ။ နောင်တလည်း ရလောက်ပါတယ်။

တော်ပါသေးတယ်။ အရှင်ကင်္ခါရေဝတနဲ့ တွေ့သွားလို့ ကံကောင်း သွားပါတယ်။ အရှင်ကင်္ခါရေဝတ က သောက်ရေလှူပြီး အမျှပေးဝေ တယ်။ ဆွမ်းလှူပြီး အမျှပေးဝေတယ်။ အဝတ်လှူပြီး အမျှပေးဝေ တယ်။ ဥတ္တရမိခင်က သာဓုခေါ် ဝမ်းမြောက်သွားလို့ နတ်စည်းစိမ်တွေ ကို ရရှိသွားပါတယ်။ အကုသိုလ်ကံရဲ့အကျိုးပေးဟာ အံ့သြစရာ ကောင်း သလို ကုသိုလ်ကံရဲ့အကျိုးပေးဟာလည်း အံ့သြစရာ ကောင်းပါတယ်။ အကုသိုလ်ကံရဲ့အကျိုးပေးက ကြောက်မက်ဖွယ် ကောင်းသလောက် ကုသိုလ်ကံရဲ့အကျိုးပေးက နှစ်သက်ဖွယ် ကောင်းလှပါတယ်။ ကိုယ့်ရဲ့ အကုသိုလ်ကံက ကိုယ့်ရဲ့ ရန်သူတစ်ယောက်ထက် ပိုမိုကြောက်မက် ဖွယ် ကောင်းပါတယ်။ ကိုယ့်ရဲ့ကုသိုလ်ကတော့ ကိုယ့်ရဲ့အလွန့်အလွန် ကောင်းတဲ့မိတ်ဆွေကောင်းတစ်ယောက်ထက် ပိုမိုအားကိုးစရာကောင်း ပါတယ်။

အကုသိုလ်ကံကို သူ့ဆိုးကျိုးကို မခံစားရသေးခင် ကြောက်မက် ဖွယ်လို့ မမြင်တတ်ဘဲ မမြင်နိုင်ဘဲ ရှိနေကြပါတယ်။ အကုသိုလ်ကံရဲ့ ဆိုးကျိုးကို ကိုယ်တွေ့ခံစားကြရတဲ့အခါမှ ကြောက်စရာလို့ ကောင်း ကောင်း နားလည်သဘောပေါက်သွားတတ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ရှင်နိဂြောဓနဲ့ အသောကဘုရင်

အသောကမင်းဟာ အရှေ့အရပ်ကို မျက်နှာမူပြီး ခြသေ့်ခံတဲ့ လေသာပြတင်းတံခါးအနီးမှာ ခေါက်တုံ့ခေါက်ပြန် စင်္ကြံသွားနေတယ်။ အဲဒီခဏမှာပဲ ၇ နှစ်အရွယ်ရှိ နိဂြောဓ သာမဏေလေးက မင်းရင်ပြင်ကို ရောက်လာတယ်။ နိဂြောဓ သာမဏေလေးက မျက်စိစတဲ့ ဣန္ဒြေတွေ ငြိမ်သက်တယ်၊ စိတ်ငြိမ်တယ်၊ မျက်စိက ရှေ့ထမ်းပိုးတစ်ခုစာ အရပ်ကို ကြည့်တယ်။ သွားလာပုံက ကြည်ညိုဖွယ်ကောင်းတယ်။ အသောကမင်းဟာ နိဂြောဓ သာမဏေလေးကို မြင်သွားတယ်။ မြင်မြင်ချင်းပဲ ကြည်ညိုသွားတယ်။ ချစ်ခင်သွားတယ်။

နိဂြောဓ သာမဏေလေးကို မြင်တွေ့ရပြီး အသောကမင်းမှာ ဒီလို စဉ်းစားမိတယ်။

“ဒီနန်းတော်ရင်ပြင်မှာ သွားလာနေကြတဲ့ လူတွေဟာ စိတ်ကလည်း မငြိမ်သက်၊ ပျံ့လွင့်နေတယ်။ ခန္ဓာကိုယ်လည်း ယောက်ယက်ခတ်နေတယ်။ ကြောက်လန့်တုန်လှုပ်နေတဲ့ သမင်နဲ့ တူနေတယ်။ ဒီကလေးကတော့ စိတ်လည်း မပျံ့လွင့်ဘူး၊ တည်ငြိမ်တယ်။ ဒီကလေးရဲ့ ကြည့်ပုံ၊ ကွေးပုံ၊ ဆန့်ပုံ အမူအရာဟာလည်း အလွန်ပဲ တင့်တယ်တယ်။ ဒီကလေးရဲ့ အတွင်းသန္တာန်မှာ လောကုတ္တရာတရားထူး ရှိမှာအမှန်ပဲ”



အသောကမင်းရဲ့ ဒီအတွေးဟာ မှန်နေပါတယ်။ နိဂြောဓ သာမဏေလေးဟာ ရဟန္တာ ဖြစ်ပြီးပါပြီ။ နိဂြောဓ မင်းသားလေး အသက် (၇)နှစ်ရှိတဲ့အခါ မဟာဝရုဏဆိုတဲ့ ရဟန္တာမထေရ်က နိဂြောဓ မင်းသားလေးရဲ့ ရဟန္တာဖြစ်နိုင်တဲ့ ရှေးကံအကြောင်းကို မြင်လို့ စောင့်ရှောက်ပြီး နေလာခဲ့ရာ “အခု နိဂြောဓ မင်းသားလေးဟာ အသက် (၇) နှစ်ရှိပြီ။ သူ့ကို ရှင်ပြုပေးဖို့ အချိန်တန်ပြီ” လို့ တွေးကာ နိဂြောဓရဲ့မိခင် သုမနာ မင်းသမီးအား ပြောကြားစေပြီး နိဂြောဓ မင်းသားလေးကို ရှင်ပြုပေးလိုက်ပါတယ်။ တစပဥ္စက ကမ္မဋ္ဌာန်းပေးပြီး ရှင်ပြုရာမှ ဦးခေါင်းရိတ်ပြီးချိန်မှာပဲ နိဂြောဓလေးဟာ ရဟန္တာ ဖြစ်သွားပါတယ်။ နိဂြောဓ သာမဏေလေးဟာ တစ်နေ့မှာ နံနက်စောစောပဲ ကိုယ်လက်သုတ်သင်ပြီး ဆရာဥပဇ္ဈာယ်တွေအပေါ် ပြုလုပ်ပေးရမယ့် ဝတ္တရားကို ပြုလုပ်၍ သပိတ်၊ သင်္ကန်းကို ယူကာ “မယ်တော်ဒကာမကြီးရဲ့ အိမ်တံခါးကို သွားမယ်” လို့ ကြံရွယ်ပြီး ထွက်လာခဲ့ပါတယ်။ သူ့မယ်တော်နေရာကို တောင်ဘက်တံခါးက နေ ပါဋလိပုတ်မြို့ထဲ ဝင်ကာ မြို့ရဲ့အလယ်လမ်းက သွားပြီး အရှေ့တံခါးမှ ထွက်ကာ သွားရမှာ ဖြစ်ပါတယ်။

အဲဒီလို သွားရာမှာ အသောကမင်းက မြင်သွားတာ ဖြစ်ပါတယ်။ မြင်သွားတဲ့အခါ အသောကမင်းမှာ နိဂြောဓ သာမဏေလေးအပေါ် ချစ်ခင်မြတ်နိုးမှုတွေ များစွာ ဖြစ်ပေါ်လာလို့ “အဲဒီ ကိုရင်လေးကို သွားခေါ်ကြပါ” လို့ ပြောပြီး အမတ်တွေကို စေလွှတ်ပါတယ်။ အဲဒီအမတ်တွေဟာ သိပ်ကြာတာပဲလို့ ထင်ပြီး နောက်ထပ်အမတ် (၂) ယောက်၊ (၃) ယောက် လွှတ်ကာ “မြန်မြန် ကြွလာပါ” လို့ အလျှောက်ခိုင်းတယ်။ နိဂြောဓသာမဏေလေးက သူ့ပုံမှန်အတိုင်းပဲ ကြွလာပါတယ်။ အသောကမင်းက “သင့်တော်တဲ့ နေရာကို သိပြီး ထိုင်တော်မူပါ” လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိဂြောဓ သာမဏေလေးက ဟိုဟိုဒီဒီ ကြည့်ပြီး 'အခု အခြားရဟန်းတွေ မရှိဘူး'လို့ သိလို့ ထီးဖြူစိုက်ထူထားတဲ့ မင်းရဲ့ ပလ္လင်ဆီကို သွားပါတယ်။ သူ့သပိတ်ကို ယူဖို့ရာ မင်းအား အမူအရာ ပြပါတယ်။

အသောကမင်းက ရာဇပလ္လင်အနီးကို ကြွသွားနေတဲ့ နိဂြောဓသာမဏေလေးကို ကြည့်ပြီး "အခု ဒီနေ့ပဲ ဒီသာမဏေလေးဟာ ဒီနန်းတော်ရဲ့ပိုင်ရှင် ဖြစ်လိမ့်မယ်" လို့ တွေးနေမိပါတယ်။ သာမဏေလေးက မင်းရဲ့လက်မှာ သပိတ်ပေးပြီး ပလ္လင်ပေါ်တက်ကာ ထိုင်နေပါတယ်။ မင်းက သူ့အတွက် ချက်ပြုတ်စီစဉ်ထားတဲ့ ယာဂု၊ ခဲဖွယ်၊ ထမင်းစားဖွယ် အထူးအားလုံးကို သာမဏေလေးအား ဆက်ကပ်လိုက်ပါတယ်။ သာမဏေလေးတာ သူနဲ့ မျှရုံလောက်ကိုသာ လက်ခံပါတယ်။ ဆွမ်းကိစ္စအပြီးမှာ အသောကမင်းက "အရှင်ဘုရားတို့ရဲ့ဆရာက ပေးတဲ့ အဆုံးအမကို သိပါသလား" လို့ မေးလျှောက်ပါတယ်။ "မင်းကြီး တစ်စိတ် တစ်ဒေသအားဖြင့် သိပါတယ်" လို့ သာမဏေလေးက မိန့်တဲ့အခါ "သာမဏေလေး၊ တပည့်တော်အားလည်း အဲဒီအဆုံးအမကို ဟောပြတော်မူပါ" လို့ မင်းက လျှောက်ပါတယ်။ "ကောင်းပြီ၊ မင်းကြီး" လို့ ပြောပြီး မင်းနဲ့သင့်တော်မယ့် ဓမ္မပဒလာ အပ္ပမာဒဝဂ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန် သာမဏေလေးက ဟောပါတယ်။

အသောကမင်းက "အပ္ပမာဒေါ အမတပဒံ၊ ပမာဒေါ မစ္စုနောပဒံ၊ သတိစွဲမြဲမှုဟာ မသေရာ နိဗ္ဗာန်ရောက်ကြောင်းပဲ။ သတိကင်းလွတ်မှုဟာ သေခြင်းရဲ့အကြောင်းပဲ" ဆိုတဲ့စကားကို ကြားရုံနဲ့ပဲ

"ကိုရင်လေး၊ တပည့်တော် သိပါပြီ။ တရားအဆုံးသတ်တော်မူပါ"လို့ လျှောက်ပါတယ်။

"ကိုရင်လေး၊ အရှင်ဘုရားအား အမြဲဆွမ်းအုပ် (၈) အုပ် လှူပါတယ်။"



"မင်းကြီး၊ အဲဒီဆွမ်း (၈) အုပ်ကို ဥပဇ္ဈာယ်ဆရာအား လှူပါတယ်"

"ကိုရင်လေး၊ အဲဒီဥပဇ္ဈာယ်ဆိုတာ ဘယ်သူပါလဲ။"

"မင်းကြီး၊ အပြစ်ငယ်၊ အပြစ်ကြီးကို မြင်တဲ့အခါ အပြစ်တင်၊ သတိပေးတတ်သူပဲ။"

"ကိုရင်လေး၊ အရှင်ဘုရားအား နောက်ထပ် ဆွမ်း (၈) အုပ် လှူပါတယ်။"

"မင်းကြီး၊ ဒီဆွမ်း (၈) အုပ်ကို ဆရာအား လှူပါတယ်။"

"ကိုရင်လေး၊ အဲဒီဆရာဆိုတာ ဘယ်သူဗါလဲ။"

"မင်းကြီး၊ သာသနာမှာ ဘုရားစကားတော်တွေကို သင်ပြပေးပြီး သိလစေတဲ့ အကျင့်တွေကို ကျင့်တတ်အောင် သင်ပြပေးသူပဲ။"

"ကိုရင်လေး၊ ကောင်းပါပြီ။ အရှင်ဘုရားအား နောက်ထပ်ဆွမ်း (၈) အုပ် လှူပါတယ်။"

"မင်းကြီး၊ အဲဒီ ဆွမ်း (၈) အုပ်ကိုလည်း ရဟန်းအပေါင်းအား လှူပါတယ်။"

"ကိုရင်လေး၊ အဲဒီရဟန်းအပေါင်းဆိုတာ ဘယ်သူပါလဲ။"

"မင်းကြီး၊ ကိုရင်လေးရဲ့ဆရာ၊ ဥပဇ္ဈာယ်တွေ ရှင် ရဟန်းအဖြစ်ရောက်လာအောင်၊ ကိုရင်လေး ဒီလိုကိုရင် ဖြစ်လာအောင် လုပ်ပေးသူတွေပါပဲ။"

အသောကမင်းမှာ အတိုင်းထက်အလွန် စိတ်မှာ ကျေနပ်လာလို့ ဒီလို လျှောက်ပြန်ပါတယ်။

"ကိုရင်လေး၊ အရှင်ဘုရားအား နောက်ထပ်ဆွမ်း (၈) အုပ်ကိုလည်း လှူပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်လေးက ကောင်းပြီလို့ လက်ခံပြီး နောက်တစ်နေ့မှာ ရဟန်း (၃၂) ပါးကို ပင့်ကာ နန်းတော်တွင်းမှာ ဆွမ်းဘုဉ်းပေးပါတယ်။ အသောကမင်းက "နက်ဖြန်ခါ အရှင်ဘုရားနဲ့အတူ နောက်ထပ်ရဟန်း အပါး(၃၂) ပါးလည်း ဆွမ်းခံယူတော်မူပါ" လို့ လျှောက်ပါတယ်။ အဲဒီနည်းနဲ့ပဲ နေ့တိုင်း နေ့တိုင်း နှစ်ဆတိုးစေကာ (၆) သောင်းသော ပုဏ္ဏား၊ ပရိဗိုဇ် စသူတွေရဲ့ ဆွမ်းကို ဖြတ်တောက်ပြီး နိဂြောဓထေရ်အပေါ် ကြည်ညို တဲ့ သဒ္ဓါတရားကြောင့်ပဲ နန်းတော်တွင်းမှာ ရဟန်းခြောက်သောင်း အား အမြဲ ဆွမ်းလှူပါတယ်။ နိဂြောဓထေရ်ဟာလည်း ပရိသတ်နှင့် တကွ အသောကမင်းကို သရဏဂုံသုံးပါး၊ ငါးပါးသီလတွေမှာ တည်စေ ပြီး ဗုဒ္ဓသာသနာအပေါ် ပုထုဇဉ်သဒ္ဓါနဲ့ မတုန်မလှုပ် ယုံကြည်လာ အောင် လုပ်ပေးပါတယ်။ ပြီးတော့ အသောကမင်းဟာ အသောကာရုံ ကျောင်းတော်ကြီးကို ဆောက်လုပ်စေကာ ရဟန်း (၆) သောင်းအား ဆွမ်းအမြဲလှူပါတယ်။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ မြို့ပေါင်း (၈) သောင်း (၄) ထောင်မှာ ကျောင်းပေါင်း (၈) သောင်း (၄) ထောင်နဲ့ စေတီပေါင်း (၈) သောင်း (၄) ထောင်ကို တရားသဖြင့်သာ ပြုလုပ်စေပါတယ်။ မတရားသဖြင့် မပြုလုပ်စေပါ။

အသောကရဲ့ဖခင် ဗိန္ဒုသာရမင်းမှာ သားတော် (၁၀) ပါး ရှိပါ တယ်။ အသောကဟာ အမေတူ တိဿမင်းသားကို ချန်ထားပြီး ကျန် မင်းသားအားလုံးကို သတ်ပစ်လိုက်ပါတယ်။ သတ်ပြီး (၄) နှစ်အကြာ အဘိသိက်မခံဘဲနဲ့ မင်းလုပ်ခဲ့တယ်။ (၄) နှစ်လွန်ပြီးမှ ဘုရားရှင် ပရိ နိဗ္ဗာန် စံပြီးနောက် (၂၁၈) နှစ်မြောက်ရောက်တဲ့အခါ ဇမ္ဗူဒိပ် တစ် ကျွန်းလုံး ဧကရာဇ်အဖြစ် (တစ်ဦးတည်းသော မင်းအဖြစ်) အဘိသိက် သွင်းခံခဲ့ပါတယ်။ အသောကမင်းဟာ အဘိသိက်သွင်းပြီး (၃) နှစ်သာ



သာသနာပ အယူဝါဒကို စုံစမ်းရင်း လက်ခံခဲ့ပါတယ်။ (၄) နှစ်မြောက် မှာ ဘုရားသာသနာအပေါ် ကြည်ညိုလာခဲ့ပါတယ်။ အသောကမင်းရဲ့ ခမည်းတော် ဗိန္ဒုသာရမင်းဟာ ပုဏ္ဏားတွေကို ကိုးကွယ်ဆည်းကပ်ခဲ့ပါ တယ်။ ဗိန္ဒုသာရမင်းဟာ ပုဏ္ဏားတွေရော အဝတ်ဖြူဝတ် ပရိဗိုဇ် စသူ တွေပါ (၆) သောင်းအား အမြဲ ဆွမ်းလှူပါတယ်။

အသောကမင်းကလည်း ခမည်းတော် ဗိန္ဒုသာရမင်း လှူခဲ့တဲ့ အလှူကို သူ့နန်းတော်တွင်းမှာ သူ့ခမည်းတော် လှူခဲ့တဲ့အတိုင်းပဲ လှူ နေတုန်း တစ်နေ့မှာ ခြသေ့်ရုပ်ခံတဲ့ လေသာနန်းတံခါးမှာ ရပ်ကာ အဲဒီ ပုဏ္ဏား၊ ပရိဗိုဇ် စသူတွေရဲ့ ငြိမ်သက်မှု မရှိပုံ၊ ဣန္ဒြေစောင့်စည်းမှု မရှိပုံ၊ သွားလာ လှုပ်ရှားမှု မယဉ်ကျေးပုံတွေကို တွေ့ရလို့ "ဒီလောက်များပြား တဲ့ အလှူကို စူးစမ်းနှိုင်းချိန်ပြီး သင့်တော်ရာမှာ ပေးလှူသင့်တယ်"လို့ ကြံတယ်။ ကြံပြီး "အမောင်တို့၊ သွားကြပါ။ သင်တို့ရဲ့ သူတော်ကောင်း အမည်ခံ ရဟန်း၊ ပုဏ္ဏားတွေကို နန်းတော်တွင်းကို ပင့်ခဲ့ကြပါ။ လှူကြ မယ်" လို့ ပြောလိုက်ပါတယ်။ အမတ်တွေက "ကောင်းပါပြီ အရှင်မင်း" လို့ လျှောက်ထားပြီး ဟိုဟိုဒီဒီ အဝတ်ဖြူဝတ် ပရိဗိုဇ်၊ အာဇီဝက၊ နိဂဏ္ဌ စသူတွေကို ပင့်ဆောင်ပြီး "အရှင်မင်းကြီး၊ ဒီပုဂ္ဂိုလ်တွေဟာ ကျွန်တော် တို့ရဲ့ ရဟန္တာတွေပါ" လို့ ပြောကြပါတယ်။

အဲဒီအခါ အသောကမင်းက နန်းတော်တွင်းမှာ အနိမ့်အမြင့် နေရာထိုင်ခုံတွေကို ခင်းခိုင်းကာ "လာကြပါ" လို့ လျှောက်ထားပြီး လာ လာသမျှသူတွေကို "မိမိနဲ့ သင့်တော်မယ့်နေရာမှာ ထိုင်ကြပါ" လို့ ပြော ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေထဲက တချို့က ကြိမ်ကုလားထိုင် အလေး တွေပေါ်မှာ ထိုင်ပြီး တချို့ ပျဉ်ချပ်ထိုင်ခုံတွေပေါ်မှာ ထိုင်ကြပါတယ်။ အသောကမင်းက အဲဒီပုဂ္ဂိုလ်တွေကို ကြည့်ပြီး "ဒီပုဂ္ဂိုလ်တွေရဲ့ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



သန္တာန်မှာ သီလ စတဲ့ အနှစ် မရှိဘူး” လို့ သိကာ သူတို့နဲ့ သင့်တော်တဲ့ စားဖွယ်၊ ခဲဖွယ်တွေကို လှူကာ ပြန်လွှတ်လိုက်ပါတယ်။

အဲဒီလိုနဲ့ အချိန်ကြာလာတဲ့အခါ တစ်နေ့မှာ အသောကမင်းတ ခြသေ့်ခံတဲ့ လေသာပြတင်းတံခါးအနီးမှာ ရပ်ရင်း မင်းရင်ပြင်မှာ ကြည်ညို ဖွယ်ရာ အနေအထားနဲ့ ကြွသွားနေတဲ့ နိဂြောဓ သာမဏေလေးကို တွေ့သွားတာ ဖြစ်ပါတယ်။ ဒီနိဂြောဓ သာမဏေလေးဟာ ဘယ်သူ လဲ။ ဗိန္ဒုသာရမင်းရဲ့ အကြီးဆုံးသားဖြစ်တဲ့ သုမနမင်းသားရဲ့ သားတော် ဖြစ်ပါတယ်။

အသောကမင်းသားဟာ အဝန္တိတိုင်းကို အုပ်စိုးခဲ့ပါတယ်။ ဗိန္ဒု သာရမင်းက စေလွှတ်လို့ ပါဋလိပုတ်ကနေ (၅၀) ယူဇနာရဲ့အထက်မှာ ရှိတဲ့ ဝေဒိသမြို့ကို ရောက်သွားပါတယ်။ ဝေဒိသမြို့ဟာ ဗိဋ္ဌျာအဘေး ကြောင့် ပြေးလာတဲ့ သာကီဝင်တွေရဲ့နေရာ ဖြစ်တယ်။ အသောက မင်းသားဟာ အဲဒီမြို့ကို ရောက်တဲ့အခါ ဝေဒိသ အမည်ရှိတဲ့ သူဌေး သမီးကို ယူတယ်။ ဥဇ္ဇေနီမင်းနေပြည်တော်မှာ မင်းလုပ်အုပ်ချုပ်ရင်း မဟိန္ဒမင်းသားလေးနဲ့ သံဃမိတ္တာမင်းသမီးလေးကို ရတယ်။ သူတို့နဲ့ အတူ မင်းစည်းစိမ်ချမ်းသာကို ခံစားနေရင်း ခမည်းတော် ဗိန္ဒုသာရမင်း မကျန်းမာကြောင်းကို ကြားရတယ်။ ဥဇ္ဇေနီပြည်ကို စွန့်ခဲ့တယ်။ ပါဋလိ ပုတ်ကို အမြန်သွားတယ်။ ခမည်းတော်ကို ပြုစုတယ်။ ခမည်းတော် နတ်ရွာစံတဲ့အခါ တိုင်းပြည်ကို ယူတယ်။ အဲဒီအကြောင်းကို ကြားတော့ သုမနမင်းသားက စိတ်ဆိုးပြီး “ဒီနေ့ ငါသေရင်လည်း သေ၊ မင်းရှင် လည်း ဖြစ်” လို့ ကြုံးဝါးကာ ညီတော် (၉၈) ယောက် ခြံရံပြီး သမုဒ္ဒရာထဲ က ရေလှိုင်းအပေါင်းပမာ လွှမ်းမိုးကာ ချဉ်းကပ်တယ်။ ဒါကြောင့်



အသောက, က စစ်မြေပြင်ကို ပြေးသွားပြီး ရန်သူတွေကို နှိမ်နင်းတယ်။ သုမနမင်းသားကို ဖမ်းပြီး သတ်လိုက်တယ်။

အဲဒီနေ့မှာပဲ သုမနမင်းသားရဲ့ မိဖုရား သုမနာမှာ ကိုယ်ဝန်အရင့် အမာ ရှိနေတယ်။ သုမနာမိဖုရားဟာ လူဆင်းရဲယောင်ဆောင်ပြီး ထွက် သွားတယ်။ အနီးက စဏ္ဍာလရွာတစ်ရွာကို ရည်မှန်းပြီး သွားတယ်။ အကြီးအမှူး စဏ္ဍာလရဲ့ အိမ်အနီးက ပညောင်ပင်တစ်ပင်မှာ စိုးအုပ်နေ တဲ့ နတ်က “သုမနာ၊ ဒီအရပ်ကို လာ” လို့ ပြောတယ်။ အဲဒီအသံကို ကြားရလို့ အဲဒီနတ်ရဲ့အနီးကို သွားတယ်။ နတ်က သူ့ရဲ့အစွမ်းနဲ့ ဇရပ် တစ်ဆောင် ဖန်ဆင်းပြီး “ဒီအရပ်မှာ နေ”လို့ ပြောပြီး ပေးတယ်။ သုမနာ ဟာ အဲဒီဇရပ်ထဲကို ဝင်သွားတယ်။ အဲဒီရောက်တဲ့ နေ့မှာပဲ သားဖွား တယ်။ သုမနာက သားလေးကို ‘နိဂြောဓ’ လို့ နာမည်ပေးတယ်။ အကြောင်း ကတော့ သားလေးကို ပညောင်ပင်စောင့်နတ်က သိမ်းပိုက်ထားလို့ပါ ပဲ။ အကြီးအမှူး စဏ္ဍာလက မြင်တွေ့ရတဲ့နေ့က စပြီး သုမနာကို သူ့ အရှင်သခင်ရဲ့ သမီးလို မှတ်ယူကာ စားဖွယ်၊ သောက်ဖွယ်တွေကို အမြဲ ပေးတယ်။ သုမနာဟာ အဲဒီအရပ်မှာ (၇) နှစ် နေတယ်။ နိဂြောဓ မင်းသားလေးလည်း အသက် (၇) နှစ် ရှိသွားပြီ။ အဲဒီအချိန်မှာ ဝရုဏာ ရဟန္တာမထေရ်က နိဂြောဓမင်းသားကို ရှင်ပြု ပေးလိုက်တယ်။

(ဝိ၊ ၄၊ ၁၊ ၃၂)

www.burmeseclassic.com

www.burmeseclassic.com

## ရှင်နိဂြောဓရဲ့ ရေးကံ

အသောကမင်းဟာ နိဂြောဓသာမဏေလေးအပေါ် ချစ်ခင်ကြည်ညိုသွားရာမှာ အကြောင်းရှိပါတယ်။ ရှေးဘဝတစ်ခုမှာ ပျားရည်ကုန်သည်ညီနောင် (၃) ယောက် ရှိပါတယ်။ အကြီး (၂) ယောက်က ပျားရည်ကို တောထဲမှာ ဆောင်ယူကြတယ်။ အငယ်ဆုံးကတော့ ပျားရည်ရောင်းတယ်။ တစ်နေ့မှာ အကြီးနှစ်ယောက် မရှိခိုက် ပစ္စေကဗုဒ္ဓါတစ်ပါး ကြွလာပြီး ပျားရည်ဆွမ်းခံရင်း မြို့ထဲကို ဝင်လာတယ်။ ဖျော့တော့တဲ့ ရောဂါနှိပ်စက်ခံနေရတဲ့ အခြား ပစ္စေကဗုဒ္ဓါတစ်ပါးအတွက် ဝင်လာခြင်း ဖြစ်တယ်။ ရေခပ်သွားတဲ့ ကျွန်မိန်းမတစ်ယောက်က မြင်လို့ ပျားရည်ကုန်သည်တွေ နေရာအရပ်ကို ကြွပါလို့ လျှောက်ပြီး လက်ကိုဆန့်တန်းကာ ပျားရည်ဈေးကို ညွှန်ပြလိုက်တယ်။ အဲဒီပစ္စေကဗုဒ္ဓါကလည်း အဲဒီဈေးကို ကြွသွားတယ်။ အငယ်ဆုံးက ပစ္စေကဗုဒ္ဓါကို ဖူးတွေ့ရလို့ ဝမ်းသာကြည်နူးသွားတယ်။ ဘာအတွက် ကြွလာပါသလဲ လို့ မေးတယ်။ အဲဒီအကြောင်းကို သိရလို့ သပိတ်ကို ယူပြီး ပျားရည်



တွေ သပိတ်မှာ ပြည့်လျှံသွားအောင် လောင်းလှူလိုက်တယ်။ သပိတ်နှုတ်ခမ်းက လျှံကျလာတဲ့ ပျားရည်တွေကို ကြည့်ပြီး ကြည်ညိုစိတ်တွေ ဖြစ်ပွားနေတယ်။ "အရှင်ဘုရား၊ တပည့်တော်ဟာ ဒီကောင်းမှုကြောင့် ဇမ္ဗူဒိပ်မှာ အထက်ကောင်းကင်မှာ တစ်ယူဇနာ၊ အောက်မြေကြီးမှာ တစ်ယူဇနာ အာဏာပျံ့နှံ့တဲ့ ဧကရာဇ်မင်း ဖြစ်ရလိုပါ၏" လို့ ဆုတောင်းလိုက်တယ်။ သူက အသောကမင်း ဖြစ်လာတယ်။

ပစ္စေကဗုဒ္ဓါဟာ "ဥပါသကာ၊ သင်ဆုတောင်းတိုင်း ဖြစ်ပါစေ" လို့ မိန့်ပြီး ဂန္ဓမာဒနတောင်ကို ကြွကာ ရောဂါရှင်ပစ္စေကဗုဒ္ဓါအား ဆေးကုသပေးတယ်။ ညီအငယ်ဆုံးက ပျားရည်လှူပြီး အိမ်မှာ ထိုင်နေတယ်။ နောင်တော်နှစ်ယောက် တောက ပြန်လာတာကို မြင်ရတဲ့အခါ "နောင်တော်တို့၊ သင်တို့ရဲ့စိတ်ကို ကြည်ကြည်လင်လင် ထားကြပါ။ သင်တို့အတွက်ရော ငါ့အတွက်ပါ ပျားရည်ကို ပစ္စေက ဗုဒ္ဓါတစ်ပါးအား သပိတ်အပြည့် လောင်းလှူလိုက်ပါတယ်" လို့ ပြောတယ်။ နောင်တော်ကြီးက စိတ်ဆိုးပြီး "ဒွန်းစဏ္ဍားတွေလည်း သင်္ကန်းကို ဝတ်ကြတာပဲ။ သင့်ရဲ့လက်ထဲက ပျားရည်ကို ခံယူသွားသူဟာ ဒွန်းစဏ္ဍား ဖြစ်မယ် မဟုတ်လား" လို့ ပြောလိုက်မိတယ်။ နောင်တော်အငယ်က စိတ်ဆိုးပြီး "သင့်ရဲ့ပစ္စေကဗုဒ္ဓါကို သမုဒ္ဒရာရဲ့ဟိုဘက်ကမ်းမှာ ပစ်ချလိုက်ပါလား" လို့ ပြောလိုက်မိတယ်။ နောက်တော့ ညီငယ်က ပြောပြတဲ့ ဒါန အကျိုးနဲ့ ပတ်သက်တဲ့ စကားကို ကြားနာရလို့ ဝမ်းမြောက်ဝမ်းသာ စိတ်တွေသာ နောင်တော်နှစ်ယောက်မှာ ဖြစ်နေကြပါတယ်။ အိုးထိန်း ကျွန်မ (ရေခပ်ကျွန်မ) က "ပျားရည်လှူသူ ညီအငယ်ဆုံးရဲ့ မိဖုရား ခေါင်ကြီး ဖြစ်ရ[illegible] လို၏" လို့ ဆုတောင်းတယ်။ ကျွန်မက အလွန် ရုပ်လှပတင့်တယ်[illegible] အသန္ဓိမိတ္တာမိဖုရားခေါင်ကြီး ဖြစ်လာတယ်။ သမုဒ္ဒရာရဲ့ တ[illegible]တာမ်း

မှာ ပစ်လိုက်ပါလား လို့ ပြောတဲ့ နောင်တော်အလတ်က သမုဒ္ဒရာရဲ့ တစ်ဖက်ကမ်းရှိ သီဟိုဠ်ကျွန်းမှာ တန်ခိုးကြီးတဲ့ ဒေဝါနံပိယ တိဿမင်း ဖြစ်လာတယ်။ နောင်တော်အကြီးက ဒွန်းစဏ္ဍားလို့ ပြောမိလို့ ဒွန်းစဏ္ဍားရွာမှာ မွေးဖွားတဲ့ နိဂြောဓသာမဏေ ဖြစ်လာတယ်။

တစ်ဦးအပေါ်တစ်ဦး ချစ်ခင်မှု ဖြစ်ကြရာမှာ အကြောင်း (၂) မျိုး ရှိတယ်။

၁။ ဒီဘဝမှာ တစ်ဦးအကျိုးကို တစ်ဦးက ဆောင်ပေးခြင်း၊

၂။ ရှေးဘဝမှာ မိဘ၊ သားသမီး၊ ညီအစ်ကို၊ ညီအစ်မ၊ မောင်နှမ၊ ဇနီးခင်ပွန်း၊ မိတ်ဆွေသူငယ်ချင်းအဖြစ်နဲ့ တစ်နေရာတည်းမှာ အတူနေခဲ့ဖူးခြင်းတို့ ဖြစ်ပါတယ်။

နိဂြောဓသာမဏေလေးနဲ့ အသောကမင်းတို့ဟာ ရှေးဘဝက ညီအစ်ကိုအဖြစ်နဲ့ အတူနေခဲ့ရုံမက ကောင်းမှုလည်း ပြုခဲ့ကြပါတယ်။ ဒါကြောင့် အသောကမင်းဟာ နိဂြောဓသာမဏေလေးကို မြင်မြင်ချင်း တူတော်စပ်မှန်း မသိဘဲနဲ့ ချစ်ခင်ကြည်ညိုခဲ့ခြင်း ဖြစ်ပါသည်။ သူတို့နှစ်ဦးဟာ ရှေးရေစက်ရှိခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒီလို ရှေးရေစက်ရှိခဲ့လို့ မြင်မြင်ချင်း ချစ်ခင်သွားကြသူတွေဟာ နည်းကြမယ် မဟုတ်ပါ။ ရှေးကလည်း ရှိခဲ့ကြပါတယ်။ ယခုလည်း ရှိနေပါတယ်။ နောင်လည်း ရှိနေကြဦးမှာပါပဲ။

နိဂြောဓသာမဏေလေးနဲ့ အသောကမင်းရဲ့ အကြောင်းအရာထဲမှာ မှတ်သားစရာလေးတွေကို ပြောချင်ပါတယ်။ နိဂြောဓသာမဏေရဲ့ လှုပ်ရှားပုံ အမူအရာဟာ အသောကရဲ့ စိတ်နှလုံး သိမ်းကျုံးဆွဲဆောင်နိုင်တာကို တွေ့ရပါတယ်။ ဗုဒ္ဓသာသနာ ပြန့်ပွားစေလိုတဲ့ ရဟန်းသာမဏေတိုင်းဟာ နိဂြောဓလို ကြည်ညိုဖွယ်အမူအရာရှိအောင် အမြဲ



ပဲ သတိမူသင့်ကြပါတယ်။ နိဂြောဓသာမဏေလေးရဲ့ အပ္ပမာဒတရားဟာ အသောကရဲ့ စိတ်အစဉ်မှာ အမှောင်ကို ခွင်းပြီး အလင်းကို ဆောင်ပေးခဲ့ပါတယ်။ အပ္ပမာဒတရားဟာ စွမ်းအားကြီးမားလှပါပေတယ်။ အသောကမင်း ဗုဒ္ဓသာသနာအပေါ် ကြည်ညိုလာအောင် ဆောင်ရွက်ခဲ့တဲ့ နိဂြောဓသာမဏေလေးဟာ အင်မတန်မှ လေးစားစရာ၊ အတုယူစရာ ကောင်းလှပါတယ်။

အသောကမင်းဟာ ဗုဒ္ဓသာသနာတော်ရောင် ထွန်းပြောင်လာအောင် အလွန်ပဲ စွမ်းဆောင်နိုင်ပါပေတယ်။ ကိုးတိုင်း၊ ကိုးဌာန သာသနာပြုတွေ ပို့လွှတ်ပေးတဲ့ အသောကမင်းဆရာဖြစ်တဲ့ မောဂ္ဂလိပုတ္တတိဿမထေရ်ရဲ့ အမြော်အမြင်ဟာလည်း ဗုဒ္ဓသာသနာတော်ရောင် ပိုမိုထွန်းပြောင်စေခဲ့ပါတယ်။ အသောကမင်းဆရာ တိဿထေရ်ဟာ မြန်မာဗုဒ္ဓသာသနာဝင်တွေရဲ့ ကြီးမားလှတဲ့ ကျေးဇူးရှင် ဖြစ်ပါတယ်။ မြန်မာဗုဒ္ဓသာသနာဝင်တွေ ဗုဒ္ဓသာသနာကို ဒီလို ကိုးကွယ်ဆည်းကပ်ခွင့်ရနေတာဟာ အသောကမင်းဆရာ တိဿထေရ်ရဲ့ ကျေးဇူးကြောင့်ပါပဲ။ မြန်မာဗုဒ္ဓသာသနာဝင်တွေရဲ့ ကျေးဇူးရှင်တွေထဲမှာ အသောကမင်းဆရာ တိဿထေရ် သာ ပါတာမဟုတ်ပါ။ အသောကမင်းရယ်၊ အသောကမင်းရဲ့ဆရာ နိဂြောဓသာမဏေလေးရယ်၊ နိဂြောဓရဲ့ ဆရာ မဟာဝရုဏထေရ် ရဟန္တာရယ် ပါပါသေးတယ်။

မောဂ္ဂလိပုတ္တတိဿ ရဟန္တာထေရ်၊ မဟာဝရုဏ ရဟန္တာထေရ်၊ နိဂြောဓ ရဟန္တာသာမဏေလေးနဲ့ အသောကမင်းတို့ဟာ မြန်မာနိုင်ငံက ဗုဒ္ဓသာသနာဝင်တွေရဲ့ ကျေးဇူးရှင်တွေသာ မဟုတ်သေးပါ။ ကိုးတိုင်း ကိုးဌာနက ဗုဒ္ဓသာသနာဝင်တွေအားလုံးရဲ့ ကျေးဇူးရှင်တွေလည်း ဖြစ်ကြပါတယ်။ မြင်မြင်ချင်း မေတ္တာသက်ဝင် ချစ်ခင်ခဲ့တဲ့ အသောကမင်း

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မေတ္တာက ပေါက်ဖွားလာတဲ့ အကျိုးတရားတွေကတော့ များပြားလှပါပေတယ်။ နိဂြောဓသာမဏေလေးဟာ အသောကမင်းရဲ့ ဧရာမကျေးဇူးရှင်ဖြစ်သလို မြန်မာဗုဒ္ဓသာသနာဝင်တွေရဲ့ ဧရာမကျေးဇူးရှင်လည်း ဖြစ်ပါတယ်။ နိဂြောဓသာမဏေလေး ဟောခဲ့တဲ့ အပ္ပမာဒတရားဟာ ယခု ဗုဒ္ဓသာသနာဝင်အားလုံးအပေါ် ကျေးဇူးပြုဆဲ ဖြစ်ရပါတယ်။

နောင်တော်အကြီးရဲ့ စကားလေးတစ်ခွန်းက သူ့ကို ဒွန်းစဏ္ဍားရွာကို ရောက်အောင် ပို့ပေးလိုက်ပါတယ်။ သူ့ရဲ့ လက်ထဲက ပျားရည်ကို ခံယူသွားသူဟာ ဒွန်းစဏ္ဍားရွာကို ရောက်ကာ ဒွန်းစဏ္ဍားရွာမှ မွေးဖွားခဲ့ရပါတယ်။ ဒွန်းစဏ္ဍားလို့ ပြောလိုက်မိတဲ့ သူ့စကားလေးက ဒွန်းစဏ္ဍားနယ်ပယ်သို့ ရောက်သွားစေပါတယ်။ သူတော်ကောင်း ပစ္စေကဗုဒ္ဓါအပေါ် မရိုမသေ ပြောမိတဲ့ သူ့စကားလေးတစ်ခွန်းက သူ့ကို ဒုက္ခပေးပါတယ်။ မိမိကိုရော သူတစ်ပါးကိုပါ ဒုက္ခရောက်စေနိုင်တဲ့ စကားမျိုးကို တစ်ခွန်းလေးပင် ဖြစ်ပါစေ မပြောမိအောင် သတိထားကာ ရှောင်ရှားနိုင်ရပါမယ်။ ဒါမှသာ ဒီဘဝမှာရော နောင်ဘဝ သံသရာမှာပါ ဒုက္ခကင်းဝေးနိုင်ကြပါမယ်။ မရှောင်ရှားနိုင်ရင် ကိုယ့်စကားနဲ့ညီတဲ့ ဆိုးကျိုးကို ခံစားရပါတယ်။

နောင်တော်အငယ်ကလည်း စိတ်ဆိုးကာ ပြောလိုက်မိတဲ့ စကားလေး တစ်ခွန်းကြောင့် သမုဒ္ဒရာရဲ့ဟိုဘက်က သီဟိုဠ်ကျွန်းမှာ သွားဖြစ်ရပါတယ်။ သီဟိုဠ်ကျွန်းမှာ တန်ခိုးကြီးတဲ့ ဒေဝါနံ ပိယတိဿအမည်ရှိမင်း ဖြစ်ရပါတယ်။ သူလည်း သူ့ရဲ့စကားလေးတစ်ခွန်းကြောင့် အဲဒီနေရာမှာ ရောက်သွားရတာ ဖြစ်ပါတယ်။ "သင်ရဲ့ ပစ္စေကဗုဒ္ဓါကို သမုဒ္ဒရာရဲ့ ဟိုဖက်ကမ်းမှာ ပစ်ချလိုက်ပါလား" လို့ သူက ပြောမိခဲ့ပါတယ်။ သူ့စကားလေးနဲ့ ညီတဲ့ ဆိုးကျိုးကို သူလည်း ခံစားရပါတယ်။ စကားဆိုတာ ဆင်ခြင်ပြောနိုင်လေ ကောင်းလေ ဖြစ်ပါတယ်။ မဆင်ခြင်ဘဲ ပြောမှားမိရင် အဲဒီပြောမှားမိတဲ့ စကားလေးတစ်ခွန်းကလည်း ပြောသူတို့ ဒုက္ခကောင်းကောင်းကြီး ပေးတတ်ပါတယ်။ ဒုက္ခရောက်မှာ ကြောက်ရင် ဒုက္ခရောက်ကြောင်း စကားကို တစ်ခွန်းလေးဖြစ်စေ မပြောမိအောင် ရှောင်ကြဉ်သင့်လှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမဆိုတဲ့ ဘုရား (၇) ဆူတို့ရဲ့ သာသနာမှာ ပိဋကသုံးပုံဆောင်ပြီး ရဟန်း (၅၀၀) ကို တရားပို့ချတဲ့ ပေါဋ္ဌိလမထေရ်ကြီးဟာ အပ်ချုပ်နေတဲ့ (၇) နှစ်အရွယ် ကိုရင်လေးအနီးမှာ လက်အုပ်ချီပြီး "သူတော်ကောင်းလေး၊ တပည့်တော်ရဲ့မှီခိုရာ ဖြစ်တော်မူပါ" လို့ လျှောက်ထားပါတယ်။

"အိုဆရာ၊ ဘယ့်နှယ် ပြောလိုက်ပါလိမ့်။ အရှင်ဘုရားတို့က သက်တော်လည်း ကြီးကြပါတယ်။ ဗဟုသုတလည်း များပါတယ်။ အရှင်ဘုရားတို့ထံမှ တပည့်တော် သိစရာ ရှိပါမယ်။"

"သူတော်ကောင်းလေး၊ ဒီလို မလုပ်ပါနဲ့။ တပည့်တော်ရဲ့ မှီခိုရာ ဖြစ်သာဖြစ်ပါ။"

"အရှင်ဘုရား၊ အရှင်ဘုရားက တပည့်တော်ရဲ့ဩဝါဒကို ခံယူလိုက်နာနိုင်ရင် တပည့်တော် အရှင်ဘုရားရဲ့ မှီခိုရာ ဖြစ်ပါမယ်။"

"သူတော်ကောင်းလေး၊ အရှင်ဘုရားရဲ့ဩဝါဒကို တပည့်တော် ခံယူလိုက်နာပါမယ်။ မီးထဲကို ဝင်လို့ ပြောရင် တပည့်တော် မီးထဲတို့ ဝင်ပါမယ်။"



"အရှင်ဘုရား၊ ဒီဝတ်ရန်းထားတဲ့ သင်္ကန်းတွေနဲ့ပဲ ဒီရေကန်ထဲကို ဆင်းပါ။"

ဩဝါဒကို ခံယူ မယူ စူးစမ်းလိုလို့ ကိုရင်လေးက အနီးမှာ ရှိတဲ့ ရေကန်ထဲ ဆင်းခိုင်းပါတယ်။ အရှင်ပေါဋ္ဌိလမထေရ်က တန်ဖိုးကြီးတဲ့ သင်္ကန်းတွေကို ဝတ်ရန်းလာခဲ့ကြောင်းကို ကိုရင်လေး သိပါတယ်။ ကိုရင်လေးရဲ့စကားတစ်ခွန်းတည်းနဲ့ပဲ အရှင်ပေါဋ္ဌိလဟာ ဆင်းပါတယ်။ သင်္ကန်းအစွန်းတွေ ရေစိုသွားမှ "အရှင်ဘုရား ပြန်ကြွခဲ့ပါ"လို့ ကိုရင်လေးရဲ့ တစ်ခွန်းပြောရုံနဲ့ပဲ ပြန်လာကာ ရပ်တည်နေတဲ့ အရှင်ပေါဋ္ဌိလကို ကိုရင်လေးက ဒီလို ပြောပါတယ်။

"အရှင်ဘုရား၊ တောင်ပို့တစ်ခုမှာ အပေါက် (၆) ပေါက် ရှိပါတယ်။ အပေါက်တစ်ပေါက်က ဖွတ် ဝင်သွားပါတယ်။ အဲဒီဖွတ်ကို ဖမ်းလိုတဲ့ သူဟာ အပေါက် (၅) ပေါက်ကို ပိတ်ပြီး (၆) ပေါက်မြောက်ကို ပေါက်ခွဲကာ ဝင်သွားတဲ့ အပေါက်နဲ့ပဲ ဖမ်းယူရပါတယ်။ အဲဒီလိုပါပဲ။ အရှင်ဘုရားလည်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ခေါ်တဲ့ တံခါး (၆) ပေါက်မှာ ဝင်လာတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောအာရုံတွေထဲမှာ ကျန်တံခါး (၅) ပေါက်ကို ပိတ်ထားပြီး စိတ်တံခါးပေါက်မှာ အလုပ်လုပ်ပါ။"

အကြားအမြင် သုတများတဲ့ မထေရ်တစ်ပါးမို့ ဒီလောက်နဲ့ပဲ ဆီမီး ထွန်းပြလိုက်သလို ဖြစ်သွားပါတယ်။ "သူတော်ကောင်းလေး၊ ဒီလောက်ပဲ ရှိပါစေ" လို့ ပြောပြီး ကိုယ်မှာ ဉာဏ်စိုက်ကာ ရဟန်းတရားအားထုတ်ပါတယ်။

ဘုရားရှင်က ယူဇနာ (၁၂၀) ထက် ဝေးတဲ့ နေရာမှာ ထိုင်ရင်းပဲ အရှင်ပေါဋ္ဌိလကို ကြည့်ကာ ရောင်ခြည်တော်လွှတ်ပြီး -

www.burmeseclassic.com

www.burmeseclassic.com



"ကမ္မဋ္ဌာန်းအားထုတ်ရင် ဉာဏ်ဖြစ်တယ်၊ အားမထုတ်ရင် ဉာဏ်ပျက်တယ်။ ဉာဏ်တိုးပွားအောင် ကိုယ့်ကိုယ်ကို ဆောင်ရွက်ရာ၏"လို့ ဟောတော်မူပါတယ်။ ဒီဒေသနာရဲ့အဆုံးမှာ အရှင်ပေါဋ္ဌိလ ရဟန္တာဖြစ်သွားပါတယ်။

ဒုက္ခလွှတ်ကြောင်းအကျင့်ကို မကျင့်လို့ "အလကား ပေါဋ္ဌိလ၊ လာလော့၊ အလကား ပေါဋ္ဌိလ ရှိခိုးလော့၊ အလကား ပေါဋ္ဌိလ ထိုင်လော့၊ အလကား ပေါဋ္ဌိလ သွားလော့" လို့ ဘုရားရှင်က သူ့ထံ ဆည်းကပ်လာတဲ့အခါ ပြောပါတယ်။ ပြန်သွားတော့လည်း "အလကား ပေါဋ္ဌိလ သွားပြီ" လို့ ပြောပါတယ်။ "ငါဟာ အဋ္ဌကထာနဲ့တကွ ပိဋကသုံးပုံကို ဆောင်ထားတယ်။ ရဟန်း (၅၀၀)တို့ရဲ့ ဂိုဏ်းကြီး (၁၈) ဂိုဏ်းမှာ စာချပေးတယ်။ ဒါပေမဲ့ ငါ့ကို ဘုရားရှင်က အမြဲ 'အလကား ပေါဋ္ဌိလ'လို့ ပြောတယ်။ စင်စစ်တော့ ငါ့မှာ ဈာန် မဂ်ဖိုလ်တရားထူး မရှိလို့ အဲဒီလို ခေါ်တာ ဖြစ်တယ်" လို့ အရှင်ပေါဋ္ဌိလက တွေးပါတယ်။

ယူဇနာ (၁၂၀) ဝေးတဲ့ တောကျောင်းတစ်ကျောင်းမှာ ရှိတဲ့ ရဟန္တာ ရဟန်း (၃၀) ထဲက ရဟန်းအကြီးဆုံးထံ သွားပြီး "တပည့်တော်ရဲ့ မှီခိုရာ ဖြစ်တော်မူပါ" လို့ လျှောက်လို့ အဆင့်ဆင့် လွှဲလိုက်ကြရာ နောက်ဆုံးမှာ (၇) နှစ်အရွယ် ကိုရင်လေးထံ ရောက်သွားပါတယ်။ အရှင်ပေါဋ္ဌိလရဲ့ မာနကို ချပေးနေကြတာပါပဲ။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၂၆၂)

အဲဒီ (၇) နှစ်အရွယ် ကိုရင်လေးကလည်း ရဟန္တာပါပဲ။ ရဟန္တာဖြစ်နေပြီဆိုတော့ ရဲရင့်မှုအပြည့် ရှိနေပါတယ်။ တကယ့် စာတတ်ဆရာတော်ကြီးကိုတောင် ကမ္မဋ္ဌာန်းတရား ပြသပေးနိုင်ပါပေတယ်။ ရေကန်ထဲတောင် အဆင်းခိုင်းလိုက်ပါသေးတယ်။ အာဂကိုရင်လေးပဲ ဖြစ်ပါ



တယ်။ ကိုရင်လေး ပြသပေးတဲ့ ကမ္မဋ္ဌာန်းတရားကလည်း ပညာသားပါလှပါတယ်။ အရှင်ပေါဋ္ဌိလကြီးက တကယ့်ပရိယတ်ပညာရှင်ကြီးဆိုတော့ 'ချက်ဆို နားခွက်က မီးတောက်' ဆိုတာလို ကိုရင်လေး ပေးတဲ့ ကမ္မဋ္ဌာန်းတရားကို တန်းပြီး သဘောပေါက်သွားပါတယ်။ ဆရာကိုရင်လေးက တော်သလို တပည့်ဆရာတော်ကြီးကလည်း တော်ပါပေတယ်။ ကိုရင်လေးဟာ တကယ့်ပရိယတ်အကျော်အမော် ဆရာတော်ကြီးရဲ့ ကမ္မဋ္ဌာန်းဆရာ ဖြစ်ပါပေတယ်။

အရှင်ပေါဋ္ဌိလဟာ ဘုရားရှင် (၇) ဆူရဲ့ သာသနာမှာ ပိဋကသုံးပုံကို အဋ္ဌကထာနဲ့တကွ ဆောင်ခဲ့တယ်ဆိုတော့ ဧရာမပညာရှင်ကြီးပါပဲ။ ရဟန်း (၅၀၀) တို့ရဲ့ ဂိုဏ်းကြီး (၁၈) ဂိုဏ်းမှာ စာပေလည်း ပို့ချပေးသေးတယ်ဆိုတော့ တကယ့်ကို တော်တဲ့၊ တတ်တဲ့ ပညာရှင်ကြီးပါပဲ။ သူ့လောက် မတော်၊ မတတ်တဲ့ ပုဂ္ဂိုလ်တွေတောင် "ငါ တော်လှပြီ၊ တတ်လှပြီ၊ ငါလိုလူ ဗမ္ဘူရှိသေးလား" လို့ ထင်မှတ်နေတတ်ကြသေးတာပဲ။ သူ့လို တော်တဲ့၊ တတ်တဲ့ ပုဂ္ဂိုလ်က "ငါ တော်တယ်၊ ငါတတ်တယ်" လို့ ထင်မှတ်တာဟာ အဆိုးတော့ ဆိုလို့ မရလှပါ။ ဒါပေမဲ့ ဘုရားရှင် အမြင်မှာတော့ မိုးထိအောင် အရှင်ပေါဋ္ဌိလလို စာပေတွေ တော်နေ၊ တတ်နေပါစေ အလကား အချည်းနှီးပုဂ္ဂိုလ်ပဲ။ အနှစ်သာရ မရှိသေးတဲ့ ပုဂ္ဂိုလ်ပဲလို့ ထင်မြင်ယူဆတော်မူပါတယ်။ အရှင်ပေါဋ္ဌိလရဲ့ အထင်နဲ့ ဘုရားရှင်ရဲ့ အမြင်ဟာ တက်တက်စင်အောင် လွဲနေပါတယ်။ အရှင်ပေါဋ္ဌိလက သူ့ကိုယ်သူ မြင့်လှပြီလို့ ထင်နေပါတယ်။ ဘုရားရှင်ကတော့ နိမ့်နေသေးတယ်လို့ ယူဆပါတယ်။ အရှင်ပေါဋ္ဌိလက သူ့ကိုယ်သူ ဟုတ်လှပြီလို့ ထင်နေပါတယ်။ ဘုရားရှင်ကတော့ မဟုတ်သေးဘူးလို့ ယူဆပါတယ်။ အရှင်ပေါဋ္ဌိလက သူ့ကိုယ်သူ ပြည့်စုံပြီလို့

www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်နေပါတယ်။ ဘုရားရှင်ကတော့ လိုနေသေးတယ်။ အချည်းနှီးပဲ ရှိသေးတယ်လို့ ယူဆတော်မူပါတယ်။

သူ့ကိုယ်သူ အထင်ကြီးနေရှာတဲ့ အရှင်ပေါဋ္ဌိလကို ဘုရားရှင်က အမှန်အတိုင်းပဲ ခေါ်ဝေါ်ကာ သတိ၊ သံဝေဂ ရစေပါတယ်။ "အလကား ပေါဋ္ဌိလ" တဲ့။ ဘုရားရှင် ခေါ်ဝေါ်လိုက်တဲ့ စကားလုံးလေးတစ်ခွန်းက အရှင်ပေါဋ္ဌိလရဲ့ နားထဲမှာ မိုးကြိုးပစ်လိုက်တဲ့ပမာ ခံစားရပါလိမ့်မယ်။ အရှင်ပေါဋ္ဌိလရဲ့ ရင်ကို အကြီးအကျယ် တုန်ခါသွားစေပါတယ်။ "ငါဟာ ဘာစျာန်မှလည်း မရသေး။ ဘာမဂ်မှလည်း မရသေး။ ဘာဖိုလ်မှလည်း မရသေး။ စျာန်၊ မဂ်၊ ဖိုလ် တရားထူးတွေမှ ကင်းဆိတ်နေသေးတယ်။ ဘုရားရှင် မိန့်တဲ့ အချည်းနှီးဆိုတာ ဟုတ်ပေတာပဲ။ ငါ တရားထူး ရအောင် အားထုတ်ရဦးမယ်" လို့ အတွေးပေါ်သွားစေပါတယ်။ "အချည်းနှီးပုဂ္ဂိုလ်အဆင့်ပဲ ငါ ရှိနေသေးတယ်။ ငါ အချည်းနှီးပုဂ္ဂိုလ် မဖြစ်အောင် ငါ ကြိုးစားရဦးမယ်" လို့ သတိဝင်သွားပါတယ်။ သံဝေဂရသွားပါတယ်။ အရှင်ပေါဋ္ဌိလဟာ "အချည်းနှီး ပေါဋ္ဌိလပဲ" လို့ သုံးနှုန်းလိုက်တဲ့ ဘုရားရှင်ရဲ့ စကားလေးတစ်ခွန်းကြောင့် အချည်းနှီးပုဂ္ဂိုလ် မဖြစ်အောင် ကြိုးစားပါတော့တယ်။ အရှင်ပေါဋ္ဌိလဟာ အာဇာနည် စိတ်ဓာတ်ရှိသူ ဖြစ်လေတော့ အချည်းနှီးပုဂ္ဂိုလ် မဟုတ်အောင် ကြိုးစားလိုက်ရာ ရဟန္တာပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သွားပါတော့တယ်။ အချည်းနှီးပေါဋ္ဌိလ မဟုတ်ရအောင် ဘုရားရှင်က အချည်းနှီးပေါဋ္ဌိလ လို့ ခေါ်ဝေါ်သုံးနှုန်းတော်မူလိုက်ပါတယ်။ အချည်းနှီးပေါဋ္ဌိလဆိုတဲ့ စကားလေးက အရှင်ပေါဋ္ဌိလကို တန်ဖိုးဖြတ်လို့ မရအောင် လုပ်ပေးလိုက်ပါတယ်။

## ဝါသနာ

"တပည့်တော်ရဲ့ ခွက်ထဲမှာ ကြွက်ချေးပါ ဘုရား။"

"သူယုတ်၊ အဲဒီအတိုင်း ဖြစ်ပါလိမ့်မယ်။"

တစ်နေ့မှာ ပိလိန္ဒဝစ္ဆမထေရ်ဟာ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်ရင်း ပိတ်ချင်းသီးတွေနဲ့ တောင်းကို ပြည့်အောင် ထည့်ကာ ယူလာပြီး မြို့တွင်းဝင်လာတဲ့ ယောကျ်ားတစ်ယောက်ကို မြင်ရပါတယ်။ မြင်ရပြီး ဒီလို မေးပါတယ်။

"ဟဲ့ သူယုတ်၊ သင့်ရဲ့တောင်းထဲက ဘာတွေလဲ။"

အဲဒီယောကျ်ားက ဒီလို ကြံစည်ပါတယ်။

"ဒီရဟန်းဟာ ငါနဲ့အတူ နံနက်စောစောပဲ ကြမ်းတမ်းတဲ့စကားကို ပြောတယ်။ ဒီရဟန်းအား လျောက်ပတ်တဲ့ စကားကိုသာ ပြောဖို့သင့်တယ်။"

အဲဒီလို တွေးပြီး "ကြွက်ချေးပါ ဘုရား" လို့ လျှောက်လိုက်ပါတယ်။ "သူယုတ်၊ အဲဒီအတိုင်း ဖြစ်ပါလိမ့်မယ်" လို့ ပိလန္ဒဝစ္ဆမထေရ်က ပြောလိုက်ပါတယ်။ ပိလိန္ဒဝစ္ဆမထေရ်က အဲဒီယောကျ်ားရဲ့ မမြင်တွင်မှာ အရပ် ရောက်သွားတဲ့အခါ အဲဒီတောင်းထဲက ပိတ်ချင်းသီးအားလုံးဟာ ကြွက်ချေးတွေသာ ဖြစ်သွားပါတယ်။ အဲဒီယောကျ်ားက "ဒီပိတ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



သီးတွေဟာ ကြွက်ချေးတွေနဲ့ တူကာ ထင်ရှားနေကြတယ်။ သဘာဝပဲလား၊ မဟုတ်ဘူးလား” လို့ ကြံကာ စူးစမ်းလိုလို့ လက်နဲ့ နှိပ်ကြည့်လိုက်ပါတယ်။ အဲဒီအခါ အဲဒီယောက်ျားမှာ ကြွက်ချေးဖြစ်သွားတာကို သိရပြီး အကြီးအကျယ် စိတ်မကောင်း ဖြစ်ပါတယ်။ အဲဒီယောက်ျားက “ဒီပိတ်ချင်းသီးတွေသာ ဒီလို ဖြစ်တာလား၊ ဒါမှမဟုတ် လှည်းပေါ်က ပိတ်ချင်းသီးတွေလည်း ဒီလို ဖြစ်ကြလေသလား” လို့ တွေးပြီး သွားကြည့်ပါတယ်။ ပိတ်ချင်းသီးအားလုံးပဲ အဲဒီလိုချည်း ဖြစ်ကုန်ကြတာကို မြင်ရပြီး နှလုံးကို လက်နဲ့ ဖိထားရပါတယ်။ “ဒီအမှုဟာ အခြားသူရဲ့ အမှုမဟုတ်။ ငါ နံနက်စောစောကပဲ တွေ့ခဲ့ရတဲ့ ရဟန်းရဲ့အမှုပဲ။ မချွတ်ကေန် နည်းလမ်းတစ်ခု ရှိလိမ့်မယ်။ အဲဒီရဟန်း သွားရာအရပ်ကို လိုက်စုံစမ်းပြီး အဲဒီအကြောင်းကို သိအောင် လုပ်မယ်” လို့ တွေးပြီး ပိလိန္ဒဝစ္ဆမထေရ် သွားတဲ့ လမ်းကို မေးပြီး လိုက်သွားပါတယ်။

အဲဒီအခါ ယောက်ျားတစ်ယောက်က အဲဒီလူ အလွန်အကဲ ကြမ်းကြမ်းတမ်းတမ်း သွားတာကို မြင်ရပြီး ဒီလို မေးပါတယ်။

“အို ယောက်ျား၊ သင်ဟာ အလွန်အကဲ ကြမ်းကြမ်းတမ်းတမ်းပဲ သွားတယ်။ ဘယ်အမှုကြောင့် သွားတာပါပဲ။”

အဲဒီလူက အဲဒီယောက်ျားအား အဲဒီဖြစ်ပုံကို ပြောပြပါတယ်။

အဲဒီလူက အဲဒီယောက်ျားရဲ့ စကားကို ကြားရပြီး ဒီလို ပြောပါတယ်။

“မိတ်ဆွေ၊ တွေးမပူပါနဲ့။ ငါ့ရဲ့ အရှင်ပိလိန္ဒဝစ္ဆ ဖြစ်ပါလိမ့်မယ်။ သင်က အဲဒီတောင်းကိုပဲ အပြည့် ထည့်ယူပြီး သွားကာ အရှင်ပိလိန္ဒဝစ္ဆမထေရ်ရဲ့ ရှေ့မှာ ရပ်တည်ပါ ‘ဟဲ့ သူယုတ်၊ အဲဒါက ဘာလဲ’ လို့ မေးတဲ့ အခါမှာလည်း ပိတ်ချင်းသီးတွေပါ ဘုရားလို့ ပြောပါ။ အရှင်ပိလိန္ဒဝစ္ဆ



မထေရ်က ‘သူယုတ်၊ အဲဒီအတိုင်း ဖြစ်ပါလိမ့်မယ်’ လို့ ပြောလိမ့်မယ်။ တစ်ဖန် အားလုံးပဲ ပိတ်ချင်းသီးတွေ ဖြစ်ကုန်လိမ့်မယ်။”

အဲဒီယောက်ျားက အဲဒီလူ အကြံပေးတဲ့အတိုင်း ပြုလုပ်ပါတယ်။ ပိတ်ချင်းသီးအားလုံးဟာ ပင်ကိုအတိုင်း ဖြစ်သွားကြပါတယ်။

(အံ၊ ဌ၊ ပ၊ ၂၁၆)

“သူယုတ်၊ သင်ရဲ့ တောင်းထဲက ဘာတွေလဲ” လို့ မေးလိုက်တဲ့ အရှင်ပိလိန္ဒဝစ္ဆမထေရ်ရဲ့စကားလေးတစ်ခွန်း။ “တပည့်တော်ရဲ့တောင်းထဲက ကြွက်ချေးပါ ဘုရား” လို့ ဒေါသနဲ့ ငေါ်ပြီး ပြောလိုက်တဲ့ ဒကာရဲ့ စကားလေးတစ်ခွန်း။ “အဲဒီအတိုင်း ဖြစ်ပါလိမ့်မယ်” လို့ ပြော လိုက်တဲ့ စကားလေးတစ်ခွန်း။ အဲဒီစကားလေးတစ်ခွန်းဟာ ပိတ်ချင်းသီးတွေကို ကြွက်ချေးအဖြစ် ပြောင်းလဲသွားစေပါတယ်။ “ပိတ်ချင်းသီးတွေပါ ဘုရား”လို့ မထေရ်က မေးလို့ ဒကာက ဖြေလိုက်တဲ့စကားလေးတစ်ခွန်းနဲ့ “အဲဒီအတိုင်း ဖြစ်လိမ့်မယ်”လို့ ပြောလိုက်တဲ့ မထေရ် ရဲ့ စကားလေးတစ်ခွန်းကြောင့် ကြွက်ချေးအဖြစ်က ပိတ်ချင်းသီးအဖြစ် သို့ ပြန်ပြောင်းသွားပါတယ်။ တော်ပါသေးရဲ့။ အခြေအနေကိုနားလည်တဲ့ဒကာတစ်ဦးရဲ့ အစီအမံအရ ဆောင်ရွက်လိုက်လို့ နဂိုအတိုင်း ပြန်ဖြစ်သွားပါတယ်။

ရဟန္တာ အရှင်ပိလိန္ဒဝစ္ဆဟာ ရှေးအခါက သူယုတ်လို့ ခေါ်ဝေါ် ပြောဆိုလေ့ရှိတဲ့ ပုဏ္ဏားအမျိုးမှာ ဘဝပေါင်း (၅၀၀) ဖြစ်ခဲ့ပါတယ်။ အဲဒီဘဝတွေမှာ အလေ့အကျင့်ပြုလုပ်တဲ့ အလေ့အကျင့် (ဝါသနာ) အရသာ အဲဒီလို သူယုတ်ဆိုတဲ့ စကားလုံးအသုံးအနှုန်းနဲ့ ခေါ်ဝေါ် ပြောဆိုတာ ဖြစ်ပါတယ်။ မှန်ပါတယ်။ အရိယာပုဂ္ဂိုလ်တွေရဲ့ စကားလုံးက ကြမ်းတမ်းပေမယ့် စေတနာကတော့ မကြမ်းတမ်းဘဲ ထက်ဝန်းကျင် မြူစင်လို့သာ နေပါတယ်။ အဲဒီလို ပြောရာမှာ မကောင်းမှု အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



လေးတောင် မပါဝင်ပါ။ ရဟန္တာ အရှင်ပိလိန္ဒဝစ္ဆဟာ လူတွေနဲ့ရော ရဟန်းတွေနဲ့ပါ စကားပြောတဲ့အခါ "သူယုတ် လာလော့။ သူယုတ် သွားလော့။ သူယုတ် သင် ယူခဲ့လော့။ သူယုတ် ယူသွားလော့" လို့ သူယုတ်လို့ သုံးနှုန်းကာသာ ပြောဆိုပါသတဲ့။

## ဒုက္ကရစရိယာ

"ဦးပြည်းခေါင်းတုံးရဟန်းမှာ သဗ္ဗညုတဉာဏ် (အကုန်သိတဲ့ဉာဏ်) ဘယ်မှာ ရှိနိုင်မှာလဲ။ သဗ္ဗညုတဉာဏ်ဟာ အလွန်ရခဲတဲ့ တရားဖြစ်တယ်။"

ဂေါတမဘုရားအလောင်းတော်ဟာ ကဿပဘုရားရှင် လက်ထက်က ဇောတိပါလမည်တဲ့ ပုဏ္ဏားလုလင် ဖြစ်ခဲ့ပါတယ်။ ပုဏ္ဏားဇာတ်ရဲ့ အစွမ်းကြောင့် ဇောတိပါလဟာ သာသနာမှာ မကြည်ညိုပါ။ "ကဿပဘုရားရှင်" လို့ ကြားရပြီး အထက်ပါ စကားလေးတစ်ခွန်းကို ပြောလိုက်မိပါတယ်။ အဲဒီမကောင်းမှု အကျိုးဆက်အရ နောက်ဆုံးဘဝမှာ တောထွက်ပြီး ဘုရားဖြစ်အောင် ဒုက္ကရစရိယာ ကျင့်တော်မူတဲ့အခါ အခြားဘုရားအလောင်းတော်တွေမှာ ရက်, လ အနည်းငယ်သာ ထိုက်သည့်အလျောက် ကျင့်ကြရပေမယ့် ငါတို့ ဂေါတမဘုရားရှင်ဟာ (၆) နှစ်ကြာအောင် ဒုက္ကရစရိယာကို ကျင့်တော်မူရပါတယ်။

(အပဒါနပါဠိ၊ ၁၊ ၃၃၉)

ဂေါတမဘုရားလောင်း ဇောတိပါလလုလင်ဟာ အဲဒီ အကုသိုလ်ကံရဲ့ အကျိုးဆက်အရ ဘဝရာပေါင်းများစွာတွေမှာ ငရဲတွေ ခံသည်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ခံစားရပါတယ်။ နောက်ဆုံး သိဒ္ဓတ္ထဘဝရောက်ပြီး တောထွက်ကာ ရဟန်းဝတ်ပါတယ်။ ဘုရားဖြစ်ဖို့ ဉာဏ်အမြင် မရင့်ကျက်သေးလို့ ဘုရားဖြစ်ဖို့ လမ်းမှန်, လမ်းမှားကို ခွဲခွာမသိသေးနိုင် ဖြစ်နေပါတယ်။ (၆) နှစ်ပတ်လုံး ဥရုဝေလဇနပုဒ်မှာ တစ်ထပ်တည်း စားခြင်း, ဆွမ်းတစ်လုတ် စားခြင်း, အလျှုရှင်တစ်ဦးထံကသာ ဆွမ်းကို စားခြင်း, တစ်လမ်းတည်းကသာ ဆွမ်းကို စားခြင်း, တစ်နေ့ရာတည်း စားခြင်း အစွမ်းဖြင့် သိဒ္ဓတ္ထရဲ့ ခန္ဓာကိုယ်မှာ အရိုး, အရေ, အကြောတွေပဲ ကျန်ရှိပါတော့တယ်။ အသား, အသွေးတွေ မရှိတော့ပါ။ ပြိတ္တာအသွင်နဲ့ တူတဲ့ ခန္ဓာကိုယ် ရှိပါတယ်။ အကြီးအကျယ် ကြိုးစားအားထုတ်ပါတယ်။ လူသာမာန်တို့ မလုပ်နိုင်တာတွေကို ပြုလုပ်ပါတယ်။ အဲဒီလို ခန္ဓာကိုယ် ပင်ပန်းဆင်းရဲအောင် အားထုတ်တဲ့ အလုပ်ကို ဘုရားဖြစ်ဖို့ နည်းလမ်း မဟုတ်လို့ သိသွားပါတယ်။ ရွာ, နိဂုံး, မင်းနေပြည်တော်တွေမှာ မွန်မြတ်တဲ့ အာဟာရကို သုံးဆောင်ပြီး ခန္ဓာကိုယ် ပြည့်ဖြိုးလာပါတယ်။ (၃၂) ပါးသော ယောက်ျားမြတ်လက္ခဏာတွေနဲ့ ပေါ် လွင်ပြည့်စုံလာပါတယ်။ အစဉ်အတိုင်း ဗောဓိမဏ္ဍိုင်ကို သွားပြီး မာရ်ငါးပါးတို့ကို အောင်နိုင်ကာ ဘုရား ဖြစ်သွားပါတယ်။ (အပဒါန၊ ၄၊ ပ၊ ၁၂၁)

ဂေါတမဘုရားလောင်းမှာ ဇောတိပါလဘဝက ပြောမှားမိတဲ့ စကားလေးတစ်ခွန်းကြောင့် (၆) နှစ်ကြာအောင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူရပါတယ်။ စကားဆိုးလေးတစ်ခွန်းကသော်မှ ဆိုးကျိုးတွေကို ပေးတတ်ပါပေစွ။

## သုရာဘိနဲ့ မုနာဠိ

"ဒီ ရဟန်းဟာ သီလမရှိသူပဲ။ ယုတ်မာတဲ့ အကျင့်ရှိသူပဲ။"

အဲဒီစကားလေးတစ်ခွန်းကို ပြောသူက ဂေါတမဘုရားလောင်း ဖြစ်ပါတယ်။ အတိတ်ဘဝမှာ မထင်ရှားတဲ့ အမျိုးမှာ ဖြစ်ပါတယ်။ မုနာဠိမည်တဲ့ သေသောက်ကြူးသူဖြစ်ကာ မသူတော်တွေနဲ့ ပေါင်းသင်းရောနှောပါတယ်။ အဲဒါရဲ့အစွမ်းကြောင့် သုရာဘိ အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါကို အထက်ပါစကားလေးတစ်ခွန်းနဲ့ ဆဲရေးလိုက်မိပါတယ်။ ဘုရားလောင်း မုနာဠိဟာ အဲဒီအကုသိုလ်ဝစီကံကြောင့် နှစ် ထောင်ပေါင်းများစွာပတ်လုံး ငရဲမှာ ကျက်ရပါတယ်။ ဒီနောက်ဆုံးဘဝ (သိဒ္ဓတ္ထဘဝ) မှာ ပါရမီ (၁၀) ပါး ပြီးပြည့်စုံမှုရဲ့ စွမ်းအားကြောင့် ဘုရား ဖြစ်လာပါတယ်။ ပစ္စည်းလာဘ်လာဘ, အခြွေအရံတွေမှာ အထွတ်အထိပ်ကို ရောက်သွားပါတယ်။ စိဉ္စမာဏဝိကာနဲ့ စွပ်စွဲပြီး နောက်ထပ် တိတ္ထိတွေဟာ အားတက်လာပြီး "ရဟန်းဂေါတမမှာ နာမည်ပျက်, မကောင်းသတင်းထွက်အောင် ငါတို့ ဘယ်လိုလုပ်ကြရမလဲ"လို့ တွေးကာ ကိုယ်, စိတ် ဆင်းရဲဖြစ်ပြီး ထိုင်နေကြပါတယ်။

အဲဒီအခါ သုန္ဒရီမည်တဲ့ ပရိဗိုလ်မတစ်ယောက်က အဲဒီတိတ္ထိတွေထံ ချဉ်းကပ်ပြီး ရှိခိုးကာ ရပ်တည်နေပါတယ်။ သူမအား ဘာစကားတိုမှ

www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ ဆိတ်ဆိတ်နေကြတဲ့ အဲဒီတိတ္ထိတွေကို ကြည့်ပြီး "တပည့်တော်မှာ ဘာအပြစ် ရှိပါသလဲ" လို့ မေးပါတယ်။

"ရဟန်းဂေါတမက ငါတို့ကို နှိပ်စက်နေတာကို သင်က ကြောင်ကြမ့် နေထိုင်မှာလား။ အဲဒါဟာ သင်ရဲ့အပြစ်ပဲ။"

"ဒီလိုဆိုရင် ဒီနေရာမှာ တပည့်တော်က ဘာကို လုပ်ပေးရမလဲ"

"သင်က ရဟန်းဂေါတမမှာ မကောင်းသတင်း ဖြစ်ပေါ်လာအောင် လုပ်ဖို့ စွမ်းနိုင်မလား။"

"အရှင်တို့၊ တပည့်တော်ဟာ စွမ်းနိုင်ပါလိမ့်မယ်။"

အဲဒီလိုပြောပြီး အဲဒီအချိန်မှစကာ မြင်မြင်သမျှလူတွေအား "ငါဟာ ရဟန်းဂေါတမနဲ့အတူ ဂန္ဓကုဋိတစ်ကျောင်းထဲမှာ အိပ်ပြီး ထွက်လာခဲ့ပါတယ်" လို့ ပြောကာ ဆဲရေး့ ခြိမ်းခြောက်ပါတယ်။ တိတ္ထိတွေကလည်း "အို လူအပေါင်းတို့၊ ရဟန်းဂေါတမရဲ့အမှုကို သင်တို့ ကြည့်ကြပါလော့" လို့ ပြောကာ ဆဲရေးခြိမ်းခြောက်ကြပါတယ်။

(အဝဒါန၊ ၄၂၊ ၀၊ ၁၃၃)

သီလ, သမာဓိ, ပညာစတဲ့ ဂုဏ်တွေနဲ့ ပုဂ္ဂိုလ်ကို ဆဲရေးပြောဆိုမိရင် စကားလေးက တစ်ခွန်းပင် ဖြစ်ပါစေ။ ကြောက်မက်ဖွယ်ဆိုးကျိုးတွေကို ရရှိလာတတ်ပါတယ်။ သူတော်ကောင်းတွေနဲ့ ဆက်ဆံပြောဆိုရာမှာ ပြောမှား, ဆိုမှား မရှိရအောင် သတိထားသင့်လှပါတယ်။

## စိဥ္စမာဏဝိကာရဲ့ စွပ်စွဲမှု

ရှေးအခါက ဘုရားလောင်းဟာ ဆင်းရဲတဲ့ အမျိုးမှာ ဖြစ်ပါတယ်၊ ထင်ရှားပါ။ မုနာဠိ မည်တဲ့ သေသောက်ကြူးသူ ဖြစ်ပါတယ်။ အဲဒီအခါ တန်ခိုး, အာနုဘော်ကြီးတဲ့ သုရဘိမည်တဲ့ ပစ္စေကဗုဒ္ဓါဟာ ကိစ္စတစ်ခုနဲ့ အဲဒီ မုနာဠိရဲ့ အနီးအရပ်ကို ရောက်သွားပါတယ်။ မုနာဠိက သုရဘိ ပစ္စေကဗုဒ္ဓါကို မြင်ပြီးချင်းပဲ 'ဒီရဟန်းဟာ သီလမရှိ၊ ယုတ်မာတဲ့ သဘောရှိတယ်' အဲဒီလို စသည်ဖြင့် စွပ်စွဲပြောဆိုပါတယ်။ မုနာဠိဟာ အဲဒီအကုသိုလ်ရဲ့ အကျိုးဆက်အရ ငရဲစသည်တွေမှာ နှစ် ထောင်ပေါင်းများစွာ ဆင်းရဲကို ခံစားရပါတယ်။

ဂေါတမ ဘုရားလောင်းဟာ တုသိတာနတ်ပြည်မှ စုတေပြီး သာကီဝင်မင်းမျိုးမှာ ဖြစ်ကာ ဘုရားဖြစ်လာတဲ့အခါ တိတ္ထိတွေဟာ နေထွက်လာတဲ့အခါ ပိုးစုန်းကြူးတွေပမာ ဖြစ်ကာ လာဘ်ပူဇော်သက္ကာရတွေ ဆုတ်ယုတ်ပျက်စီးသွားကြပါတယ်။ ဒါကြောင့် ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ကာ လှည့်လည်နေကြပါတယ်။ ဘုရားရှင်မှာ လာဘ်ပူဇော်သက္ကာရက ဇမ္ဗူဒိပ်ကို လွှမ်းမိုးနေပါတယ်။ ဂင်္ဂါမြစ်ကြီးငါးစင်းလို ပြည့်နေပါတယ်။ အဲဒီအခါ တိတ္ထိတွေက လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်ကာ ကိုယ်စိတ်ဆင်းရဲပြီး ပခုံးအောက်တချလျှတ် မျက်နှာငိုက်စိုက်ထိုင်နေကာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကြပါတယ်။ အဲဒီအခါ တိတ္ထိတွေရဲ့ ဒကာမ ဖြစ်တဲ့ စိဉ္စမာဏဝိကာက အလွန်အကဲ ရုပ်လှပါတယ်။ သူမက အဲ့ဒီတိတ္ထိတွေ အဲဒီလို ထိုင်နေကြတာကို မြင်ရပြီး ဒီလို မေးပါတယ်။

"အရှင်ဘုရားတို့၊ ဒီလိုကိုယ်ဆင်းရဲ စိတ်ဆင်းရဲပြီး ဘာလို့ ထိုင်နေကြပါသလဲ။"

"နှမ၊ သင်က ကြောင့်ကြမဲ့နေတယ်၊ ဘာကြောင့်လဲ။"

"ဘာပါလဲ ဘုရား။"

"နှမ၊ ရဟန်းဂေါတမ ပွင့်ပေါ်လာချိန်ကစပြီး ငါတို့မှာ လာဘ် ပူဇော်သက္ကာရ ပျက်စီးကုန်တယ်။ မြို့သူမြို့သားတွေက ငါတို့ကို ရှိတယ်လို့တောင် မထင်မှတ်ကြပါ။"

"ဒီကိစ္စမှာ တပည့်တော်က ဘာကို ပြုလုပ်ထိုက်ပါသလဲ။"

"သင်က ရဟန်းဂေါတမမှာ နာမည်ပျက်အောင် လုပ်သင့်တယ်"

စိဉ္စမာဏဝိကာက "တပည့်တော်မှာ တာဝန်မလေးပါ" လို့ ပြောပြီး အဲဒီကိစ္စမှာ ကြောင့်ကြစိုက်ပါတယ်။ မွန်းလွဲပိုင်းမှာ ဇေတဝန်ကျောင်းသို့ သွားပြီး တိတ္ထိတွေရဲ့ကျောင်းမှာ နေပါတယ်။ နံနက် စောစောမှာ မြို့သူမြို့သားတွေက နံ့သာ စသည်တွေကို ယူပြီး ဘုရားရှင်ကို ရှိခိုးဖို့ သွားတဲ့အခါ ဇေတဝန်ကျောင်းမှ ထွက်လာသလို လုပ်ပါတယ်။ "ဘယ်မှာ အိပ်ခဲ့ပါသလဲ"လို့ အမေးခံရတဲ့အခါ "သင်တို့အား ငါအိပ်တဲ့ နေရာ ပြောလို့ ဘာအကျိုးရှိမှာလဲ" လို့ ပြောကာ ဖဲသွားပါတယ်။

သူမက အစဉ်အတိုင်း အချိန်ကြာလာတဲ့အခါ အမေးခံရတော့ ဒီလို ပြောပါတယ်။

"ငါဟာ ရဟန်းဂေါတမနဲ့အတူ ဂန္ဓကုဋိ ကျောင်းတစ်ကျောင်းတည်းမှာ အိပ်ကာ ထွက်ခဲ့ပါတယ်။"



အဲဒီစကားကို အသိဉာဏ်မရှိတဲ့ ပုထုဇဉ်တွေက ယုံကြည်ပါတယ်။ ပညာရှိတဲ့ သောတာပန် စတဲ့ ပုဂ္ဂိုလ်တွေက မယုံကြည်ကြပါ။ တစ်နေ့မှာ စိဉ္စမာဏဝိကာက သစ်သားအဝန်းအဝိုင်းကို ရင်ဘတ်မှာ ရစ်ပတ်နှောင်ဖွဲ့ပြီး အထက်ပိုင်းမှာ အဝတ်နီကို ဝတ်ကာ သွားပါတယ်။ မင်းနဲ့တကွဖြစ်တဲ့ ပရိသတ်မှာ တရားဟောဖို့ ထိုင်နေတဲ့ ဘုရားရှင်ကို ဒီလို ပြောပါတယ်။

"အို အရှင် ဂေါတမရဟန်း၊ သင်က တရားကို ဟောနေတယ်။ သင့်ကို အစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ ကလေးကိုယ်ဝန်ရှိတဲ့ ငါ့အတွက် ကြက်သွန်ဖြူ၊ ဂျုတ် စသည်တွေကို မစီမံဘူးလား။"

"နှမ၊ အဲဒီရဲ့အဖြစ်မှန်ကို သင်လည်း သိတယ်။ ငါလည်း သိတယ်။"

စိဉ္စမာဏဝိကာက "အဲဒီလိုပဲ မေထုန်မှီဝဲချိန်ကို နှစ်ယောက်တည်းသာ သိကြတယ်။ အခြားသူတွေက မသိကြပါ" လို့ ပြောပါတယ်။ အဲဒီခဏမှာ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာကျောက်ဖျာဟာ ပူတဲ့ အခြင်းအရာကိုပြလာပါတယ်။ သိကြားမင်းက ဆင်ခြင်တဲ့အခါ အဲဒီအကြောင်းကို သိပြီး နတ် (၂) ယောက်ကို စေလွှတ်လိုက်ပါတယ်။

"သင်တို့ထဲက တစ်ယောက်က ကြွက်အသွင် ဖန်ဆင်းပြီး အဲဒီမိန်းမရဲ့ သစ်သားအဝန်းအဝိုင်းကို ချည်နှောင်ထားတဲ့ အနှောင်အဖွဲ့တို့ ဖြတ်တောက်ပါ။ တစ်ယောက်က လေအဝိုင်း ပေါ်ထွက်အောင် လုပ်ပြီး ဝတ်ရုံထားတဲ့ အဝတ်ကို အထက်သို့ ပစ်တင်လိုက်ပါ။"

အဲဒီနတ်သား (၂) ယောက်က သွားပြီး အဲဒီအတိုင်း ပြုလုပ်ကြပါတယ်။ သစ်သားအဝန်းအဝိုင်းက ကျပြီး အဲဒီသူမရဲ့ ခြေဖမိုးကို ဖောက်ခွဲလိုက်ပါတယ်။ အဲဒီပရိသတ်ထဲမှာ စုဝေးနေတဲ့ ပုထုဇဉ်အားလုံးတ

www.burmeseclassic.com



"ဟယ် သူခိုးယုတ်မ၊ သင်က ဒီလို လောကသုံးပါးရဲ့အရှင်အပေါ် ဒီလို စွပ်စွဲမှုကို ပြုလုပ်တယ်" လို့ ပြောကာ ထပြီး လက်သီးနဲ့ တစ်ချက်စီ ထိုးကြပါတယ်။ တရားပွဲအလယ်မှ သူမကို ဆွဲထုတ်သွားကြပါတယ်။ သူမဟာ မမြင်ကွယ်ရာရောက်တဲ့အခါ မြေမျိုသွားပါတယ်။ အဲဒီခဏမှာ အဝီစိငရဲမှ မီးလျှံ ပေါ်ထွက်ကာ အမျိုးက ပေးထားတဲ့ နီမြန်းတဲ့ ကမ္ဗလာနဲ့ပဲ သူမကို ဖုံးလွှမ်းကာ အဝီစိငရဲမှာ ပစ်ချလိုက်ပါတယ်။ ဘုရားရှင်မှာ လာဘ်ပူဇော်သက္ကာရက အလွန်အကဲ များပြားလာပါတယ်။ (အပဒါန၊ ၄၁၊ ပ၊ ၁၂၉)

သုရဘိ ပစ္စေကဗုဒ္ဓါအပေါ် စွပ်စွဲပြောဆိုမိတဲ့ စကားလေးတစ်ခွန်းကြောင့် ဘုရားလောင်းဘဝတွေမှာရော ဘုရားရှင်ဘဝမှာပါ ဆိုးကျိုးတွေကို တွေ့ကြုံခံစားရပါတယ်။ ဘုရားဖြစ်တဲ့ ဘဝမှာတောင် မဟုတ်မမှန်ဘဲ အစွပ်စွဲခံရပါသေးတယ်။ သူ့စကားဆိုးလေးတစ်ခွန်းက သူ့ကို ဒုက္ခတွေ ပေးပါပေတယ်။ သံဝေဂယူဖွယ် ကောင်းလှပါပေတယ်။

## ဘီမနဲ့ ဘုရားလောင်း

ရှေးအခါက ဂေါတမဘုရားလောင်းဟာ ပုဏ္ဏားမျိုးမှာ ဖြစ်ခဲ့ပါတယ်။ အကြားအမြင် သုတ များပါတယ်။ လူအများရဲ့ ရိုသေမှု, ပူဇော်မှုကို ခံယူရပါတယ်။ ရသေ့ဝတ်ပြီး ဟိမဝန္တာအရပ်မှာ တောထဲက သစ်မြစ်, သစ်သီးကိုပဲ စားနေပါတယ်။ လုလင်အများအား (ငါးရာအား) မန္တန်တွေ သင်ပြပေးရင်း နေပါတယ်။ အဘိညာဉ် (၅) ပါး, သမာပတ် (၈) ပါးတို့ကို ရတဲ့ ဘီမရသေ့က ဘုရားလောင်းရသေ့ထံ သွားပါတယ်။ ဘုရားလောင်းရသေ့က အဲဒီဘီမရသေ့ကို မြင်ပြီးချင်းပဲ မနာလိုဖြစ်ကာ မပြစ်မှားတတ်တဲ့ အဲဒီဘီမရသေ့ကို အောက်ပါစွပ်စွဲစကားလေးတစ်ခွန်း ပြောလိုက်မိပါတယ်။

"ဒီရသေ့က ကာမဂုဏ် ခံစားတဲ့ ရသေ့စဉ်းလဲပဲ။"

သူ့တပည့်တွေကိုလည်း ဒီလို ပြောပါတယ်။

"ဒီရသေ့က ဒီလို အကျင့်မကောင်းသူပဲ။"

အဲဒီတပည့်တွေကလည်း အဲဒီလိုပဲ ဆဲရေးကြ, ခြိမ်းခြောက်ကြရပါတယ်။ ဘုရားအလောင်းပုဏ္ဏားဟာ အဲဒီအကုသိုလ်ကံရဲ့ အကျိုးအရ နှစ်ပေါင်း ထောင် တို့ ပတ်လုံး ငရဲမှာ ဆင်းရဲကို ခံစားရပါတယ်။ ဒီနောက်ဆုံး ဘဝမှာ ဘုရားဖြစ်ပြီး လာဘ်လာဘ, အခြံအရံတွေမှာ အထွတ်အထိပ်ကို ရောက်ပါတယ်။ ကောင်းကင်က ပြည့်ဝန်းပမာ

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားပါတယ်။ တိတ္ထိတွေက အဲဒီအတိုင်းပဲ စွပ်စွဲလို့လည်း အားမရ မတင်းတိမ်သေးလို့ နောက်ထပ်လည်း သုန္ဒရီကို စွပ်စွဲခိုင်းပြန်ပါတယ်။ သေသောက်ကြူးသူတွေကို အခေါ်ခိုင်းပြီး လက်ဆောင်ပေးကာ ဒီလို စေခိုင်းကြပါတယ်။

"သင်တို့ဟာ သုန္ဒရီကို သတ်ပြီး ဇေတဝန်ကျောင်းတံခါးအနီးမှာ ပန်းအမှိုက်နဲ့ ဖုံးထားကြ။"

အဲဒီ သေသောက်ကြူးသူတွေက အဲဒီအတိုင်း လုပ်ကြပါတယ်။ အဲဒီကနောက် တိတ္ထိတွေက "သုန္ဒရီကို ငါတို့ မတွေ့ကြရပါ" လို့ မင်းအား ပြောပြကြပါတယ်။ မင်းက "သင်တို့ ရှာဖွေကြပါ" လို့ ပြောပါတယ်။ အဲဒီ တိတ္ထိတွေက သူတို့ ချထားရာနေရာမှ ယူပြီး ညောင်စောင်း ငယ်ပေါ် တင်ကာ မင်းအား ပြကြပါတယ်။ "အို လူအပေါင်းတို့၊ သင်တို့ဟာ ရဟန်းဂေါတမရဲ့ တပည့်တွေရဲ့ အမှုကို ကြည့်ရှုကြပါလော့" လို့ ပြောကာ ဘုရားရှင်ရဲ့ရော ရဟန်းသံဃာရဲ့ပါ အပြစ်ကို တစ်မြို့လုံးမှာ ကြွေးကြော်ကာ လှည့်လည်ကြပါတယ်။ သုန္ဒရီကို အစိမ်းသေ မြှုပ်ရာ သုသာန်က စင်ပေါ်မှာ တင်ထားကြပါတယ်။ မင်းက "သုန္ဒရီကို သတ်တဲ့ လူတွေကို ရှာဖွေကြ" လို့ စေခိုင်းလိုက်ပါတယ်။ အဲဒီအခါ သေသောက်ကြူးသူတွေက သေရည်ကို သောက်ပြီး "သင်က သုန္ဒရီကို သတ်တယ်၊ သင်က သတ်တယ်" လို့ ငြင်းခုံမှုကို ပြုကြပါတယ်။ မင်းခစား ယောကျ်ားတွေက အဲဒီသေသောက်ကြူးသူတွေကို ခေါ်ယူပြီး မင်းအား ပြကြပါတယ်။ မင်းက မေးလို့ ဒီလို ဖြေကြပါတယ်။

"အမောင်တို့၊ သင်တို့က သုန္ဒရီကို သတ်ကြသလား။"

"အရှင်မင်း၊ သတ်ကြပါတယ်။"

"ဘယ်သူတွေက သတ်ခိုင်းတာလဲ။"



"အရှင်မင်း၊ တိတ္ထိတွေကပါ။"

မင်းက တိတ္ထိတွေကို ခေါ်ဆောင်ခိုင်းပြီး ချည်နှောင်ခိုင်းကာ ဒီလို ပြောလိုက်ပါတယ်။

"အမောင်တို့၊ သင်တို့ဟာ သွားကြပါ။ 'ဘုရားရှင်ရဲ့ အပြစ်ဖြစ်အောင် ငါတို့ကိုယ်တိုင်ပဲ သုန္ဒရီကို သတ်ခိုင်းပါတယ်။ ဘုရားရှင်ရော သူ့တပည့်တွေပါ သတ်မှုကို မပြုလုပ်ကြပါ' လို့ ကြွေးကြော်ကြပါ။"

အဲဒီတိတ္ထိတွေက အဲဒီအတိုင်း လုပ်ကြပါတယ်။ မြို့သူမြို့သား အားလုံးမှာ သံသယကင်းသွားကြပါတယ်။ မင်းက တိတ္ထိတွေကိုရော၊ သေသောက်ကြူးသူတွေကိုပါ သတ်ခိုင်းပြီး စွန့်ပစ်ခိုင်းလိုက်ပါတယ်။ အဲဒီကနောက် ဘုရားရှင်မှာ လာဘ်ပူဇော်သက္ကာရတွေ အတိုင်းထက် အလွန် တိုးပွားလာပါတယ်။ (အပဒါန၊ ဋ္ဌ၊ ပ၊ ၁၃၄)

ဘုရားလောင်းရသေ့ဟာ ဘီမရသေ့အား မဟုတ်မမှန် စွပ်စွဲ ပြောဆိုခဲ့ပါတယ်။ မနာလိုမှု ဣဿာကြောင့် ပြောဆိုခဲ့ပါသတဲ့။ ဣဿာ ဆိုတာ ကြောက်စရာအလွန်ပဲ ကောင်းလှပါတယ်။ သူတစ်ပါးအား မဟုတ်မမှန် စွပ်စွဲခဲ့လို့ သူလည်း မဟုတ်မမှန် စွပ်စွဲခံရပါတယ်။ ဘုရားတပည့်ရဟန်း ငါးရာဟာလည်း အစွပ်စွဲခံကြရပါတယ်။ သူတို့လည်း ဘီမရသေ့ကို အရင်ဘဝက ဆဲရေးခြိမ်းခြောက်ခဲ့ကြတာကိုး။

www.burmeseclassic.com

www.burmeseclassic.com

## မုယောဆွမ်းကို စားကြလော

ရှေးအခါက ဘုရားလောင်းဟာ အမျိုးတစ်မျိုးမှာ ဖြစ်ပါတယ်။ ဇာတ်အစွမ်းကြောင့်ရော, မိုက်ကန်းလို့ပါ ဖုဿဘုရားရှင်ရဲ့ တပည့်တွေ ချိုမြိန်တဲ့ အစားအစာ, အဖျော်တွေကိုရော, သလေးဆွမ်း စသည်တွေ ကိုပါ ဘုဉ်းပေးနေကြတာကို မြင်သွားပါတယ်။ ပြီးတော့ ဒီလို ဆဲရေးပါ တယ်။

"အို ခေါင်းတုံးစုတ်၊ ရဟန်းစုတ်တို့၊ သင်တို့ဟာ မုယောဆွမ်းကို စားကြလော။ သလေးဆွမ်းကို မစားကြပါနဲ့။"

အဲဒီဘုရားလောင်းဟာ အဲဒီအကုသိုလ်ကံအကျိုးအရ နှစ် ထောင်ပေါင်းများစွာ အပါယ်လေးပါးမှာ ဆင်းရဲကို ခံစားရပါတယ်။ ဒီနောက်ဆုံးဘဝမှာ အစဉ်အတိုင်း ဘုရားအဖြစ်ကို ရောက်ပြီး လောက ကို ချီးမြှောက်တဲ့အခါ ရွာ, နိဂုံး, မင်းနေပြည်တော်တွေမှာ လှည့်လည်ပါ တယ်။ တစ်ချိန်မှာ ဝေရဉ္စပုဏ္ဏားရွာအနီးက သစ်ခက် သစ်ခွတွေနဲ့ ပြည့်စုံတဲ့ တမာပင်အောက်ကို ရောက်သွားပါတယ်။ ဝေရဉ္စပုဏ္ဏားက ဘုရားရှင်ထံ ချဉ်းကပ်ပြီး နည်းပေါင်းများစွာနဲ့ ဘုရားရှင်ကို အောင်မြင် အောင် မစွမ်းနိုင်ဘဲ သောတာပန် ဖြစ်သွားပါတယ်။ "မြတ်စွာဘုရား၊ ဒီအရပ်မှာပဲ ဝါကပ်ဖို့ သင့်ပါတယ်" လို့ လျှောက်ပါတယ်။ ဘုရားရှင်က ဆိတ်ဆိတ်နေကာ လက်ခံပါတယ်။ အဲဒီအခါ နောက်နေ့မှစပြီး အလိုဆိုး



ရှိတဲ့ မာရ်နတ်က ဝေရဉ္စပုဏ္ဏား ရွာသူရွာသားအားလုံးအား လှည့်ပတ် ထားပါတယ်။ ဆွမ်းခံဝင်တဲ့ ဘုရားရှင်အား မာရ်နတ်လှည့်ပတ်ထား လို့ တစ်ယောက်ကမှ ဆွမ်းတစ်ဇွန်းကိုမျှ လှူတာ မရှိပါ။

ဘုရားရှင်က အချည်းနှီးသပိတ်နဲ့ ရဟန်းအပေါင်းခြံရံကာ ပြန် လာခဲ့ရပါတယ်။ အဲဒီလို ဘုရားရှင် လာတဲ့အခါ အဲဒီအရပ်မှာပဲ နေကြ တဲ့ မြင်းကုန်သည်တွေက အဲဒီနေ့မှာ အလှူလှူပြီး အဲဒီအချိန်မှ စကာ ရဟန်းငါးရာ အခြံအရံရှိတဲ့ ဘုရားရှင်ကို ပင့်ဖိတ်ပါတယ်။ မြင်းငါးရာ တွေရဲ့ အဖို့အစုထဲက ခွဲဝေမှုပြုပြီး မုယောစပါးကို ထောင်းကာ ရဟန်း တွေရဲ့ သပိတ်တွေထဲ ထည့်ကြပါတယ်။ စကြဝဠာတစ်ထောင်က နတ် တွေ အားလုံးဟာ သုဇာတာ နို့ဃနာချက်ရာနေ့မှာလို နတ်သြဇာကို ထည့်ကြပါတယ်။ ဘုရားရှင်က ဘုဉ်းပေးပါတယ်။ အဲဒီလိုနည်းနဲ့ သုံးလ တိုင်တိုင် မုယောဆွမ်းကို ဘုဉ်းပေးရပါတယ်။ သုံးလလွန်တဲ့အခါ မာရ်နတ် လှည့်ပတ်မှု ကင်းသွားလို့ ပဝါရဏာနေ့မှာ ဝေရဉ္စပုဏ္ဏားက သတိရပြီး သံဝေဂအကြီးအကျယ်ရကာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီး လှူပါတယ်။ ရှိခိုးပြီး တောင်းပန်ပါတယ်။

(အပဒါန၊ ၄၊ ပ၊ ၁၃၉)

ဘုရားလောင်း ပြောခဲ့တဲ့ စကားလေးတစ်ခွန်းအတိုင်း တူညီတဲ့ အကျိုးကို ဘုရားဖြစ်တဲ့အခါ ခံစားရပါတယ်။ သူ့စကားလေးတစ်ခွန်း ကြောင့် သူ့မှာ ဒုက္ခများစွာ တွေ့ကြုံခံစားရပါတယ်။ စကားလေး တစ်ခွန်းပင် ဖြစ်ပေမယ့် သတိထားကာ ပြောသင့်လှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဇင်္ဂိုလသူဌေးရဲ့ ရှေးအကုသိုလ်ကံ

"သင်ဟာ သင့်ရဲ့ဆရာဘုရားကို ရေထဲမှာ ပစ်ချပြီး သွားပါ။"

အဲဒီစကားလေးတစ်ခွန်းကို ပြောလိုက်သူက ရွှေပန်းထိမ်သည် ဖြစ်ပါတယ်။ ကဿပဘုရားရှင်ရဲ့စေတီကို ပြုလုပ်တဲ့အခါ ရဟန္တာတစ်ပါးက စေတီရှိရာနေရာကို ကြွသွားပါတယ်။ ကြည့်ပြီး "ဒကာတို့၊ ဘာကြောင့် စေတီရဲ့ မြောက်ဘက်မျက်နှာမုခ်ဝမှာ နံ့ရံအုတ်စီ မတက်ရသေးတာလဲ" လို့ မေးပါတယ်။ ဒကာတွေက "ရွှေက မလောက်ပေါ ဘုရား" လို့ လျှောက်ကြပါတယ်။ "ငါဟာ ရွာထဲဝင်ပြီး တိုက်တွန်းမယ်။ သင်တို့က ရိုရိုသေသေနဲ့ အလုပ်ပို လုပ်ကြပါ" လို့ ပြောသွားပါတယ်။ အဲဒီ ရဟန္တာမထေရ်က အဲဒီလို မိန့်ပြီး မြို့ထဲဝင်ကာ "ဒကာ၊ ဒကာမတို့ သင်တို့ရဲ့ စေတီမုခ်ဝတစ်ခုမှာ ရွှေက မလောက်ပေ။ သင်တို့ဟာ ရွှေကို သိကြပါလော" လို့ လူအများကို တိုက်တွန်းရင်း ရွှေပန်းထိမ်သည်အိမ်ကို ကြွသွားပါတယ်။ ရွှေပန်းထိမ်သည်ကလည်း အဲဒီခဏမှာပဲ မယားနဲ့အတူ ခိုက်ရန်ပြုရင်း ထိုင်နေပါတယ်။ အဲဒီအခါ ရဟန္တာမထေရ်က အဲဒီရွှေပန်းထိမ်သည်ကို "စေတီမှာ သင်တို့ယူထားတဲ့ မုခ်ပေါက်က ရွှေ မလောက်ပေ။ အဲဒါကို သိဖို့ သင့်တယ်" လို့ ပြောပါတယ်။ အဲဒီအခါ အဲဒီရွှေပန်းထိမ်သည်က မယားကို စိတ်ဆိုးနေလို့ အစဆုံးမှာ ဖော်ပြတဲ့ စကားလေးတစ်ခွန်းကို ပြောလိုက်ပါတယ်။ အဲဒီအခါ အဲဒီ



ရွှေပန်းထိမ်သည်ကို မယားက "သင်ဟာ အလွန်ကြမ်းကြုတ်တဲ့အမှုကို ပြုမိပြီ။ ငါ့ကို စိတ်ဆိုးတဲ့ သင်ဟာ ငါ့ကိုသာ ဆဲရင်လည်း ဆဲထိုက်တယ်။ ရိုက်ပုတ်ရင်လည်း ရိုက်ပုတ်ထိုက်တယ်။ ဘာကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဘုရားရှင်တွေအပေါ် ရန်ပြုရတာလဲ" လို့ ပြောပါတယ်။

ရွှေပန်းထိမ်သည်က အဲဒီခဏမှာပဲ သံဝေဂရကာ "အရှင်ဘုရား၊ တပည့်တော်ကို သည်းခံတော်မူပါ" လို့ လျှောက်ထားပါတယ်။ ပြီးတော့ မထေရ်ရဲ့ ခြေရင်းမှာ ဝပ်စင်းလဲလျောင်းပါတယ်။ "ဒကာ၊ ငါ့ကို သင်က ဘာမှ မပြော၊ ဘုရားရှင်ကို တောင်းပန်လော့" လို့ ပြောပါတယ်။

"အရှင်ဘုရား၊ တပည့်တော်က ဘယ်လိုလုပ်ပြီး တောင်းပန်ရပါမလဲ။"

"ဒကာ၊ ရွှေပန်းပွင့်တွေနဲ့ ပြည့်နေတဲ့ ပန်းအိုး (၃) လုံး ပြုလုပ်ပြီး ဓာတ်တော်ကိန်းဝပ်ရာ ဌာပနာတိုက်အတွင်းမှာ ထည့်ကာ စွတ်စိုနေတဲ့ အဝတ်၊ ဆံပင် ရှိပြီး တောင်းပန်ပါ။"

ရွှေပန်းထိမ်သည်က "ကောင်းပါပြီဘုရား" လို့ လျှောက်ထားပြီး တစ်ထွာပမာဏရှိတဲ့ ရွှေပန်းပွင့်တွေနဲ့ ပြည့်နေတဲ့ အိုး (၃) အိုးကို ပြီးအောင် လုပ်ခိုင်းပြီး ဓာတ်တော်ဌာပနာတိုက်မှာ ထည့်ပါတယ်။ စိုစွတ်နေတဲ့ အဝတ်၊ ဆံပင်ရှိပြီး ဘုရားရှင်ကို တောင်းပန်ပါတယ်။

အဲဒီနည်းနဲ့ အဲဒီဇင်္ဂိုလဟာ (၇) ကြိမ် တိုင်တိုင် (၇ ဘဝ တိုင်တိုင်) မွေးဖွားပြီးတဲ့အခါ ရေမျှောခံရပါတယ်။

ဇင်္ဂိုလရဲ့မိခင်က တာရာဏသီမြို့က သူဌေးသမီး ဖြစ်ပါတယ်။ [illegible] အလွန်လှပါတယ်။ သူဌေးသမီး (၁၅) နှစ်၊ (၁၆) နှစ် အရွယ်ရောက်တဲ့ အခါ သမီးကို စောင့်ရှောက်ဖို့ မိဘတွေက ကျွန်မတစ်ယောက် ပေးထား

www.burmeseclassic.com

www.burmeseclassic.com



ကြပါတယ်။ ဘုံ (၇) ဆင့်ရှိ ပြာသာဒ်ရဲ့ အပေါ်ထပ်က ကျက်သရေ တိုက်ခန်းမှာ နေခိုင်းကြပါတယ်။ တစ်နေ့မှာ လေသောက်ပြတင်းကို ဖွင့်ပြီး အပြင်ဘက် ကြည့်နေတဲ့ အဲဒီသူဌေးသမီးကို ကောင်းကင်ခရီး နဲ့ သွားနေတဲ့ ဝိဇ္ဇာမိုရ်ရှိတစ်ယောက်က မြင်ပြီး ချစ်ခင်သွားပါတယ်။ လေသောက်ပြတင်းက ဝင်ပြီး အဲဒီသူဌေးသမီးနဲ့အတူ ပေါင်းသင်းသွား ပြုပါတော့တယ်။ အဲဒီသူဌေးသမီးဟာ အဲဒီဝိဇ္ဇာမိုရ်နဲ့အတူ ပေါင်းသင်း ကာ မကြာခင်မှာပဲ ကိုယ်ဝန်ရလာပါတော့တယ်။ အဲဒီအခါ သူဌေးသမီး ကို အဲဒီကျွန်မက မြင်ပြီး "သမီး၊ အဲဒါ ဘာလဲ" လို့ မေးပါတယ်။ "ရှိ ပါစေ။ ဘယ်သူ့မှ မပြောပါနဲ့" လို့ သူဌေးသမီးက ပြောလို့ ကျွန်မက ကြောက်တဲ့အတွက် ဆိတ်ဆိတ်ပဲ နေပါတယ်။ သူဌေးသမီးကလည်း ဆယ်လလွန်တဲ့အခါ သားလေး မွေးဖွားပါတယ်။ အိုးအသစ်ကို ဆောင်ယူ ခိုင်းပြီး အဲဒီအိုးထဲမှာ အဲဒီကလေးကို လဲလျောင်းစေပါတယ်။ အဲဒီအိုး ကို ပိတ်လိုက်ပါတယ်။ အပေါ်မှာ ပန်းခိုင်တွေကို တင်ခိုင်းပါတယ်။ "ဒီအိုးကို ဦးခေါင်းနဲ့ရွက်ပြီး ဂင်္ဂါမြစ်ထဲမှာ မျှောလိုက်ပါ။ "အဲဒါ ဘာလဲ" လို့ အမေးခံရရင် "ငါ့အရှင်မရဲ့ ဗလိနတ်စာ ပသတဲ့ အမှုပဲ လို့ ပြော လော့"လို့ မှာကာ ကျွန်မကို စေလွှတ်လိုက်ပါတယ်။ ကျွန်မက အဲဒီခိုင်း တဲ့အတိုင်း လုပ်ပါတယ်။

ဂင်္ဂါမြစ်ရဲ့ အောက်ပိုင်းမှာလည်း မိန်းမ (၂) ယောက်ဟာ ရေချိုး နေကြပါတယ်။ အဲဒီအိုး ရေထဲ မျှောလာတာကို မြင်ကြပါတယ်။ တစ်ယောက်က "အဲဒီအိုးဟာ ငါ့အိုး" လို့ ပြောပါတယ်။ တစ်ယောက် က "အဲဒီအိုးအတွင်းကဟာ ငါ့ဟာ" လို့ ပြောပါတယ်။ အိုး ရောက်လာ တဲ့အခါ အဲဒီအိုးကို ယူပြီး ကုန်းပေါ် ထားကြပါတယ်။ ဖွင့်ပြီး ကလေးကို တွေ့ရလို့ ဒီလိုတစ်ယောက်က ပြောပါတယ်။



"ငါ့ရဲ့ အိုးပဲလို့ ပြောလိုက်တဲ့အတွက် ကလေးဟာ ငါ့ရဲ့ကလေး သာဖြစ်တယ်။"

အခြားတစ်ယောက်က ဒီလိုပြောပါတယ်။

"အိုးအတွင်းက ပစ္စည်းဟာ ငါ့ဟာသာဖြစ်စေလို့ ပြောလို့ ငါ့ ကလေးပဲ။"

ငြင်းခုံကြတဲ့ အဲဒီမိန်းမနှစ်ယောက်ဟာ တရားဆုံးဖြတ်ရာအရပ် ကို သွားပြီး အဲဒီအကြောင်းကို ပြောပြကြပါတယ်။ အမတ်တွေက မဆုံးဖြတ်နိုင်တဲ့အခါ မင်းထံ သွားကြပါတယ်။ မင်းက အဲဒီမိန်းမတွေရဲ့ စကားကို ကြားရပြီး "သင်က ကလေးကို ယူလော့။ သင်က အိုးကို ယူလော့" လို့ ပြောပါတယ်။ ကလေးရတဲ့ မိန်းမက အရှင်မဟာကစ္စာန ရဲ့ အလုပ်အကျွေး ဒကာမ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမိန်းမက ကလေးကို "ဒီကလေးကို မထေရ်ထံ ကိုရင်ဝတ်ပေးမယ်" လို့ ကြံကာ မွေးမြူထားပါတယ်။ အဲဒီကလေး မွေးဖွားရာနေ့မှာ ကိုယ်ဝန်အညစ် အကြေးကို ဆေးကြောကာ မဖယ်ရှားရလို့ ဆံပင်တွေက ရှုပ်ထွေးနေ ကြပါတယ်။ ဒါကြောင့် သူ့ကို ဇဋိလလို့ပဲ နာမည်မှည့်ကြပါတယ်။ သူ ဟာ နောင်အခါ ဇဋိလသူဌေးဖြစ်လာပြီး ရဟန်းဝတ်ကာ ရဟန္တာဖြစ် သွားပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၄၄၀၊ ၄၄၄)

ဒေါသဟာ မကောင်းပါ။ ဒေါသပါတဲ့ စကားဟာလည်း မကောင်း ပါ။ ဒေါသပါတဲ့ စကားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဟာလည်း မကောင်းပါ။ ဇဋိလလောင်းလျာ ရွှေပန်းထိမ်သည်ဟာ သူ့ယား အပေါ် စိတ်ဆိုးခိုက် ရဟန္တာမထေရ်အား ပြောလိုက်တဲ့ စကားလေး တစ်ခွန်းကြောင့် ဘဝပေါင်း (၇) ဘဝမှာ (၇) ကြိမ်တိုင်တိုင် ရေမျှောခံ

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ ကိုယ့်ဒေါသက ကိုယ့်ကို ဒုက္ခပေးပါတယ်။ ကိုယ့်ဒေါသစကားက ကိုယ့်ကို ဒုက္ခပေးပါတယ်။ ဒေါသထွက်ခိုက် ပြောလိုက်မိတဲ့ စကားဟာ ဆိုးကျိုးတွေကို များစွာ ပေးတတ်ပါတယ်။ ဒီရွှေပန်းထိမ်သည်လိုပဲ သင်ခန်းစာ ယူသင့်လှပါတယ်။ အပြောခံရတဲ့ ပုဂ္ဂိုလ်က သီလစတဲ့ ကောင်းဂုဏ်တွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ရင် ဆိုးကျိုးတွေက ပိုပြီး ကြီးမား များပြားတတ်ပါတယ်။ ဒါကြောင့် ဒေါသထွက်ခိုက် ဒေါသစကားလေးတစ်ခွန်းပင် ဖြစ်စေ မပြောမိအောင် သတိထားသင့်လှပါတယ်။

သာမဏေကျော်

သာမဏေကျော်၊ မဟာဂန္ဓာရုံကျောင်းတိုက်

လှော်ကားဉယျာဉ်အနီး

မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။

ပြာသိုလပြည့်ကျော် (၅) ရက်၊ ၁၃၆၉ - ခုနှစ်

(၂၇-၂-၂၀၀၈)



## သာဓုခေါ်ပါလေ

* ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။
* စာအုပ်လှူရာ, ပညာပါ, လှူရာ ရောက်ပါပေ။
* ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာ တည်ပါစေ။
* ဤသို့ ရည်မှန်း, ငါ လှူဒါန်း, ရွှင်လန်း သာဓုခေါ်ပါလေ။

## သာမဏေကျော်စာပေ ပညာဒါန အလှူရှင်များ

| | | |
|---|---|---|
| ၁။ | ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်)<br>သမီး-နန့်ချစ်ကြည်<br>၁၅၁၀၊ အထက်ပန်းဆိုးတန်း၊<br>မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ရန်ကုန်။ | ၅,၀၀၀,၀၀၀ိ |
| ၂။ | ကိုမျိုးခိုင်ကို ရည်စူး၍ကျန်ရစ်သည့် မောင်နှမတစ်စု၊<br>အမှတ် (၃၄/A)၊ အင်းယားမြိုင်လမ်း၊<br>ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်း။ | ၁,၅၀၀,၀၀၀ိ |
| ၃။ | Sukhavati (Korea, Seoul) | ၆၈၇,၅၀၀ိ |
| ၄။ | ဦးအောင်ကျော်ဆင့် + ဒေါ်နှင်းငွေရည်၊<br>သမီး သော်တာငွေစင်၊ မြကြာငုံစာပေ၊<br>၅၄၊ အုတ်လမ်း၊ ဗဟန်း၊ ရန်ကုန်။ | ၅၀၀,၀၀၀ိ |
| ၅။ | ကိုစိန်ကျော်နှင့် မောင်နှမတစ်စု၊ ဘုရင့်နောင်ပွဲရုံ။ | ၃၅၀,၀၀၀ိ |
| ၆။ | ဦးခင်ဇော် + ဒေါ်စန်းစန်းအေးမိသားစု။ | ၃၀၀,၀၀၀ိ |
| ၇။ | မခင်ညွန့်လွင် (ခ) မဖြူ၊ မန္တလေးမြို့။ | ၃၀၀,၀၀၀ိ |
| ၈။ | အရှင်သံဝရာလင်္ကာရ ဓမ္မပိယဆရာတော်၊<br>သယ်န်းကျွန်း။ | ၃၀၀,၀၀၀ိ |

www.burmeseclassic.com

www.burmeseclassic.com

၉။ သင်တန်းမှူးဆရာမ ဒေါ်ခင်လှတင်နှင့် ပဲခူးမြို့
ဓမ္မဇျူဟာသာသနမာမကအဖွဲ့သင်တန်းသူ/သားများ ၃၀၀,၀၀၀

၁၀။ ဦးလှမြင့် + ဒေါ်တင်တင်အေး၊ သား မောင်ဟိန်းစည်၊
သမီး မကေရီ မိသားစု၊ ပြင်ဦးလွင် ၂၈၀,၀၀၀

၁၁။ ဦးခင်မောင်လွင် + ဒေါ်ခင်သူဇာ
သားသမီး မြေးတစ်စု။ ၂၄၀,၀၀၀

၁၂။ ကောင်းသီဟ၊ မင်းသီဟ၊ မေဦးခိုင် မောင်နှမများ
အမှတ် (၅)၊ ငွေပြည်သာ၊ သဃ်န်းကျွန်း။ ၃၁၁,၀၀၀

၁၃။ ဦးအောင်ကျော်မောင် + မယမင်းလှိုင်
သား ဘောင်းထက်သူ မိသားစု ၂၀၀,၀၀၀

၁၄။ ကိုတိုးတိုး (ခ) ကိုသန်းထွဋ်-မခင်ဝင်းရီ၊
သမီး ယွမ်ယွမ်း၊ ဝမ်ဝမ်း။ ၂၀၀,၀၀၀

၁၅။ ကိုရဲ၊ ရွှေမဟာ အထွေထွေရောင်းဝယ်ရေး၊
အမှတ် (၈၇)၊ ကုန်စျေးတန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၂၀၀,၀၀၀

၁၆။ ကိုကျော်ကျော် + မသီတာထွန်း၊
သမီး ကြည်ဖြူခင် မိသားစု
အမှတ် (ဃ/၂)၊ အောင်သပြေလမ်း၊ ဘုရင့်နောင်ပွဲရုံ။ ၂၀၀,၀၀၀

၁၇။ ကိုဝင်းအောင်၊ မဝင်းဝင်းမော်၊
သမီး မထက်သဉ္ဇာနိုင်၊ မခင်လဝန်းစံ ၂၀၀,၀၀၀

၁၈။ ကိုကြည်လင်မိသားစု၊ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀

၁၉။ ကိုမောင်မောင် + မစန်းနု၊ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀

၂၀။ ဦးတင်ဖေ + ဒေါ်မြနွယ် (လှော်ကား၊ သံလမ်း)
သား-ဦးမင်းဝင်းနိုင် (U.S.A) ၁၃၀,၀၀၀

၂၁။ ဦးကက်စိန် + ဒေါ်သန်းသန်းညွန့်၊ သမီး မဝါဝါဝင်းလှိုင်၊
မဇာဇာစိမ့်၊ မပြုံးအေးခိုင်၊ မခင်ချောနွယ်၊
၃၁၊ ၅-လွှာ၊ ၁၁ လမ်း၊ လမ်းမတော်။ ၁၂၀,၀၀၀

၂၂။ မသုဘဒ္ဒါ၊ မဝိဇယာ၊ ကိုရိုးယား။ ၁၁၅,၅၀၀

၂၃။ အစ်မ ဒေါ်ခင်နှင်းရီ၊ ဦးကျော်လွင်+ ဒေါ်ခင်မာကြည်
သမီး ဒေါက်တာစပွါယ်ဖြူ ၁၁၀,၀၀၀

၂၄။ အရှင်ခန္တီဓဇ၊ ထိဟန်ဆွေး၊ ဆင်တွဲ။ ၁၀၀,၀၀၀
အရိယမဂ္ဂဝိပဿနာရိပ်သာ၊ တောင်ကြီး

၂၅။ ဦးဘအိ၊ ဒေါ်သိန်းတင်၊ အဒေါ်ဒေါ်တင်ဌေးတို့ကို
ရည်စူး၍ ဒေါက်တာသန်းသန်းဝင်းနှင့် မောင်နှမများ ၁၀၀,၀၀၀

၂၆။ ဦးတင်ထူး + ဒေါ်နွဲ့နွဲ့ဝင်း၊ သား ထူးအောင်ဝင်း၊
သမီး ခင်စုစုဝင်း (ထူးရေခဲမုန့်) ၁၀၀,၀၀၀

၂၇။ ကိုမောင်မောင် + မစန်းနု
အမှတ် (၁၆၁)၊ ထီးတန်းဈေးလမ်း။ ၁၀၀,၀၀၀

၂၈။ အရှင်နန္ဒသိရီ၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း
သာသနာ့ရိပ်သာ၊ မော်လမြိုင်။ ၁၀၀,၀၀၀

၂၉။ မကာမလညာနီနှင့် မပရမညာနီ၊ ရန်ကုန်။ ၁၀၀,၀၀၀

၃၀။ ကိုမျိုးအောင် + မစန်းစန်းဝင်း မိသားစု
(၅၃)၊ ကမ်းနားလမ်း၊ ပုသိမ်မြို့။ ၁၀၀,၀၀၀

၃၁။ ဦးအောင်ထွန်း + ဒေါ်မြင့်မြင့်အေး
သား ကျော်ကျော်ထွန်း၊ ဟန်လင်းအောင်၊
သမီး မသဇင်အောင်၊ တောင်ကြီးမြို့။ ၁၀၀,၀၀၀

၃၂။ ဦးအောင်သန်း + ဒေါ်ဝေ၊ ဒေါ်နုနုဝေ၊
ဒေါ်အေးအေးလွင်၊ ဒေါ်ခင်လေးဝင်း၊
တောင်ကြီးမြို့။ ၁၀၀,၀၀၀

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၃၃။ ဦးစိမ်း မိသားစု | ၁၀၀,၀၀၀ိ |
| ၃၄။ ဦးကုလားဖြူ မိသားစု | ၁၀၀,၀၀၀ိ |
| ၃၅။ ကိုထင်ကျော် + မအေးအေးခိုင်၊ | |
| သား အောင်အောင်ဦး၊ ဟိန်းထက်ဇော်။ | ၁၀၀,၀၀၀ိ |
| ၃၆။ ကိုဇင်မျိုးနိုင် + မဝင်းမာဦး မိသားစု | ၁၀၀,၀၀၀ိ |
| ၃၇။ ကောင်းဆက်ပွဲရုံ မိသားစု | ၁၀၀,၀၀၀ိ |
| ၃၈။ ဒေါ်နန်းနွယ်၊ သမီး-နန်းခင်ခင်ဦး | |
| ညီမ-နန်းမိုးသီတာ၊ နန်းယဉ်ယဉ်အေး၊ | |
| ကြပ်ပြင်ဈေး၊ မိုးကုတ်မြို့။ | ၁၀၀,၀၀၀ိ |
| ၃၉။ ဦးအောင်မြင့်သိန်း (ကားဝပ်ရှော့) | |
| ၄၇၂၊ သစ္စာလမ်း၊ တ/ဥက္ကလာ။ | ၁၀၀,၀၀၀ိ |
| ၄၀။ ဒေါ်ခင်စောတင့် မိသားစု၊ | |
| H-1၊ သံလွင်လမ်း၊ ရန်ကုန်။ | ၁၀၀,၀၀၀ိ |
| ၄၁။ ဒေါ်ခင်ဝင်းကို ရည်စူး၍ | |
| ဦးမောင်ကြီး သားသမီးမြေးတစ်စု။ | ၁၀၀,၀၀၀ိ |
| ၄၂။ ဒေါ်ကြည်ညွန့်မိသားစု | |
| "ညွန့်" ရောင်းဝယ်ရေး၊ ပဲခူးမြို့။ | ၁၀၀,၀၀၀ိ |
| ၄၃။ ပြင်သစ်ဆရာလေး မစန္ဒသောဘာ | |
| (သိက္ခာရှင် ၇ နှစ်ပြည့်) | Euro ၁၀၀ |
| ၄၄။ မသန်းသန်းရီ (မမွေဖျူဟာ) ပဲခူးမြို့။ | ၅၀,၀၀၀ိ |
| ၄၅။ အရှင်သောပါက၊ ဗိုလ်ရုံကျောင်းဆရာတော် | |
| ဝက်လက်မြို့နယ်၊ လှုတွေရွာ။ | ၅၀,၀၀၀ိ |
| ၄၆။ ဦးစောမောင်၊ ဦးဗိုလ်တင့်၊ ခင်မမ၊ တင်မိုးခိုင်၊ | |
| ဝက်လက်မြို့နယ်၊ လှုတွေရွာ။ | ၅၀,၀၀၀ိ |
| ၄၇။ ဒေါ်ခင်မြင့်ကြည် မိသားစု။ | ၅၀,၀၀၀ိ |
| ၄၈။ ဦးစိန်ကြည် + ဒေါ်ခင်ရီ မိသားစု | |
| ၁၉/င၊ ပဏ္ဍိတလမ်း၊ လှိုင်၊ ရန်ကုန်။ | ၅၀,၀၀၀ိ |
| ၄၉။ ကိုထွန်းထွန်း မိသားစု | ၅၀,၀၀၀ိ |
| ၅၀။ ဦးဇော်လင်းကိုရည်စူး၍ ဇနီးဒေါ်ရှိစိန်နှင့် | |
| သမီး-မေကဲလင်း၊ မေညာဏ်လင်း | ၅၀,၀၀၀ိ |
| ၅၁။ ဖခင် ဦးစိန်ဝင်း (ခ) ဦးမင်းယုနိုင် ကိုရည်စူး၍ | |
| မိခင် ဒေါ်မြင့်မြင့်ဝင်းကို အမှူးထားကာ မခင်ခင်မော် | ၅၀,၀၀၀ိ |
| ၅၂။ မောင်သိန်းဦးကို ရည်စူး၍ | |
| အောင်ပန်း ဖိနပ်ဆိုင်မိသားစု၊ ပုလ္လန်တောင်။ | ၄၀,၀၀၀ိ |
| ၅၃။ ပုညာရာမ (တောင်သာ) | |
| သီလရှင်ကျောင်းတိုက် မိသားစု၊ မော်ဘီ။ | ၃၀,၀၀၀ိ |
| ၅၄။ မအရိယညာဏသီ | |
| ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ။ | ၃၀,၀၀၀ိ |
| ၅၅။ ဒေါ်ကုလိသာ (ဒေါ်စိန်စစ်ဖြူ) | ၃၀,၀၀၀ိ |
| ၅၆။ ဦးတင်ဝင်း + ဒေါ်ဝမ်းဝမ်း မိသားစု။ | ၃၀,၀၀၀ိ |
| ၅၇။ ဦးအောင်သူဆန်း + ဒေါ်ဌေးဌေးရီ မိသားစု။ | ၃၀,၀၀၀ိ |
| ၅၈။ ဦးတင်အောင် + ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊ | |
| (၅၃)၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့။ | ၃၀,၀၀၀ိ |
| ၅၉။ ဒေါ်ကြူကြူ (မမွေဖျူဟာ၊ ပဲခူးမြို့) ရွှေရတုမွေးနေ့ | ၃၀,၀၀၀ိ |
| ၆၀။ ဦးနီပွန် + ဒေါ်ခင်လေးရီ၊ | |
| သင်ဟမျက်မှန် မိသားစု၊ ပဲခူးမြို့။ | ၃၀,၀၀၀ိ |
| ၆၁။ ဝင်းနုနုဝင်း + စုသွယ်သွယ်ဝင်း | |
| ညာဏ်ပေါ်ထွန်း၊ စင်ကာပူ။ | ၃၀,၀၀၀ိ |
| ၆၂။ ဦးမျိုးသန့် + ဒေါ်ခင်စန္ဒာထွန်း၊ | |
| ဦးတင်မျိုးဦး + ဒေါ်မိုးမိုးဝင်းလှိုင် မိသားစု | ၃၀,၀၀၀ိ |
| [illegible] | ၃၀,၀၀၀ိ |

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၆၄။ | မစုစုနိုင်၊ ပဲခူးမြို့။ | ၂၀,၀၀၀ိ |
| ၆၅။ | ဦးညဏ်လင်း + ဒေါ်ခင်မျိုးမြင့် | |
| | တည်တောရွာ၊ ဒိပဲယင်းမြို့နယ်။ | ၂၀,၀၀၀ိ |
| ၆၆။ | ဦးသက်နိုင်ဦး + ဒေါ်သက်သက်ခိုင် | |
| | အမှတ် (၈)၊ မင်းလမ်း၊ ဟသ်ာစတိုး၊ | |
| | ဇိုင်း/တောင်၊ ပဲခူးမြို့။ | ၁၅,၀၀၀ိ |
| ၆၇။ | သာသနာ့မိခင်ကြီး ဒေါ်ကျင်ယုံ၊ | |
| | မဟာစည်သာသနာ့ရိပ်သာ၊ သယ်န်းကျွန်း။ | ၁၅,၀၀၀ိ |
| ၆၈။ | ဒေါ်ညွန့်ညွန့်၊ သား ကိုထွန်းနိုင်၊ မိသားစု။ | ၁၀,၀၀၀ိ |
| ၆၉။ | ဦးကြင်စန် + ဒေါ်တင်ကြည်၊ ၆၈၊ ၁၁ လမ်း၊ ရန်ကုန်။ | ၁၀,၀၀၀ိ |
| ၇၀။ | မအတုလ၊ မဒဿာဝိနီ၊ မအမ္ဗိကာ | |
| | ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ။ | ၁၀,၀၀၀ိ |
| ၇၁။ | မဝဇိရညာနီ | |
| | ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ။ | ၁၀,၀၀၀ိ |
| ၇၂။ | ဒေါ်ခင်မြင့်ကြည် (မတွတ်) | ၁၀,၀၀၀ိ |
| ၇၃။ | ဦးမောင်လေး၊ ၆၈၊ ၁၁ လမ်း၊ ရန်ကုန် | ၁၀,၀၀၀ိ |
| ၇၄။ | ဒေါ်ခင်မာလွင်၊ ရွှေတောင်ကြားရိပ်သာ၊ ဗဟန်း | ၁၀,၀၀၀ိ |

BURMESE CLASSIC .com

www.burmeseclassic.com